ကျေးဇူးရှင်

ရွှေပေါင်တင်ဆရာတော်

စီစဉ်ရေးသားသော

# ရွှေပေါင်တင်-ဝိပဿနာ

ပဉ္စမတွဲ

---

ရွှေပေါင်တင်ကမ္မဋ္ဌာန်းတိုက်-စစ်တွေခရိုင်

မြို့ဟောင်းမြို့နယ်-ပန်းမြောင်းမြို့

လေးမြို့ချောင်း

ကျေးဇူးရှင်

ရွှေဖေါင်တင်ဆရာတော်

စီစဉ်ရေးသားသော

# ရွှေဖေါင်တင်-ဝိပဿနာ

ပဉ္စမတွဲ

---

ရွှေဖေါင်တင်ကမ္မဋ္ဌာန်းတိုက်-စစ်တွေခရိုင်

မြို့ဟောင်းမြို့နယ်-ပန်းမြောင်းမြို့

လေးမြို့ချောင်း

ကင်းလွတ်ခွင့်အမှတ်(၈၆၆၅)

ထုတ်ဝေသူ ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် (၂၆၄၂) ဦးမေခက်ာရ သီရိဥက္ကလာကျောင်း ပါရမီနှင့် စေတနာသမ်းသွယ် တောင်ဥက္ကလာ ပမြို့။

ပုံနှိပ်သူ ဦးထွန်းစိန် မှတ်ပုံတင်အမှတ်(၀၄၆၃) ဥက္ကလ ၁ ရောင်စုံပုံနှိပ်တိုက်၊ အမှတ် (၁၂၁) ၃၇လမ်း၊ ရန်ကုန်မြို့။

အုပ်ရေ (၁၀၀၀)



ရွှေဖေါင်တင်ဝိပဿနာဒါအုပ်ကို  စီစဉ်တည်းဖြတ်တာဝန်ခံ
ထုတ်ဝေသူ ဆရာတော်ကြီး၏ အန္တေဝါသိကတပြည့်
အရှင် မေဓာဝရ၏ပုံ



ပန်းမြောင်းမြို့
ပဋိပတ္တိသာသနာနုဂ္ဂဟ အဖွဲ့ကြီး၏ ဦးစီးဥက္ကဋ္ဌ
ယောဂီ-ဦးတောလူ-ပုံ



ပန်းမြောင်းမြို့

ပဋိပတ္တိသာသနာနုဂ္ဂဟအဖွဲ့၊ ဦးစီးဥက္ကဋ္ဌကြီး၏ ဇနီး

ယောဂီ-ဒေါ်လှစော-ပုံ။

# နိဒါန်း

မဇ္ဈိမ ပဋိပဒါ ရွှေဖေါင်တင်ဝိပဿနာ စာစောင်ငယ် ထွက်ပေါ်လာရခြင်းမှာ- မြန်မာ သက္ကရာဇ် (၁၁၂၂) ခုနှစ်က စ၍။ ပန်းမြောင်းမြို့ ရွှေဖေါင်တင်ဘုရား ကုန်းတော် ဓမ္မာရုံ၌ ဝိပဿနာ တရားကို၊နေ့စဉ် နေ့တိုင်း ဟောပြသည်အပြင် နာရီ အပိုင်းအခြားထား၍ကျင့်တရားကို၊ အားထုတ်စေလေသည်။အား ထုတ်ပုံ အားထုတ်နည်း တို့ကိုလည်း။ ကျင့်ပုံကျင့်နည်းဟု ညွှန်ပြ လေသည်။

မိမိတို့၏ ကိုယ်တွေ့တရားကို၊ မေးမြန်း လျှောက်ထား ကြရန်၊ အခွင့်ပေးထားသော်လည်း။ လူတိုင်းလူတိုင်းကား' မေး မြန်းလျှောက်ထားသူမရှိပေ အနည်းငယ်မျှသော သူတို့သာမေး လျှောက်ထားကြသည်။ သူတို့ ထင်မြင်ယူဆထားသည့်အတိုင်း ဟုတ်မှန်သော အခါလဲရှိ၏'မမှန်သောအခါလဲရှိ၏၊ ထိုယောဂီတို့ မှာစိတ်ကမကြေနပ် သေးလျှင် သာသနာနုဂ္ဂဟ ပဋိပတ္တိအဖွဲ့ ဥက္ကဋ္ဌ(ဦးတောလူ)နှင့်ဇနီး ဒေါ်လှစောတို့ အထံ၌ နှီးနှောတိုင် ပင်ကြလေသည်။ ထိုဝိပဿနာကို၊ တိုင်ပင်နှီးနှောရာ၌ ရွှေဖေါင် တင်ဝိပဿနာ လုပ်နည်း လုပ်ပုံမှတပါး တခြားသောဝိပဿနာ

F. 1

စာမူအမျိုးမျိုးတို့မှ ဝါဒအမျိုးမျိုးပါဝင်ကြသည်။

ဝိပဿနာ ယောဂီလက်ဟောင်းဖြစ်ခဲ့နေသူများအတွက်မှာ၊ ဝိပဿနာ စာမူအမျိုးမျိုးတို့၏ ဝါဒကြောင့် ဘာတစ်ခုမျှ အနှောင့်အရှက်မဖြစ်နိုင်ကြသော်လည်း။ ယောဂီအလုပ်ကို အား ထုတ်ခါစဖြစ်နေသူများမှာ ဟိုနည်းကကောင်းနိုးနိုး ဒီနည်းက ကောင်းနိုးနိုး ဖြစ်နေကြလေသည်။ ယောဂီအဖွဲ့သား တို့မှာ လည်း။ စာအုပ် မူတစ်ခုလက်ကိုင်မရှိကြသဖြင့် နီးစပ်ရာမူကို၊ လက်ကိုင်ပြုနေကြလေသည်။

မူအမျိုးမျိုးကြောင့်ဝါဒအမျိုးမျိုးဖြစ်နေကြသောယောဂီ တို့အား ရွှေဖေါ်တင်ဝိပဿနာ လုပ်နည်းလုပ်ပုံစာမူတစ်ခုလက် ကိုင်ရှိဘို့ရန် လိုနေသော (ဦးတောလူ)နှင့်ဇနီး ဒေါ်လှစော တို့ သည်။ စာမူတစ်ခုရေးသားပေးပါရန် အကြိမ်ကြိမ်လျှောက်ထား ကြ၏၊အသင်းသူအသင်းသားတို့ကလည်း။ထိုနည်းအတူလျှောက် ထားတောင်းပန်ကြ၏ ရပ်ဝေး၌ ရှိနေကြသော ယောဂီအဖွဲ့ တပည့်တကာတို့ကလည်း၊ အကြိမ်ကြိမ် အထပ်ထပ် တောင်း ပန်လျှောက်ထားကြ၏။

အားလပ်သောအချိန်ကာလတွင် စာမူတစ်ခုရေးသားပေး ပါမည်ဟု သူတို့စိတ်ကြေနပ်လောက်ရုံ တာဝန်ဂတိ ပေးထားခဲ့ သော်လည်း။ နောက်ချန်၍ မထားနိုင်သော ကိစ္စအဝဝတို့ ကြောင့် စာအုပ်အဖြစ်သို့ မရောက်နိုင်ဘဲ ဟောရေး ပြောရေး နှင့်သာ အချိန်ကုန်ခဲ့ရလေသည်။

နောက်ထပ်၍ တောင်းပန်ကြသော အခါ၌ ကားမလွှဲ သာ မရှောင်သာသဖြင့် စာမူတစ်ခုဖြစ်အောင် ရေးသားရတော့

မည်ဟု စိတ်ကိုဆုံးဖြတ်လိုက်သောအခါ လွယ်ကူသောအလုပ်မဟုတ်ကြောင်းကိုသိလာ၏။

ဝိပဿနာဟူသည်မှာ ဒါနကထာ သီလကထာ ကဲ့သို့ ဟိုစာအုပ် ဒီစာအုပ်မှ စာမူကိုထုတ်နှုတ်၍ မိမိရေးသားသော စာအုပ်သို့ ပြောင်းရွှေ့ရေးထဲ့ရုံနှင့်၊ ကိစ္စမပြီးချေ။

ဘုရားသာသနာတွင် တိကျမှန်ကန်၍ အလွန်ပင်အရေးကြီးသော ဝိပဿနာကိုရေးသားရာ၌ စာရသဘော သက်သက်မျှဖြင့် ကိစ္စမပြီး။ မိမိ၏ ကိုယ်တွေ့ ဉာဏ်တွေ့နည်းတို့ကို၊ ထုတ်ဖေါ် ရေးသားရန်လိုသည်ဟု မြင်လာတော့သည်။

မိမိ၏ ကိုယ်တွေ့ ဉာဏ်တွေ့ သဘောတရားတို့ကို၊ ထုတ်ဖေါ်ရေးသားရာ၌ စာပေပိဋကတ်နှင့်၊ ကိုက်ညီပါမှ ပညာရှိတို့က လက်ခံကြပေမည် ပိဋကတ်နှင့်၊ အံဝင်ခွင်ကျမဖြစ်ခဲ့သော် ပညာရှင်တွေက လက်ခံကြမည် မဟုတ်ချေ။

ပိဋကတ် ပညာရှင်တွေကို၊ ကြောက်ရွံ့နေကြသော ကြောင့်လားမသိ မိမိ၏ အတွေ့အကြုံအယူအဆ သဘောတရားတို့ကို၊ ထုတ်ဖေါ်၍ မပြောဟောကြဘဲ စာသဘော အတိုင်း ညွှန်ပြနေကြသည်မှာ ဟိုစာအုပ်မှ-စာကို၊ ဒီစာအုပ်သို့ ပြောင်းရွှေ့ရေးသားရုံမျှသာ ထူးကြသည်။ အတွေး အဆ အယူသစ် အကြံသစ်မဖြစ်နိုင်ကြချေ။

ဤစာအုပ်ကို၊ ရေးသားသူ၏ အယူအဆမှာ စာသဘောနှင့် ကိုက်ညီသည် မကိုက်ညီသည်ကို၊ သဘောမထားဘဲ မိမိတို့အတွေ့အကြုံ သဘောတရားတို့၌ မိမိအယူ အဆကိုသာ (ပဓာန) ထား၍၊ ရေးသားရန်၊ဆုံးဖြတ်ထားလိုက်ပါသည်။ ဆုံးဖြတ်ထား

သည့်အတိုင်း မဇ္ဈိမပဋိပဒါရွှေဖောင်တင် ဝိပဿနာစာစောင်ကို၊ရေးသားလိုက်သည်၊ သို့မဟုတ်(စာတမ်း)

ဤစာအုပ်ငယ်၌ ပါရှိသောအယူ အဆ သဘော တရားတို့မှာ စာရေးသူ၏ အတွေ့အကြုံနှင့် ထင်မြင် ယူဆ ချက်တို့ကိုသာ အဓိကထား၍ ရေးသားထားပါသည်။ မိမိထင်မြင်ယူဆချက်ကို၊ စာပေ ပိဋကတ်နှင့် တိုက်ဆိုင်ကြည့်ရှုသောအခါ သင့်လျော်သည်ဟု ထင်သော၊ပါဠိတို့ကိုလည်း။ ထုတ်ဆောင်၍ ပြထားလိုက်ပါသည်။ ပါဠိပိဋကတ်တော်၌ လိမ္မာကြသော ပါဠိ ပညာရှိတို့သည်၊ ဤစာအုပ်၌ ပါရှိသော အယူ အဆ သဘော တရားများ လက်ခံကြသည်မှုလည်း ဖြစ်စေ လက်မခံကြသည်မှုလည်းဖြစ်စေ စာပေကျမ်းဂန်၏ သဘောတရားကို၊ အဓိက မထားဘဲ မိမိတို့၏ အတွေ့ အကြုံ သဘောတရား၌ ထင်မြင်ယူဆချက်ကိုသာ အဓိကထား၍၊ ရေးသားဖော်ပြရန် တာဝန်ရှိသည်အားလျော်စွာ ဤစာအုပ်ငယ်ကို ရေးသားလိုက်ခြင်းသာ ဖြစ်ပါသည်။ အကယ်၍၊ သဘောမကျ အပြစ် ဒေါသတွေ့ခဲ့သည်ရှိသော် ပိဋကတ်တော်၏ တာဝန်မဟုတ်ပါ စာရေးသူ၏ တာဝန်သာဖြစ်ပါသည်။

# ရှေ့ဖေါင်တင်ဝိပဿနာ

## နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## တရားရှာကိုယ်မှာတွေ့

တရားရှာကိုယ်မှာတွေ့ ဟူသော ဆောင်ပုဒ် စကားကို၊ လက်ကိုင် ထားကြသော ယောဂီများအတွက် တရားကို ဘခြားမှာ မရှာဘဲ ကိုယ်ခန္ဓာအတွင်း၌ တရားရှာမှုသည်။ ဟုတ်မှန်သော တရား ရှာခြင်းဟု ယူဆထားကြသည်။ ဝိပဿနာ တရားပြ ကမ္မဋ္ဌာန်း ရိပ်သာတို့၌ ကိုယ်တွေ့ တရားကို၊ အဓိကထား၍။ တရားပြနေကြသည်မှာ များသောအားဖြင့် ခန္ဓာကိုယ်မှ ဖြစ်ပေါ်လာသောတရားကို၊ တွေ့အောင်ပြသ နေကြခြင်းပင် ဖြစ်လေသည်။

သို့သော် တရားပြသပုံ အခြင်းအရာတို့ကား တဦးသော ဆရာပြသပုံနှင့် တပါးသော ဆရာပြသပုံတို့မှာ အပြအသမတူကြသဖြင့် အချို့သော ယောဂီပရိသတ်တို့စိတ်တွင်သံသယ အနည်းငယ်ရှိတတ်ကြသည်။ ကမ္မဋ္ဌာန်းပြသပုံ တဦးနှင့်တဦး နည်းမတူကြသော်လည်း။ သံသယ ဖြစ်နေစရာမလိုပေ အမှန်အားဖြင့် ပစ္စုပ္ပန်အာရုံတခု၌ ယောဂီ၏ စိတ်သည် စု၍တည်လာအောင် ကိုယ့်နည်းနှင့်ကို သူ့နည်းနှင့်သူ သမာဓိရလာအောင် ပြသခြင်းသာဖြစ်လေသည်။သမာဓိရလာသည်တိုင်အောင်ဝိပဿနာဟု မဆိုရသေးပေ စင်စစ်အားဖြင့် ဝိပဿနာဖြစ်ပေါ်လာရန်၊အခြေခံသဘောမျှသာ ဖြစ်ပါသေးသည်။

ဤနေရာ၌ မှတ်ချက်။ အချို့သော ပညာရှင်တို့က ပါဠိတော် အဋ္ဌကထာ ဋီကာစသော ကျမ်းဂန်များနှင့် မညီဟု သံသယ ရှိတော်ကြလေသည်။ ထိုသို့ မရှိသင့် မရှိထိုက်ပါ သမာဓိ ရသောနည်းဖြင့် သမာဓိ ကို၊ ရအောင်ယူခြင်းသာ လိုရင်း ဖြစ်ပါသည်။

သမာဓိသည်။ဝိပဿနာဖြစ်ရန်အခြေခံမျှသာဖြစ်ပါသေးသည်။ ယောဂီသည် သမာဓိရလာသောအခါ သူ၏စိတ်သည်။ အတိတ်၌ တွေ့ကြုံခံစားခဲ့ဘူးသော ကောင်းသော အာရုံဆီသို့လည်း။ စိတ်ကိုမသွားစေရ မကောင်းသော အာရုံဆီသို့လည်း။ စိတ်ကိုမသွားစေရ အတိတ်အနာဂါတ် (၂) ပါးကို ပယ်၍၊ ပစ္စုပ္ပန် အာရုံတခုထည်း၌သာ တည်လာရပ်သာစေရ၏၊ ပစ္စုပ္ပန် အာရုံတခုထည်း၌သာရပ်လာသည် ဆိုသော်လည်း။ မိမိတို့ကိုယ် ခန္ဓာမှ အပဖြစ်သောအာရုံ၌ ရပ်တည်ခြင်းကား မဟုတ်ပေ မိမိ ကိုယ်ခန္ဓာအတွင်း၌သာ ရပ်တည်နေရသည်။

သမာဓိရလာသောအခါ ဘုရား ဆင်းတုများ ထင်မြင်လာတတ်သည်။ နတ်ဗြဟ္မာပုံ သဏ္ဌာန်များ ထင်လာတတ်သည်။ ကောင်းကင် စကြာဝဠာမှ ဘုရားရဟန္တာတွေ ကြွလာတတ်သည်။ ထိုအခါ ယောဂီသည် မိမိကိုယ်ကို တရားရပြီဟု ထင်မှတ်သည်။ အထင်ကြီးတတ်သည်။ ထိုအာရုံမျိုးတို့ ပေါ်ပေါက် လာခြင်းကား သူတပါးကပြုလုပ်၍၊ ပေါ်ပေါက်လာသော အာရုံမဟုတ်ပေ မိမိသည် ရှေ့ကတွေ့မြင်ဘူးသော အတိတ်အာရုံဆီသို့ ယောဂီ၏စိတ်သည်၊ ထွက်၍ သွားလေပြီ၊ ထိုအာရုံ၌ တည်နေသော စိတ်ကိုပယ်ဖျက်၍ ခန္ဓာအတွင်း၌ ထားရမည် ခန္ဓာကိုယ်အတွင်း၌ မိမိစိတ်ကိုပြန်၍ထားပါ၊

တခါတရံ၌ ယောဂီ၏စိတ်သည် အနာဂါတ် အာရုံသို့ ပြေးသွားတတ်လေသည်။ အနာဂါတ် အာရုံဆိုသည်မှာ မိမိ လက်သို့ မရောက်သေးသော ဥစ္စာတို့ကို၊ မျှော်ခေါ်စဉ်းစား နေခြင်းဟုဆိုလိုသည်။

ထိုအာရုံမျိုးဖြစ်ပေါ်လာလျှင် ပစ္စုပ္ပန်အာရုံ၌စိတ်မရှိနိုင် သဖြင့် ပစ္စုပ္ပန်၌ဖြစ်သောရုပ်ဓာတ်-နာမ်ဓာတ်တို့ကို၊ ပိုင်ပိုင်နိုင်နိုင် မသိနိုင်ကြပေ မိမိကိုယ်ခန္ဓာ၌ ဖြစ်ပေါ်နေသော ရုပ်-နာမ်ကို၊သိ အောင် ကြိုးစားအားထုတ်ရာ၌ မည်သည့် ဝိပဿနာတရားရိပ်သာ နည်းပင် ဖြစ်စေ အလုပ်သည် သမာဓိဖြစ်ရန်၊ အခြေခံသ ဘောသို့ သက်ဝင်သွားပေလိမ့်မည်။

သမာဓိ ဖြစ်ပေါ်လာသောအခါ ခန္ဓာကိုယ်၌ ဖြစ်တိုင်း ဖြစ်တိုင်း ဖြစ်ပေါ် လာသော အာရုံကို၊ လက်မလွှတ်စေဘဲ ကြပ်ကြပ်သတိထားပါလေ ဖြစ်ပေါ်လာသော တရားဟူသည်။ အဘယ်သို့နည်း ဟု မေးဘွယ်ကားရှိ၏။

လွယ်လွယ်နှင့် ပြောရသော် ပဋ္ဌမအဆင့်အသိဥာဏ်မျိုး ဖြစ်၍၊ ပဋ္ဌမအသိမှာ ပူ၍၊ပေါ်လျှင် ပူဒါကိုသတိထား၍ သိ၏။ ေ၍၊ပေါ်လျှင် ဒေါကို သတိထား၍သိ၏။

ကိုယ်ခန္ဓာ အစိပ်အပိုင်း တခုခုတွင် ထုံကျင်ကိုက်ခဲ၍၊ ပေါ်လျှင် ပေါ်နေသောသဘောကို မလွှတ်ရအောင် သတိအမြဲ ကပ်၍သိထားပါ ယိမ်းယိုင်လှုပ်ရှား၍၊ပေါ်လျှင် ပေါ်သည့် အတိုင်း သတိပြု၍သိထားပါ ယောဂီ၏စိတ်က ပယောဂလုလ္လ ပြု၍၊ လှုပ်ရှားမပေးပါနှင့် သူ့သဘောအတိုင်းသာ ဖြစ်ပါစေ တရားပေါ်နေပါသည်။

တရားပေါ်နေခိုက်တွင် သိပြဲတိုင်း သိထားပါ ပုဒ်ကတော့စောတ်လား၊ ပေါ်ဒါကတော့ တောစောခတ်လား ဟု နာမပညတ်တွေကို၊ ရှာကြံ၍မနေပါနှင့် အမည်နာမတပ်ရန် ရှာကြံ စိတ်ကူးလိုက်ရုံနှင့် သမာဓိကြွဲ၍ သွားတတ်သည်။ယောဂီစိတ်သည်။ခန္ဓာကိုယ်တွင်း၌ မတည် နိုင်သောကြောင့် စာပေဗဟုသုတ ကြွားဘူးနား၀ရှိသူများသည်၊ နာမပညတ်ဘက်သို့ စိတ်ညွတ်၍သွားတတ်သည်။ အကြမ်းစားအနေအားဖြင့် သိထားသော၍ပဋ္ဌမဆင့်တွင် ဆိုင်းဘုတ်ကို မရှာခြင်းသည် အကောင်းဆုံးဟု ယူဆ မိပါသည်။ယောဂီသည် ဖြစ်ပေါ်နေသော တရားကို၊နာမပညတ် အားဖြင့် မခေါ်တတ်သော်လည်း။ပဋိပတ်နည်းလမ်းအားဖြင့် ကိုတွေ့သိထားပြီ မဟုတ်ပါလော။

နာမပညတ်သည် အမျိုးမျိုးအစားစား အားဖြင့် မှည့်ခေါ် သမုတ်ထားသောကြောင့်၊ များပြားသော သမုတိသစ္စာနယ်၌ နာမပညတ်ကို၊ သိမှတ်နေရန်မလိုပါ၊ စာပေဗဟုသုတကို ရှာမှီးသူများအတွက်သာ သိထားရန်လိုသေသည်။ယောဂီများအတွက် မှာသူ၏ သဘာဝ ဖြစ်ပေါ်နေကြသောရုပ်-နာမ်တို့၏ သဘောကို၊ကိုယ်တွေ့အသိဖြင့် သိထားရုံသာ အဓိကလိုရင်း အချက်ဖြစ်ပေသည်။

ဥပမာအားဖြင့်၊ ဆားကိုစားကြည့်သောသူသည်။ ဆားဟူသော အမည်နာမဖြင့်၊ နာမည်မခေါ်တတ် စေကာမူလည်း ငံသော သဘောအရသာကိုကား သိရမည်သာတည်း၊ ဤဥပမာ၌ ဆားဟူသော အမည်နာမသည်။ လိုရင်းမဟုတ်၊ ငံသောအရသာကိုလျှာဖြင့် လျက်ကြည့်၍၊ သိမှုသာ လိုရင်းဖြစ်သကဲ့သို့ ယောဂီသည် ခန္ဓာကိုယ်၌၊ ဖြစ်ပေါ်နေသော သဘောကို၊အ

ကြမ်းစားအနေအားဖြင့် သိထားပါ၊ အသိတရားသာ လိုရင်းဖြစ်ပါသည်။ တရား အားထုတ်ခါစတွင် ကိုယ်ခန္ဓာ အတွင်း၌ နာကျဉ်ကိုက်ခဲခြင်း၊ ညောင်းညာတောင့်တင်းခြင်း၊ တရှရှတ မှမှပေါ်ပေါက်နေခြင်း တို့ကြောင့်၊ စိတ်မငြိမ်မသက်ဖြစ်တတ်သည်။ တရားအာထုတ်သူသော ယောဂီလက်ဟောင်းကြီးများမှာ တရားအားထုက်ခါစ ယောဂီများကဲ့သို့ ဆင်းရဲဒုက္ခပြင်းပြစွာ မဖြစ်ပေါ်နိုင် သက်သက်သာသာ တွေ့ကြရသည်။

ယောဂီသစ်နှင့် ယောဂီဟောင်းတို့မှာ အစအရာရာတွင် ကွာခြားနေကြသည်။ ယောဂီသစ်များမှာ ကိုယ်ခန္ဓာ အနေအထားမနေရာမကျခြင်း၊ စိတ်အနေအထား နေရာမကျခြင်း၊ တရားဆိုဒါ ဘယ်လိုသဘောကို ဆိုပါလိမ့်မလဲဟု၊ တွေးတောကြံစည်ခြင်းတို့ကြောင့်၊ အဖြစ်သဘောထက် စိတ်ကစောပြီး ကြံစည်ခြင်းတို့ကြောင့် မခံမရပ်နိုင်အောင် ဒုက္ခများနေကြလေသည်။

အားထုတ်ခါစ ယောဂီများမှာ အတွေ့အကြုံ နည်းပါးခြင်း၊ ယုံကြည်မှုသဒ္ဓါတရားက အားနည်းနေခြင်း တို့ကြောင့်၊ မိမိ၏ကိုယ်ခန္ဓာတွင်၊ ပူပူ၊ ဧေးရှရှ၊ မှမှ၊ တောင့်တောင့်၊ တင်းတင်း၊ ပေါ်လာလျှင် ပေါ်နေဒါက တခြားဘဲ၊ သိနေဒါကတခြားဘဲ သူ့သဘာဝနှင့်သူ တခြားစီပါ ကလားဟု၊ ခွဲခြား၍မသိမှီ၊ ရုပ်နှင့် နာမ်ကို၊ တပေါင်း တည်းပြု၍ ရှုနေကြ လေသည်။ ရုပ်နှင့်-နာမ်ကို တပေါင်းတည်းပြု၍ ရှုနေရခြင်းကြောင့် ရုပ်နှင့် နာမ်ကို၊ ကွဲကွဲပြားပြား မသိသေးသော ယောဂီများမှာ ငါပူသည်၊ ငါသေည် ငါညောင်းသည်ဟု၊ စွဲယူထားကြသော အယူအစွဲအတိုင်း အဖြစ်သဘောကို၊ အဖြစ်သဘောအတိုင်း မထားနိုင်တော့ဘဲ စိတ်ကကြံစည်သော ဝိတက်ကကူ၍ ပူသည်ထက်

ပူ၊ သည်ထက်၊ ညောင်းသည်ထက်ညောင်းအောင်၊ စိတ်က ကူညီအားပေး နေခြင်းကြောင့်၊ ယောဂီသစ်တွေ ဒုက္ခများများ တွေ့တတ်သည်။

## အားထုတ်ဘူးသော

ယောဂီ လက်ဟောင်းကြီးမှာမူကား၊ သဒ္ဓါတရား တည် မြဲခြင်းအတွေ့ အကြုံများခြင်း ကိုယ်အနေအထား စိတ်အနေအ ထားလိမ္မာနားလည်ခြင်းတို့ကြောင့်၎င်း၊ ဒါကရုပ်သဘောဘဲဒါ ကနာမ်သဘောဘဲဟု ခွဲခြားနားလည်ထားမှုကြောင့်၎င်းပဋ္ဌမပဲ့ဦး ထွက်ခါစ၊ ယောဂီသစ်တို့လို ဒုက္ခမများတော့ဘဲ ငြိမ်သက်သော သဘောကို၊ ရရှိနိုင်ကြလေသည်။

ပဲ့ဦးထွက်ခါစဖြစ်သော ယောဂီများတို့မှာရုပ်ကာယ၌၊ ဖြစ်ပေါ်နေသော ပူမှုမေ့၊ ရှရှမ့မ့၊ တောင့်တောင့်၊ တင်းတင်း၊ ဖြစ်ပေါ်လာသော အာရုံတို့ကို၊ သူ့သဘောနှင့်သူ ဖြစ်နေဒါ ဘဲဟု သိရုံသာသိထားပါ ငါ့ခန္ဓာ ကိုယ်ကောင်ကြီးက ဒီလို ဖြစ်နေပါကလား ဟု၊ စိတ်က ရောက်မသွားပါစေနှင့် ငါဘဲဟု ယူဆထားဒါက ဒိဋ္ဌိအယူစွဲပါတယ် ငါသက်သာချင်ဒါငါလွတ် ချင်ဒါက တဏှာစွဲပါတယ် ဒိဋ္ဌိအစွဲ တဏှာအစွဲ ပါနေသော ကြောင့် ကြောင်းကြမှု တောင်းတမှုတွေ တပုံတခေါင်းကြီး ဖြစ်နေရလေသည်။

ကြောင်းကြမှု တောင်းတမှု မကင်းနိုင်သော ယောဂီ သည်။ သမာဓိ မဖြစ်နိုင်သေးသဖြင့် ကိုယ်တွေ့ ရုပ် နာမ်တရား ကို၊ ဒါကရုပ်သဘောဘဲ ဒါကနာမ်သဘောဘဲ ဟု မိမိ၏ကိုယ် ပိုင် ဉာဏ်ဖြင့် အမှန်ကိုမသိနိုင်သေးပေ စာပေဇာဟုသုတ ကြား

ဘူးနား၀ ရှိသူများအဘို့မှာ ပူဒါကရုပ်၊ သိဒါကနာမ်ဘဲ ဟု၊ သုတမယ ဉာဏ်ဖြင့် ဖြေဆိုနိုင်ကြသည်။

ပွဲဦး ထွက်ခါစ ယောဂီများမှာမူကား ရုပ်သဘာ၀နှင့် နာမ်သဘာ၀ကို၊ ခွဲခြား၍ မရနိုင်ဘဲ ပူဒါကလဲ ငါဘဲပူနေဒါ ငါသည်ပင် ပူဒါဘဲဟု စိတ်ထဲက ရောနှော၍ ပါနေတော့ သည်။ ထိုကဲ့သို့ ရုပ်နာမ် သဘာ၀ မကွဲနိုင်သော အချိန် အခါ မျိုးတွင် ဒါက တေဇောဘဲ၊ ဒါက ၀ါယောဘဲ ဟု ဖြစ်ပေါ်နေသော အတွေးအာရုံ၌ နာမပညတ်ဖြင့် ဆိုင်းဘုတ် တပ်ရန်စိတ်က စောနေကြပြန်သည်၊

ကိုယ်အနေအထား စိတ်အနေအထား နေရာကျလာ သောအခါ ခန္ဓာကိုယ်မှ မခံသာအောင်ဒုက္ခဖြစ်ပေါ်လာတိုင်း နေရာပြောင်း၍။ ရှုမှတ်တတ်လာပါသည်။ ဉပမာ လက်ျာ ဘက်ဒူးဆစ်က မခံမရပ်နိုင်အောင် ကိုက်ခဲနေသည် ဟု ဆိုပါ တော့၊ ဒီနေရာတွင် သတိကပ်၍။ ရှုမှတ်နေသူအား ဒုက္ခသည် ပိုမိုပြင်းထန်လာသည် ဟု ထင်တတ်၏။ ဖြစ်နေသော ဒုက္ခထက် မိမိစိတ်က ရောစွတ်ပြီး အကူအညီပေးလိုက်သောအားဖြင့်၊ ဖြစ် သဘောထက် စိတ်သဘောက ပိုမိုပြင်းထန်လာတော့၏။ ထိုကဲ့ သို့ ဖြစ်ပေါ်လာတိုင်း ထိုအာရုံကို၊ နှစ်လုံးမသွင်းဘဲ လက်ဝဲ ဘက် လက်ပြင်သို့ဖြစ်စေ လက်ဝဲဘက် ဒူးဆစ်သို့ ဖြစ်စေ စိတ် ကိုပြောင်းပေးလိုက်သောအခါ သက်သာရာရပါလိမ့်မည်၊ ဉာ ဏစာရီ ဆရာတော်ကလည်း။ ကြမ်းကြမ်းပေါ်လျှင် နုံနုံပေါ် ရာသို့ ပြောင်း၍ ရှုပါဟုအမိန့်ရှိဘူးသည်။

ကိုယ်အနေအထား စိတ်အနေအထား မကျသေးသော ယောဂီများ ပွဲဦးထွက်ခါစ၌ အတွေ့အကြုံတွေကို၊ လွန်မြောက်လာသောအခါ သက်သာခြင်းသို့ ရောက်လာကြပေလိမ့်မည်။ ဤကားပဌမ အကြမ်းစား အားဖြင့် သိထားသော အတွေ့တရား ပေတည်း။

ဒုတိယ အချက်မှာ ခန္ဓာကိုမှ ဖြစ်ပေါ်လာသော ရုပ်နာမ် သဘာဝတို့ကို၊ အလယ်စားအား ဖြင့် ပိုင်းခြား၍ သိလာရလေသည်။ ဘယ်ပုံဘယ်နည်းဖြင့်ခွဲခြား၍ သိလာပါသနည်းဟု မေးဘွယ်ကားရှိပါ၏ သိပုံမှာ ရှေးအခါကငါသည် ရုပ်နှင့်နာမ်ကို၊ တပေါင်းထဲပြု၍ ငါဘဲဟု ထင်မြင်ယူဆ မှားခဲ့သည်။ ယခင်အခါ အတွေ့အားဖြင့် ဒူးဆင်က ကိုက်ခဲနေဒါကတခြား၊ သိနေဒါကတခြား၊ ငါ၏စိတ်က လက်ဝဲဘက်သို့ဦးလှည့်၍ပြောင်းပေးလိုက်သောအခါ၊ မူလက ဖြစ်ပေါ်နေသော လက်ျာဘက် ဒူးဆက်ကဖြစ်ပျက်အာရုံတွေ သိသိသာသာကျဆင်း၍ သွားသေပြီ၊ လက်ဝဲဘက်က ဖြစ်ပျက်အာရုံတွေသာ ထင်ရှားစွာဖြစ်ပေါ်နေလေပြီ၊ ငါ၏တကိုယ်လုံး၌ ဖြစ်ပျက်နေသော ရုပ်တရားတို့သည် နေရာအနှံ့အပြား ဖြစ်ပျက်နေကြသော်လည်း တကိုယ်လုံးကို၊ နှံ့၍မသိနိုင် သတိထား၍ ရှုမှတ်နေသော အာရုံကိုသာ အသိတရားကသိနေလေသည်။

ဖြစ်ရာဌာနကတခြား၊ သိနေရာဌာနကတခြား၊ ဖြစ်နေကြသော ရုပ်ဘရား နာမ်တရားက တခြားစီပါကလား ဟု၊ နာမရူပ ပရိစ္ဆေဒ ဉာဏ် စခန်းသို့ ဆိုက်ရောက်နေတော့သည်။

ပဌမ အစ၌ ရုပ်တခုအပေါ်မှာ အာရုံစူးစိုက် နေခဲ့ရသ

ဖြင့် နာမ်ဆိုသော သဘောတရားဘက်သို့ စိတ်ကမညွတ်နိုင်ဘဲ ဟာကွက် ကျန်နေသေးသော နာမ်တရားကို ယခုအခါမှ သတိ ထားနိုင်ပေလတော့သည်၊ ထိုငကားသည် မှန်၏ ရှုရှု မှမှနှင့်သော် ၎င်း၊ ကိုက်ခဲထုံကျဉ်နေသော အာရုံကိုသော်၎င်း၊ တခုခုတွင် စိတ်က စူးစိုက်နေနိုက်၌၊ အာရုံကို သိနေသော နာမ်တရားကို မသုံးသတ်နိုင်သူများမှာ ဒါချိုးကို နာမ်ဟု ဆိုရမည်ဟု၊ မသိခဲ့ ခြင်းဖြစ်ပေသည် သို့မဟုတ် ဖြစ်နေဒါကတနေရာ သိနေဒါက တခြားဘဲ ဟု သဘောတရားတို့၏ ခြားနားမှုကို မသိသေးလျှင် နာမ်အတွက် သိစရာ ကွက်လပ်တခု ကျန်နေသေးသည် (၂)ပါး စလုံးကိုခွဲခြား၍ သိလာခြင်းသည်။ ပဌမ အသိမျိုးထက်ပိုမို၍၊ သိလာသောကြောင့် နာမရူပ ပရိစ္ဆေဒ ဟုဆိုရ၏။

တတိယ အလပ်စားအသိသို့ ရှေ့ရှုပြုနေလေပြီ တတိယ အလပ်စားသိသော ယောဂီများ အသိမှာ ရုပ်သဘော နာမ် သဘောတို့ကို ဒုတိယ အဆင့်၌ သာမည အသိမျိုးဖြင့် သိခဲ့ရပြီ တတိယ အလပ်စားအသိမျိုး၌ ဉာဏ်အမြင်တမျိုး ပြောင်းခါ၊ အသိဉာဏ်တမျိုး ရလာလေသည် ဤခန္ဓာကိုအတွင်း၌ ဖြစ်ပျက် နေသော၊ ရှုရှု၊မှမှ၊ပူပူ၊ဧ၊ပူသမျှတို့သည် ၎င်း၊ ဖြစ်တိုင်းဖြစ် တိုင်း သိနေသော နာမ်တရားတို့သည် ၎င်း၊ ဤ ကိုယ်ကာယ အတွင်း၌ ထာဝစဉ် အမြဲရှိနေသော သဘောတရား မဟုတ်ချေ တနည်းဆိုရသော်ဤခန္ဓာကိုယ်အတွင်း၌ အရှိတရားမဟုတ်ပေမြစ် ရေပြင်၌ လေတိုက်ခတ်ခြင်းကြောင့် လှိုင်းတပိုး ထွက်ပေါ်လာ သကဲ့သို့ အပေါ်တရားမျိုးသာ ဖြစ်ပါတကားဟု ယောဂီအသိ ပေါ်လာတတ် တွေ့လာတတ်ပေသည်။

ထင်ရှားအောင်ပြောရသော် လှိုင်းတပိုးတို့သည် မြစ်ရေအပြင်၌ ထာဝစဉ်တာ ရှိသော လှိုင်း တပိုးမျှမဟုတ်ပေ လေမတိုက် မခပ်သမျှ လှိုင်းမပေါ်နိုင် လေတိုက်ခပ်သောအခါ၌၊ မှုကား လှိုင်းတပိုးတို့ထွက်ပေါ်လာကြကုန်၏၊ လေမတိုးမတိုက်သော် လှိုင်းတပိုးရှိသကဲ့သို့ ဤရုပ်ခန္ဓာ အစုအပုံကြီး၌ ရွရွ မွမွ ထုံထုံ ကျဉ်ကျဉ် ပူပူ ဧဧ တို့သည် အမြဲမရှိ အသိဆိုရသော နာမ် တရားသည်လည်း အမြဲမရှိ အကြောင်းကိုစွဲ၍၊ ဖြစ်ပေါ်တတ်သော တရားပ တကာ ဟု အသိတမျိုးပြောင်း၍၊ သိမြင်လာတော့သည်၊ သဘောကို သိရုံသဲ့သိထားပါ၊ ငါသည်အဘယ်အဆင့် အတန်းသို့ ရောက်နေပြီနည်း။ ဉာဏ်စဉ်အားဖြင့်ကော ဘယ်ဉာဏ်စဉ်သို့ ရောက်နေပြီနည်းဟု၊ ဝိတက်နှင့် မကြံစည်ပါနဲ့ အမည်နာမဆိုင်းဘုတ်ကိုလိုက်၍ မရှာပါနှင့်၊ ဆိုင်းဘုတ်တင်ရန် မဟုတ်သေးပါ၊ သတိထား၍နေရန်သာ လိုတော့သည်။

ငါတို့၏ကျေးဇူးရှင် ဉာဏစာရီမဟာထေရ်၏ ဩဝါဒလင်္ကာ အတိုင်းလိုက်နာ၍နေရန်သာ လိုပါသည်။

ပေါ်သိပေါ်သိ-နိဗ္ဗာန်ထိ၊ ဉာဏစာရီဆောင်ပုဒ် ဆောင်ပုဒ်ကဗျာအတိုင်း အမြဲတည်ရှိသော တရားမဟုတ်၊ ခဏချက်ချင်း ထွက်ပေါ်ကြကုန်သော တရားဟုသိထားပါ၊ ခဏချက်ချင်း ထွက်ပေါ်ပြီးနောက် ခဏချက်ချင်း ပျောက်ပျက်ကုန်ဆုံးသော တရားဟုသိထားရုံသာလိုတော့သည်။ ဤအသိမျိုးသည် အကျိုးတရားကထောက်ဆ၍ အကြောင်းတရားကို အကြမ်းစားအနေအားဖြင့် သိလာခြင်းဖြစ်သည်။ အကြောင်းတရားကထောက်ဆ၍ အကျိုးတရားကိုလည်း အကြမ်းစားအနေအားဖြင့် သိမြင်နိုင်လေသည်။ တတိယအဆင့်ဟုဆိုရသော ဤအဆင့်အတန်း

မှာ ပေါ်သိပေါ်သိဖြစ်နေသော်လည်း အချို့သော ယောဂီတို့မှာ ဃနပညတ် သဏ္ဌာနပညတ်တို့ကို မဖြိုမဖျက် နိုင်ကြသေးပေ၊

ဤကိုယ်ကာယခန္ဓာကြီးသည် တဘဝလုံးလုံး တည်မြဲခိုင်ခန့်နေသေးတမျှ ကာလပတ်လုံး တဘဝအတွက်သာ ဤရုပ်ခန္ဓာကြီးသည် တည်မြဲနိုင်သော အမာခံရုပ်ခန္ဓာကြီးဟု ယူဆထားသော ရှေ့အယူအဆကို မစွန့်လွှတ်နိုင်သေးပေ။ ဤရုပ်ခန္ဓာကြီးသည် မူလဘူတ အမာခံအထည်ဒြပ်ကြီးဖြစ်၍ ခိုင်မြဲသောတရားဟု ယူဆထားသူတို့မှာ ဃနပညတ်၊ သဏ္ဌာနပညတ်ရှိနေလေသည်။ ပေါ်လာသောရုပ်နာမ်တို့ကို ပေါ်တိုင်း ပေါ်တိုင်းသိနေငြားသော်လည်း ရုပ်ခန္ဓာတခုလုံးကို မသုံးသတ်နိုင်ဘဲ ဗဟိဒ္ဓအမြင်ကို ချန်ထားခဲ့သည်။ ဤကိုယ်ခန္ဓာ အတွင်းမှ အဟောင်းတွေချုပ်ပျောက်ကုန်ဆုံးတိုင်း အသစ်အသစ်ဖြစ်ပေါ်နေသောရုပ်တရား နာမ်တရားဘဲဟုသိနေလေသည်။ လမ်းခုလပ်ကကြားဖြတ်အသိမျိုး၊ဟု ဆိုသင့်၏။

ဆက်လက်အားထုတ်ပါ၊ နောက်အမြင်အသိ တမျိုးတိုး၍လာပေလိမ့်မည်၊ ယောဂီသည် ပဌမပွဲဦးထွက်စ အခါမျိုးကဲ့သို့ မဟုတ်တော့ပြီ၊ ကိုယ်အနေအထား၊စိတ်အနေအထား၊နေသားတကျဖြစ်နေလေပြီ ရှုကွက်မှတ်ကွက်တို့မှာလဲ ဥပေါ်သိ-ပေါ်သိ ဖြစ်နေလေပြီ။ မဇ္ဈိမပဋိပဒါလမ်းစဉ်၌ ဘောင်ဝင်ဂွင်ကျ ဖြစ်လာတော့သည်။

ရုပ်က ရှုရှုမှုမှုပေါ်လာတိုင်း အသိတရားကလဲ မလွှတ်တန်းသိထားလေသည်၊ နာမ်ဟုခေါ်သောစိတ်က တခြားတပါး

အပြင်အာရုံသို့ထွက်သွားလျှင်လည်း နဂိုမူလကဖြန့်စရာမရှိသော စိတ်၊ ယခုတပါးသောအာရုံဆီသို့ရောက်နေပြီဟု နာမ်ပေါ်တိုင်း ပေါ်တိုင်း အသိတရားကလဲမလွတ်တန်းသိမြဲသိနေတော့သည်၊ ပေါ်သိပေါ်သိ-အစိပ္ပါယ်မှာ နဂိုကမရှိ၊ ပေါ်လာမှသိရသော အသိဟုဆိုလိုပါသည်။ ရုပ်ပေါ်ရုပ်ဟုသိ၊ နာမ်ပေါ်နာမ်ဟုသိ၊ ဖေါ်သိ၊ပူပေါ်သိ၊ တမိထဲမိအောင် တသိထဲသိထားပါ။

အပေါ်နှင့်အသိတရား၊ အသိနှင့် အပေါ်တရား (၂)ပါး စလုံးတူပြိုင်ဖြစ်နေသည်ကို ယောဂီကိုယ်တွေ့ သိနေရပေသည်။ ထိုအခါယောဂီသည် ယုံကြည်ခြင်းသဒ္ဓါတရားနှင့် ပြည့်စုံနေပေ ပြီ။ သတိ-ဝိရိယနှင့်လည်း ပြည့်စုံလာတော့သည်။ ထိုအခါ ကိုယ်အနေအထား၊ စိတ်အနေအထားတို့မှာ လေရှူ လေရှိုက် ကစ၍ နေရာတကျပြုလုပ်နိုင်လေပြီ။ အထူးဝိသေသအားဖြင့် သမာဓိအားကောင်းနေသော အချိန်အခါမျိုးဟု ဆိုရပေမည်။

ထိုအဆင့်အတန်းသို့ ဆိုက်ရောက်လာသောအခါ ယောဂီ၏ ကိုယ်ခန္ဓာ အစိတ်အပိုင်း တခုခုသော နေရာတွင် အပ်ဖျား တထောက်စာမျှ ရှုကွက် မှတ်ကွက် ရွေးချယ်၍ ထားလိုက်ပါ။ ထိုရှုကွက်မှတ်ကွက်၌ စိတ်ကိုစုပေးလိုက်ပါ၊ စုပေးလိုက်သော နေရာ၌ စိတ်ကမပြောင်းမရွှေ့ဘဲတည်နေနိုင်သည်ကိုပင် သမာ ဓိဖြစ်သည်ဟုဆိုရ၏၊ သမာဓိအားရှိသောယောဂီအား တကိုယ် လုံး၌ဖြစ်ပေါ်နေသောဆင်းရဲဒုက္ခတို့သည် မထင်မတွေ့တော့ပြီး တကိုယ်လုံး၌ ပျံ့နှံ့နေသော အသိစိတ်ကလေးကို တနေရာ တွင်စုပုံ၍ထားသကဲ့သို့ ရှုကွက် မှတ်ကွက် တနေရာတွင် စုပုံ၍ ထားနိုင်လေပြီ။

တနေရာတွင် စိတ်ကိုစုပုံ၍ထားလိုက်သောအခါ ခန္ဓာကိုယ်ကြီးမှ ဖြစ်ပေါ်နေသောအာရုံကလဲ အပ်ဖျားတထောက်စာမျှသာတွေ့ရသည်။ အသိတရားကလဲ အပ်ဖျားပမာန ပေါ်သိပေါ်သိဖြစ်နေကြလေသည်။ ထိုအခါ ခန္ဓာကိုယ်ကြီးကိုပမာနမထားနိုင်ဘဲ အသိနှင့်အာရုံ(၂)ပါးဆုံ၍နေကြရာ ဒုက္ခဆင်းရဲကိုလဲမတွေ့ရ၊ ခန္ဓာကိုယ်ကောင်ကြီးကိုလဲမတွေ့ရဘဲ ပျောက်နေသည်ဟုထင်ရ၏။ အချို့သောယောဂီတို့သည် လေဖြင့်ကြွရွနေ့သော ဂွမ်းဆိုင်များကဲ့သို့ မိမိခန္ဓာကိုယ်ကြီး ကြွရွနေသည်ဟုထင်ရ၏။ တရှိန်ရှိန်တနွေးနွေးနှင့်ငြိမ်းသော သုခချမ်းသာကိုကိုယ်တွေ့အားဖြင့်သိလိုက်ကြပေသည်။

ဤအဆင့်အတန်းတွင် တရားသေယူဆ၍ မဖြစ်နိုင်ချေ။ ပုဂ္ဂိုလ်အမျိုးမျိုးအစားစား၊ အတွေ့အကြုံလဲ အမျိုးမျိုးအစားစားရှိကြသကဲ့သို့ အသိအမြင် ဉာဏ်ပညာတို့မှာလဲ အမျိုးမျိုးအစားစားပင် ရှိကြမည်ဖြစ်ပါသည်။

ဤအတွေ့အကြုံနှင့်ကြုံတွေ့ဘူးသော ယောဂီတို့သည် ငါဖြင့်တရားထူးကိုရပြီဟုထင်မှတ်တတ်သည်။ တကြိမ်တခါမျှ မတွေ့ဘူးသေးသောအတွေ့ကို ထပ်သလဲလဲတွေ့လိုကြပေသည်။ နောင်အခါတရားအားထုတ်တိုင်း ယခင်တွေ့ဘူးသောတရားကို မျှော်လင့်တောင်းတခြင်းဖြင့် တဏှာစွဲမှန်းမသိဘဲ အစွဲသန်နေကြလေသည်။ ထိုအခါ တရားထိုင်၍အားထုတ်တိုင်း ရှေ့ယခင်ကတွေ့ဘူးသောတရားကိုစိတ်စောခါတောင်းတသော်လည်း တရားကပေါ်မလာ၊ မျှော်လင့်တာကတခြား၊ ပေါ်နေတာကတခြားဖြစ်နေတတ်၏။ မိမိမျှော်လင့်သည့်အတိုင်း မတွေ့ရသောအခါ

စိတ်မကြေမနပ်ဖြစ်ပေါ်တတ်သည်။ အမှန်အားဖြင့် ဆိုရသော် လမ်းမှားသို့ရောက်နေခြင်းသာဖြစ်ပါသည်။ ရှေ့အတိတ်အာရုံသို့လိုက်သွားခြင်း၊ တဏှာအလိုသို့လိုက်သွားခြင်း၊ ဝိတက်ဖြင့် ကြံစည်ခြင်းတို့ကြောင့် သူ့စိတ်ထင်တိုင်းမဖြစ်လျှင် ဒေါမနဿ နှစ်လုံးမသာယာမှု ဖြစ်ရခြင်းတို့ ပါဝင်နေလေသည်။ ထိုကဲ့သို့ ကြုံတွေ့နေသောအခါ ဆရာအထံသို့ ချဉ်းကပ်ပြီး သံသယကို ဖြေဖျောက်ပစ်ရမည်။

အချို့သောယောဂီများမှာ ပြင်းထန်သောဒုက္ခဝေဒနာတွေ တဖြေးဖြေးအရှိန်သေးခါပျောက်သွားပြီး အနည်းငယ်မျှသော ဖြစ်ပျက်အာရုံတွင် တဲ့ဆက်ကလေးဖြစ်ခါ တသိတည်း သိနေ လေတော့သည်၊ တသိတည်းသိနေရာမှ မေ့ကာနဲ့ဖြစ်ပြီး အာရုံ နှင့်အသိချုပ်ငြိမ်းသွားတတ်သည်။ အချို့သောယောဂီများမှာ ခဏကလေးသာချုပ်ပြီး သတိရမြဲရနေလေတော့သည်။ သတိ ရနေသည့်အချိန်တွင် ပီတိသောမနဿသုခဝေဒနာကို ခံစားနေ နိုင်ကြလေသည်၊ မည်သည့်အခါမျှမတွေ့မကြုံဘူးသော အာရုံ ထူးအာရုံဆန်းတခု ဖြစ်နေတော့သည်။ ပြောမယုံ ကြုံဘူးမှသိ ဆိုသကဲ့သို့ ထူးဆန်းသော အာရုံသစ်တချို့ကို တွေ့လိုက်ရသော ယောဂီသည် မိမိကိုယ်ကို အထင်ကြီးသွားတတ်၏။

တချို့သောယောဂီတို့မှာ အချိန်ကြာမြင့်စွာ ချုပ်ငြိမ်းနေ သည်ဟုပြောဆိုကြ၏။ သဘောမှာ အတူတူပင်ဖြစ်ပေလိမ့်မည်။ မိမိကိုယ်ကို အထင်ကြီးနေခဲ့ကြသည်၊ အထင်ကြီးစရာလဲ ဖြစ် တော့၏။

ဤစာရေးသူသည်ပင် မိမိကိုယ်ကို အထင်ကြီးသူများတွင် တဦးတယောက်အပါအဝင်ဖြစ်ဘူးခဲ့ပါသည်။

သို့သော်–နောက်၌ သိစရာမြင်စရာတွေ တပုံတခေါင်းကြီး ကျန်ရှိနေပုံကို နှောင်သောအခါမှ သတိတချို့ ရလာပြန်တော့သည်။

ယောဂီအလုပ်ကို အားထုတ်ကြိုးပန်းနေကြသော ယောဂီများတို့သည် အဖြစ်အပျက်ဘာရားများ ခဏချက်ချ ်း ချုပ်ငြိမ်းသွားခြင်းကြောင့် နိဗ္ဗာန်သစ္စာကို ငါအမှန်မျက်မှောက်ပြုရပြီဟု ထင်မြင်ယူဆကြသူများ ရှိကြ၏။ ထိုအယူအဆ သဘောတရားသည် တိကျမှန်ကန်သည်ဟု မဆိုနိုင်သေးပေ။ အဘယ်ကြောင့်နည်းဟူမူကား(နိရောဓသစ္စာသည် ပဋိဝေဓဉာဏ်အရာသာဖြစ်နေသောကြောင့်တည်း) ဉာဏ်အမြင်သို့ မရောက်သေးသောယောဂီသည်တနေ့လျှင်(၃)ကြိမ်(၄)ကြိမ်ကျချုပ်ငြိမ်းနေသော်လည်း အသိဉာဏ်မပေါ်လျှင် (အဝိဇ္ဇာ)၏ နယ်အတွင်းသို့ ပြန်ဆင်းကျရောက်နေသောသည်။ သမာဓိအားရှိထားစေကာမူလည်း အသိဉာဏ်မပေါ်က (အဝိဇ္ဇာ)ဦးစီးသွားလေပြီဟု သတိပြုသင့်၏၊

အသိဉာဏ်ဟူသည်မှာ ဘာတွေကို သိစရာလိုနေသေးသနည်း အဖြေမှာ ရုပ် နာမ်သဘာဝ- အနတ္တ အစစ်အမှန် ကျအောင် သိရန် လိုနေသေးသည်ဟု ဆိုလိုပါသည်။ ဇပေါ်ဒေါကိုသိ- ပူပေါ်ပူတာကိုသိ၊ ရုပ်ပေါ်ရုပ်ကိုရှု၊ နာမ်ပေါ်လျှင်နာမ်ကိုရှုဟု ဆိုသည်အတိုင်း ငါတို့ရှုပြီး ငါတို့သိလာသောအသိသည် ရုပ် နာမ်သဘာဝအနတ္တအစစ်အမှန် မကျသေးဘူးလား။

ရုပ်ဆိုရာ၌ ပူပူ-ဇဇ- ရှရှ-မွမွတို့သည် အရှိတရား မဟုတ်၊ အပေါ်တရားပေါ်တာကိုမှသိရတဲ့တရား၊ရှုရတာကလဲ ပေါ်လာ

တဲ့အပေါ်ကိုဘဲရှုကြရတော့သည်။ သိတာကလဲပုတာတောကိုဘဲ သိရ၏။ ပုံမပါသဏ္ဍာန်မပါ၊ မိန်းမယောကျ်ားမပါ၊ ပုတာတောဘဲတွေ့ရ၏။ ရှုတာကလဲပုတာတောကိုဘဲရှုရ၏။ ချုပ်ငြိမ်းတာကလဲ ပုတဲ့အာရုံတော့အာရုံဘဲချုပ်ငြိမ်း၏။ အသိနာမ်ဟူ၍ ၎င်း၊ အဖြစ်အပေါ်နာမ်ဟူ၍ရင်း (၂)မျိုးဆိုရသော်လည်း နာမ်ဆိုတာတသဘောတည်းဘဲရှိလေသည်။ ရှေ့ကပေါ်လာတဲ့ နာမ်ကိုတနည်း ရှေ့ကဖြစ်တဲ့စိတ်ကို နောက်ကလိုက်၍ သိတဲ့ စိတ်က ရှုစိတ်ပါဘဲ၊ ဤပုံဤနည်းအားဖြင့် အတွင်းခေတ်သား ဖြစ်တဲ့ရုပ်နာမ်ကို ပေါ်သိ-ပေါ်သိနှင့်ရှုလိုက်တော့ အာရုံရော အသိရော သဘာဝကိုတွေ့နေတာက သဘာဝအစစ်အမှန် ဖြစ်နေတာပါဘဲ၊ သိတာကလဲ သဘာဝကိုသိနေတာ အမှန်ပါဘဲ၊ သို့သော် အနတ္တအစစအမှန်ဟု မချမဆိုနိုင်သေးပေ။ အတွင်းကိုရှု၍အတွင်းမှာသိနေကြပေမဲ့ အပြင်သဏ္ဍာန်မှာ လိပ်ခွန်ကြီးကဲ့သို့ သဏ္ဍာန်ကျန်ရှိနေသေးသည်ကို သတိပြုပါ။

လိပ်ကို ဟင်းချက်စားသူတို့သည် အတွင်းမှာရှိသော လိပ်အသားကို ထုတ်နှုတ်ပြီးဟင်းချက်စားလိုက်သောအခါ လိပ်ခွန် အတွင်း၌ လိပ်အသားဟူ၍ပြစရာမရှိ၊ ဘာမှမရှိ၊ ကုန်ခမ်းနေ လေပြီ။

အပြင်ကလိပ်ခွန်ကြီးကား နဂိုကပုံအတိုင်းပင် ထင်ရှားစွာ တွေ့နေရပေသည်။ အတွင်းကအသားတွေကို မရှိသောအသားဟု ထင်မြင်ထားသော်အည်း အပြင်က အခွန်ကြီးကား အရှိသဘောတွင် တည်ရှိနေလေသည်။ အတွင်းသဘောနှင့် အပြင်သဘောကိုတသဘောတည်းဖြစ်အောင် မမြင်နိုင်ကြဘဲ အမြင် (၂)မျိုးဖြင့်မြင်ထားကြလေသည်။

ဤဥပမာအတိုင်း ယောဂီတို့အမြင်(၂)ချိုးဖြင့် မြင်နေသေးလျှင် ယခင်က တွေ့ကြုံခဲ့သော ချုပ်ငြိမ်းခြင်း အရသာသည် တင်းပြည့်ကျပ်ပြည့် ကျေနပ်စရာမဟုတ်သေးပေ။ ယောဂီတို့၏ ကိုယ်ခန္ဓာဟုဆိုအပ်သော ဗဟိဒ္ဓသဏ္ဌာန်နှင့် အတွင်းအဇ္ဈတ္တ သဏ္ဌာန်ခြားနား၍မကျန်ရအောင် ရှုမြင်နိုင်သောအခါသဏ္ဌာန ပညတ်-ဃနပညတ်တွေ ကုန်ဆုံးပျောက်ကွယ်၍ သွားပေလိမ့်မည်၊

ယောဂီတို့တွေ့နေရသောချုပ်ငြိမ်းခြင်းသည် အတွင်းအပြင် (၂)ပါးတခုတည်းသောသဘာဝတရားသို့ သက်ဝင်ရောက်သွားပါက နောက်ထပ်အမြင်တမျိုးသို့ ပြောင်းလာပြီဟု မှတ်ယူကြပါကုန်။

အတွင်းသဏ္ဌာန်၌ ရှုရှုမှုမှုဖြစ်သမျှတို့မှာ အတွေ့သဘော အာရုံမျှသာဖြစ်၍ ပုံသဏ္ဌာန်ဆိုတာ ဘာမျှမရှိဟု ယောဂီသည် အမှန်သိထားလေပြီ။

ဗဟိဒ္ဓသဏ္ဌာန်၌ ပုံဟန်မပျက်ဘဲကျန်နေသေးပါသည်။ ကျန်နေသေးသော ပုံသဏ္ဌာန်အတိုင်း ယောဂီထင်မြင်နေသေးလျှင် ဃနပညတ်၊ သဏ္ဌာနပညတ်မပျောက်သေးဟု အသိဉာဏ် ပေါ်လာရပြန်သည်။

ယောဂီအလုပ်စခမ်း၌ ဤအတွေ့အကြုံနှင့် ဆုံတွေ့နေရသော ယောဂီသည် သဏ္ဌာနပညတ်၊ဃဏပညတ်ကို ပယ်ဖျောက်ရန် ကြိုးစားအားထုတ်ရ၏။ အချို့သောသူတို့မှာ စာသဘောနည်း အရဖြင့် ဃဏပညတ်ကို ဖြိုခွဲပစ်ကြ၏။ စာသဘောဆိုသည်မှာ အဘိဓမ္မာနည်းအရ အဝိနိဗ္ဘောဂ အဋ္ဌကလာပ်ရုပ်ကို ပရမာ

နှံ့မြူမျှပြု၍ တခုစီတခုစီ ခွဲထုတ်လိုက်သောအားဖြင့် ဃဏ ပျောက်သည်ဟုယူဆကြလေသည်၊

သဏ္ဌာနပညတ်-ဃဏပညတ်-သမူဟပညတ်- သဘာဝပညတ် ဟူ၍လည်း သဏ္ဌာနပညတ်မှစ၍ သဘာဝသို့ကျအောင်ဖြိုဖျက် ကြလေသည်၊ ဤနည်းအတိုင်း ဖြိုဖျက်လိုက်ခြင်းအားဖြင့် အပ သဏ္ဌာန်နှင့်အတွင်းသဏ္ဌာန်တို့တွင် သမူဟပညတ် ဃဏပညတ် ပျောက်၍ သဘာဝအဖြစ်သို့တိုင်အောင် အမြင်အထင်သဘော ပေါက်နေသော ယောဂီများအဘို့ ရှေ့ယခင်က တွေ့ကြုံခဲ့ရ သော အဆင့်ဒ တန်းထက်တိုးတက်အောင် မြင်နေသူဟု ဆိုရ မည်။ သို့သော် ကိုယ်တွေ့တရားမရှိသူများမှာ စာပြော-စာသိ ပရိယတ်နယ်ထဲသို့ ရောက်သွားတတ်လေသည်။ အထူးသတိပြုရန် မှာ စာပေသိဟုဆိုရသော ပရိယတ္တိ အသိမျိုးနှင့် တရားကို အားထုတ်၍သိသော ကိုယ်တွေ့အသိဟူ၍ (၂)မျိုး (၂)စား ရှိကြ၏။ စာသိ-ငါသိပြောကြရာတွင် အပြောချင်း တူညီကြ သော်လည်း သဘာဝအားဖြင့်ကား တယောက်တမျိုးစီ ဖြစ် နေကြလေသည်။

ဥပမာ—မျက်လှည့်ဆရာက သူ၏မျက်လှည့်နည်းဖြင့် ဘာမှ မရှိသောအိပ်ကလေးတခုမှ အမျိုးမျိုးကိုထုတ်နှုတ်၍ပြလိုက်၏၊ ကြည့်ရှုနေသောပရိသတ်တို့၏ မျက်စိအမြင်မှာ ဘာမှမရှိသော အိပ်အတွင်းမှ အမျိုးမျိုး အစားစား တကယ်အားဖြင့် ဝတ္ထု ပစ္စည်းတို့ကိုမြင်ရ၏ မျက်လှည့်ဆရာက ပြောပြသည်မှာ ယခု ပြသခြင်းသည် လိမ်ညာ၍၊ ပြခြင်းသာဖြစ်ပါသည်၊ ဘာတခုမျှ အမှန်မဟုတ်ပါဟု ဝန်ခံပြောပြလေသည်၊ ကြည့်ရှုသူပရိသတ်တို့

ကလဲ မျက်လှည့်ဆိုဒါ အမှန်မဟုတ်ပါဘူး လိမ်ညာ၍ ပြဒါဘဲ ဟု သိထားကြ၏၊ ဤနေရာ၌ စဉ် စားဆင်ခြင်ကြည့်ပါလေ။

မျက်လှည့်ဆရာကလဲ လိမ်ညာ၍ ပြဒါပါဟု၊ ဝန်ခံ၏။ ပရိတ်သတ်ကလဲ လိမ်ညာ၍ ပြဒါဘဲဟုပြောဆိုကြ၏၊ သိဒါ ပဲ တူနေကြ၏ အပြောခြင်း တူညီနေကြလေပြီ အပြောကလဲဟုတ် မှန်နေပါပြီ၊ တို့သော် သဘောအားဖြင့်သော်ကား တယောက် တမျိုးစီ ဖြစ်နေပါသေးသည် ပရိသတ်အသိမျိုးကား တကယ် အားဖြင့် သဘောမိအောင်သိသော အသိမျိုးမဟုတ်ပါ၊ သုတ မယဉာဏ် အသိမျိုးသာ ဖြစ်ပါသည်၊ စာပေ ပရိယတ္တိ အသိ မျိုးဟု မှတ်ပါ။

မျက်လှည့်ဆရာအသိကား၊ မိမိကိုယ်တိုင် လိမ်ပုံ လိမ်နည်း အခြင်းအရာနှင့်တကွ သေချာစွာ သိထားသော အသိဖြစ်လေ သည်။ တရားကို ကိုယ်တွေ့အားထုတ်၍ သဘာဝကိုကိုယ်တွေ့ ပြီး သိထားသော၊ ယောဂီနှင့် တူသည်ဟု မှတ်ပါ။

မျက်လှည့်ဆရာသည် မိမိကိုယ်တိုင် လိမ်ပံ လိမ်နည်းကို၊ သေချာစွာ သိနေသူဖြစ်၍ ဘာတခုမျှ ချီးမွှမ်းအံ့ဩစရာမဟုတ် တော့ပေ အသုံးမကျသော အတတ်ပညာဟု နှလုံးသွင်း မိလေ သည် ကြည့်ရှုကြသော၊ပရိတ်သတ်များ အတွေးအခေါ်အထင် အမြင်မှာမူကား လိမ်ညာ၍၊ပြဒါဘဲဟု သာမည အသိမျိုးဖြင့် သိထားကြသော်လည်း မျက်လှည့်ပညာကို ချီးကျူးအံ့ဩပြော ဆို၍မကုန်နိုင်အောင် တန်ဘိုးရှိသော ပညာဟု ထင်မှတ်နေကြ သည် စာသိနှင့် ငါသိ အသိ( ၂ )မျိုးမှာ အပြောချင်း တူကြ သော်လည်း သဘောအားဖြင့်၊ မျက်လှည့်ဆရာ အသိနှင့်၊ ပရိတ် သတ်အသိကဲ့သို့ကွာခြားနေကြလေသည်။

သို့ဖြစ်ပါသောကြောင့် ယောဂီများ သတိပြုရန်အချက်မှာ စာသိမျိုးကို အားကိုးမနေကြဘဲ ငါတွေ့ငါသိဖြစ်အောင် အားထုတ်ကြရမည်၊ စာတွေ့အသိမျိုးကား ဆားငန်သည် ဟု ရေးမှတ်ထားသော အက္ခရာဆားငန်ခြင်းကို၊ သိထားသူနှင့်တူလေသည်။ ငါ့တွေ့အသိမျိုးကား ဆားကိုစားကြည့်၍သိသော အသိမျိုးနှင့် တူလေသည်။

ယောဂီထိုသည် တရားအားထုတ်လာခဲ့ရာ အသိဉာဏ်အဆင့်ဆင့်အားဖြင့် တိုးတက်၍လာခဲ့သည် ယခု ကိုယ်တွေ့နှင့် ဉာဏ်တွေ့(၂)ပါးတို့၏ ဆုံတွေ့ရာတွင် သမာဓိအားရှိလာတိုင်း မိမိ၏ စိတ်ကို ခန္ဓာကိုယ်အစိတ်အပိုင်း တခုခုသောနေရာ၌ စိတ်ကိုစုပုံ၍ထားနိုင်သည်။ ထိုအခါ စိတ်သည် တခုသောနေရာ၌ ပေါ်သိပေါ်သိ ဖြစ်နေတော့သည် သူ၏ မနောအမြင်မှာ ဘာ တခုမျှ ပုံသဏ္ဌာန် အထည်ဒြပ်ဟူ၍မြင်စရာ ပြစရာမရှိတော့ဘဲ မှုံမှုံ မွှားမွှားပိုင်းခြား၍မရနိုင်သော အာကာသ ကောင်းကင်ကြီးကဲ့သို့ ဆင်မြင်လာတော့သည် သို့သော် ဖြစ်ပေါ်နေသော အာရုံနှင့် သိနေသော အသိစိတ်ကား ပုံသဏ္ဌာန်မရှိဘဲ ပေါ်မြဲပေါ်၍ အသိကလဲ သိမြဲသိနေတော့၏ ထိုအခါ ကိုယ်ကောင်ကြီး ပျောက်နေသည် ဟုထင်ရ၏။

ကိုယ်ခန္ဓာတခုလုံးပုံဟန်သဏ္ဌာန်မရှိဘဲပျောက်နေသော အချိန်အခါမျိုးတွင် ဆင်းရဲဒုက္ခဟူ၍လဲ မတွေ့ရဘဲ သုခချမ်းသာကြီးတခုဖြစ်နေလေသည်၊ အချို့သောယောဂီတို့၏ အတွေ့အကြုံမှာ ပေါ်သိပေါ်သိ ဖြစ်နေခိုက်တွင် လျှပ်စစ် ရောင်တခု ဝင်းကနဲ ပေါ်သလို ကြားဖြတ်အာရုံတခု ဝင်လိုက်ပြီး မေ့ကနဲ

ဖြစ်သွားတတ်လေသည် ထိုအဖြစ်အပျက်မျိုးသည် တချို့မှာ ခဏလေးသာ ချုပ်ငြိမ်းလိုက်သော်လည်း။ တချို့မှာ အတော်ကြာအောင်ချုပ်ငြိမ်းနေတတ်သည် ထိုနောက် ပေါ်သိပေါ်သိ ဖြစ်နေပြန်လေသည် ဤနေရာတွင် အချို့သော ယောဂီများ လမ်းဖြောင့်၍၊ အသိဥာဏ် ရှင်းရှင်းလင်းလင်းကြီး ရသွားကြလေသည်။

အချို့သောယောဂီများမှာ လမ်းဖြောင့် လမ်းမှန်သို့ မရောက်နိုင်ကြဘဲ နောက်ကြောင်းသို့ ပြန်တွေးပြီးလျှင် သောင်တင်မြဲ တင်နေကြလေသည်၊ သူတို့ကြုံဆဲ ခဏ၌ အာကာသ ကောင်းကင်ပြင်ကို၊ ပုံဟန်သဏ္ဍာန်အားဖြင့် ဘာမျှပြောစရာမရှိသော သုညကြီးပါတကားဟု ခဏကလေး တွေ့မြင်ခဲ့ရသော်လည်း။ နောက်ကြောင်းသို့ပြန်ပြီးလျှင် ငါ့ကိုယ် ငါ့သဏ္ဍာန်ငါ့ ပုံဟန်တို့ကို မြင်မြဲတိုင်း ထင်မြဲတိုင်း ထင်မြင်နေကြလေသည်။ ယခင်ကပြဆိုခဲ့သော ဥပမာ လိပ်ခွံကြီး သဏ္ဍာန်ကို မြင်ယောင်နေကြသကဲ့သို့ အတွင်းကဖြစ်ပျက် တရားကတမျိုး အပြင်က သဏ္ဍာန်ပညတ်ကြီးကတဖုန် ထင်မြင်နေသူများမှာ သံသယဒွိဟ မကင်းဘဲ ယောင်လယ်လယ်နှင့် သောင်တင် ခါနေကြရပေသည်။ ဆက်လက်၍ ကြိုးစားပါ၊အသံတွင် အကြံတုံး၍မနေရအောင် ဥာဏ်ကရှေ့ဆောင်ပေးပါ၊ အဖြစ်အပျက်နှင့် အသိတရား ပြိုင်တူဖြစ်-ပြိုင်တူပျက်နေကြရာ ဒီအဖြစ်အပျက် ရုပ်တွေဘာကြောင့်အဆိုင်အခဲသဏ္ဍာန်အဖြစ်သို့ရောက်နေရလေသနည်း ငါသည်ဤအချိန် ဤအခါသို့ရောက်သည်တိုင်အောင် တရားကို ပွါးများအားထုတ်နေပါသော်လည်း ဤရုပ်ကာယ၌ ဃနာမကြေဘဲအဆိုင်အခဲသာထင်မြင်နေသေးသည်။ ဒီအဆိုင်အခဲသည်

ဘယ်နေရာကစ၍ ဘယ်ပုံဘယ်နည်း အဆိုင်အခဲအဖြစ်သို့ရောက်နေရသနည်းဟု ဉာဏ်ရှေးသွား၍ပြုလာသောအခါ အမြင်တမျိုး ပြောင်းလာလေသည်။ ထိုအမြင်သည်သုတမယ သူတပါးထံမှ တဆင့်ကြား၍သိထားသော သညာစွဲဉာဏ်မျိုးကား လုံးဝမဟုတ်ပေ။ မိမိပင်ကိုယ်ဉာဏ်ဖြင့်ထိထိမိမိ သဘောပေါက်လာသော ဉာဏ်မျိုးဖြစ်စေရမည်။

သဘောပေါက်ပုံကား ရုပ်တရားဟူသည် ပရမာနုမြူမျှသော ပရမတ္ထ သဘာဝတို့ စုပေါင်းကြသဖြင့် အစိုင်အခဲ အဖြစ်သို့ ရောက်လာရပေသည်တကား။ အဆိုင်အခဲ ရှိလာသောအခါ ပုံသဏ္ဍာန်အမျိုးမျိုးအဖြစ်သို့ ရောက်လာသောကြောင့် လူဘဲ၊ နတ်ဘဲ၊ ဗြဟ္မာဘဲစသည်ဖြင့် သက်ရှိသက်မဲ့ အရာဝတ္ထုဟူသမျှကို အမည်နာမ တတ်ထားသော နာမပညတ် သမုတိသစ္စာမျှသာ ဖြစ်ပါတကားဟုဆင်ခြင်၍ ဉာဏ်အမြင်တွေ့လာတတ်ပေသည်။

သူ၏ဉာဏ်အမြင်မှာ လေဟာပြင်ကြီးကဲ့သို့ အာကာသဓာတ်ပေါက်လာလေသည်။ ရုပ်သဘာဝဟူသည်မှာ မူလဘူတ ဓာတ်(၄)ပါးတို့သည် အဆိုင်အခဲကြီး မဟုတ်ကြဘဲ ပရမာနုမြူမျှ သဘာဝမှ ထွက်ပေါ်နေကြသော တရားဟုမြင်လေသည်။ ထိုအမြင်စခမ်းသို့ရောက်သောအခါ မိမိကိုယ်ကို ငါတရားပေါက်နေပြီဟုလဲ ထင်မှတ်တတ်၏။ (အမှန်သို့ကား မရောက်နိုင်သေးပါ)အတိုင်းထက်အလွန် တရားကိုနှစ်သက်မြတ်နိုးခြင်းလဲ ဖြစ်လာသည်။ မိန်းမယောကျ်ားပုံသဏ္ဍာန်တို့ကို မျက်စိဖြင့်မြင်နေရသော်လည်း ပုံသဏ္ဍာန်အမြင်တွင် ရုပ်တန့်၍မထားဘဲ ပရမာနုမြူတိုင်အောင် ဉာဏ်မျက်စိဖြင့် ဖြိုခွဲဖျက်ဆီးပစ်နိုင်လေ

သည်၊ ဿဏာပြိုကွဲ၍ အာကာသအပြင်ကြီးကဲ့သို့ ထင်မြင်လာသောအခါ လောဘအာရုံ ကာမဂုဏ်တရားတို့ ချုပ်ငြိမ်းသကဲ့သို့ ထင်ရ၏၊ ထိုတရားထက်သိမြင်စရာ၊ အားထုတ်စရာ မရှိတော့ပြီလောဟု တွေးတောဆင်ခြင်မိ၏။

ရှိပါသေးသည်။ နောင်ဆောအခါ မိမိကိုယ်တိုင်မသိရဘဲ ကွယ်ဝှက်နေသောအချက်အလက်တွေတပုံတခေါင်းကြီး- ကြွင်းကျန်နေပါသေးသည်။ နောက်၌သိရန်ကျန်နေသေးသော တရားကိုမရေးသားမီ ယခုခေတ်အမြင်နှင့် ဂေါတမဗုဒ္ဓ အမြင်ကို ကြားဖြတ်၍နှိုင်းယှဉ်ကြရန် ဖေါ်ပြလိုက်ဦးမည်။

လောကဓာတ်ဆရာကြီးတွေ ထွန်းကားနေသော ဤခေတ်တွင် လက်တွေ့မျက်တွေ့အားဖြင့် အံ့ဩဘွယ်ကောင်းသောသိပ္ပံပညာကို သုငါကစ၍ အသင်ကြီးနေကြလေသည်။ အသံလွှင့်ခြင်း၊ အသံဖမ်းခြင်း၊ ဒုန်းပျံ ဂြိုလ်တုစသော သက်ဆိုင်ရာ အဘတ်ပညာရပ်များ! အံ့သြ၍မကုန်နိုင်အောင် လောကခာတ်သိပ္ပံပညာထွန်းကားနေသော ဤခေတ်သမယတွင် ဗုဒ္ဓဂေါတမက လက်မြှောက်ပြီး အရှုံးပေးရတော့မလို အမျိုးမျိုး ဝေဖန်လာကြလေသည်၊ ဗုဒ္ဓဂေါတမဘုရားတော်သည် လူသားတို့စားဝတ်နေရေး ကြီးပွားမှု၊ စီးပွားမှုတွင် တစုံတခု အထောက်အကူမပြုနိုင် လူသားသတ္တဝါတို့အား ဒုစရိုက်နှင့် ခြောက်လှန့်ထားပြီး သုစရိုက်တရားနှင့် မြှောက်မြှင့်ထားလေသည်၊ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာတို့ဖြင့် မစားရ ဝခမန်းမြှောက်မြှင့်ထားသော်လည်း ထာဝစဉ်ချမ်းသာသုခများမဟုတ်ဘဲ တဒင်္ဂဘခဏမျှသော ချမ်းသာသုခသာဖြစ်သည်ဟု စိတ်ပျက်ငြိမ်းငွေ့စရာ ဟောထားပြန်လေသည်။ အားလုံးကို ချုံးပြီး

ကြည့်လိုက်လျှင် ပေါတမဗုဒ္ဓတရားတော်၌(၃၁)ဘုံတွင် ဘယ်နေရာမှာမှ ရုပ်တည်မှုကိုမရနိုင်ကြဘဲ အမြဲတန်းဖြစ်ပျက်ကုန်ဆုံးနေသောတရားများသာ ဖြစ်နေတော့သည်။ ထာဝစဉ်ရုပ်တည်၍ အမြဲတန်းချမ်းသာသော နိဗ္ဗာန်တရားသည်သာ အကောင်းဆုံး အမှန်မြတ်ဆုံးဟု ဟောထားသော ဗုဒ္ဓဂေါတမတရားကို စာပေပရိယတ္တိဒေသနာအသိဖြင့် ဝေဘန်နေကြသည်။

ပရိယတ္တိဒေသနာအသိမျိုးဖြင့် ၁၀ဘန်၍ အမှန်ကိုမသိနိုင်ကြဘဲ စာသိစာဥာဏ်ဖြင့် ကြံစည်စိတ်ကူး၍ နေကြသောသူတို့သည် လက်တွေ့မျက်တွေ့ပြနိုင်သော သိပ္ပံပညာရှင်တို့၏အတွေးအခေါ် အယူအဆနောက်သို့ ရောက်မှန်းမသိဘဲ ရောက်နေကြလေသည်။

သိပ္ပံပညာရှင်တို့သည် နာမ်တရားများကို မှန်ဘီလူးဖြင့် ဓာတ်ပုံရိုက်ကူး၍မရနိုင်ကြ၊ နာမ်တရားသဘောကို သီးခြားခွဲထုတ်ယူခြင်းငှာ မစွမ်းနိုင်ကြသောအခါ ရုပ်ကိုမှီ၍ ဖြစ်ပေါ်ရသောကြောင့် နာမ်ကိုလည်း ရုပ်ပစ္စည်းဟု ယူဆထားကြလေသည်။ သို့ကြောင့် လောက၌ ရုပ်တရားတခုကိုသာ ပြဋ္ဌာန်းထားလေသည်။ ရုပ်လောကဟူ၍ သတ်မှတ်ထားကြလေသည်။

သိပ္ပံအမြင်နှင့် ရုပ်လောကကိုရှာကြည့်ကြရာတွင် အနုမြူမျှသောရုပ်ဝတ္ထုကိုတွေ့မြင်ကြသည်ဟု တဆင့်စကား ငါတို့ကြားဘူးသည်၊ ကြားဘူးသည်အတိုင်းလဲ ဟုတ်မှန်လိမ့်မည်ဟု ထင်မိပါသည်။ ဂေါတမဗုဒ္ဓအမြင်နှင့် ချိန်ခွင်တွင် တင်၍ကြည့်ပါက အမြင်ချင်းတူညီနေကြပြီလော။

ဝိပဿနာပွားများနေသော ယောဂီများ အာကာသဓာတ်အမြင်ပေါက်လာသောအခါ ရုပ်လောကတခုလုံးကိုဖြိုခွဲ၍ ပရ

မာနုမြူထိမြင်နေကြလေပြီ။ သိပ္ပံပညာရှင်တို့ မှန်ဘီလူးအမြင်ထက် ယောဂီများဝိပဿနာဉာဏ်အမြင်ကတဆင့်သာ၍ မြင်နေသည်ဟုထင်ပါသည်။

နိုင်းယှဉ်ချက်–သိပ္ပံဓာတုဗေဒ အမြင်မျိုးကား လက်တွေ့မျက်တွေ့မှန်ဘီလူးဖြင့်မြင်ရသော အနုမြူရုပ်လောကကို မြင်တွေ့ရ၏။

ယောဂီဉာဏ်အမြင်ကား ရုပ်လောကတွင် ပရမာနုမြူတိုင်အောင် ဉာဏ်အမြင်ပေါက်နေလေပြီ၊ နာမပညတ်၊ သဏ္ဍာနပညတ်၊ ဃနပညတ်တွေနှင့် သီးခြားစီ ဖြစ်သွားလေတော့သည်၊ ယောဂီများဉာဏ်အမြင်တွင် လေဟာပြင်ကြီးတွင် ထောက်ရာတည်ရာမရှိဘဲ ပရမာနုမြူဓာတ်တွေ ပြည့်ကြပ်နေသည်ဟု ထင်မြင်ကြလေသည်။

ဂေါတမဗုဒ္ဓအမြင်ကားအသို့နည်း။ ဤမျှသောဉာဏ်အမြင်ဖြင့် တရားလမ်းဆုံးခြင်းသို့ရောက်နေပြီလောဟုသံသယဖြစ်လာပြန်လာလေသည်။ မြန်မာလို သံသယမှာ ယုံမှားခြင်းကိုဆိုသို့သည်၊ပါဠိလိုအားဖြင့် ဝိစိကိစ္ဆာဟူ၍လည်းဆိုပါသည် သိပ္ပံအမြင်-အနုမြူ-ယောဂီအမြင်-ပရမာနုမြူ အမြင်တူမြင် နေကြလေသည်။ ထိုအမြင်တူရုပ်လောက၌ ဿဏာဟူသောအဆိုင်အခဲပါရှိနေသေးသည်။

ထိုစကားသည်မှန်၏။ ပရမာနုံမြူမျှသော ရုပ်သဘာဝကို ရုပ်ဟူ၍ခေါ်ဆိုသမုတ်ရသေး၏။ ရုဝ်ဟုဆိုနိုင်လျှင် ရူပဓာတ်၊ ရူပါယတန-ရူပက္ခန္ဓာဟုဆိုရ၏။ ထိုရူပဓာတ်ရူပက္ခန္ဓာသည် နိစ္စအမြဲအားဖြင့် တည်နိုင်သော တရားသော၊ ဂေါတမဗုဒ္ဓသည်

ရူပက္ခန္ဓာ-ရူပါယတန-ရူပဓာတ်ကို အနိစ္စ အမြဲမရှိသောတရားဟု ဟောထားခဲ့သည် မဟုတ်လော။ အကြီးအငယ် ပမာနသည် သာခြားနား၏။ ရုပ်သဘာဝအားဖြင့် ခြားနားမှု မရှိသော ပရမာ နုမြူရုပ်ကလာပ်သည် အမြဲနိစ္စအားဖြင့် ရပ်တည်နိုင်သော ရုပ်တရား ဖြစ်နိုင်ပါမည်လော မုချအားဖြင့်အနိစ္စတရားအမြဲမရှိ သောတရားဟု အမြင်ပေါက်ရမည်။

## အနိစ္စအမြင် (၂) မျိုး။

သိပ္ပံပညာရှင်တို့ကလည်း ရုပ်တရားသည်အမြဲမရှိဟု ဆို ကြ၏ ထိုဆရာတို့၏အမြင်မှာ ရုပ်သဘာဝ တို့သည် ပုံသဏ္ဍာန် တ မျိုးတည်း တစားတည်းအနေဖြင့် ရပ်တည်ရှိမနေကြဘဲ ကြီး လိုက် ငယ်လိုက် ရွေ့ရှားလိုက်ခြင်း ပုံတမျိုးမှ ပုံတမျိုးအဖြစ်သို့ ပြောင်းရွေ့လိုက်နှင့် ဖေါက်ပြန်ရွေ့ရှား နေကြသောကြောင့် အနိစ္စမျိုး မမြဲသောတရားမျိုးဟု ထင်မြင်ကြလေမည်လားမသိ ထိုအနိစ္စမျိုးကား အကြီးတွင်ဟိမဝန္တာ တောင်ကြီးထက်ကြီး မားတိုးတက်၍၊ အငယ်ဆုံးတွင် အနုမြူဓါတ်တွင် အဆုံးထား ကြသည် အနုမြူဓါတ်သည် တည်မြဲသော အရှိတရားတွင်ရပ် တည်နေနိုင်သော နိစ္စတရားမျိုးဖြစ်နေတော့၏ သိပ္ပံပညာ အ နိစ္စမျိုးသည် ပုံသဏ္ဍာန် ပြောင်းရွေ့နေသော ပုံသဏ္ဍာန်အနိစ္စ မျိုးဖြစ်၏။

ဂေါတမဗုဒ္ဓ-အနိစ္စမျိုးကား အနုမြူပရမာနုမြူမျှသော ရုပ်ကလာပ်တို့သည်လည်း။ အကြွင်း အကျန်မရှိရသော အနိစ္စ တရားဟု ဆိုလိုပါသည်။ ပရမာနုမြူမျှ အကြွင်း အကျန်ရှိခဲ့

ပြားအုံ့ ရုပ်ဝတ္ထု အကြီးစားမျိုးတို့သည် အနိစ္စဖြစ်ကြ၏။ အသေးအမွှား အငယ်စားဖြစ်သော ပရမာအနုမြူမျှသော ရုပ်စုတို့သည် နိစ္စတရားဟု ဆိုရာရောက်ပေလိမ့်မည်

နာမပညတ်တပ်၍၊ ခေါ်စရာ ရုပ်ဝတ္ထုဟူ၍၊ ပြစရာမရှိ ပြောစရာမရှိသော အဖြစ်သို့ရောက်နေလေပြီ စိတ်ကမကျေနပ်သေးလျှင် ပရမာအနုမြူကို၊ ဉာဏ်ဖြင့် အစိတ်ပေါင်း တသိန်းမျှ စိပ်မွှာ၍၊ ကြည့်လိုက်ပါ ဘာကျန်နေသေးသလဲ သမုတိသစ္စာဝေါဟာရပညတ်ဖြင့် နာမည်တပ်၍၊ ခေါ်စရာမရှိတော့ပေ သုဉ်းဆိပ်နေသော (သုည)လောကကြီးအဖြစ်သို့ ရောက်နေပေတော့သည်။

သို့ကြောင့်–ဂေါတမဗုဒ္ဓ ဒေသနာတော်၌ လောကသုံးပါးကို၊(သုည)ဟု ရှုနိုင်သူအား(သုည)ဟု မြင်နိုင်သူအား သေမင်း မမြင်တော့ပြီဟု ညွှန်ပြထားခဲ့လေသည်။

သုညတောလောကံအဝေက္ခဿု-မောဃရာဇ သဒါသတော။
အတ္တာနုဒိဋ္ဌိံ ဉဟစ္စ-ဧဝံမစ္စုတရောသိယာ။

လောကသုံးပါးကို သုညအားဖြင့် မြင်အောင်ရှုနိုင်လျှင် သုညအားဖြင့်မြင်ပြီးသောယောဂီပုဂ္ဂိုလ်အား ပြောပြ၍မဖြစ်နိုင်သော ပရမတ္ထဓမ္မ ပရမတ်စစ်စစ်ကို ဉာဏ်ဖြင့် မြင်သိသော ပုဂ္ဂိုလ်မည်၏ ထိုပရမတ္ထ တရားစစ်စစ်ကို နာမပညတ် အား

ဖြင့်-သုည-ဟူ၍သာ သမုတိသစ္စာနယ်တွင် နာမည် တပ်လိုက်ရပေသည်။ အထယ်ဒြပ် ပုံဟန်သဏ္ဌာန် ရှည်တိုလုံးဝန်း ဟူ၍ ပြစရာ မရှိတော့ပြီ။

စဉ်းစားဆင်ခြင်ဖွယ် ရုပ်ဝတ္ထုဟူ၍ ပြစရာခေါ်စရာ မရှိသော သုညအဖြစ်သို့ ရောက်နေလေပြီ နာမ်ဟုခေါ်ရသော စိတ်ဝိညာဉ်တို့သည်၊ အဘယ်မည်သောရုပ်ဝတ္ထုတွင် မှီတွယ်၍ ဖြစ်နေကြမည်နည်း ရုပ်ပစ္စည်း အဖြစ်၌ တည်ရှိကြဦးမည်လော နာမ်ဟု ခေါ်ဆိုရသော စိတ်ဝိညာဉ် တို့သည်လည်း (သုည) ပါဘဲဟုပြောစရာမှတပါး- တခြားသော နည်းလမ်းဖြင့် ပြစရာ ရှိပါသေးသလော။ ယောဂီတို့ဉာဏ်အမြင်မှာ တလောကလုံး ဆိပ်သုဉ်းကွယ်ပျောက်ပြီး အမှုံအမွှား ပရမာ အနုမြူမျှ မရှိ အာကာသအထိ ရှင်းလင်းနေသော သုညဟုအမြင်ပေါက်သွားကြသည်။

သိပ္ပံပညာရှင်တို့ အမြင်မှာ အနုမြူခေတ်တွင် ရပ်တည်၍ ကျန်နေရဦးမည်။ ယောဂီတွေ သဘာဝမပေါက်နိုင်ဘဲ အနုမြူ ပရမာ အနုမြူတွင် ရပ်တည်နေကြသေးလျှင် အကြိမ်ကြိမ် အထပ်ထပ်ပွားများအားထုတ်ကြပါကုန်။

ပရမတ္ထစင်စစ်ကို ပြစရာ မရှိသောကြောင့် နာမပညတ်ဖြင့် ခေါ်စရာမရှိပါ။ မျက်စိ၊ နား၊ နှာ၊ လျှာအာ၊ ကိုယ်လက်တို့ဖြင့် တွေ့ထိစမ်းသပ်၍ ရကောင်းသောသဘောမရှိပေ။ မျက်စိ၊ နား နှာ၊ လျှာအာ၊ ကိုယ်လက်တို့ဖြင့် စမ်းသပ်၍ သိရသောအာရုံသည်

သင်္ခါရ-ရုပ်(သင်္ခါရနာမ်အဖြစ်သို့ ရောက်ရှိနေပြီးသော သင်္ခါရ ပရမတ္ထတရားကိုတွေ့ထိ၍ သိနေရခြင်းဖြစ်လေသည်။

စာရှုသူယောဂီပရိသတ်တွေ နားဘွင်းခါး၍မျှားနေကြမည် လားမသိ။ ယခုစာရေးနေတုံး ရေးနေဆဲမှာပင် စကား(၂) မျိုး(၂)စားဖြစ်နေလေသည်။ ဖြစ်ပုံကား- ပရမတ္ထတရားစစ်စစ် ကို လူတို့၏ မျက်စိ၊ နား၊ နှာ၊ လျှာ အာ၊ကိုယ်လက်ဟု ဆိုအပ် သော ကိုယ်ခန္ဓာ အစိပ်အပိုင်းတို့ဖြင့် တွေ့ထိစမ်းသပ်၍ မသိ ကောင်း၊ မသိနိုင်ဟုဆိုထားပြီးမှ သင်္ခါရအဖြစ်သို့ ရောက်နေ သော သင်္ခါရ ပရမတ္ထရုပ်နာမ်တို့ကို တွေ့ထိစမ်းသပ်၍ သိနိုင် သည်ဟုဆိုထားပြန်သည်။ အခုတင်ကဘဲ ဆီထမင်းလုပ်ပြီး ခုဘဲ စာကလေးကျော် လုပ်နေရာကျလေသည်။

ပြန်၍စဉ်းစားပါ။ သုညတောလောကံအဝေကွာသို၊ မောဃ ရာဇာသဒ္ဒါသဘော၊ စာရှိတဲ့ပါဠိကို ပြန်ကြည့်သော် ပရမတ္ထဟူ သည် သုညဘဲတဲ့။ ထိုသုညတရားကို နောက်ထပ်ပြီးနာမည်တမျိုး ဖြင့် သင်္ခတဓာတ်ဟု သမုတ်ထားလိုက်ပါသည်၊ အဓိပ္ပါယ်မှာ သုံညဆိုတာ ပြုစရာမရှိတဲ့တရားဟု ဆိုထားခြင်း ဖြစ်ပါတယ်၊ ထိုသုညတရားကိုပင်နောက်ထပ်ပြီး(သင်္ခတ)ဓာတ်ဟု ဆိုထားပါ တယ်။သင်္ခတအဓိပ္ပါယ်မှာ ကံအကြောင်းတရား၊စိတ်အကြောင်း တရား၊ ဥတုအကြောင်းတရား၊ အဟာရအကြောင်းတရားတို့က ပြုလုပ်ဖန်တီးအပ်သောတရားဟုဆိုလိုပါသည်၊

တနည်းဆိုရသော် ကံစိတ်ဥတုအာဟာရတို့၏ အပြုအပြင်ကို ခံရသောအပြုခံတရားကို (သင်္ခတ)ဟု ဆိုထားပြန်သည်။ပရမာ

အနုမြူမှ ထွက်ပေါ်လာပြီးနောက် ပုံဟန်သဏ္ဌာန်အဖြစ်သို့ ရောက်လာလျှင် ရုပ်ဟုခေါ်ဆိုရသည်။

မှန်၏။ သင်္ခတဓာတ်နှင့် သင်္ခါရတရားကို ကွဲကွဲပြားပြား သိီးခြားစီထုတ်ယူနိုင်သောအခါ (သင်္ခတ)နှင့် (သင်္ခါရ)မတူ ကွဲပြားခြားနားလာတော့သည်။ (သင်္ခတဓာတ်)ကား ဉာဏ်အမြင်ခံတရား(သင်္ခါရ)ကား ပဉ္စာရုံဖြစ်၍ တွေ့ထိစမ်းသပ်၍ ရကောင်းသောတရားဖြစ်လာသည်၊

စကားတွေပြန့်ကျယ်သွားပြီးဖြစ်၍ နားရှုတ်ထွေးနေကြလေပြီ။ ပြန်၍ထပ်ခါစုကြည့်ရဦးမည်။ ပရမတ္တဆိုတာ သုညပါဘဲ၊ သုညဆိုပေမဲ့ဘာမျှမရှိတဲ့သုညမဟုတ်ပါဘူး၊(သင်္ခတ)ဓာတ်ရှိတဲ့ သုညပါဘဲတဲ့၊ (သင်္ခါရ)ဆိုတာ "သင်္ခတ" ဓာတ် ရှိလို့သာ ထိုသင်္ခတဓာတ်မှ ထွက်ပေါ်လာသောအခါ တွေ့ထိစမ်းသပ်၍ ရကောင်းသော ရုပ်တရား- နာမ်တရားကိုပင် သင်္ခါရဟု ခေါ်ရပြန်သည်။

(သဘာဝ·သုည.... .... .... ဝ)ပြစရာမရှိ။
(ဉာဏ်အမြင်ခံ-သင်္ခတ .... ဝ)စိတ်သိ၊ အတွေ့အခေါ်သိ ဉာဏ်မြင်။
(ကိုယ်တွေ့သိ·သင်္ခါရ )မြင်ကြားတွေ့ထိသိ၊

ယောဂီသည် ဝိပဿနာအာရုံဖြစ်သော ပူမှု၊ မှေ့၊ တော တင်းခက်မာ၊ ညောင်းညာ ကိုက်ခဲမှု တည်းဟူသော သင်္ခါရ

ပရမတ္ထတရားတို့ကို ဝိပဿနာရှုလာခဲ့လေသည်။ သူ၏အသိဉာဏ်တို့မှာလည်း တဆင့်ပြီးတဆင့်အသိဉာဏ်ပွင့်လာပြီးလျှင်သင်္ခါရရုပ်နာမ်ကိုအမှန်သို့ အမှန်မြင်လာတော့သည်၊ ဤသို့မြင်ခြင်းသည် ကိုယ်တွေ့ဝိပဿနာအသိမျိုးပင် ဖြစ်ပါ၏။

ဉာဏ်တွေ့သိရန် လိုနေသေးသည်။ ဉာဏ်တွေ့ အသိမှာ ဤသင်္ခါရတရားတို့သည် စင်စစ်မှုချအားဖြင့် အကျိုးတရားသက်သက်မျှသာဖြစ်သည်၊အကြောင်းတရားနှင့်ကင်း၍ အကျိုးတရား မဖြစ်နိုင်ရာ၊ ယခုတွေ့နေသော အကျိုးတရားသည် အကြောင်းရှိရမည်ဟု အကြောင်းကိုရှာလေသော် သင်္ခါရတို့၏မူလ အကြောင်းတရားဖြစ်သော "သင်္ခတဓာတ်"ကို မြင်တွေ့လေတော့သည်။ ထိုသင်္ခတဓာတ်ကား လူသိအောင် ပြောပြစရာ ဘာတခုမှ မရှိသောတရားဖြစ်၍ (သုည)ဟုဘာ ဆိုရလေတော့သည်။ ယောဂီသည် ကိုယ်တွေ့မှဉာဏ်အတွေ့သို့ ရောက်သွားလေတော့သည်။

ကိုယ်တွေ့ဉာဏ်တွေ့အားဖြင့် အကျိုးတရားနှင့် အကြောင်းတရားတို့ကိုအမှန်သိထားလေပြီ။ သဘာဝအားဖြင့် အတ္တဆိုဘာဘာမှမရှိ၊ အနတ္တအသိထင်မြင်၍ ဇာမ္ဘာတခွင်မှာ လဟာပြင်အထိ အမှောင်ကိုခွင်းလို့မို့ အရောင်အလင်း ဖြစ်ခဲ့လေပြီ။ သို့သော် ပရိယတ္တိဒေသနာက သေချာအောင် ထောက်ခံမှအမှန်ဟု ဆိုရပေလိမ့်မည်။ ပရိယတ္တိဒေသနာက သေချာစွာထောက်ခံပါ၏လောဟု ဒေသနာတော်ကိုထောက်ပြရန် လိုနေသေးသည်။

သဘာဝကထုတ်ဆောင်ပြသသော ဒေသနာတော်က သုညတော လောကံ အဝေက္ခဿု၊ မောဃရာဇ သဒါသတော၊ ဟူ၍ ထုတ်ဆောင်ပြသထားပါသည်။

မောဃရာဇအမည်ရှိသောရဟန်း၊ အခါခပ်သိမ်း သတိအမြဲရှိသည်ဖြစ်၍ သတ္တလောကခေါ်ရသော ရုပ်၊ နာမ်လောကကိုငင်း၊ သင်္ခါရလောကဟု ဆိုရသော သက်ရှိသက်မဲ့ ဖြစ်ပျက်လောကကိုငင်း၊ ထိုသက်ရှိသက်မဲ့ အရာဝတ္ထုတို့၏ ရပ်တည်ရာဩကာသလောကကိုငင်း၊တနည်းသော်ကား သက်ရှိပစ္စည်းသက်မဲ့ပစ္စည်းရုပ်နာမ်လောကဖြစ်ပျက်တရားတို့၏ရပ်တည်ရာအာကာသလောကဟုဆိုအပ်သော လောကသုံးပါးကို "သုည"အားဖြင့်မြင်အောင်ရှုလော့၊ ဤဒေသနာတော်က ပရမတ္ထဓမ္မသဘာဝတို့ကို သုညဟူ၍ညွှန်ပြထားလေသည်၊

သုညဖြစ်သောသဘာဝကို ဉာဏ်ဖြင့်သိအပ်-သာ တရား ဟုထင်ရှားအောင် ထုတ်ပြလိုက်သော သဘောမှာ သင်္ခတဓမ္မ၊ အသင်္ခတဓမ္မဟူ၍ပင် လာလေသည်၊ သင်္ခတ၊ကံ စိတ်၊ ဥတု အာဟာရ-အကြောင်းဖြစ်သောသင်္ခါရတို့က ယထာရဟာစုပေါင်း၍ ပြုပြင်အပ်ကုန်သော ဓမ္မာနိသတ္တ-နိဇီဝသဘာဝါ-သတ္တဟူ၍ငင်း၊ ဇီဝဟူ၍ငင်း၊ပြစရာ ပြောစရာ ဘာမျှမရှိ၊ သုညအတိဖြစ်နေကြကုန်သော သဘာဝ တရားတို့သည် ဝါ-အကြောင်းသင်္ခါရပြုပြင်မှ အကျိုးသင်္ခါရ ထွက်ပေါ်ရသော သဘာဝတ္တဓမ္မဝိပဿနာဉာဏ်ဖြင့် တဒင်္ဂပဟာန်- မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် သမုစ္ဆေဒပဟာန်ဖြင့် ပယ်လှန်ချိုးဖဲ့ ဖျက်ဆီး အပ်ကုန်သော

တရားတို့သည် သန္တတိသံဝိဇ္ဇန္တ၊ ပရမတ္ထ သူ့သဘာအားဖြင့် ထင်ရှား ကောင်အမှန်ရှိကြလေကုန်၏။

အသင်္ခတ၊ ကံစိတ်ဥတု အာဟာရ အကြောင်းဖြစ်တဲ့ သင်္ခါရတို့က မပြုမပြင် မစီရင်အပ်ကုန်သော။ မဂ္ဂါနိဗ္ဗာန် နိဇ္ဇီဝ သဘာဝ၊ သတ္တဇီဝမဟုတ်ကုန်သော သဘောတရားတို့သည်။ သံဝိဇ္ဇန္တ၊ ရှိကြလေကုန်၏။
အဓိပ္ပါယ်ကိုပြန်ပြီးကြည့်ရန်လိုသေးသည်။

ပဌမအချက်က သူ့ဖြစ်တဲ့ လောကဒေသနာအရ ထုတ်ပြခဲ့ ပါပြီ၊ သူ့ဆိုတာ 'သင်္ခတ"တရားပါဘဲဟု ဒုတိယအချက်တွင် ထပ်ပြခဲ့ပးပြီ ဤဒုတိယ အချက်ကို ဆင်ခြင်ကြည့်သော် လောက သုံးပါးဆိုတာ သင်္ခါရ"သည့်-အမည့်ရှိပရမတ္ထမှထွက်ပေါ်လာကြ သော သင်္ခါရရုပ်အစု သင်္ခါရနာမ်အစုကို ဆိုပါသည်၊ ထွက် ပေါ်လာသော ရုပ်သင်္ခါရ၊ နာမ်သင်္ခါရတို့သည် မိမိအလိုလို ထွက်ပေါ်လာကြသော သင်္ခါရရုပ်၊ သင်္ခါရနာမ်များ မဟုတ်ကြ ချေ။ အကြောင်းသင်္ခါရတစုံတစုတို့က ပြုပြင်စီရင်မှသာ အကျိုး တရားအနေအားဖြင့် ထွက်ပေါ်လာသော ရုပ်နာမ်ကို သင်္ခါရ ဟူ၍ပင် ခေါ်ဆိုသမုတ်ကြ၏။ ဤအမြင်မျိုးသည် ဝိပဿနာ ဉာဏ်အမြင်မျိုးဖြစ်၍ ဝိပဿနာယောဂီတို့ဉာဏ်အရာသာ ဖြစ် ပါသည်။

ပရိယတ္တိဒေသနာအရ ပရိယတ္တိဉာဏ်အမြင်မှာ သင်္ခတ မဂ္ဂာဟူဆိုလိုက်သောအခါ ထိုသင်္ခတတရားသည် "သူ့" ပါ

ဘဲဟုတရားကိုယ်အရ ကောက်ယူ၍ မဖြစ်နိုင်ပေ သုညသည် ပရမတ္ထတ ရားစင်စစ် ဖြစ်နေသောကြောင့် လောက(၃)ပါး သည် ပျောက်ကွယ်၍ နေပေလိမ့်မည်။ထိုကြောင့် သင်္ခတာခမှာ ပုဒ်၏အရကောက်ယူသောအခါ သုညဟူ၍ မကောက်ဘဲသင်္ခာ သုညမှထွက်ပေါ်လတံ့သော ရုပ်သင်္ခါရ(၂၈)ခုနှင့်နာမ်သင်္ခါရ ဖြစ်သောစိတ်(၈၉)ခု-စေတသိက် (၅၂) ခုတို့ကို ကောက်ယူရ လေသည်။ သင်္ခါရအဖြစ်သို့ ရောက်လာသောအခါမှသာလျှင် သက်ရှိရုပ်နာမ်လောက၊ သက်မဲ့ရုပ်လောက ၂-ခုကို ပေါင်း၍ သင်္ခါရလောကဟူ၍ လောက(၂)ပါးထွက်ပေါ်လာလေသည်။ နေလနက္ခတ်တာရာနှင့်တကွ ဤကမ္ဘာမဟာပထဝီ မြေကြီးသည် ကောင်းကင်အပြင်၌ တည်ရှိနေကြလေသောကြောင့် တည်ရာ ဌာနကို သြကာသလောကဟူ၍ ခေါ်ဆိုကြကုန်၏။ ယခုလူတို့ မျက်မြင်ကိုယ်တွေ့ ဖြစ်နေသော ရုပ်နာမ်တို့ကိုလည်း ပရမတ္ထ ဓမ္မစစ်စစ်ဟုမဆိုရစကောင်းမူလည်း သင်္ခတပရမတ္ထ၊ သုညတရားမှ ထွက်ပေါ်နေကြသော အကျိုးပရမတ္ထ သင်္ခါရ ရုပ်နာမ်တို့ကို ပရိယတ္တိ ဒေသနာတော်၌ ပရမတ်ရုပ်နာမ်ဟူ၍ သင်္ကေတ အသိအမှတ် ပြုသွားကြကုန်၏။ ထိုအကျိုး ပရမတ္ထတရားဖြစ် သော သင်္ခါရရုပ်နာမ်တို့ကိုပင် ဝိပဿနာဉာဏ်ဖြင့်ရှုအပ်၏။

ဤမျှသောစကားအစဉ်ဖြင့် ပရမတ္ထတရားဟူသည် သုည တရာ ဘဲဖြစ်၏ဟုသိထားပါ၊ နာမ သဏ္ဌာနအားဖြင့်ပြစရာမရှိ သောကြောင့် သုညခေါ်သည်ဟု သိထားပါ။ ထိုသုညတရား သည် ဘာမှမရှိသောအချည်းနှည်းသော တရားမျိုးကားမဟုတ် ပေ။ အကြောင်းတရားတို့ကပြုပြင်လျှင် အကျိုး၏အဖြစ်ဖြင့်

ရုပ်နာမ်ထွက်ပေါ်နိုင်သောကြောင့် "သခ်ိတမဗ္ဗ"ဟူ၍ ဟော ထားလေသည်။ ထိုသခ်ိတဓာတ်ကို ပရမတ္ထစစ်စစ်ဟူ၍ မှတ်ပါလေ။

အသခ်ိတဓာတ်ဟူသည်ကား တည်ရာဌာနဟူ၍ ပြစရာမရှိပါ။ လောက(၃)ပါးမှအလွတ်ဖြစ်၍ နေလေသည်။ မဂ်ဉာဏ်၏အရသာ ဖြစ်ပါသောကြောင့် မဂ်ဖိုလ်သို့ ဆိုက်ရောက်သော သူတို့၏ဉာဏ်အမြင်ခံ သံဒိဋ္ဌိကတရားဖြစ်၍ ချွင်းချက်ဖြင့်ထားခဲ့ပါသည်။

အမှန်သဘောတရား ဖြစ်သောသခ်ိတ၊ အသခ်ိတ တို့ကို ဉာဏ်အမြင် သက်ရောက်သည်ဆိုရသော်လဲ ယခုစာထဲမှာ ရေးထားသောအတိုင်း မပြေနိုင်သေးပါ။ ပရမတ္ထ တရားဟူသည် မနောစိတ်ဖြင့် သိရုံမျှသာသိရသောတရားပါတကား။ ဘာတခု မျှ လက်ဆုပ်လက်ကိုင် ပြနိုင်သောတရား မဟုတ်ပါတကားဟု မိမိကိုယ်တိုင် သဘောပေါက်ရုံသာသိလေသည်။

## ဉာဏ်စဉ်ပါဝင်လာသော ယောဂီကိုယ်တွေ့

သခ်ိတ ပရမတ္ထဟူသည် အရှိပရမတ္ထအစစ်ဟူ၍ ဉာဏ်မြင် သဘောပေါက်ပြီးသော ယောဂီသည် ဆက်လက် အားထုတ် သောအခါ ပူပူ၊ အေးအေး၊ ရွရွ၊ မွမွ၊ ထုံထုံ၊ ကျဉ်ကျဉ်ဓာတ် ပေါ်လာ တိုင်း ဖြစ်လာပါပြီ၊ ဖြစ်လာပါပြီဟု သိတော့၏။

ဖြစ်လာသောသဘောကိုသိနေတာက ဥဒယဉာဏ်ဟု ပါဠိစကားဖြင့်ဆိုရ၏။ ထိုအဖြစ်သဘောသည် တဖန်ကုန်ဆုံးပျက်စီး

သွားပြီဟုသိနေတာက ပါဠိစကားဖြင့် ဝယဟုဆိုရ၏။ (၂)ခု ကိုပေါင်းလျှင် ဥဒယဗ္ဗယဉာဏ်ဟု ဆိုရလေသည်။

ဖြစ်ပျက်အာရုံသဘောသည် နဂိုမူလကပင်ရှိနေသောသဘော မဟုတ်ပါဘဲ ဘာမျှမရှိသော တရားဖြင့်သာဖြစ်သည်။ ထိုမရှိ သောတရားတို့သည် ကောင်းကင်အပြင်မှ လျှပ်စစ်ထွက်ပေါ် သကဲ့သို့ ဖြစ်ပေါ်လာခြင်းမျှပါတကားဟု ဉာဏ်အမြင်ပေါက် လာသည်။ ရုပ်သည်ရင်း၊ နာမ်သည်ရင်း၊ အရှိတရားမဟုတ်၊ အဖြစ်တရားဟုမြင်ခြင်းသည် ရုပ်၏ဇာတိနာမ်၏ဇာတိကိုမြင်ခြင်း ပင်ဖြစ်သည်။ ဤဇာတိဖြစ်တိုင်းဖြစ်တိုင်း ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်း၊ ကိုယ်စိတ်(၂)ပါးဆင်းရဲခြင်းဒုက္ခကို တွေ့ကြုံ ခံစားရပေသည်ဟု ဇာတိဒုက္ခကို ကိုယ်တွေ့ဉာဏ်မြင် ဖြစ်လာ ရသည်။

ဥပ္ပါဒေါဒုက္ခံ-အနုပ္ပါဒေါသုခံ၊ ပါဠိကိုသဘောပေါက်လာ သည်။ ဥပ္ပါဒေါ၊ သင်္ခါရဖြစ်ခြင်းသည်။ ဒုက္ခ၊ ဆင်းရဲ၏။ အနုပ္ပါ ဒေါ၊ သင်္ခါရမဖြစ်ခြင်းသည်။ သုခ၊ ချမ်းသာ၏ဆိုတဲ့စကားကိုင်တွေ့ ဉာဏ်တွေ့သိပါ၏။

ဥဒယဗ္ဗယ ဉာဏ်အမြင်ဆိုသည်မှာ သင်္ခတမှ သင်္ခါရဖြစ် ပျက်ကို မြင်သောအခါမှ ဉာဏ်စဉ်ပေါ်လာလေသည်။

ဘင်ဉာဏ်ဆိုသည်မှာလဲ သင်္ခတခေတ်မှ ထွက်ပေါ်နေကြ သော သင်္ခါရရုပ်နာမ်တို့သည် မည်သည့်သင်္ခါရမျိုးမှ တည်မြဲ

ခိုင်ခန့်၍မနေ၊ အမြဲတန်းပျက်စီးနေသောတရားဟု ဉာဏ်အမြင်ပေါက်ခြင်းပင်ဖြစ်သည်။

ဘယဉာဏ်ဆိုသည်မှာလဲ အမြဲတန်းပျက်စီးယိုယွင်းနေသောသင်္ခါရတို့၏သဘောကို စိစိငုငုမသိကြသော ပုထုဇဉ်တို့သည် မိမိ၏ရန်သူဖြစ်သောသင်္ခါရတရားတို့ကို မိတ်ဆွေထင်၍ ပေါင်းမှားသကဲ့သို့ ကြောက်စရာကောင်းသော သင်္ခါရတရားကို မြင်သောအခါ ထိတ်လန့်သောသံဝေဂရ၍ ကြောက်စရာ အဖြစ်ဘေးဟုရှုသော ဉာဏ်ဖြစ်သည်။

သင်္ခါရတို့၌ မှားနေခြင်းသည်ပင် အာဒီနဝ အပြစ်ဒေါသမကင်းပါတကားဟု ရှုတတ်သောဉာဏ်သည် အာဒီနဝဉာဏ်မည်၏၊

ထိုသင်္ခါရတို့ဖြစ်တိုင်းဖြစ်တိုင်း သိနေခြင်းသည် ဇာတိဒုက္ခကိုသိသည်မည်၏။ဇာတိရှိတိုင်းဇာတိဖြစ်တိုင်းဆင်းရဲဒုက္ခတွေ့နေခြင်းသည် ဇာတိဒုက္ခကိုသိသည်မည်၏။ ထိုဇာတိဒုက္ခကို သိပြီးငြီးငွေ့စက်ဆုတ်သောယောဂီသည် နိဗ္ဗိန္ဒ ဉာဏ်မည်၏။

ရုပ်နာမ်ဓမ္မသင်္ခါရတို့ကို ရှေ့ယခင်က အထင်အမြင်ကြီးနေခဲ့သောယောဂီသည် ယခုအခါ ကိုယ်တွေ့ ဉာဏ်တွေ့အားဖြင့်သင်္ခါရတရားတို့၏ အာဒီနဝအပြစ်ဒေါသတို့ကို ဟုတ်မှန်သောအတိုင်းသိရသောအခါ ထိုသင်္ခါရတို့ကို လိုချင်တောင်းတသောတဏှာသည် မဖြစ်နိုင်တော့ဘဲ သင်္ခါရဟူသမျှတို့၌ ငြီးငွေ့ပြီးလွတ်ရာသို့ရှေ့ရှုလာလေသည်။ လွတ်ရာသို့ ရှေ့ရှုညွှတ်ကိုင်းနေသောဉာဏ်ကို မုစိတုကမျတာ ဉာဏ်ဟု ဆိုရသည်။

လွတ်ချင်ယုံမျှစိတ်ကညွတ်နေ၍မပြင်နိုင်သေးပါ။ စင်စစ်မှန် မှန်လွတ်မြောက်လိုသောယောဂီသည် မိမိကိုယ်တိုင်ကြိုးစားအား ထုတ်ဆဲ၌ ပေါ်လာသော သင်္ခါရရုပ်၊ သင်္ခါရနာမ်၊ ပရမတ္ထ ဓာတ်သဘာဝတို့ကို မှုံမှုံညက်ကာ ဖြိုခွဲဖျက်ဆီးနိုင်သော ဉာဏ် သည် ပဋိသင်္ခါရ ဉာဏ်မည်၏။ ဆိုလိုရင်းမှာ သင်္ခါရသဘော ကိုကျော်လွန်၍ သင်္ခတတရားတိုင်အောင် ပညာဖြင့်ဆင်ခြင်နိုင် သောဉာဏ်မျိုးကို ပဋိသင်္ခါရဆိုသည်။

သင်္ခတ ပရမတ္တတိုင်အောင် ဉာဏ်အမြင်ပေါက်နေပြီးသော ယောဂီသည် တေဘူမ္မိက တရားဟုဆိုအပ်သော ရုပ်သင်္ခါရ၊ နာမ်သင်္ခါရဖြစ်ပျက်တရားတို့ကို ငါဘဲ၊ ငါ့သတ္တဝါ၊ ငါ့ကိုယ်၊ငါ့ သား၊ ငါ့သမီးဟူ၍ သိမ်းပိုက်ယူငင်ခြင်းငှာ မထိုက်တော့ပြီ၊ ထိုထိုသင်္ခါရတို့သည် သူ့သဘာဝနှင့်သူ၊ မည်သူ၏ဥစ္စာလဲမဟုတ်၊ ဘုံဆိုင်ပစ္စည်းမျှသာဖြစ်နေရကား စင်စစ်မချအားဖြင့် ချစ်ဖွယ် စုံမက်စရာလဲမဟုတ်၊ မုန်းစရာ-ရှုံ့စရာလဲမဟုတ်၊ သူ့သဘော အတိုင်းဖြစ်နေသော တရားဟုဥပေက္ခာပြုသောဉာဏ်ကို သင်္ခါ ရုပေက္ခာဉာဏ်ဟုဆိုလိုသည်။ (ပညာရှိတို့သိလောက်ပြီ။)

အနုလောမဉာဏ်ဆိုသည်မှာ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ ရရန် ရောက်ရန်သင့်လျော်သောဉာဏ်ဟု ဆိုလိုသည်။

" ပဉ္စမကဏ္ဍပြီးပြီ "

" ဒုတိယ ကျမ်းစာနှင့် တိုက်ကြည့် "

# မန္တာမံပဋိပဒါလမ်း

ဝိပဿနာတရားကို ပွားများအားထုပ်သောသူသည် အောက်၌ဖေါ်ပြလတံ့သော စည်းမျဉ်းအတိုင်းအားထုတ်ပါ။

အတိတ်ကာလ၌ မိမိပြုလုပ်ခဲ့သော ကောင်းမှု မကောင်းမှုကံတို့သည် အနည်းအများပင်ရှိတတ်ကြ၏ တရားထိုင်သောအခါ ထိုအာရုံတရားတွေဝင်လာတတ်ပါသည်။ အမှန်စင်စစ်အားဖြင့် ယောဂီ၏စိတ်သည် ပစ္စုပ္ပန်အာရုံ၌ မတည်တန့်ဘဲ စိတ်ပြန့်လွင့်သွားခြင်းသာဖြစ်ပါသည်၊ စိတ်ပြန့်လွင့်ခြင်းကို ဥဒ္ဓစ္စဟု ပါဠိစကားဖြင့်သုံးတော်ကြလေသည်။ ထို့ကြောင့် ယောဂီ၏စိတ်ကို ဥဒ္ဓစ္စမဖြစ်ရအောင်- ပစ္စုပ္ပန်အာရုံ၌ တည်ထားရမည်။

ပစ္စုပ္ပန်အာရုံဆိုသည်မှာငယ်ထိပ်တနေရာ၌ စိတ်ကိုထားခြင်းကိုဆိုလိုပါသည်။ စိတ်ကိုထားရာ၌လည်း "သတိ" မလစ်ရအောင် ထားခြင်းပင်ဖြစ်၏။ ၎င်းသတိကိုပင် သမ္မာသတိ မဂ္ဂင်ဟူ၍၎င်း၊ သတိပဋ္ဌာန်ဟူ၍၎င်း၊ သတိဗိုလ်ဟူ၍၎င်း၊ သတိန္ဒြေဟူ၍၎င်း၊ သတိသမ္ဗောဇ္ဈင်ဟူ၍၎င်း၊ သူ့ဌာနနှင့်သူ အမည်နာမအသီးသီးဖြင့် ခေါ်ဆိုထားကြ၏။ အလုပ်ကိစ္စမှာ ယောဂီ၏ ငယ်ထိပ်၌ စိတ်ကိုတည်တန့်အောင် သတိထားပါ။

ဒုတိယ လိုက်နာရမည့်အချက်မှာ အနာဂါတ်အာရုံသို့ယောဂီ၏စိတ်ထွက်မသွားရအောင် သတိထားရခြင်းပင်ဖြစ်၏။

အနာဂတ် အာရုံဆိုသည်မှာ- မတွေ့ မကြုံရသေးသော အာရုံကိုဆိုပါသည်။ မတွေ့မကြုံရသေးသော အာရုံဆိုသည်မှာ-နောက်၌ဖြစ်ပေါ်လာ လတံ့သော အာရုံ ဟု ဆိုလိုသည်။ ယောဂီ၏ စိတ်သည် ပစ္စုပ္ပန်အာရုံ၌ မရင်မနားဘဲ နောက်တနေ့ကို ဘာကိစ္စပြုလုပ်ရဦးမည် နောက်လတွင် ဘယ်အရပ်သို့ သွားရဦးမည် နောက်နှစ်တွင် ကျောင်းလှူရဦးမည်ဟု ကြံစည် တွေးဆခြင်းသည် အနာဂါတ်အာရုံမည်၏။ အနာဂါတ်အာရုံသို့ ယောဂီ၏ စိတ် ရောက်မသွားရအောင် "သတိ" ထားရသည်။

အတိတ်အာရုံသို့ ယောဂီစိတ် မသွားရအောင် သတိထား၊ ပစ္စုပ္ပန်အာရုံ တခု၌ ယောဂီ၏စိတ်တည်တန့်အောင် သတိထား၊ အနာဂါတ်အာရုံသို့ ယောဂီ၏စိတ် မသွားရအောင် သတိထား၊ အဲဒါ တရားကို အားထုတ်လိုသော ယောဂီများ လိုက်နာကြရန် ပဌမစည်းမျဉ်းဖြစ်၏။ ပဌမအကျင့်လမ်းစဉ်ဖြစ်၏။

ယောဂီ၏စိတ်သည် အတိတ် အာရုံသို့ ထွက်သွားလျှင်၊ အတိတ်အာရုံသို့ ထွက်သွားနေပြီ ထွက်သွားနေပြီဟု၊ သိထားပါ အနာဂါတ်အာရုံသို့ ထွက်သွားလျှင်လည်း ထွက်သွားနေပြီ ထွက်သွားနေပြီဟု၊ သိထားပါ စိတ်သွားတိုင်း သိထားခြင်းသည် သတိမြဲသူဖြစ်၏။ သို့သော်စိတ်ပြန့်လွင့်နေသော သူသည် သမာဓိ မဖြစ်နိုင်ချေ။ သမာဓိ မရှိသေးသော ယောဂီသည် ရုပ်နာမ် ဓမ္မကို ယထာဘူတ မသိနိုင်သေးပါ သို့ကြောင့် သမာဓိဖြစ်အောင် ပစ္စုပ္ပန်အာရုံ၌ သတိထားပါ အဲဒါ (တိုတိုကျဉ်းကျဉ်းဖြင့် လိုရင်း ပဓါန အလုပ်ဟုမှတ်ပါ။

ယောဂီ၏ စိတ်သည် အတိတ်-အနာဂါတ်အာရုံသို့မသွားဘဲ ပစ္စုပ္ပန် အာရုံတခုတည်း၌ တည်တန့်အောင် ကြိုးစားအားထုတ် ရလေဦးမည်။ ယောဂီ၏ ကြိုးစားအားထုတ်ခြင်းကိုပင် ဝိရိယ ဟုပါဠိစကားဖြင့် သိထားကြလေသည်။

၎င်းဝိရိယကိုပင် သမ္မပဓာန်ဟူ၍၎င်း၊ ဝိရိယဗိုယ်ဟူ၍၎င်း၊ ဝိရိယိန္ဒြေဟူ၍၎င်း၊ ဝိရိယာဒိပတိ ဟူ၍၎င်း၊ ဝိရိယသမ္ဗောဇ္ဈင် ဟူ၍၎င်း၊ သမ္မာဝါယာမမဂ္ဂင် ဟူ၍၎င်း၊ သုတ္တန သုတ္တကိစ္စ အားလျော်စွာ ယခုစာဖြင့် ရေးသားဖေါ်ပြခြင်းသည် ယော ဂီတို့ အားတုပ်မှု၌ ဗဟုသုတ အထောက်အကူ ရစေခြင်းငှါ ရေးရခြင်းသာ ဖြစ်သည်။

အလုပ်ကို လက်တွေ့ ကိုယ်တွေ့ လုပ်နေသော ယောဂီသည် စာတွေ့မဟုတ်ဘဲ ငါတွေ့အားဖြင့် ဝိရိယလုလ္လပြုနေရလေသည် ထိုဝိရိယကိုပင် သမ္မာဝါယာမ မဂ္ဂင်ဟု မှတ်ပါလေ။

အလုပ်ကိုလက်တွေ့ ကိုယ်တွေ့ အားတုတ်နေသောယောဂီ၏ စိတ်သည် အတိတ် အနာဂါတ်သို့ မသွားဘဲ ပစ္စုပ္ပန် အာရုံ၌ ရပ်တည်မှုကို ရလာသော အခါရှိ၏။ ထိုရပ်တည်မှုကို ပါဠိ စကားဖြင့် သမာဓိဖြစ်သည်ဟုဆိုကြ၏။ ထိုသမာဓိကိုပင် သ မာဓိဗိုလ်ဟူ၍၎င်း၊ သမာဓိန္ဒြေဟူ၍၎င်း၊ သမ္မာသမာဓိမဂ္ဂင်ဟူ ၍၎င်း၊ သုတ္တန် သုတ္တကိစ္စ အားလျော်စွာ အမည်အသီးသီးတို့ဖြင့် ခေါ်ဆိုသမုတ်ထားကြ၏။ ပြန်၍ခဉ်းစားပါယောဂီပြုလုပ်ရမည့် အလုပ်ကိစ္စမှာ အတိတ်အာရုံ အနာဂါတ် အာရုံကို ပယ်ချမည်

ပစ္စုပ္ပန်အာရုံဖြစ်သော ကိုယ်ခန္ဓာ၌ သတိထားရမည် ဝိရိယလုံ့လပြုရမည် သမာဓိဖြစ်အောင် အားထုတ်ရမည်။ ဤအလုပ်ကိစ္စသည် ယောဂီတို့မိမိကိုယ်တိုင်ပြုလုပ်အားထုတ်ရမည်၊ ရှေးဦးစွာသော ကိစ္စဖြစ်လေသည်။ အဓိပ္ပါယ်ကို နောက်၌ဖေါ်ပြအံ့။ ယခုအခါ အလုပ်ကိုပဓါနထားနေရသောကြောင့် စကားပြန့်ကြဲသွားလျှင် အသိဉာဏ်ရှုပ်ထွေး၍ သွားလိမ့်မည်။

ယောဂီသည် သမာဓိဖြစ်လာသောအချိန်တွင်- မိမိဟုဆိုအပ်သော ခန္ဓာကိုယ်အစိတ်အပိုင်း၌- ပူရှိန်း၊ ရှရှ မွမွ တောင့်တင်းခက်မာရှိန်း၊ ဖြစ်ပေါ်နေသည့်အတိုင်း သိပါလိမ့်မည်။ ယောဂီလုပ်၍ အားထုတ်နေဒါက ဒီလိုဖြစ်ပေါ်နေသောတရားကို တွေ့ခြင်လို့ ယောဂီလုပ်ရတာဘဲမဟုတ်လား။ ယခု တရားနှင့်တွေ့နေကြပါပြီ- သို့သော် ဉာဏ်ရဘို့လိုနေသေးသည်။ ယောဂီဉာဏ်ဆိုသည်မှာ- မိမိကိုယ်တိုင် ထင်မြင်သဘောပေါက်သောဉာဏ်ဟုဆိုလိုပါသည်။

မန်၏ စာပေကျမ်းဂမ်တတ်သိကြသော ပုဂ္ဂိုလ်ကြီးတွေဟာ စာသိ- သိထားကြသော်လည်း ဗုဒ္ဓကတုစ္ဆဟု ကဲ့ရဲ့တော်မူဘူးသည်။ သုတမယ ဉာဏ် အမြင်တို့ကို ဤနေရာ၌ ပယ်ရမည်။ ဝိပဿနာဉာဏ်သည် စိန္တာမယဉာဏ်သုတမယဉာဏ်တို့နှင့် မတူကြောင်းကို ယခုဝိပဿနာကျင့်ဆဲ၌ ဉာဏ်ပေါ်သောအခါ ထူးခြားစွာ သိပါလိမ့်မည်၊

ဉာဏ်ဆိုသည်မှာ ဒီဘာက ရုပ်ပရမတ်ပါလား၊ ဒီဟာက နာမ်ပရမတ် ပါကလားဟု၊ မိမိကိုယ်တိုင်သိ မိမိကိုယ်တိုင်မြင်

တတ်သော သဘောကိုပင် နာမ-ရူပ-ပရိစ္ဆေဒဉာဏ်ဟုဝိပဿနာတွင် အစဦးစွာသိရသော ဉာဏ်ဖြစ်၏။

ယောဂီလုပ်ရန်အလုပ်ကိစ္စမှာ ယခုညွှန်ပြခဲ့သော အစီအစဉ်အတိုင်း လိုက်နာ၍ အားထုတ်ပါ မဂ္ဂင်(၈)ပါး ပါဝင်နေသော မဇ္ဈိမပဋိပဒါ လမ်းကြောင်းကြီး ပြည့်စုံနေပါပြီ။ ယောဂီကြိုးစားရန်တာဝန်သာလိုပါတော့သည်။ အလုပ်ကိစ္စကို လွယ်လွယ်နှင့်ပြတားသဖြင့် ဟုတ်မှဟုတ်ပါလေစ မှန်မှ မှန်ပါလေစဟု သံသယမရှိပါလေနှင့် ယောဂီတို့ အဓိပ္ပါယ်က ကျယ်ဝန်းနက်နဲ၍ သိနိုင်ခဲသော တရားဖြစ်ကြောင်းကိုကား နောက်၌ ထင်ရှားပါလိမ့်မည်။

ပြန်၍စုကြည့်လျှင် ပါဝင်တဲ့တရားများမှာ အောက်ပါအတိုင်း-ဖြစ်ပါသည်။

၁။ သတိထား၍ ပစ္စုပ္ပန်ကိုအာရုံပြုနေတာဘဲ

၂။ အားထုတ်မှု ဝိရိယပါနေတာဘဲ

၃။ သမာဓိ တည်လာတော့ ပစ္စုပ္ပန်အာရုံ တခုကိုဘဲသိနေတာဘဲ။

၄။ သမ္မာဝါစာ၊ စကားကောင်းကောင်းမှ ပြော၏။

၅။ သမ္မာကမ္မန္တ၊ အလုပ်ကောင်းဒါမှလုပ်၏။

၆။ သမ္မာအာဇီဝ၊ အသက်မွေးမှု စင်ကြယ်၏။

၇။ သမ္မာသင်္ကပ္ပ၊ ပစ္စုပ္ပန်အာရုံ၌ တွေ့သမျှရုပ်နာမ်ကို ကောင်းစွာကြံဆ၏။

၈။ သမ္မာဒိဋ္ဌိ၊ ပစ္စုပ္ပန် အာရုံ၌ တွေ့သမျှ ရုပ်နာမ်ဟာ အာမခံအထယ်ဒြပ် ဝတ္ထုမရှိဟု အမြင်ပေါက်တတ်၏၊

ဓမ္မစကြာ ဒေသနာတော်အတိုင်း ဝိပဿနာကျင့်စဉ်နည်းမှာ ပဋ္ဌမကဏ္ဍ၌ ဆိုခဲ့သည့်အတိုင်းကျင့်ရ၏။ ပိဋကတ်တော်(၃) ဘုံ၌လာသော ကျင့်ပုံ ကျင့်နည်းတို့မှာလည်း ထူးခြားချက်မရှိ ပြဆိုခဲ့ပြီးသော နည်းအတိုင်းပင်ဖြစ်၏ သို့သော်လည်းဓမ္မစကြာ ဒေသနာတော်၌ ပြည့်ပြည့်စုံစုံ ဟောထားသဖြင့် မှတ်သားယူ ဘွယ်ကောင်းပါသည်။

ဝိပဿနာတရားကို အားထုပ်လိုသောယောဂီများအဘို့နား လည် သသောပေါက်ကြစေရန် စာသားမများ စကားတိုတိုဖြင့် အလုပ်ကိုပဓါနထား၍ ရေးသားဖော်ပြခဲ့သော ပဋ္ဌမ ကဏ္ဍ ဤဒုတိယ ကဏ္ဍ၌ တဆင့် ထပ်မံ၍ ဖော်ပြအံ့ ဖော်ပြရာတွင် ဓမ္မစကြာ ပဋိပတ်လမ်းစဉ်ဖြင့် မှန်းမန် ခြယ်လှယ်၍ ပြထား ပါသည်။

အတိတ်အာရုံသည် 'သဿတဒိဋ္ဌိ'အယူနှင့် စက်စပ်နေသော အတ္တဝါဒီ အယူရှိသူမည်၏ ရှေ့အတိတ်ဘဝက ငါသည် ယခု ပစ္စုပ္ပန်ဘဝ၌ ငါပင်တည့်ဟု အတိတ်ဘဝနှင့် ပစ္စုပ္ပန်ဘဝကို ဆက် စပ်ထားလေသည်။

ယခု ပစ္စုပ္ပန် ဘဝ၌ ဖြစ်နေရသော ငါသည် နောက် အနာ ဂါတ်ဘဝ၌ ငါကောင်တခု ဖြစ်ရဦးတော့မည်ဟု ပစ္စုပ္ပန်ဘဝ နှင့် အနာဂါတ်ဘဝကို ဆက်စပ်ထားလေသည်။

သို့ကြောင့် ရှေးအတိတ်ဘဝက ငါသည် ဇာတ်အမျိုးမျိုး၊ ဘဝအမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုး ဆိုး၊ ကောင်း၊ ယုတ်၊ မြတ်သော ဘဝတို့ကို ကျင်လည်ရခဲ့၏ ထိုထိုဘဝ၌ ရုပ်·နာမ်-ခန္ဓာတွေကို စွန့်ပစ်ခဲ့ရပြီ ဘဝခန္ဓာတွေ ပြောင်းလဲရသော်လည်း ငါကောင်ဟု ဆိုအပ်သော အတ္တသည် မပျက်မစီး တည်မြဲသောကြောင့် ယခုပစ္စုပ္ပန်ဘဝ၌ လူလာ၍ ဖြစ်နေရသည် ထိုရှေ့ဘဝကငါသည် ယခုဘဝ ဖြစ်နေသော ငါပင်တည်းဟု ယူဆကြလေသည် ရှေ့ရှေ့သောအတိတ်ဘဝက လုပ်ခဲ့ဘူးသော ကောင်းမှု မကောင်းမှုတို့၏ ကောင်းကျိုး ဆိုးကျိုး တို့ကိုလည်း ယခုဘဝ ပစ္စုပ္ပန် ပစ္စက္ခ၌ ထိုငါသည်ပင် ခံစားစံစားနေရသည်။

ယခုဘဝ ပစ္စက္ခ၌ ပြုလုပ်အားထုပ်သော ကောင်းမှုမကောင်းမှု အကျိုးတို့ကိုလည်း နောက် အနာဂါတ်ဘဝ၌ ငါသည် မုချအားဖြင့် ခံစား စံစား ရဦးမည်ဟု ယူဆကြသော အတ္တဒိဋ္ဌိ သဿတဝါဒီအယူကို ဘဝသံသရာ အဝိဇ္ဇာ လမ်းကြောင်းဟူ၍ မှတ်ပါ။

(၃)ဘုံခရီးသွားလိုသူတို့အဖို့ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ (၃) ပါးနှင့်၊ တကွဖြစ်သော ဒါန-သီလ-သမထ တရားတို့ကို(၃၁)ဘုံ အဝိဇ္ဇာလမ်းကြောင်းတွင် အကောင်းဟူ၍ ဗုဒ္ဓကထုတ်ဟ၍ ဟောခဲ့သည်။ (အဝိဇ္ဇာလမ်းကိုသတိပြုပါ)

ထိုအဝိဇ္ဇာ လမ်းကြောင်း၌၊ အကောင်းဟူ၍ သမုတ်အပ်သော ဒါန-သီလ-သမထ-တရားတို့သည် ( ဝိဇ္ဇာလမ်းကြောင်း ဖြစ်သောမဂ္ဂါမပဋိပဒါ ဝိပဿနာတရားနှင့် နှိုင်းယှဥ်ကြည့်သော်

ဘယ်ဒင်းက အယုတ်တရားဖြစ်၍ ဘယ်ဒင်းက အမြတ်တရားဖြစ်သည်ဟု ပိုင်းခြား၍ သိလောက်ပါပြီ။

(၃၁) ဘုံကို ကျော်လွန်၍ နိဗ္ဗာန်သို့ ရောက်လိုသော ယောဂါဝစရပုဂ္ဂိုလ်တို့သည် ကာမတဏှာ၊ ဝိဘဝတဏှာ(၃)ပါးနှင့် တကွဖြစ်သော အယုတ်တရားကို ပယ်ရှားကြရမည်ဟု ဗုဒ္ဓအမိန့်တော်ရှိလေသည်။

ထိုအယုတ်တရားကိုပယ်လို့ မြတ်သော မြတ်စွာဘုရားသည် ဓမ္မစကြာသုတ်၌ ကာမေသု ကာမသုခလ္လိကာနုယောဂေါ ဟီနော ဂမ္မော၊ ပေါထုဇ္ဇနိကော၊ အနရိယော အနတ္ထ သံဟိတော)ဟု ဓမ္မစကြာသုတ်၌ ဟောခဲ့သည်။

အဓိပ္ပါယ် အကျဉ်းမှာ ရူပါရုံ- သဒ္ဒါရုံ- ဂန္ဓာရုံ- ရသာရုံ- ဖောဋ္ဌဗ္ဗာရုံတို့ကိုဝတ္ထုကာမဖြစ်၍ ငါးဖြာအာရုံ ကာမဂုဏ်ဟုဆိုကြသည်။ ထို ကာမဂုဏ်တို့ကို ရလိုသောသူ ခံစားလိုသောသူတို့သည် မိမိတို့ ကိုးကွယ် ဆည်းကပ်သော ဘာသာဝါဒ အယူအဆက ညွှန်ပြဆုံးမသည်အတိုင်း ကုသိုလ်ကောင်းမှု တရားမျိုးကို ပြုလုပ်ကြကုန်၏။ ပြုလုပ် အားထုတ်သမျှသော အကျိုးအာနိသင်မှာ ဤဘဝတွင်ရင်း 'နောက်'အနာဂတ်ဘဝတွင်ရင်း ငါ ကောင်းစားရေးအတွက် ပြုလုပ်ကြလေသည်။ အာရုံငါးပါးကာမဂုဏ်အရပ်တရားတို့ကို ခံစားစံစားလို၍ ပြုလုပ်သမျှမှာ ကာမသုခလ္လိကာနုယောဂဖြစ်၏ ငါကောင်းအတ္တ အမြဲပါနေသောကြောင့် အတ္တသဿတဒိဋ္ဌိ အယူရှိသူများဖြစ်၏။

မူစလင်ဘာသာ၌ နွားတကောင်ကိုသတ်လိုက်သောအားဖြင့် နွားတကောင်ဒုက္ခဖြစ်သည်ကားမှန်၏ ထိုနွားသားကိုလူအများ တို့အား ကျွေးမွေး ပေးကမ်း လိုက်သောအခါ များစွာသော သူတို့မှာ ချမ်းသာသုခကို ရကြသည် ဒုက္ခဖြစ်သော နွားကား တကောင်တည်းသာ ဖြစ်သည်။ သုခဖြစ်သောလူက အများဖြစ် နေရကား များရာဘက်သို့လိုက်၍ကုသိုဖြစ်သည်ဟု ယူဆကြသော မူစလင်တို့သည်ရင်း တခြားသော ဘာသာဝင်တို့သည်ရင်း၊ မိမိ တို့၏ ဘာသာဝါဒအရ ကုသိုလ်ကောင်းမှုကို ပြုလုပ်ကြကုန်၏။ ပြုပြုသမျှတို့မှာ ကာမဂုဏ်ကို ခံစားနိုင်သောဘဝကို တောင်း တ၍ ပြုလုပ်ကြလေသည်။

ယခုလက်ရှိ ဗုဒ္ဓဘာသာသူ ငါကစ ပြုလုပ်ကြသော ဒါန သီလ သမထ တရားတို့ကား ကာမသုခလ္လိကာ နုယောဂ သဿ တဒိဋ္ဌိအယူမှ လွတ်ကြပါ၏လော။

၁။ ဒါန-၂။ သီလ-၃။ သမထ တရားတို့ကို ငါပြုလုပ်အပ်ပေပြီ ၎င်းဒါ-သီ-ထ- အကျိုးကို ၁။ ယခုဘဝ၌ရင်း၊ နောင် အနာဂတ် ဘဝ၌ရင်း၊ လူမင်း နတ်မင်း ဖြစ်၍တန်ခိုးအာဏာ ပါဝါနှင့်ပြည့် စုံပြီး ငါးဖြာအာရုံ ကာမဂုဏ်တို့ကိုငါအမှန် ခံစား စံစားရဦးမည် ဟု မျှော်လင့် တောင့်တချက်ဖြင့် ပြုလုပ်ကြသူတို့မှာ ကာမသု ခလ္လိကာနုယောဂ အတ္တဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ အယူရှိသောကြောင့် ဟိနဓမ္မ အယုတ်တရား ဂမ္မဓမ္မရပ်သူရွာသူ မိရိုးဖလာဓမ္မတာတရား သဿတဒိဋ္ဌိ အတ္တဒိဋ္ဌိ အယူရှိသော ပုထုဇဉ်များ ပြုလုပ်ကြသော ပေါတုဇန ဓမ္မတရားများသာ ဖြစ်သည်ဟု မှတ်ရာ၏။

အချို့သော ပုထုဇဉ် သီလဝန္တ ပုဂ္ဂိုလ်များသည် သာသနာ အပ၌ရှင်း၊ သာသနာအတွင်း၌ရှင်း၊ ကောင်းစွာ ရှိကြကုန်၏။ ထိုသို့ပင် သီလစင်ကြယ်ကြသော်လည်း၊ သဿတဒိဋ္ဌိအယူ အတ္တ ဒိဋ္ဌိအယူကို မစွန့်လွှတ်နိုင်သေးသော ပုဂ္ဂိုလ်များဖြစ်ကြ၍ ဗုဒ္ဓ အနုရိယတု ဓမ္မစကြာ၌ ဟောထားသည်။ အဝိဇ္ဇာလမ်းကြောင်း တွင် သီလ အာစာရ နှင့် ပြည့်ခြင်းကို ချီးမွမ်း အထွန်း တင်ထား သော်လည်း၊ ဝိဇ္ဇာလမ်းကြောင်း ဖြစ်သော မဇ္ဈိမပဋိပဒါ ဝိပဿနာအရာ၌ အယုတ်တရားထဲ၌သွင်း၍ ဟောထားသည်ကို သတိပြုပါ။

ယခုအခါသာသနာတော်အတွင်း၌ အကျင့်သီလအာစာရနှင့် ပြည့်စုံကြကုန်သော၊ လဇ္ဇီပေသလ၊ သိက္ခာကာမ၊ ဝိနယခရု၊ သီလက္ခန္ဓအစစ်၊ ဖြစ်တော်မူကြကုန်သော ပုဂ္ဂိုလ်ထူး-ပုဂ္ဂိုလ်မြတ် တို့ ရှိကြကုန်၏။ တွေ့သူ မြင်သူများက ထိုပုဂ္ဂိုလ်တို့ကို အရိယ ဟု ခေါ်ဝေါ်ပြောဆိုကြသော်လည်း၊ နောင် ဒုနာဂတ်ဘဝ၌ ခံစားစံစားရလတ္တံ့သော ဘဝစည်းစိမ်ကို တောင့်တ၍ကျင့်ကြံ ကြိုးကုတ် အားထုတ်နေသူများမှာ ကာမသုဂတိကာ နုယောဂ သဿတဒိဋ္ဌိ အတ္တဒိဋ္ဌိ အယူအစွဲမှမကျွတ်မလွတ်သေးသော ပုထု ဇဉ်ပုဂ္ဂိုလ်ဟု ဆိုရ၏၊ ပုထုဇဉ်တို့၏ သဘောကား ငါ၏ သီလ သည် သန့်ရှင်းသည် သန့်ရှင်းစင်ကြယ်၏ ငါ၏ ကိုယ်ကျင့်သီလ တရားဖြင့် နိဗ္ဗာန် ချမ်းသာကို ရနိုင်သည် ဟု အစွဲအယူ ရှိသော ပုဂ္ဂိုလ်တို့အား သီလဗ္ဗတုပါဒါန် သီလဗ္ဗတပရာမာသ သံယော ဇဉ်မှ မလွတ်သေးသော ပုဂ္ဂိုလ်ဖြစ်၍ အနရိယဓမ္မဟု ဆိုလိုသည် ထိုထက်မက ဈာန်သမာပတ်ကိုရကြသော ဥဒကရသေ့ကြီး၊ အာ

ဌာရ ရသော ကြီးတို့ကဲ့သို့သော ဈာနလာဘီ ပုဂ္ဂိုလ်ကြီးများ ပင် ဖြစ်စေကာမူ မဂ်ဉာဏ်-ဖိုလ်ဉာဏ်- နိဗ္ဗာန်နှင့် ဝေးသော ကြောင့်၊ ဂေါတမဗုဒ္ဓက ဓမ္မစကြာ၌။ အနုရိယ-အနတ္တာသံဟိတ အယုတ်တရား၌သွင်း၍ ဟောကြားခဲ့လေသည်။ ဤအကျင့်မျိုး ကို သံသရာလကျာ လမ်းကြောင်းဟူ၍လည်း ခေါ်ဆိုကြ၏။ အယုတ်တရား(၂)ပါးတွင် ယခုပြခဲ့ပြီးသော လကျာလမ်းသည်၊ (အယုတ်တရား တပါးဖြစ်၏) ယောဂီသည် ဒီအယုတ်တရားကို နှလုံးမသွင်းရ မဂ်ဖိုလ်နိဗ္ဗာန်သို့ ရှေ့ရှုနေသော ယောဂီသည်၊ အယုတ်တရားကိုပယ်၍ မဇ္ဈိမပဋိပဒါအကျင့်ကိုသာကျင့်ရမည်။ ပယ်အပ်သော အယုတ်တရား(၂)ပါ.တို့တွင် (၃)ဘုံလမ်းဖြစ် သော လကျာလမ်းတပါးကို သိရလေပြီ။

ဘဝသံသရာ မြတ်ရာကင်းရာဖြစ်သော ဝိဘဝဘဏ္ဍာ ဥစ္ဆေဒ ဒိဋ္ဌိ အရုပ်တရားကား ဤသို့တည်း။

ဂေါတမဗုဒ္ဓ မပေါ်ပေါက်မီ အခါကပင် မဇ္ဈိမဒေသတွင် ကိတ္တိအစေလကတို့ ဦးစွာပေါ်ပေါက်၍ ရှိနှင့်လေပြီ ထိုကိတ္တိ ဆရာတို့၏ အယူအဆ သဘောတရား၌ 'အတိတ်'ဘဝကဖြစ်ခဲ့ခ သော ဘုံဘဝသံသရာလည်း ရှိ၏။ အနာဂတ်ဘဝ၌ ဖြစ်လတံ့ သော ဘဝ သံသရာလည်း ရှိ၏။ ထိုသံသရာ၌ ဖြစ်ချခြင်းသည်၊ ဘေး အန္တရာယ် အပေါင်းတို့နှင့် ယှဉ်စပ် နေကြရသဖြင့် အလွန် လျှင် ကြီးကျယ်သောဒုက္ခဆင်းရဲကို မလိုသားဘဲနှင့်တွေ့ကြုံကြရ သည်ဟု ထင်မြင်ယူဆကြသောကိတ္တိအစေလကတို့သည် ထိုဘဝ သံသရာအနှောင်အဖွဲ့မှ လွတ်မြောက်လိုကြ၏။ လွတ်မြောက်ရန်

လမ်းစကို ရှာဖွေကြကုန်၏၊ ရှာဖွေကြရာ၌ တဦးနှင့်တဦး အမြင်ခြင်းမတူကြသဖြင့် အယူဝါဒအမျိုးမျိုးပေါ်ပေါက်လာကြသည်သို့ဖြစ်သောကြောင့်လည်း၊ မဇ္ဈိမဒေသ၌ အယူဝါဒအမျိုးမျိုးပေါ်ပေါက်ခဲ့ကြဟန်တူသည် ထိုဝါဒအမျိုးမျိုးတို့တွင် ဂေါတမဗုဒ္ဓဝါဒနှင့် ဆန့်ကျင်ဘက်ဖြစ်သော်လည်း အနီးကပ်ဆုံးဟုထင်ရသောဝါဒတရပ်မှာ ဥစ္ဆေဒဒိဋ္ဌိအယူရှိသော ကိတ္တိအစေလကတို့ကျင့်ကြသော ဝါဒပင်ဖြစ်လေသည်။ ထိုဆရာတို့၏အယူအဆမှာ ဘဝသံသရာရှိ၏ တဏှာမကုန်မခမ်းသမျှကာလပတ်လုံး ဘဝသံသရာရှိနေရသည်၊ တဏှာကုန်ခမ်းသောအခါ၊ ဘဝသံသရာမဖြစ်နိုင်တော့ပြီ။ တဏှာပြတ်လျှင် ဘဝသံသရာလည်းပြတ်၏ဟု ယူဆကြလေသည် တဏှာကုန်ခမ်းအောင် ဘယ်ပုံဘယ်နည်းကျင့်ကြရမည်နည်း။

တဏှာဆိုသည်မှာ နာမ်တရားမဟုတ် ရုပ်တရားသာဖြစ်သည်ဟုထင်မြင်ယူဆကြလေသည်။ ရုပ်တရားဆိုသည်မှာလည်းအဖတ်သဘောမဟုတ် အရည်သဘောသာဖြစ်သည်၊ ထိုအရည်သဘောဖြင့်သော တဏှာသည် ခမ်းခြောက်၍သွားလျှင် တဏှာကုန်ခမ်းသဖြင့် ဘဝသံသရာ ပြတ်ကင်းသွားသည်ဟု ထင်မြင်ယူဆသောကိတ္တိတို့သည် ပဉ္စတပအကျင့်ကိုကျင့်ကြကုန်၏။

ပဉ္စတပအကျင့် ဟူသည်ကား၊ အရှေ့ဘက်ကမီး အနောက်ဘက်ကမီး တောင်ဘက်ကမီး မြောက်ဘက်ကမီး မီးပုံလေးပုံအလယ်၌ နေ၍မီးလှုံကြ၏။ နေမွန်းတည့်သောအချိန်၌ နေဆာလှုံ၏။ ဤအကျင့်မျိုးဖြင့် တဏှာခမ်းခြောက်အောင် ကျင့်၏။

ဆူးပေါ်၌ အိပ်သောအားဖြင့် တကျာမပေါ်နိုင် တုံးခုန်သော အားဖြင့် တကျာမပေါ်နိုင် ရေဖြင့် ဆေးလျှော်သော အားဖြင့် အညစ်အကျေးမရှိ သန့်ရှင်းသည်ဟူ၍ရင်း အလွန်သောအခါ၌ ရေစိမ်သော် တကျာမပေါ်ဟူ၍ရင်း၊ ယူဆကြသော ကိတ္တိတို့ အကျင့်ကို မြင်ရခ တ္တရ သော သူတို့သည်။ အတိုင်းထက်အလွန် ကြည်ညိုမြတ်နိုးကြကုန်၏၊ဆည်းကပ်ကိုးကွယ်ကြကုန်၏ ဤအရှင် တို့ကား ခေါင်းပါးသောအကျင့်ရှိကြကုန်၏။ ဤအရှင်တို့ကား ကိလေသာ ကုန်ခမ်းသော ရဟန္တာပုဂ္ဂိုလ်ကြီးများသော ဖြစ်တန် ရာသည်ဟုယုံကြည်ကြလေသည်၊ထိုအကျင့်မျိုးဖြင့်၊နိဗ္ဗာန်မဂ်ဖိုလ် သို့ မရောက်နိုင်ဟု သိစေခြင်းငှါ ဂေါတမဗုဒ္ဓက နှုတ်ဟ၍ ထုတ် ပြတော်မူခဲ့သော ဓမ္မစကြာ၌၊ ယောစာယံ-အတ္တကိလမထာ နှ ယောဂေါ-ဒုက္ခော အနရိယော-အနတ္တသံဟိတောဟု လာသည်။ ကိုထောက်ဆကြည့်ပါ။

မီးလှုံနေလုမ် ကိုယ်ပိုင်ပမ်းအောင် ကျင့်သောအကျင့်သည် ။ ကိုယ်၏ပင်ပမ်းခြင်း၊ စိတ်၏ပင်ပမ်းခြင်း၊ ဆင်ရဲဒုက္ခကို ဖြစ်စေ သော်လည်း အမျိုးမရှိသော၊ အတ္တကိလမထာနုယောဂ၊ အရုပ် တရားသာဖြစ်သည်။ ခေါင်းပါးသော အကျင့်ရှိသော်လည်း အ ရိယာမဟုတ် သည့်အပြင် လောကီအကျိုး၊ မဂ်ဖိုလ်နိဗ္ဗာန်အကျိုး ကိုမရအချည်းအနှည်းသော တရားမျှသာဖြစ်၍၊ အနရိယ- အနတ္တ သံဟိတ ဓမ္မဟု ဆိုလေသည်။ ထိုအရုပ်တရားကို "ပယ်၍၊မဇ္ဈိမပဋိ ပဒါဝိပဿနာအကျင့်ကောင်းကို ကျင့်ပါဟု ညွှန်ကြားထားလေ သည်။

ယခုအခါ ဗုဒ္ဓဘာသာ မြန်မာနိုင်ငံတော်၌ ဝိပဿနာရိပ်သာ များ ရှိကြ၏။ ထိုရိပ်သာတို့၌ ဝိပဿနာတရားအလုပ်ကိုအားထုတ် နေကြသောသူတို့အား အချို့သောသူများက အတ္တကိလမထာ နုယောဂဟု စွပ်စွဲပြောဆိုနေကြသည်။

ပြန်၍ စဉ်းစားကြပါ ကိတ္တိအယူအကျင့်၌ ကိလေသာသည် ရုပ်တရားဖြစ်၏။ နွားကိုသင်းလျှင် ရုပ်ချုပ်ယှဉ်းပျက်စီးမှုကြောင့် ကိလေသာငြိမ်းသွားသည်။ ကိလေသာသေသည်ဟု အယူရှိကြ၏၊ ထို့ကြောင့် ရုပ်ကိုညှင်းဆဲကြလေသည်။ " ဆင်ခြင်ကြပါ "

ဗုဒ္ဓဂေါတမအမြင်ကား ကိလေသာသည် ရုပ်မဟုတ်နာမ်တ ရားသာဖြစ်သည်၊ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ တို့သည် ရုပ်မ ဟုတ် နာမ်တရားသာဖြစ်သည်ဟု " သတိ " ရှိပါစေ ရုပ်ဝါဒီနှင့် နာမ်ကို နှိုင်းယှဉ်ကြည့်ကြပါကုန်။

နိဗ္ဗာန်မဂ်ဖိုလ်ကိုရက်တိုတိုနှင့် ရောက်လိုရလို သောသူသည် ကာမသုခလ္လိကာနုယောဂ သဿတဒိဋ္ဌိနှင့်ယှဉ်သောအဝိဇ္ဇာလမ်း ကြောင်းသို့လည်းမကပ်ရ၊ အဝိဇ္ဇာလမ်းကြောင်းတို ကပ်သောသူ သည် ( ၃၁ )ဘုံလမ်း၊ သံသရာစခမ်းသို့သာ ရောက်လိမ့်မည်။ သို့ကြောင့် ထွက်မြောက်လိုလျှင်၊ သဿတဒိဋ္ဌိအယူကိုပယ်ရမည်။

## ပယ်အပ်သောအရပ်တရား (၂) ပါး

(က) ကာမတဏှာ ဘဝတဏှာ၊ (၂)ပါးနှင့်ယှဉ်သော သဿတဒိဋ္ဌိအယူကို ပယ်ရမည်။

(ခ) သံသရာဘဝ ပြတ်ကင်းမှုကို လိုလားတောင့်တသော ဝိဘဝတဏှာဖြင့်ကိုယ်ခန္ဓာကို ညှင်းဆဲ နှိပ်စက်တတ်သော(အတ္တကိလမထာနုယောဂ-ဥစ္ဆေဒဒိဋ္ဌိအယူသို့လည်းမကပ်ရ ထိုအယူကိုပယ်ရမည်။

ထို့ကြောင့် ဓမ္မစကြာ၌ ဧတေခေါ-ဘိက္ခဝေ-ဥဘောအန္တေ အနုပ္ပဂ္ဂမ္မ "မဇ္ဈိမပဋိပဒါ" တထာဂတေန အဘိသမ္ဗုဒ္ဓါဟု ညွှန်ပြထားပါသည်။ ရဟန်းတို့ကာမဂုဏ်ငါးပါးအာရုံတရားတို့ကို၊ ခံစား စံစားလိုသောဆန္ဒရာဂဖြင့်၊ကာမတဏှာ၊ ဘဝတဏှာ ဆွဲငြိ၍ သဿတဒိဋ္ဌိ အယူရှိသော သူတို့ ပြုလုပ်ကြမြဲ ဖြစ်သော အယုတ်တရားတပါး၊သံသရာဘဝပြတ်ကင်းမှုကို လိုလားတောင်းတ၍ ပြုလုပ်ကြသောဝိဘဝတဏှာ၊ဥစ္ဆေဒဒိဋ္ဌိအယူရှိသောကိတ္တိ အကျင့်တည်းဟူသော အယုတ်တရားတပါး။ ဤအယုတ်တရား (၂) ပါးသို့ မကပ်မူ၍ သဿတဒိဋ္ဌိအယူဥစ္ဆေဒဒိဋ္ဌိအယူ(၂)ပါး တို့မှ လွတ်ရာ အလယ်တည့်တည့်ဖြစ်သော မဇ္ဈိမပဋိပဒါအကျင့် လမ်းကြောင်းသည်ကောင်းစွာရှိ၏၊ ထိုမဇ္ဈိမပဋိပဒါ အကျင့်လမ်း ကို ငါဘုရားသည် မဖောက်မပြန်အမှန် မုချအားဖြင့် ထိုးထွင်း၍ သိအပ်ပြီဟု တာဝန်ခံ၍ ဟောကြားခဲ့သည်။

တဆဲ့တပါးသော မီးတို့ကုန်ရာ ကင်းရာ ချုပ်ငြိမ်းရာ နိဗ္ဗာန် ချမ်းသာကိုအလိုရှိသော ယောဂီသည်၊ မဇ္ဈိမပဋိပဒါ လမ်း စဉ်အ တိုင်းကျင့်ပါ၊ အားထုတ်ပါဟု ဆိုလိုပါသည်။

(၁)။ မဇ္ဈိမဆိုဒါဘယ်လိုသဘောကို ဆိုလိုပါသနည်း။

(၂)။ ပဋိပဒါ ဆိုဒါကား ဘယ်လိုသဘောကိုဆိုလိုပါ သနည်း။

ဤသို့မေးစရာ အချက်(၂)ချက်ရှိပါသည်၊ ထိုအချက်(၂)ခု သည်၊ အရေးကြီးသော လိုရင်းအချက်ဟု ဆိုရမည်၊ ဤနေရာ၌ (၁) အချက် (မဇ္ဈိမ)ဆိုသည်ကား၊ ကာမသုခလ္လိကာ နုယောဂ အတ္တဒိဋ္ဌိ၊သဿတဒိဋ္ဌိ၊အယူကိုစွဲယူသော သံသရာလကျ်ာအကျင့် လမ်းတလမ်း ရှိ၏။ (၂)အတ္တကိလမထာနုယောဂ ဥစ္ဆေဒဒိဋ္ဌိအစွဲ အယူရှိသောသံသရာလက်ဝဲလမ်းကလဲ တလမ်းရှိ၏၊

ထို အယူအဆလမ်းနှစ်သွယ် အလယ်တည့်တည့်လမ်းကြောင်း ကား " သမ္မာဒိဋ္ဌိ " အယူ တခုကိုင် မဇ္ဈိမဟူ၍ ကောက်ယူရ မည်။ သဘောမကျသေးလျှင်ပြန်၍ဖတ်ပါ၊စဉ်းစားဆင်ခြင်ပါ။ အယူဝါဒ လမ်းစဉ်အရ၊ မဇ္ဈိမဟု ဆိုလိုပါသည်၊ ပဋိပဒါ ပုဒ်နှင့် ရောနှော၍ မမှေလိုက်ပါနှင့်၊ ပဋိပဒါပုဒ်ကို သီးခြား ထား၍စဉ်းစားရဦးမည်။

အဝိဇ္ဇာလမ်းကြောင်း (၂)သွယ်ကား မိစ္ဆာဥာဏ်ဖြစ်၏ ထို

မိစ္ဆာဉာဏ်(၂)ပါးတို့၏အလယ် ဝိဇ္ဇာဉာဏ် သမာဒိဋ္ဌိကို ဉာဏ်အမြင်သဘောဟုယူထားစေလိုသည်။ စရဏမဟုတ်ပါ ဝိဇ္ဇာဉာဏ်မျိုးပါတဲ့။

## ပဋိပဒါကား အဘယ်သို့နည်း။

ပဋိပဒါဆိုသည်မှာ ကိုယ်၊ နှုတ်၊ နှလုံး၊ သုံးပါးကိုကောင်းစွာ လုံခြုံစေခြင်းတည်းဟူသော သီလသမ္ပဒါနှင့်ပြည့်စုံအောင် ကျင့်ကြံအားထုတ်ခြင်းကိုပင်'ပဋိပဒါ'ဟုဆိုရသည်၊အယူအဆသဘောတရားကား ဉာဏ်အမြင်မျိုးသာဖြစ်၏၊ အကျင့်သဘောတရားကားဉာဏ်အမြင်မျိုးမဟုတ် ကာယကံဝစီကံတို့ကိုစောင့်ရှောက်ရသော သဘောပင်ဖြစ်၏။

ကာယကံ၊ဝစီကံ၊မနောကံ တို့ကို သမာဓိမရှိဘဲထိန်းသိမ်းစောင့်ရှောက် နိုင်လိမ့်မည် မဟုတ်ပါ သမာဓိ ရှိလာသောအခါမှသာ သီလ၏ပြည့်စုံခြင်းသို့ ရောက်ရပေလိမ့်မည် သီလနှင့် မပြည့်စုံသောဒုသီလပုဂ္ဂိုလ်သည် သမာဓိဖြစ်နိုင်မည်လော... ဤသို့မေးလျှင်လည်း သီလနှင့်မပြည့်စုံသောဒုသီလပုဂ္ဂိုလ်အား သမာဓိဖြစ်နိုင်လိမ့်မည်မဟုတ်ပေ သို့ကြောင့် အကျင့် ပဋိပဒါ လမ်းကြောင်းဖြစ်သော အဋ္ဌင်္ဂိကမဂ်၌...

သမ္မာဝါစာ-သမ္မာကမ္မန္တ-သမ္မာအာဇီဝ သီလက္ခန္ဓ-နေပုံ။
သမ္မာဝါယာမ-သမ္မာသတိ-ပဋိပဒါ-မဇ္ဈိမနေပုံ။
သမ္မာသမာဓိ- သမာဓိနေပုံ။

ပုံစံတို့ကိုကြည့်သောအားဖြင့်သိလောက်ပါသည်၊ သီလက္ခန္ဓ မဂ္ဂင်နှင့် သမာဓိမဂ္ဂင်နှစ်ခုတို့၏ အလယ်၌ သမ္မာဝါယမ-မဂ္ဂင်နှင့် သမ္မာသတိမဂ္ဂင်တို့သည်၊မဇ္ဈိမဖြစ်၍ သီလနှင့် သမာဓိကို ပေါင်းကူးဆက်သွယ်ထားလေသည်၊ ထို့ကြောင့် 'ပဋိပဒါ' အကျင့်လမ်းတွင် သတိနှင့် ဝီရိယ အရေးကြီးကြောင်းကို ရှေးဦးစွာ ပြထားခဲ့လေပြီ။

| | | |
|---|---|---|
| လက်ျာဘက် | အလယ်သမ်း | လက်ဝဲဘက် |
| သဿတဒိဋ္ဌိ | သမ္မာဒိဋ္ဌိ | ဥစ္ဆေဒဒိဋ္ဌိ |
| အယူမှားကိုယ် | သမ္မာသင်္ကပ္ပ | အယူမှားကိုယ် |
| ကာမတဏှာဘာဝ | သဘောတရား | အယုတ်တရား |

| | | |
|---|---|---|
| သမ္မာဝါစါ | သမ္မာဝါယမ | သီလနှင့် သမာဓိ |
| | | ပေါင်းကူးနေပုံ။ |
| သမ္မာကမ္မန္တ | သမ္မာသတိ | သမ္မာသဓိ |
| သမ္မာအာဇီဝ | အကျင့်သဘော | |
| | ပဋိပဒါနေပုံ | |

| | | |
|---|---|---|
| အတိတ်အာရုံကို | အလယ်လမ်းပစ္စုပ္ပန် | အနာဂတ်အာရုံ |
| ပယ်ထားပါ | အာရုံ၌သတိထားပါ၊ | ကိုပယ်ထားပါ။ |
| | အာရုံမဇ္ဈိမ | |

ပုံစံကိုကြည့်ပါ အယူအဆ အတွေးအခေါ် မဇ္ဈိမပဋိပဒါ အကျင့်၌ သီလနှင့်သမာဓိအလယ်တွင် 'သတိ' 'ဝီရိယ'(၂)ပါး

က ပေါင်းကူးဆက်သွယ်ထားသော မဇ္ဈိမပဋိပဒါပုံ တရားကျင့်သော ပုဂ္ဂိုလ်သည် မိမိ၏စိတ်ကို 'အတိတ်'အာရုံသို့လည်း မသွားစေရ၊ အနာဂတ်အာရုံသို့လည်း မသွားစေရ၊ ပစ္စုပ္ပန်အာရုံ၌သာ ထားရသည်။ ပစ္စုပ္ပန်အာရုံသည် မဇ္ဈိမဖြစ်၍၊ အတိတ်အာရုံ အနာဂတ်အာရုံ တို့သည်၊ လကျာ၊ လက်ဝဲ၊ ဖြစ်ကုန်၏။

အတီတံန၊ နွာဂမေ၊ နာပိဂမေ၊ အနာဂတံ၊ ပစ္စုပ္ပန္နဥ္စ ယောဓမ္မံ၊ ယတ္ထယတ္ထ ဝိပဿတိဟု၊ ပါဠိလာရှိ၏သဘောနှင့် ညီညွတ်နေလေပြီ၊ သို့ကြောင့် တရားကို အားထုတ်သော ယောဂီသည် " အတိတ်၊ အနာဂတ် "ကို ပယ်၍ ပစ္စုပ္ပန်အာရုံ၌'သတိ' ပြု၍ ကျင့်ပါလေ။

မြန်မာနိုင်ငံတော်အတွင်း၌ ထင်ရှား ကျော်စော သော ဝိပဿနာ တရားတိုက်တို့၌ရှင်း၊ မထင်မရှားသော ဝိပဿနာတရားကို သင်ကြား ပြသလျက် ရှိလေသည်။ တဦးနှင့် တဦး၊ တတိုက်နှင့် တတိုက်၊ အပြအသ နည်း မတူကြသော်လည်း ပစ္စုပ္ပန် ကာလကို အဓိကထား၍ စားသိ၊ သွားသိ၊ ဟူ၍ရှင်း၊ ထိသိ၊ ထိသိ၊ ဟူ၍ရှင်း၊ ညွှန်ကြားပြသကြလေသည်။ ပစ္စုပ္ပန် ကာလချင်း တူကြသဖြင့် မဇ္ဈိမ ပဋိပဒါဟုမှတ်ရာ၏။

ပစ္စုပ္ပန် ကာလ၌ သတိထားနေဒါက မဇ္ဈိမ မည်၏။
သီလ သမာဓိဖြစ်အောင်ကြည့်နေဒါက ပဋိပဒါမည်၏။
သတိ၊ ဝိရိယ ကို အဖန်ဖန် အထပ်ထပ် ဖြစ်အောင် ပွားများစေဒါက မဂ္ဂဘာဝနာ မည်၏။

ဓမ္မစကြာသုတ်၊ ဘာဝေတဗ္ဗန္တိ မေဘိက္ခဝေ ဟူသော ပါဌ်ကို ထောက်ပါ ဝိပဿနာသို့ကား မရောက်သေးပါ မဇ္ဈိမပဋိပဒါမျှသာ ဖြစ်ပါသေး၏။

ထိုမဇ္ဈိမပဋိပဒါအကျင့်ကို ကျင့်သောသူအား ရထိုက်သော အကျိုး အာနိသင်တို့မှာ အောက်ပါအတိုင်း ဟောထားခဲ့သေသည်။ ဓမ္မစကြာသုတ်၊

အရံခေါသာ ဘိက္ခဝေ၊ မဇ္ဈိမာ ပဋိပဒါ၊ တထာဂ
တေန အဘိသမ္ဗုဒ္ဓါ၊စက္ခုကရဏီ ဉာဏကရဏီ၊ ဥပသမာယ
အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဘိက္ခဝေ၊ ရဟန်းတို့။ တထာဂတေန၊ ငါဘုရားသည်။ အဘိသမ္ဗုဒ္ဓါ၊ ထိုးထွင်း၍သိတော်မူအပ်သော။စက္ခုကရဏီ၊ပညာမျက်စိကို ပြုတတ်သော။ (ယာ)မဇ္ဈိမပဋိပဒါ၊ အကြင်အလယ်လမ်းကြောင်းဖြစ်သော အကျင့်မြတ်သည်၊ အတ္ထိ၊ ထင်ရှားရှိကန် အမှန်ရှိ၏။ သာမဇ္ဈိမာပဋိပဒါ၊ အလယ်လမ်းကြောင်းဖြစ်သော ဆိုအကျင့်မြတ်သည်။ ဥပသမာယ၊ ဒိဋ္ဌိကိလေသာငြိမ်းခြင်းငှါ။ အဘိညာယ၊ သစ္စာလေးပါးကို ထိုးထွင်း၍သိခြင်းငှာ၊ သမ္ဗောဓာယ၊ အရဟတ္တဖိုလ်ကိုထိုးထွင်း၍သိခြင်းငှာ။ နိဗ္ဗာနာယ၊ အတန်နိဗ္ဗာန်ကို မျက်မှောက်ပြုသောအားဖြင့် ကိလေသာနိရောဓ-ခန္ဓာနိရောဓ အနုပ္ပါဒိသေသနိဗ္ဗာန်အကျိုးငှာ။ သံဝတ္တတိ၊ ဖြစ်၏။

စက္ခုကရဏီတိ ပညာစက္ခုံ ကရောတီတိ စက္ခုကရဏီ။
ဉာဏကရဏီတိ ဘာဝနာ မဂ္ဂဉာဏံ ကရောတီတိ ဉာဏ
ကရဏီ။
ဥပသမာယာတိ ကိလေသူပသမာယ၊
အဘိညာယာတိ စတုန္နံ သစ္စာနံ အဘိဇာနနတ္ထာယ၊
သမ္ဗောဓာယာတိ တေသံတေသံယေဝ သမ္ဗုဇ္ဈန နတ္ထာယ၊
နိဗ္ဗာနာယာတိ နိဗ္ဗာနသစ္ဆိကိရိယတ္ထာယ၊
ကိလေသာနဉ္စ ခန္ဓာနဉ္စ ဝါနိဗ္ဗာနာယ၊

သံယုတ်အဋ္ဌကထာ သဒ္ဓမ္မပကာသနီ အဋ္ဌကထာတို့ အလို
အားဖြင့် ဖွင့်ဆိုထားကြသည်။

မြတ်စွာဘုရား၏ ဒေသနာတော်ကို ဝေဖန်ကြည့်လျှင်(၂)
မျိုး (၂)စားတွေ့ရှိရလေသည်၊အဝိဇ္ဇာလမ်းကြောင်းကို တပိုင်း
တကဏ္ဍ ပြုလုပ်ထားလေသည် ထိုနောက် ဝိဇ္ဇာလမ်းကြောင်းကို
တသီးတခြားပြု၍ တပိုင်းတကဏ္ဍ ဟောထားလေသည်၊ ဤသို့
ဟောထားသဖြင့် လောကီတရား လောကုတ္တရာတရားဟူ၍ လူ
တို့သိထားရန် အရေးကြီးလေသည်။

ယခုထုတ်ဖော်ပြခဲ့သောပါဠိတော်သည်ဝိဇ္ဇာလမ်းကြောင်း
သို့ ရောက်အောင်ပို့ဆောင်နိုင်သော မဇ္ဈိမပဋိပဒါကို အင်္ဂါ
ရှစ်ပါးရှိသည်ဟု ဟောထားလေသည်၊ အင်္ဂါရှစ်ပါးရှိသော မဂ္ဂ
သစ္စာကို ပွားများအားထုတ်သည်ရှိသော် ပညာမျက်စိအမြင်ကို
ပြုတတ်၏ ဝိပဿနာ ဉာဏ်အမြင်ကို ပြုတတ်၏ ဝိပဿနာဉာဏ်

အမြင်ပေါက်လာသော သူသည် ဒိဋ္ဌိဝိစိကိစ္ဆာ ကိလေသာ ငြိမ်း ခြင်း၊ သစ္စာလေးပါးကိုသိခြင်း၊ အရဟတ္တဖိုလ်ကို ထိုထွင်း၍ သိခြင်း၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း၊ဟု ဆိုအပ်သောအကျိုး တို့ကို ရရှိနိုင်သည်ဟု ဟောထားသည်။

ဤနေရာ၌ ဝိပဿနာတရားကို ဤပုံဤနည်း အားထုတ်ရ မည်ဟု တိတိကျကျ မတွေ့ရသဖြင့် အချို့သော ပညာရှိတို့က ဝိပဿနာတရားကို ပွားများအားထုတ်နေရန် မလိုဟု ဆိုကြ၏။ ပွားများအားထုတ်သူတို့မှာ ဝိပဿနာတရား မဟုတ်သည့်အပြင် အတ္တကိလမထာနုယောဂအကျင့်ဟူ၍ပင် ဟောပြောကြလေသည် ထိုပညာရှင်တို့၏ တရားစကားကို ကြားနာရသော သူတို့သည်။ မိမိတို့ ရသင့် ရထိုက်သော တရားအလုပ်ကို မလုပ်ဝန့်ကြဘဲ ဆုပ် ယုတ်နစ်နာနေကြသည်။ ပဉ္စဝဂ္ဂီရဟန်းတို့ကို ပုံတင်၍ ပြောကြ ပြန်လေသည် တရား နာကြားပြီးသော အဆုံး၌ တရားထူးကိုရ ကြသော ပဉ္စဝဂ္ဂီရဟန်းတို့မှာ တရားကို အားမထုတ်ဘဲ ရကြ သည်ဟု သာဓကပြုက၏။

ထိုဆရာတို့၏စကားကို ဆင်ခြင်အပ်၏ ပဉ္စဝဂ္ဂီတို့သည် ဂေါ တမဗုဒ္ဓ ဘုရားအဖြစ်သို့မရောက်မီကပင် ဘုရားအလောင်းသိဒ္ဓတ္ထ အား အလုပ်အကျွေးပြုခါ ကိုယ်တွေ့တရားကို ပွားများ အား ထုတ်ခဲ့ဘူးကြလေပြီ မိမိတို့ ကိုယ်တိုင် တွေ့ထားသော တရားကို ပွားများ အားထုတ်ခဲ့ ဘူးကြလေပြီ မိမိတို့ ကိုယ်တိုင် တွေ့ထား သော တရားတို့ကို ပိုင်းခြား၍ မသိနိုင်ဘဲ ဝိုးတိုးဝါးတား ဖြစ် နေကြသော ပဉ္စဝဂ္ဂီတို့သည် ဓမ္မစကြာ တရားကို ကြားနာရ

သောအခါ ဉာဏ်အမြင် ပေါက်လွယ် ကြသည်ဟု ယူဆ ရန် သင့်၏။

အားထုတ်လိုသူများတို့ကလဲ ပါရမီရှိသူများဖြစ်ကြ၍ တရားကို လွယ်လွယ်ကူကူ ရရှိ နိုင်ကြသည် ပါရမီ ခေတ်ခံ မရင့်သန်သေးသော ငါတို့မှာမူကား ကြိုးကြိုး စားစား အားထုတ်ရဦးမည် ယခုဟောပြောနေသောဓမ္မဒေသကပုဂ္ဂိုလ်ကလဲ ဗုဒ္ဓမဟုတ်နာကြားနေကြသော ငါတို့သည်လည်း ပဥ္စဝဂ္ဂီရဟန်းများကဲ့သို့ ပါရမီရှိသူများ မဟုတ်ကြသဖြင့် အားထုတ်နိုင်မှသာ နေရာကြပေလိမ့်မည်ဟု ပြောဆိုကြလေသည်။

မဇ္ဈိမပဋိပဒါ အကျင့်လမ်းကို ပြ၍ပြီးခဲ့ပါပြီ ဝိပဿနာကို ပြရန်လိုသေး၏ ဝိပဿနာ ဟူသည်ကား ဉာဏ်၏ ကျက်စားရာ ရုပ်ကိုသော်၎င်း၊ နာမ်ကိုသော်၎င်း၊ ပိုင်ပိုင် နိုင်နိုင် ပိုင်းခြား၍ အမှန်တရားကို ဉာဏ်ဖြင့် သိရသော အလုပ်ပေတည်း။ ဝိပဿနာ ကမ္မဋ္ဌာန်းသည် ရုပ်ကမ္မဋ္ဌာန်း၊ နာမ်ကမ္မဋ္ဌာန်း၊ ဟူ၍ (၂) ပါးသာ ရှိ၏။ ( ထိုထက်အပိုအမိုမရှိကြောင်းကို )

ဒုဝိဓဉ္စိ ကမ္မဋ္ဌာနံ၊ ရူပ ကမ္မဋ္ဌာနံ၊ အရူပ ကမ္မဋ္ဌာနဉ္စ၊ ရူပ ပရိဂ္ဂဟော၊ အရူပ ပရိဂ္ဂဟော တိပိ၊ ဧသော ဒေဝ ဝုစ္စတိ၊ တတ္ထ ဘဂဝါ ယဿ၊ ရူပံ ပါကဋံ တဿသင်္ခေပ၊ မနသိကာရဝသေန ဝါ ဝိတ္ထာရ၊ မနသိကာရ ဝသေန ဝါ စတု ဓါတုတတ္ထာနံ၊ ဝိတ္ထာရေန္တော ရူပကမ္မဋ္ဌာနံ ကထေတိ၊ ယဿအရူပံ ပါကဋံ တဿ

အရူပ ကမ္မဋ္ဌာန် ကထေတိ၊ သုတ်မဟာဝါ အဋ္ဌကထာသက္ကပဉှာ သုတ်၌ လာသည်။

အဓိပ္ပါယ်ကား .... "ရုပ်ကမ္မဋ္ဌာန်း'၊ "နာမ်ကမ္မဋ္ဌာန်း ဟူ၍ ကမ္မဋ္ဌာန်း (၂) မျိုးရှိတာ မှန်၏၊ ရုပ်ကိုသိမ်းဆည်းခြင်း၊ ဟူ၍ ၎င်း၊ နာမ်ကိုသိမ်းဆည်းခြင်း၊ ဟူ၍၎င်း၊ ဆိုကြ၏။ ထို (၂) ပါးကိုပင် ဆိုကြတာဘဲ၊ ထိုကမ္မဋ္ဌာန်း (၂) မျိုးတို့တွင် မြတ်စွာဘုရားသည် အကြင်သူအား ရုပ်ကမ္မဋ္ဌာန်းသည် ထင်ရှား၏။ တနည်း... ကာယာနုပဿနာ သတိပဋ္ဌာန်သည် ထင်ရှား၏။ ထို ပုဂ္ဂိုလ်အား အကျဉ်းအားဖြင့် နှလုံးသွင်းခြင်း ဖြစ်သော ၎င်း ဓါတ် လေးပါးကို ပိုင်းခြားခြင်းကို ပြု၍ အကျယ်ခွဲ၍ ရုပ်ကမ္မဋ္ဌာန်းကို တနည်း ကာယာနုပဿနာ သတိပဋ္ဌာန်ကို ဟောကြားတော်မူ၏။

အကြင်သူအား နာမ်ကမ္မဋ္ဌာန်းသည် ထင်ရှား၏။ တနည်း ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်း၊ နာမ်ကမ္မဋ္ဌာန်းသည် ထင်ရှား၏။ ထိုပုဂ္ဂိုလ်အား နာမ်ကမ္မဋ္ဌာန်းကို ဟောတော်မူ၏။ ဓမ္မာနုပဿနာကား ရုပ်နာမ် (၂) ပါး ပါဝင်နေပြီး ဖြစ်သည်၊ လိမ္မာပြီးသောပုဂ္ဂိုလ်တို့သာ သုံးသပ်ထိုက်၏။

ဝိပဿနာတရားဟူသည်။ ပဋိပတ္တိသာသနာဖြစ်၍စင်စစ်မုချ အားဖြင့် "မဇ္ဈိမ" အလယ် လမ်းကြောင်းကြီး ဖြစ်နေတော့သည်။

# သာသနာသုံးရပ်ကိုကြည့်ပါ

ပရိယတ္တိသာသနာ ပဋိပတ္တိသာသနာ ပဋိဝေဒသာသနာ ဟူ၍၊ သာသနာ သုံးရပ်ရှိ၏။ ဤသာသနာသုံးရပ်သည်-တဆူတည်းသော ဂေါတမဗုဒ္ဓ၏ သာသနာတော် ဖြစ်၍-တမျိုးတစားတည်းသော သာသနာဖြစ်သည်ဟု သူငါကစ ထင်မှတ်နေတတ်ကြပေသည်၊ ထိုအယူ အဆ အစွဲအလမ်းတို့မှာ ယနေ့တိုင်အောင် ထင်မှတ်နေကြတုံး ထင်မှတ်ဆဲဖြစ်နေကြသေးသည်။

ပရိယတ္တိသာသနာဆိုဒါဘာလဲ ဤသို့မေးလျှင်-မြန်မာ လူမျိုးတို့ အမြင်အားဖြင့် ပြောဆိုရမည်ဆိုသော် ပါဠိ ဘာသာစာပေ ပိဋကတ်သုံးပုံ နိကာယ်ငါးရပ်ကိုပင် ပရိယတ္တိ သာသနာဟု ဆိုရပေလိမ့်မည်။

ပဋိပတ္တိသာသနာဆိုဒါဘာလဲ ဤသို့မေးလျှင် သာမညဖြစ်သော ဗုဒ္ဓဝါဒီတို့အပြေမှာ သီလဆောက်တည်မှု ဓုတင်ဆောက်တည်မှု သမထ-ဘာဝနာ ပွါးများမှုကိုပင် ပဋိပတ္တိသာသနာဟု ဆိုရပေလိမ့်မည်။

ဝိသေသ-ဗုဒ္ဓဝါဒီတို့အပြေမှာ အဋ္ဌင်္ဂိကမဂ်ကို ပွါးများအား ထုတ်နေခြင်းသည် ပဋိပတ္တိသာသနာဖြစ်သည်ဟု ပြောဆိုကြပေလိမ့်မည်။ ထိုစကားသည်မှန်၏ သင်္ခါရဖြစ်သော ရုပ်-နာမ်တို့ကို

ဝိပဿနာဉာဏ်ဖြင့် ယထာဘူတကျအောင် သိမြင်ခြင်းငှါ ကျင့်သောအကျင့်ဟု ဆိုလိုသည်၊

ပဋိဝေဓ သာသနာဆိုဒါဘာလဲ ဤသို့မေးလျှင် အဖြေမှာ ပဋိပတ္တိဝိပဿနာဉာဏ်ကို ကျော်လွန်၍ မဂ်ဉာဏ်-ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်တိုင်အောင် မြင်စွမ်းနိုင်သော ဉာဏ်မျိုးကို ပဋိဝေဓ သာသနာဟု ဆိုလိုသည်။

ပြန်၍ ဆင်ခြင်ကြည့်ပါ—ပရိယတ္တိ သာသနာ ဆိုဒါ ဘုရားဟောထားသော တရားအမှန်ဖြစ်သော်လည်း ပရိယတ္တိသာသနာတခုတည်းဖြင့် လုံလောက်ပြီဟု မဆိုရသေးပါ- ထိုပရိယတ်သာသနာသည် ပဋိပတ္တိသာသနာသို့ တဆင့်တက်ရန်၊ အခြေခံပဌမလှေခါးအဆင့်နှင့်တူ၏။

ပရိယတ္တိဒေသနာ အသိမျိုးနှင့် ပဋိပတ္တိ အသိမျိုးတို့သည်၊ သဘောအားဖြင့်မတူ ကွဲပြား ခြားနားခြင်း ရှိကြလေသည်။ ဥပမာပြရသော်ပရိယတ္တိ အလိုအားဖြင့် ဆားသည်ငံ၏ပျားသည်ချို၏ဟု ရေးမှတ်ထား လေသည်။ ရေးမှတ်ထားသော စာမူအတိုင်း သိနေသောသူသည် အက္ခရာဆားငံသည် အက္ခရာပျားချိုသည်ဟု အက္ခရာနှင့် သဒ္ဒါကိုအစွဲပြု၍ သညာသိအားဖြင့် အသိအမှတ်ပြုထားလေသည်။

ပဋိပတ္တိအသိမျိုးမှာ အက္ခရာဆားငံသည် အက္ခရာ ပျားချို

သည်ဟူသောအက္ခရာနှင့် သဒ္ဒါကိုအစွဲပြု၍ သိနေသောအသိမျိုးကား လုံးဝ မဟုတ်ပေ—ဆားနှင့် ပျားကို ကိုယ်တိုင် စားသုံး၍၊ ကိုယ်တွေ့အသိမျိုးဖြင့် သိထားသောသူများနှင့်တူလေသည်။

ထပ်၍ဆိုဦးအံ့ ပရိယတ္တိ ဒေသနာက (အနိစ္စဝတသင်္ခါရာ ဥပ္ပါဒဝယဓမ္မိနော ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ တေသံဝူပသမောသုခေါ—ဟုဆိုထားသည်။ စင်စစ်အားဖြင့် သင်္ခါရ တရားတို့သည် ဖြစ်ခြင်း ပျက်ခြင်း သဘောရှိကုန်၏။ ဖြစ်ပြီး၍ တဖန်ချုပ်ပျောက်ခြင်းသို့ ရောက်ကြကုန်၏ ထိုသင်္ခါရတရားတို့ လုံးဝမဖြစ်ပေါ်ခြင်းသည် ချမ်းသာခြင်းဘဲဟု ဒေသနာ အလိုနှင့်ဆိုထားလေသည်၊ ဤဒေသနာအရ သင်္ခါရတရားတို့၏ ဖြစ်ပျက်ကိုရင်း ချုပ်ဆုံးကွယ်ပျောက်ခြင်းကိုရင်း၊ စာသိ သိထားကြလေသည် ပရိယတ္တိ အသိဟူ၍ မှတ်ပါလေ။

ပဋိပတ္တိအသိမျိုးကားမဟုတ်သေးပါ ပဋိပတ္တိ အသိမျိုးနှင့် သိလိုသူများမှာ မဇ္ဈိမပဋိပဒါ လမ်းစဉ်သို့ရောက်အောင် မဂ္ဂသစ္စာကို ပွားများအားထုတ်ရလေသည်၊ တိုတို ကျဉ်းကျဉ်းနှင့် ပြောရလျှင် သတိနှင့် အားထုတ်နေခိုက်တွင် ခန္ဓာကိုယ်မှ ရွရွ မွမွ၊ ပူပူ စေ ရုပ်သင်္ခါရတို့က ဖြစ်ပျက်ပေါ်နေသည် နာမ်သင်္ခါရတို့ကလဲ သိလိုက် မှတ်လိုက် ခံစားလိုက်နှင့် တွေ့နေရလေသည်။

ထိုရုပ်သင်္ခါရ-နာမ်သင်္ခါရတို့သည် ဖြစ်ပေါ်ပြီးနောက် ချုပ်

ပျောက်ကုန်ဆုံးနေကြလေသည်။ သင်္ခါရတို့ဖြစ်တိုင်း ပေါ်တိုင်း စိတ်နှလုံး မသက်သာခြင်း အတွေ့ဆိုးကြီးနှင့် တွေ့ရသဖြင့် ကိုယ်စိတ်နှစ်ဖြာ လွန်စွာပင်ပင်ပန်းရခြင်း တည်းဟူသော ဆင်းရဲဒုက္ခကို၊ စာကမပြသော်လည်း သဘာဝအားဖြင့် ကိုယ်တွေ့ သိနေလေသည်။ ဤသင်္ခါရတို့ မဖြစ်မပေါ်ဘဲ ငြိမ်းချမ်းနေခြင်းသည် ဆင်းရဲ ဒုက္ခ ဟူသမျှတို့မှ လွတ်မြောက်ရာ ချမ်းသာသုခ အစစ် ပါတဲ့ဟု သိနေသော ယောဂီသည် ပဋိပတ္တိသာသနာ အသိ ဖြစ်နေလေပြီ။

ဤပဋိပတ္တိ အသိသည် ဝိပဿနာ ဉာဏ်အမြင်ဖြစ်၍ ပရိယတ္တိသာသနာအဆင့်ကို ကျော်လွန်၍ သိနေလေပြီ၊ ရုပ်သင်္ခါရ-နာမ်သင်္ခါရတို့သည် အရှိတရား မဟုတ်ပေ အဖြစ်တရား အပေါ်တရားများ ပါတကားဟု ကိုယ်တွေ့ သိကြသော တရားဖြစ်နေကြလေပြီ-ဥပ္ပါဒါဝယ ဓမ္မိနော ဥပ္ပဇ္ဇိတွာနိရုဇ္ဈန္တိပါဠိသာဓကကို ထောက်ရှု၍ကြည့်လျှင် သင်္ခါရ ဟူသမျှ-ဖြစ်ပေါ်တတ်သော တရားဟု သိသာနိုင်သည်။

ကမ္ဘာ့နာစရိယ မဟာနာယက ဖြစ်တော်မူသော ကျေးဇူးရှင် ဥဏ္ဏာဘိဝံ မဟာထေရ် ဆရာတော်ဘုရား၏ ဩဝါဒမှာ ပေါ်သိ ပေါ်သိ နိဗ္ဗာန်ထိဟု ညွှန်ပြထားလေသည် ပေါ်ဟူသောစကားမှာ ဓါတ်ပေါ်တိုင်းသိ တနည်း သင်္ခါရ ဖြစ်ပေါ်တိုင်း တမိထဲမိအောင် သတိထားပြီး တသိထဲသိအောင် ကြိုးစားအားထုတ်ပါဟု ညွှန်ပြထားလေသည်။

ဤပဋိပတ္တိ အဆင့်အတန်းဖြင့် သာသနာတော် အဆုံးလမ်း သို့မရောက်နိုင်သေးပါ၊ ပဋိဝေဓ သာသနာတော်က ကြွင်းကျန် နေပါသေးသည်။ ထိုစကားသည် မှန်၏ ပရိယတ္တိ သာသနာကား စာပေအသိမျိုးဖြစ်၏ ပဋိပတ္တိ သာသနာတော်ကား ကိုယ်တွေ့အသိဖြစ်၏၊ ကိုယ်တွေ့အသိသည် သင်္ခါရ ရုပ်-နာမ်တွင် သောင်တင်၍ နေတတ်ပါသေးသည် ဤကိုယ်တွေ့တရား၌အမျိုးမျိုးအစားစား အယူဝါဒရှိနေကြသေး၏ အချို့သော ယောဂီများ တခုခုသော တရားရိပ်သာ၌၊ တရားကို အားထုတ်ခဲ့စဉ်က ဆရာပြသည့် အတိုင်း အားထုတ်၍၊ စိတ်ကြေနပ်လာခဲ့သည်၊ ငါသည် ဤပုံ ဤနည်းအားဖြင့် တရားရခဲ့သည်ဟု အထင်ကြီးလာခဲ့သော်လည်း၊ နောက်တနေ့သော အခါ၌ တမျိုး တဖုံ စိတ်ပြောင်းသွားတတ်သည်၊ ဤသို့ဖြစ်ရခြင်းမှာ ပဋိဝေဓ သာသနာသို့မရောက်နိုင်သူများဖြစ်၍ ပဋိပတ္တိ သာသနာတွင် သောင်တင်ခါ နေကြသူများဟု ဆိုသင့်၏။

ပဋိဝေဓသာသနာ ဆိုသည်မှာ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်နိဗ္ဗာန်ယှဉ်အောင် ဉာဏ်အမြင်ရနိုင်သော သာသနာတော် ဖြစ်သည်ဟု သိအပ်ပါ ဤမျှသော စကားအစဉ်ဖြင့် သာသနာတော်သုံးချပ်ကို နားလယ်သောက်ပါပြီ

## မဇ္ဈိမပဋိပဒါပုံ

| ပယ်တရား | | ပယ်တရား |
|---|---|---|
| ပရိယတ္တိသာသနာ | ပဋိပတ္တိသာသနာ | ပဋိဝေဓသာသနာ |
| အတိတ်အာရုံ | ပစ္စုပ္ပန်အာရုံ | အနာဂါတ်အာရုံ |
| သီလမဂ္ဂင် | သတိနှင့်ကျင့် | သမာဓိမဂ္ဂင် |
| သဿတဒိဋ္ဌိ | သမ္မာဒိဋ္ဌိ | ဥစ္ဆေဒဒိဋ္ဌိ |
| ကာမတဏှာ | နိဗ္ဗာန်နိဝါန | ဝိဘဝတဏှာ |
| ဘဝတဏှာ | | |

ဖေါ်ပြခဲ့သော ပုံစံအတိုင်းကြည့်ပါက သာသနာ သုံးရပ်တွင် ပဋိပတ္တိ သာသနာသည် အလယ်မဇ္ဈိမသာသနာ ဖြစ်လေသည် အာရုံပိုင်းအားဖြင့် ကြည့်ရှုလျှင် ပစ္စုပ္ပန်အာရုံသည် မဇ္ဈိမဖြစ်နေလေသည်၊ သီလမဂ္ဂင်နှင့်သမာဓိမဂ္ဂင်(၂)ပါးတို့အလယ်၌သတိဝီရိယသည် အလယ်မဇ္ဈိမ ဖြစ်နေပြန်သည် အယူအဆ သဘောတရားအရကြည့်ရှုလျှင် သဿတဒိဋ္ဌိအယူနှင့် ဥစ္ဆေဒ ဒိဋ္ဌိအယူ (၂)ပါးတို့၏ အလယ်၌၊ သမ္မာဒိဋ္ဌိ အယူအဆသည် မဇ္ဈိမဖြစ်နေလေသည်။

### အကျဉ်းရုံးသော်

ပစ္စုပ္ပန်အာရုံ၌ စိတ်ကိုထားပါ သတိနှင့်ထားပါ၊ဝီရိယရှိပါစေ သမာဓိ ဖြစ်လာသော် ယထာဘူတအသိဉာဏ်ကို ရလိမ့်မည်

ဟု ဆိုလိုသည် ဤသို့ ကျင့်ကြံအားထုတ်မှုကို ပဋိပတ္တိ သာသနာဟု မှတ်ပါ။

ယခုအခါ သူငါတစ ထင်မြင်ယူဆ နေကြသည်မှာ ပရိယတ္တိကို တတ်သိလိမ္မာကြသော ပုဂ္ဂိုလ်တို့သည် ဂေါတမဗုဒ္ဓ တရားတော်ကို အသိဆုံး အမြင်ဆုံး ပုဂ္ဂိုလ်ကြီးတွေဘဲဟု ထင်မြင်နေကြသည် ဘုရားကိုယ်တော်တိုင် မရှိသောဤခေတ်သမယတွင် သာသနာတော် အရေးနှင့် ပတ်သက်လာလျှင် ပရိယတ္တိ ပညာရှင်တို့၏ အဆုံးအဖြတ်ကိုသာ သူငါတစ၍ အားကိုးအားထားပြုနေကြရသည် ပရိယတ္တိကို တတ်သိ လိမ္မာကြသော ပညာရှင်များ မရှိပါလျှင် ဘာသာရေး၌ အားကိုးရာမဲ့ ဖြစ်နေကြပေလိမ့်မည် သို့ရာတွင် သာသနာတော်(၃)ရပ်တွင် ပဌမအဆင့်သို့ ရောက်ရုံမျှသာ ဖြစ်နေရကား စဉ်းစားဘွယ်ရှိသေး၏ ဘုရားသာသနာသည် ပရိယတ္တိ သာသနာ (တခုတည်းနှင့် ကိစ္စမပြီးသေးပါတကား)ကြွင်း ကျန်နေသေးသော သနာ ၂) ပါးရှိပါသေးသည် ဒုတိယ အဆင့်ဖြစ်သော ပဋိပတ္တိသာသနာ သည် အကျဉ်းစခန်း၌ ပဓါနတရား ဖြစ်နေလေတော့သည်၊

ဤပဋိပတ္တိ အလုပ်ကို အားထုတ်၍ အောင်မြင်သော အခါမှ ပဋိဝေဓအဖြစ်သို့ ရောက်ကြမည် သာသနာတော် သုံးရပ်ကို အောင်မြင် ပေါက်ရောက်နိုင်သော ပုဂ္ဂိုလ်ကြီးများသာ ဂေါတမဗုဒ္ဓ တရားတော်ကို အသိဆုံး အမှန်ဆုံးဟု ငါတို့အားကိုးအားထား ပြုနိုင်ကြပေလိမ့်မည်၊ ဤမျှသောစကားအစဉ်ဖြင့် ပညာရှင်တို့ ဆင်ခြင်နိုင်လောက်ပါပြီ

မဇ္ဈိမပဋိပဒါတည်းဟူသော ပဋိပတ္တိသာသနာသို့ တဆင့်တက်လှမ်းကြပါ။ ဧကပလ္လင်္ကေန-နိသိန္နော၊ ဝိပဿနာမတ္တကံ ပါပေတွာ၊ အရဟတ္တေ-ပတိဋ္ဌာတိ၊ သုတ်မဟာဝါအဋ္ဌကထာ၌လာသည်။

ဧကပလ္လင်္ကေန၊ တခုသောထက်ဝယ ဖွဲ့ခွေ နေထိုင်ခြင်းဖြင့်။ နိသိန္နော၊ နေထိုင်လျက်ပင်။ ဝိပဿနမတ္တကံ၊ သင်္ခါရကိုသိတတ်သော ဝိပဿနာဉာဏ်၊ ထိုဝိပဿနာဉာဏ်၏ အသက်ဖြစ်သော၊ ပဋိဝေဓဉာဏ်သို့။ ပါပေတွာ၊ ရောက်စေ၍။ အရဟတ္တေ၊ အရဟတ္တဖိုလ်၌။ ပတိဋ္ဌာတိ၊ တည်၏။

အဓိပ္ပါယ်မှာ ထင်ရှားပြီးဖြစ်၍၊ ပြဆိုရာမလိုတော့ပြီ။ သတိနှင့်နေသောယောဂီသည်၊ ခန္ဓာကိုယ်၌ သင်္ခါရအနေအားဖြင့် ဖြစ်ပေါ်နေသော သင်္ခါရပရမတ္ထ ဓါတ်သဘာဝတို့ကို၊ ပေါ်တိုင်း-ပေါ်တိုင်းသိနေ၏၊ သာမညအသိမျှကို ဝိပဿနာ အသိဟု ဆိုလိုပါသည်။ ဤဓါတ်သဘာဝ သင်္ခါရတို့၏ မူလ-ဘူတ-ပရမတ္တကို မတွေ့မမြင်နိုင်သေးသမျှ ကာလပတ်လုံး ဝိပဿနာ ဉာဏ်အရာတွင် သောင်တင်၍ နေရ၏၊ ဝိပဿနာ ဉာဏ်အမြင် အသိမျိုးကိုပင် ပဋိပတ္တိအသိဟူ၍လည်း ဆိုရ၏။ ဤဝိပဿနာ ဉာဏ်၏အသက်၌ဖြစ်သောဉာဏ်ကို၊ ပဋိဝေဓဉာဏ် ဝိဇ္ဇာ ဉာဏ် ဟု ခေါ်ဆိုရလေသည်။ ဤနေရာတွင်[illegible]နှင့်ဝိပဿနာ တို့၏ တူညီပုံကို ဆက်လက်၍ ဖော်ပြရန် လိုနေသေးသဖြင့် အောက်ပါအတိုင်း မှတ်ယူကြပါ။

ယောဂီသည်၊ ခန္ဓာကိုယ်၌၊ ပေါ်သိ-ပေါ်သိဖြစ်နေ၏၊ အရှိတရားလား-အဖြစ်တရားလားဟု သတိပြုနေရာ၊ အရှိတရားမဟုတ် အဖြစ်တရားဟု မြင်လေသည်။

ထိုအဖြစ်တရားကို မြင်တတ်သောယောဂီသည်၊ အမြင်မျက်စိဖြစ်နေပါပြီ၊ စက္ခုံဥဒပါဒိ ဖြစ်နေပါပြီ၊ စက္ခုံ၊ ရုပ်နာမ်ဓမ္မသင်္ခါရတို့၏၊ အဖြစ်အပျက်ကို မြင်တတ်သော ဝိပဿနာဉာဏ်မျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။

စက္ခုံဥဒပါဒိသုံ-ဥဒယဒဿနပညာဝေသာ ဒဿနဋ္ဌေစက္ခုံ၊ သုတ်မဟာဝါ အဋ္ဌကထာကိုထောက်ပါ။ ဤတွင် စဉ်းစားဘွယ်ကားရှိ၏။ အဘယ်သို့ပါသနည်းဟု မေးသော် ... အဖြေသည်ကား အရာဌာနအားလျော်စွာပင် ဖြေရပေလိမ့်မည်။ အဘယ်သို့ စဉ်းစားမည်နည်း၊ ယောဂီအလုပ်ကို အားထုတ်ကာစပုဂ္ဂိုလ်တို့မှာ၊ သင်္ခါရရုပ်-သင်္ခါရနာမ် တို့ကိုသာ မြင်နှမ်းနိုင်ကြသည်။ ထိုပုဂ္ဂိုလ်တို့၏ဉာဏ်အမြင်မှာ ပရမတ္ထစစ်စစ်ဓါတ်အနှစ်ဟုဆိုရသော သင်္ခတဓါတ်ကို မမြင်နိုင်သေးသဖြင့် သာမညအမြင်မျိုးဟု ဆိုရမည်။

သောတာပန်-သကဒါဂါမ်ပုဂ္ဂိုလ်တို့ဉာဏ်အမြင်မှာ၊ သင်္ခါရတရားတို့သည်၊ သင်္ခတ ပရမတ္ထမှ ထွက်ပေါ်လာကြသောသင်္ခါရဟူ၍ မြင်ကြလေသည်။ သို့ကြောင့် ပုဂ္ဂိုလ်အဆင့်အတန်း အလျောက်၊ စက္ခုံဥဒပါဒိဖြစ်ကြသည်ဟု စဉ်းစားမိသည်။ ဥဒယဒဿနေန စက္ခုံဥဒပါဒိ၊ ပါဝင်နေလေပြီ။

## ဉာဏ် ဥဒပါဒီကာ းအ သို နည်း။

ဉာဏ်ဟူသည်ကား၊ လောကီဉာဏ်-လောကုတ္တရာ ဉာဏ်ဟူ၍ (၂)ပါးအပြားရှိ၏၊ ဤနေရာတွင်လည်း ပုဂ္ဂိုလ် အဆင့်အတန်းကိုလိုက်၍ ဉာဏ်ကိုမှတ်ယူရမည်။

တရားအားထုတ်ကာစ ယောဂီများကို ရည်ရွယ်ချက်ထား၍ ရေးသားလိုက်ပါသည်၊ ပေါ်နေသော ရုပ်နာမ်သင်္ခါရ ဓါတ်သဘာဝတို့သည်။ အမြဲမရှိသော တရားဖြစ်၍ ပေါ်လိုက်ပျက်လိုက် ဖြစ်နေကြ၏။ ရွရွမွမွ-ပူပူနွေး၊ ပေါ်ဒါက ရုပ်ဓါတ်ပါဘဲ ဖေါက်ပြန်နေသော သဘောအစုပါဘဲ၊ သိမှု-မှတ်မှု- ခံစားမှုကလဲ အစုဘဲ ပါဘဲဟု၊ ရုပ်မှန်-နန်မှန်း ခွဲခြား၍ သိတတ်သာသော ယောဂီအား၊ဉာဏ်သည်ဆင်ရှားစွာဖြစ်လာ၏၊ ဝိပဿနာဉာဏ်အရာတွင်၊ နာမရူပ-ပရိစ္ဆေဒ ဉာဏ်ဟုဆိုရ၏ သို့ကြောင့် အဋ္ဌကထာဆရာများကလဲ ဉာတဋ္ဌေန ဉာဏ်ဟု မှင့်ဆိုကြ၏။

ဓမ္မစကြာ၌လည်း၊ ဉာဏ် ဥဒပါဒိ၊ ဉာဏ်၊ ရုပ်ဆိုဒါက်လိုနာမ်ဆိုဒါက ဒီနည်းဟု ခွဲခြားပြီး သိတတ်သော ဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှား စေ နိ် အမှန်ဖြစ်လာပြီ။

ပရိယတ္တိဉာဏ်အမြင်မျိုးကား မဟုတ်ပေ၊ ပဋိပတ္တိဉာဏ်အမြင်မျိုးဖြစ်၍၊ ပုဂ္ဂိုလ်အဆင့်အတန်းအလိုက်၊ ဉာဏ်အဆင့်ဆင့် ဖြစ်နိုင်စရာ ရှိပေသည်။ ဤနေရာ၌၊ အားထုတ်ကာစ

ယောဂီများအတို့ ရုပ်နာမ်ကိုပိုင်းခြား၍ သိသာရုံမျှ ဖြစ်သော ဉာဏ်ကိုပင် ဉာဏ်ဥဒပါဒ်အရ ကောက်ယူ ရလေသည်။

## ပညာဥဒပါဒ်ကား အသိုနည်း။

ပညာသည် လောကီပညာ၊ လောကုတ္တရာပညာဟူ၍၊ အကျဉ်းအားဖြင့် (၂)မျိုး(၂)စားရှိ၏။ ထို(၂)မျိုး(၂)စားတွင် လောကုတ္တရာပညာကို၊ ဤခမ္မစကြာသုတ်၌၊ ပယ်ထားပုံ ရလေသည်။ လောကီဖြစ်သော ဝိပဿနာပညာကိုသာ ရည်ရွယ်ထားသော လက္ခဏာရှိပါသည်။ အဘယ်ကြောင့်ဆိုသော်၊ ပညာဥဒပါဒ်စာပိုဒ်နောင်၊ ဝိဇ္ဇာဥဒပါဒ်ဟူသော စာပုဒ်က ရှိနေသောကြောင့်တည်း။ မှန်၏၊ ဝိဇ္ဇာဥဒပါဒ်၊ စာပိုဒ်အရကို ကောက်ယူသော် ပဋိဝေဓ ပညာကိုသာ ကောက်ယူနိုင်မည် ဖြစ်သောကြောင့်တည်း၊ သို့ဖြစ်ပါသောကြောင့်၊ ရှေ့နောက်ကို ဆင်ခြင်သည်ရှိသော် ရှေ့စာပိုဒ်၌၊ ပညာဥဒပါဒ်ပုဒ်အရကို လောကီဖြစ်သော ဝိပဿနာပညာဟူ၍သာ ကောက်ယူ ရလေသည်။

ထိုပညာသည် ရုပ် သင်္ခါရကို၎င်း၊ နာမ် သင်္ခါရကို၎င်း၊ ကိုယ်တွေ့ ဝိပဿနာဉာဏ်ဖြင့် ဟုတ်မှန်သောအတိုင်းယောဂီအား အသိဉာဏ်ဖြစ်ပေါ်လာ၏။ ထိုအသိဉာဏ်သည် ယထာဘူတ ပညာမည်၏။

ရုပ်တရားဟူသည် တမျိုးတည်း တစားတည်း မဟုတ်ချေ၊ ပထဝီ ဓာတ် သဘောလဲ ရှိ၏၊ အာပေါ ဓာတ်သဘောလဲ ရှိ၏၊

စသည်ဖြင့် ရွှရွှ၊ မွမွ၊ ပူပူ၊ ဧေ၊ တွေ့သမျှ အာရုံတို့သည် တခု နှင့်တခု မတူကွဲပြား ခြားနားခြင်းရှိကြကုန်၏။

ထိုနည်းအတူ အသိစိတ်၊ အသိနာမ်၊ တို့သည်လည်း သိမှု၊ မှတ်မှု၊ ခံစားမှု၊ ပြုပြင်လိုမှု၊ တို့သည် ၎င်း၊ ကြံစည် စိတ်ကူးမှု၊ တို့သည် ၎င်း၊ ပါဝင် နေကြသော အသိစိတ်၊ အသိနာမ်၊ တို့ သည် တခုနှင့် တခု မတူ ကွဲပြား ခြားနား နေကြလေသည် ထို ရုပ် ထို နာမ် တို့ကို အပြားအားဖြင့် ခွဲခြား၍ သိတတ် သော ဥာဏ်သည် ပဇာနာန ပညာမည်၏။

ဥပမာ သော်ကား.... ကောင်းစွာ ချက်ထားသော ဟင်းကို တဇွန်းမျှကော်၍ စားကြည့်သောသူသည်ဟင်း အရသာ၊ ဆီ၊ ဆား၊ ငြုပ်၊ ကြက်သွန်၊ အရသာတို့၏ အပေါ့ အလေး စသည် တို့ကို သိနိုင်သကဲ့သို့ ယောဂီသည် ရုပ် နာမ် တရားတို့၏အပြား ကို သူ့ လက္ခဏာနှင့် သူ သိလေသည်၊ အဌကထာ ဆရာတို့က ဤသို့ ဆိုကြကုန်၏၊ "ပဇာနာနဋ္ဌေန" "ပညာဥဒပါဒိ" ဟူ၍ ဖွင့်ဆိုကြကုန်၏၊ ပဇာနာနဋ္ဌေန၊ ရုပ်အပြား နာမ်အပြား ကို ပိုင်းခြားဝေဘန် ကိုယ်တွေ့ဉာဏ်ဖြင့် ကေန်တိတိ ပိုင်းခြား ၍ သိတတ်သော အနက် သဘော ကြောင့်။ ပညာ၊ ဝိပဿနာ ဥာဏ်ပညာသည်၊ ဥဒပါဒိ၊ ထင်ရှားကေန် အမှန်ဖြစ်လေပြီ။

ဤနေရာတွင် ဝိပဿနာ ဉာဏ် အရာ ဖြစ်ပါသော ကြောင့် ပညာကိုလည်း ဝိပဿနာ ပညာဟူ၍ မှတ်ပါ၊ ဝိပဿနာ ပညာ

သည် သင်္ခါရ ရုပ်နာမ်တို့ကို အနိစ္စ လက္ခဏာ၊ ဒုက္ခ လက္ခဏာ၊ အနတ္တ လက္ခဏာ၊ တို့ဖြင့် ပေါ်လာ ဖြစ်လာသော တရားတို့ကို သိနေသော ဉာဏ်မျိုးဖြစ်ပေသည်။

ဝိပဿနာ ဉာဏ်ဟူသည် ပဥ္စာရုံ အဖြစ်သို့ ရောက်နေသော သင်္ခါရရုပ် သင်္ခါရနာမ် တို့ကို သုံးသပ် ဆင်ခြင် ရသော ဉာဏ်မျိုးကို ဆိုလိုပါသည်။

ပူပူ အေးအေး ရှရှ မွမွ တောင့်တင်း ကိုက်ခဲခြင်း စသည်ဖြင့် ဖြစ်ပေါ်နေကြသော သဘောတရားတို့ကို နာမပညတ် အမျိုးမျိုး တို့ဖြင့် ခေါ်ဆို သမုတ် ထားကြလေသည်။ နာမပညတ် မပါလျှင် ဝေါဟာရ သဒ္ဒါဖြင့် ခေါ်စရာ ပြောစရာ မရှိနိုင်ပါ ခေါ်ဆိုစရာ မရှိသော် အသိ မဖြစ်နိုင်သောကြောင့် အသိဖြစ်ရန် ပုံဟန် အမျိုးမျိုး တို့ကို အစွဲအမှတ်ပြု၍ သမုတိ သစ္စာ နယ်တွင် နာမည် အမျိုးမျိုး တပ်ထားရလေသည်။

သို့ကြောင့် .... ဝိပဿနာ အရာ၌ ပေါ်လာ ဖြစ်လာ သော တရားတို့ကို နာမပညတ်ဖြင့် အမည်တပ်၍ပြရသော် ပူပူ၊ ပေါ်လာတာက တေဇော ဓာတ်ပါဘဲ၊ အေး၊ ပေါ်တာ ကလဲ တေဇောဓာတ်ပါဘဲ၊ သူ့ သဘောအတိုင်း ဖြစ်နေလို့ ဓာတ် ခေါ်ရသည် နောက် တမျိုးမှာ ဖြစ်ပေါ်တတ်သောကြောင့် သင်္ခါရ ဟု ခေါ်သည်။ ဥပ္ပါဒေါ၊ သင်္ခါရော၊ အနုပ္ပါဒေါ နိဗ္ဗာန်၊ ဥပ္ပါဒေါ ဖြစ်သာ ပေါ်လာခြင်း ဟူသမျှတို့သည် သင်္ခါရော သင်္ခါ

ရ မည်၏။ အနုပ္ပါဒေါ၊ မဖြစ်ပေါ် ခြင်းသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန် မည်၏။

## မြင်မြင်သမျှ–သင်္ခါရ

လူတို့ဝေါဟာရ ပြောဆိုကြသည်မှာ မြင်မြင်သမျှ-သင်္ခါရ ဟူ၍ ဆိုရိုးစကား ရှိကြသည်။ အမှန်မှာ မြင်သမျှ၊ ကြားသမျှ၊ နံသမျှ၊ ထိသမျှ၊ တွေ့သမျှ၊ ကြံသမျှ၊ အလုံးစုံ တို့ကို သင်္ခါရ ဟူ၍ မှတ်ယူရာ၏။ ယောဂီတွေ ကိုယ်တွေ့ အားဖြင့် ခဏတ် ပေါ်တိုင်း တွေ့နေတာလဲ သင်္ခါရကို တွေ့နေပာပါဘဲ တွေ့ သမျှ ပေါ်သမျှ ခဏတ်တွေကို ဥပ္ပါဒ သင်္ခါရ တရားဟု မြဲမြဲစွဲစွဲ မှတ်ထားပါ ဒီသင်္ခါရတွေကို အပြားအားဖြင့် သိနေတဲ့ ပညာ က ဝိပဿနာပညာဟုမှတ်ပါ ဝိပဿနာ ပညာသည် ရုပ်၊ နာမ် သင်္ခါရ တို့ကို သိတတ်သော ကိုယ်တွေ့သိ ပညာဖြစ်လေသည်။

နာမရူပ မတ္တံတော၊ အညောသတ္တော ဝါ၊ ပုဂ္ဂလောဝါနတ္ထိ ဟူ၍ ညွှန်ပြသော အဋ္ဌကထာ ဆရာတို့သည် ဤ ဝိပဿနာ ပညာစခန်း၌ နာမ်၊ ရုပ် (၂) ပါးထက် အပို အမို ဆိုစရာ ပြ စရာ သတ္တဝါ ဆိုတာလဲ မရှိ မိန်းမ ယောကျ်ား ဆိုတဲ့ ပုဂ္ဂိုလ် လဲ မရှိ "ရုပ်၊နာမ်" (၂) ပါးဘဲ ရှိတယ်လို့ ယူဆလျှင်မမှန် သေးပါ။ ထို ရုပ် နာမ် တို့သည် အရှိတရားမဟုတ်ပါ ဖြစ်ပေါ် သော တရား ပါ တကား ဟု ဉာဏ်အမြင် ပေါက်စေလိုသည် ဖြစ်ပေါ်လာသော ရုပ်၊နာမ်မွေ့ဟူသမျှတို့ကို တခုတည်းသော

အမည် နာမ နှင့် သင်္ခါရ ဟူ၍ သာလျှင် ခေါ်ဆို သမုတ်ထား လေသည်။

အနုပ္ပန္နာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာစ နိရုဇ္ဈရေ။
အဘိနဝေါ ဝ သင်္ခါရာ၊ နဒီသောတ သမူပမာ။

အနုပ္ပန္နာ၊ မဖြစ်ပေါ်သေးသော ရုပ် နာမ် ဓမ္မ သင်္ခါရ တို့ သည်။ "ဥပ္ပဇ္ဇန္တိ" နှကိုမူလက အရှိ တရား- မဟုတ် ကြပေမဲ့ အကြောင်းကို အမှီရသဖြင့် ခဏ ခြင်း ဖြစ်ပေါ်၍ လာကြလေ ကုန်၏။ ဥပ္ပန္နာစ၊ ဖြစ်ပေါ်လာပြီးသော ရုပ် နာမ် သင်္ခါရတို့ သည်လည်း၊ နိရုဇ္ဈရေ နိရုဇ္ဈန္တိ ချုပ် ပျောက် ကုန် ဆုံး အသုံး မကျ ပျက်စီး ရကုန်၏။ သင်္ခါရာ၊ သင်္ခါရ တရားတို့သည် အဘိ နဝေါဝ၊ အသစ် အသစ်သော သင်္ခါရတို့သည်သာလျှင်၊ဟောန္တိ ဖြစ်ကုန်၏၊ သခါရာ၊ သင်္ခါရ တရားတို့သည်၊ နဒီသောတသမူ ပမာ တသွင်သွင် စီးသော မြစ်ရေနှင့်သာ ဥပမာ တူကြလေ ကုန်၏။

အဓိပ္ပါယ်မှာ။ ကမ္ဘာ ပေါ်ဦးက စ၍ အောက် အကြည်သို့ ရေ စီးဆင်းနေသော ဧရာဝတီ မြစ်ရေကို ဥပမာ ထား၍ ဆို ကြပါစို့.... ကမ္ဘာပေါ်ဦးက စ၍ စီးဆင်း နေသော ရေသည် ကမ္ဘာပျက်ခါနီးသည် တိုင်အောင် ရေသည် မပြတ် မလတ် စီး ဆင်းနေ၏။ ထိုမျှ သော အချိန် ကာလ အတွင်း၌ စီးဆင်းနေ သော ရေတို့ကို စုပုံ၍တနေရာတွင်သိုလှောင်ထားရမည်ဆိုလျှင်

ဤကမ္ဘာကြီးထက်ပင် ဒွေဒေ ကြီးမားနေပေလိမ့်မည်ဟု ထင်ရသည် ထိုမျှလောက် ဒွေဒေ ကြီးမားသော ရေတို့ကို သိုလှောင်ထားရန် ကမ္ဘာ ရေကန် ကြီးကား ဘယ်နေရာ တွင်မှ မရှိချေ။ လွှတ်လိုက်ပြီး စီးဆင်းလာသော ရေတို့ကို မဟာသမုဒ္ဒရာကြီးက လက်ခံထားသော်လည်း မဟာသမုဒ္ဒရာကိုလှန်၍ ပြည့်သည်ဟူ၍ မရှိ အဟောင်းဖြစ်သောရေတို့သည် ရေဝတီမြစ်ညာသို့ ဆန်တက်ပြီး ဖြစ်လေ့မရှိ ကမ္ဘာအစမှ ကမ္ဘာအဆုံးထိစီးဆင်းသမျှသော ရေတို့သည် အသစ် အသစ် ဖြစ်၍သာလျှင် စီးဆင်းလာကြ ကုန်၏။ ဤ ဥပမာ နည်းတူ ဤ ကိုယ် ကာယ အတွင်း၊ အပြင်တို့၌ မဖြစ်ဘူးသေးသော ရုပ် သင်္ခါရ နာမ် သင်္ခါရ တို့သည် က ''စိတ်''ဥတု''အဟာရ အကြောင်းတရာ တို့ကပြုပြင်တိုင်း အသစ် အသစ် သော သင်္ခါရ တို့ထွက်ပေါ်၍ ဖြစ်လာကြကုန်၏။

ဖြစ်ပြီးသော ရုပ်နာမ် သင်္ခါရ တို့သည်လည်း ချုပ်ဆုံး ကွယ်ပျောက်ကြကုန်၏ဟု ဆိုသည်။ ယောဂီသည် ရုပ် နာမ် သင်္ခါရ တို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ လက္ခဏာတို့ဖြင့် သုံးသပ် ဆင်ခြင်တတ်သော ဝိပဿနာ ပညာသည် သင်္ခါရ အပေါ်မှာ သောင်တင်၍ နေရသေးသည် ဖြစ်၍ သင်္ခါရ ဖြစ်ပျက် ဝိပဿနာ ဉာဏ်မျှဖြင့် ကြေနပ်နေကြရန် မဟုတ်သေးချေ သင်္ခါရဖြစ်ပျက်သည် လောကီ ဉာဏ်မျှသာ ဖြစ်ပါသေးသည်။ ထို သင်္ခါရ ဖြစ်ပျက် အာရုံကိုကျော်လွန်၍ နိဗ္ဗာန်ထိအောင်မြင်စွမ်းနိုင်ပါမှ မဂ်ဉာဏ် ဖိုလ်ဉာဏ် ကို ရကြမည်။ သင်္ခါရကို မကျော် မလွန် သေးသော ဝိပဿနာ ဉာဏ်ပညာသည်ကား အနုလောမဉာဏ် တိုင်အောင်

လောကီနယ်တွင် ကျက်စားသွားလာ နိုင်သော ယထာဘူတ ဉာဏ် ဟူ၍ ဆိုရ၏။ ဝပ္ပစကြောဒ္ဒ ပညာဉဒပါဒိအရ ပဇာနာ နှ ပညာဟူ၍လည်း ဆိုရ၏။

## ဝိဇ္ဇာဉဒပါဒိကားအသိနည်း

ဝိဇ္ဇာဉဒပါဒိဟူသောပုဒ်ကို အဌကထာဆရာတို့က၊ ပဋိဝိဇ္ဇ နဌေန ဝိဇ္ဇာဟူ၍ရင်း။ ပဋိဝိဒ္ဓဌေန ဝိဇ္ဇာဟူ၍ရင်း။ ဖွင့်ဆိုကြကုန်၏၊ ဝိဇ္ဇာဉာဏ်ဟူသည်မှာ ပဋိပတ္တိ သာသနာကို ကျော်လွန်၍၊ ပဋိဝေဓသာသနာသို့ ရောက်နေသော အသိဉာဏ်မျိုးဟု ဆိုရ၏။ ပဋိဝေဓသာသနာတော်သည် သောတာပန် အဆင့်အတန်းကိုစ၍ အရဟတ္တဖိုလ် ဉာဏ်တိုင်အောင် ပေါက်ရောက်နိုင်၏၊ ထိုပုဂ္ဂိုလ်သည်၊ သာသနာ(၃)ရပ်တွင်၊ ပဋိဝေဓ သာသနာအဆုံးသို့ ရောက်ပြီဖြစ်၍၊ မဂ်ကိစ္စ-ဖိုလ်ကိစ္စအတွက်၊ ကိစ္စပြီးသွားပြီဟု ဆိုရ၏။

ယခုဘော်ပြနေသော ဝိဇ္ဇာဉာဏ်သည်ကား ကလျာဏ ပုထုဇဉ်အဖြစ်မှ ပဌမရှေးဦးစွာဖြစ်ပေါ်ရသော ဝိဇ္ဇာဉာဏ်ကိုဖော်ပြနေရခြင်း ဖြစ်ပါသည်။ ထိုစကားသည်မှန်၏၊ ယောဂီသည် ရုပ်သင်္ခါရ-နာမ်သင်္ခါရတို့ကို၊ နေ့စဉ်နေ့တိုင်း တွေ့နေရပေသည့် ထိုအတွေ့အထိ အသိတရားတို့ကို၊ သူ့သဘောနှင့်သူ သင်္ခါရဘဲ ဟုဆိုချင်လျှင်လဲဆိုနိုင်၏၊ သို့မဟုတ်ဖြစ်ပေါ်နေသော ရုပ်နာမ် တို့ကို ဓါတ်တရားဘဲဟု ဆိုချင်လျှင်လည်း ဆိုနိုင်၏၊ ထိုနာမ်

ပညာတတ်တို့သည်၊ ဝိပဿနာအရာ၌၊ ပဓါနအားဖြင့် ပြဋ္ဌာန်းမှု မရှိပါ၊ သူသိနေသော သဘောတရားဟူသမျှတို့သည်။ ဘယ်တရားတခုမျှ အမြဲမရှိ ဖြစ်လာပေါ်လာပြီးနောက် ချုပ်ပြောက်ကုန်ဆုံးနေသော တရားမျှသာ ဖြစ်သည်။ မည်သည့်အခါမှ ရပ်တည်မှုကိုမရသော တရားပါတကားဟု ဉာဏ်အမြင်ပေါက်နေသောယောဂီသည်။ ရှေ့ယခင်က ထင်မြင်ယူဆခဲ့သော အအကြမ်းစား အတ္တဒိဋ္ဌိကို စွန့်ပယ်လိုက်နိုင်ပါပြီ။

အနိဒဿနတောအာယန္တိ၊ ဘင်္ဂါဂစ္ဆန္တိအဒဿနံ။
ဥဇ္ဇုပ္ပါဒေါဝအာကာသေ၊ ဥပ္ပဇ္ဇန္တိဝယန္တိစ။
အနိမိါနုဂတာဘင်္ဂါ၊ ပုဗ္ဗာနတ္ထိ အနာဂတေ။

သင်္ခါရာ၊ ရုပ်နာမ်သင်္ခါရတို့သည်။ အနိဒဿနတော၊ မမြင်ရရာအရပ်မှ။ အာယန္တိ၊ လာကြကုန်၏။ ဘင်္ဂါ၊ ဖြစ်ပျက်ပြီးနောက်ချုပ်ပျောက်ကုန်ဆုံးကြလေသော သင်္ခါရတရားတို့သည်။ အနိဒဿနံ၊ မမြင်ရရာအရပ်သို့။ ဂစ္ဆန္တိ၊ သွားရောက် ကျလေကုန်၏။ အာကာသေ၊ ကောင်းကင်အပြင်၌။ ဥဇ္ဇုပ္ပါဒေါဝ၊ လျှပ်စစ်ရောင်ဖြစ်ပေါ်လာသကဲ့သို့၊ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ ဥပ္ပဇ္ဇန္တိစ၊ ဖြစ်လည်းဖြစ်ပေါ်ကြကုန်၏။ ဝယန္တိစ၊ ပျက်လည်းပျက်ကြကုန်၏။ ဘင်္ဂါ၊ ချုပ်ပျောက်ကုန်ဆုံး ကြလေပြီးသော သင်္ခါရတရားတို့ကို။ အနာဂတေ၊ နောင်သောအခါ၌။ အနိမိါနုဂတာ၊ သိုမှီးစုဆောင်း၍ ထားအပ်သော။ ပုဗ္ဗာ၊ အစုအပုံသည်။ နတ္ထိ၊ မရှိချေ။

အဓိပ္ပါယ်ကို လေးလေးနက်နက် စဉ်းစားသော်၊ သင်္ခါရတရားတို့သည် ပြစရာမရှိသောသုညမှ တွက်ပေါ် လာကြသည်၊ ချုပ်ပျောက်ကုန်ဆုံးကြသော သင်္ခါရတို့၏လားရာ အရပ်သည် မထင် ကောင်းကင်အပြင်၌၊ လျှပ်စစ်ရောင် ဖြစ်ပေါ်သကဲ့သို့ သင်္ခါရတရားသို့သည်၊ ဖြစ်ပျက်နေကြသည်၊ နောင်အခါအသုံးပြုရန် စုပုံထားခြင်းသည်လည်း မရှိဟုဆိုထားသည်၊ ယခုလက်တွေ့အားဖြင့်၊ အဇ္ဈတ္တအသွင်သဏ္ဌာန်၌ အမှန်မရှိ ပြစရာလုံးဝမရှိသောတရားဟုယောဂီများသိနေတော့သည်။ ဤအသိမျိုးအမြင်မျိုးဖြင့်၊အဇ္ဈတ္တဒိဋ္ဌိ၊ အကြမ်းစားမျိုးကိုပယ်ထားနိုင်ပါသည်၊

ထိုသို့ သိနေသော်လည်း ယုံမှားသံသယ ဖြစ်ဘွယ်ရာကားရှိနေသေးသည်။ သဏ္ဌာနပညတ် ကိုယ်ခန္ဓာကြီးကား နဂိုမူလအတိုင်းတည်ရှိနေလေသည်၊ ဿနမပြိုမကွဲသဖြင့် တပေါင်းဘည်းတစည်းတည်း ထင်နေတတ်သေးသည်

အချို့သော ယောဂီများ၊ ဿနကို ဖြိုခွဲဖျက်ဆီး လိုက်သောအခါ သူ၏ဉာဏ်အမြင်မှာ အနုမြူ ပရမာအနုမြူ အဖြစ်၌ရုပ်တရားတို့ကြွင်းကျန်၍ နေကြပြန်လေသည်။ ထိုပရမာအနုမြူအောက်တိုင်အောင်၊ ဉာဏ်နှင့်ဖြိုခွဲ ကြည့်လိုက်သော အခါရုပ်ဟုဆိုစရာလည်း မရှိတော့ပြီ။ နာမ်ဟုဆိုစရာလည်း ဘာမှမရှိတော့ပြီ။ ကောင်းကင်ပြင်ကြီးကဲ့သို့ ထင်နေလေတော့သည်၊

ထိုသို့ထင်မြင် သောအခါ လောကလူသားတို့ အနေအားဖြင့် ဘာမျှမရှိသောတရားကို လက်ခံနိုင်ကြမည်လော လူသား

တို့အတွေးအခေါ် အမျှော်အမြင်နှင့် အံ့ဝင်ဂွင်ကျ မဖြစ်နိုင်တော့ပေ။ ရုပ်တရားတို့သည် အတွင်းအပ (၂)ဌာနတို့၌ ထင်ရှားနေသော သဏ္ဍာနပညတ်ဆီသို့ စိတ်ကတဖန်ပြန်၍ ညွတ်နေကြပြန်သည်။ ယခုအခါ၌ ဉာဏ်အမြင်မှာ တစုံတခုမျှလက်ဆုတ်လက်ကိုင် ပြုနိုင်စရာ မရှိဟူသော တရားကို လက်မခံနိုင်သေးပါ၊ လူ၏ဘဝ လူလောကကြီးသည် အချည်နှည်းဖြုံးတီးပျက်စီးသွားခြင်းကို လက်မခံလိုကြပေ၊ သင်္ခါရတို့၏ဖြစ်ပေါ်ရာမူလဘူတဖြစ်ရာ ဌာနတခုတော့ ရှိရလေဦးမည်ဟု သူ၏စိတ်၌သံသယ ရှိနေလေသည် ဘဝသံသရာ၌ ကျင်လည် ကျက်စားသွားလာတတ်သော ငါကောင်အတ္တကိုရှာမှီးနေ၏ ထိုသို့ရှာမှီးနေမသော်လည်း ထိုငါကောင် အတ္တသည်ကား စိတ်ကူး ကြံစည်ခြင်းမျှသာ ဖြစ်နေတော့သည်။ ဝိပဿနာ ဉာဏ်နှင့် ကြည့်ရှုသောအခါ၊ ပထဝီဓါတ်ကိုရှုကြည့်၊ အာပေါဓါတ်ကို ရှုကြည့်၊ တေဇောဓါတ်ကိုရှုကြည့်၊ ဝါယောဓါတ်ကိုရှုကြည့်၊ သတိပဋ္ဌာန်း (၄)နှင့်ရှုကြည့်၊ ဘယ်ဝိပဿနာနှင့်ဘဲရှုရှု၊ အတ္တဘဲဟု စွဲယူစရာမရှိ၊ ဖြစ်ပေါ် နေကြသော ဓါတ်သဘာဝ သင်္ခါရတို့သည်၊ ကောင်းကင် အပြင်၌ ဖြစ်ပေါ် နေကြသော လျှပ်စစ်အလင်းရောင်ကဲ့သို့ ပေါ်လာပြီးနောက် ချုပ်ပျောက်ကုန်ဆုံး နေသောသဘောကိုသာ မြင်နေတော့သည်။ ပရမာအနှုံမြူမျှ ရှိသေးသည်ဟု ဆိုနိုင်လျှင် ထိုပရမာအနှုမြူသည်။ ရုပက္ခန္ဓာဖြစ်၍ နေပေလိမ့်မည်။ ရုပက္ခန္ဓာဖြစ်နေသေးလျှင်၊ အနိစ္စ-ဒုက္ခ-အနတ္တာအဖြစ်သို့ရောက်နေသော သင်္ခါရတရား၊ ပဋိစ္စသမုပ္ပန်တရားတို့သာဖြစ်နေကြ၏၊ ထိုသင်္ခါရကိုပညတ်ယူ၍ သိထားပါ (သင်္ခါရဘိက္ခ

ဝေ အနိစ္စာသင်္ခတာ ပဋိစ္စသမုပ္ပန္နာ၊ ခယဓမ္မာ-ဝယဓမ္မာ- ဝိရာဂဓမ္မာ)ဟူ၍။ ဟောတော်မူသည်။ ချစ်သားရဟန်းတို့ သင်္ခါရတို့သည် အမြဲမရှိကုန်၊ သင်္ခတဟုဆိုအပ်သော ပရမတ္ထရှိ၏ ထိုသင်္ခတပရမတ္ထကိုစွဲ၍ဖြစ်သော ပဋိစ္စသမုပ္ပန္န တရားတို့သာတည်း၊ ကုန်တတ်ပျက်တတ်သော တရားဖြစ်၍ ဝိရာဂဓမ္မ တဒင်္ဂ တခဏ မျှသာဖြစ်၍ ချုပ်ဆုံးတတ်သောတရားဟူ၍ ဟောတော်မူသည်။

စက္ခုံ့စ ရူပေစ၊ ပဋိစ္စဥပ္ပဇ္ဇတိ၊ စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ-ဝေဒနာ၊ ဝေဒနာပစ္စယာ-တဏှာ။ ပ။ ဧဝမေတဿ- ကေဝလဿ၊ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

ပါဠိကို ထောက်ကြည့်။ မျက်စိဆိုဒါလဲ ရုပ်သင်္ခါရပါဘဲ၊ ရူပဆိုတဲ့ အဆင်းရုပ်ကလဲ သင်္ခါရပါဘဲ စက္ခုဝိညာဏ် ဆိုတဲ့ ဝိညာဏ်အသိစိတ်ကလဲ သင်္ခါရပါဘဲ ထိုသင်္ခါရတို့ဟာ မရှိတဲ့ တရား၊ မမြဲတဲ့တရား၊ ဥပ္ပဇ္ဇတိပါဠိက ဖြစ်ပေါ်တဲ့ တရားဘဲဟု ညွှန်ပြထားပါတယ်။ ပြန်စဉ်းစားလျှင် ဖြစ်တယ်ဆိုဒါက အကျိုး သင်္ခါရတရားပါဘဲ၊ ဖြစ်ပေါ်ရာဌာန ဝါစုံတခုမရှိဘဲ နှင့် (လောကကြီးသည်၊ မဖြစ်နိုင်ရာ) လောကကို ဖြစ်စေတတ်သော ပရမတ္ထတရားကို ရှာကြည့်ရ လေဦးမည်။

လောကကို ဖြစ်စေတတ်သော အရှိ ပရမတ္ထ တရားမျိုးသည် ပြကတေ့အားဖြင့် ငြိမ်သက်စွာ “ သည်းဆိပ် ” နေသော တရားမျိုး ဖြစ်သည် အကြင် အခါ၌ အကြောင်း သင်္ခါရ ဟု ဆိုအပ်

သော တစ်ခုတခုသော အကြောင်းတို့က ပြုပြင်လိုက်သောအခါ မြစ်ရေအပြင်၌ လှိုင်းထပိုးတို့ ထွက်ပေါ် လာသကဲ့သို့ အကျိုးဖြစ်သော သင်္ခါရ တရားတို့သည် ထွက်ပေါ်၍ လာကြကုန်၏။ ဥပမာဒေါ် သင်္ခါရော ပါဠိကို “သတိ”ရှိပါစေ၊ ဥပမေယျ၏ အကြောင်း သင်္ခါရ ကြောင့် ဖြစ်ပေါ် ခြင်းသည်။ သင်္ခါရော အကျိုး သင်္ခါရ မည်၏။ အဓိပ္ပါယ်ကို ကျယ်ပြန့်စွာ ဆင်ခြင်ကြည့်ပါ။

မြစ်ရေအယဉ်သည် တသွင်သွင်စီးလျက် ငြိမ်သက်နေသောအခါ မြစ်ရေ အယဉ်သည် အရှိ သဘော၌သာ တည်ရှိနေ၏။ လှိုင်းထပိုးတို့မှ သဉ်းဆိပ်နေသောကြောင့် လှိုင်းထပိုးရှိသည်ဟု မဆိုအပ် သဉ်းဆိပ်နေသည်ဟုသာ ဆိုအပ်၏။

အကြင်အခါ၌ အရှိသဘော ဖြစ်သော မြစ်ရေ အယဉ်မှ လှိုင်းထပိုးတို့သည် တက်ပေါ်၍ လာကြကုန်၏။ ထိုအခါ မြစ်ရေအယဉ် အဖြစ်မှ လှိုင်းထပိုး အဖြစ်သို့ တခဏချင်း ပြောင်းလဲ၍ သွားရလေသည်။ “စဉ်းစားကြ” လှိုင်းတပိုးသည် မြစ်ရေအယဉ်မှ သီးခြား မဖြစ်ပါ။ မြစ်ရေအယဉ်သည်ကား လှိုင်းထပိုး မရှိသော်လည်း သီးခြား တည်နေလေသည်။ မြစ်ရေ အယဉ် သည် အောက်အကြည်သို့ စီးမြဲ စီ ဆင်း နေသော်လည်း လှိုင်းထပိုး သည်ကား အထက်သို့ ဆန်တက်သောအခါလဲ ရှိ၏ ဖိလာ သွားနေသော အခါလဲ ရှိ၏။ အောက်အကြည်သို့သွားနေသော အခါလဲရှိ၏။ ထိုလှိုင်းထပိုးတို့သည် မိမိတို့သဘော

အလျောက် ထွက်ပေါ်လာသော လိုင်းထပိုးမျိုးကား မဟုတ်ချေ။ လိုင်းထပိုးကို ဖြစ်ပေါ်စေတတ်သော ဝါယောဓာတ်ခေါ် လေကလုပ်ရှားတွန်းကန်ပေးသောကြောင့် သာ မြစ်ရေအယဉ်မှ လိုင်းထပိုးထွက်ပေါ်လာရသည်။

ယခုဖေါ်ပြခဲ့သော မြစ်ရေအယဉ်နှင့် (လိုင်းထပိုး) လိုင်းထပိုးကို ဖြစ်ပေါ်စေသော ဝါယောဓာတ်ခေါ် လေဓာတ်တို့သည်။ သုံးထောင့် (တြိဂံ) ပုံသဏ္ဌာန်ဖြင့် တည်ရှိကြကုန်၏။

(က)။ လိုင်းထပိုး ထွက်ပေါ်ရာ မူလ ပင်ရင်း ဌာန တခုဖြစ်၏။

(ခ)။ လိုင်းထပိုး သည် အကြောင်းမရှိဘဲ ထွက်ပေါ်နိုင်သော သဘော သတ္တိ မရှိချေ။

လေဓာတ်က လှုပ်ရှားတွန်းကန်မှု ပြုလုပ်သော အခါမျိုး တွင်သာ လှိုင်းထပိုး အဖြစ်သို့ ရောက်လာရ၏။ ထို လှိုင်းထပိုးတို့သည် အမြဲတည်နေနိုင်သော သဘောမရှိချေ။ ဖြစ်ပျက်သဘောမျှသာ ရှိကြကုန်၏။ လေဓာတ်က လှုပ်ရှားတွန်းကန်ပေးသောအခါ၌သာ လှိုင်းထပိုးတို့သည် ထိုမြစ်ရေအပြင်၌ပင် ကွယ်ပျောက် ချုပ်ငြိမ်းကြလေသည်။

(ဂ)။ လေဓာတ်သည် လှိုင်းထပိုး ဖြစ်ပေါ် စေရန် အကြောင်းတရား အဖြစ်၌ တည်ရှိ၏။ လှိုင်းထပိုးသည် အကျိုးတရား ၌ ပါဝင်နေရသည်။

လှိုင်းထပိုးသည်လည်းဖြစ်ပျက်သဘော ဝါယောဓာတ် ခေါ် လေဓာတ်သည်လည်း ဖြစ်ပျက်သဘော (၂) ပါးစုံတည်ငြိနိုင်သော သတ္တဝါမရှိနိုင်ကြချေ။

အကြောင်းတရားနှင့် အကျိုးတရား (၂) ပါးစလုံး ပျက်နေကြသော 'ဖြစ်ပျက်' တရားဟု ဆိုလိုသည်။ ယောဂီသည်။ ဝိပဿနာ ဉာဏ်အမြင်ဖြင့် အကျိုးသင်္ခါရ အကြောင်းသင်္ခါရ (၂) ပါး စလုံး "ဖြစ်ပျက်" သဘောတရားကို ကိုယ်တွေ့ ဉာဏ်တွေ့အားဖြင့် တွေ့ရပေလိမ့်မည်။

ထပ်၍ ဆိုဦးအံ့ ကြိုဂ ပုံစံ၌ ဥပမာ ကိုကြည့်၍ ဥပမေယျ ဖြစ်သော သင်္ခါရ ရုပ် နာမ် တို့ကို ဆင်ခြင်ရမည်။

(က)။ အရှိ ပရမတ္ထ တရား စစ်စစ်သည် မြစ်ရေယဉ်နှင့် တူ၏။ ထိုအရှိကို သင်္ခတ ဓာတ်ဟု မှတ်ပါ၊

(ခ)။ ရုပ်သင်္ခါရ နာမ် သင်္ခါရ တို့သည် လှိုင်းထပိုး ကဲ့သို့ ထွက်ပေါ် လာတတ် သော ကြောင့် လှိုင်းထပိုးနှင့် တူသည်ဟု မှတ်ပါ။

(ဂ)။ ထိုသင်္ခါရရုပ် သင်္ခါရနာမ် လှိုင်းသပိုးတို့သည် အလိုအလျောက် ထွက်ပေါ်ကြသည်ကား မဟုတ်ပေ။ အာရုံဝတ္ထု တခုခုတို့ဖြင့် တွေ့ထိ တိုက်ဆိုမိသောအခါ ထွက်ပေါ်လာကြသော သင်္ခါရ လှိုင်းထပိုးတို့သာဖြစ်ကြကုန်၏။ အာရုံဝတ္ထုတို့သည် ဝါယောဓာတ် ခေါ် လေနှင့် တူ၏၊ 'အထူး' သတိပြုရန် အချက်မှာ။

မြစ်ရေအယဉ်မရှိရာတို့၌ လှိုင်းထပိုးတို့သည်ဘယ်နည်းနှင့် မျှ မထွက် မပေါ် နိုင်ချေ၊ မြစ်ရေ အယဉ်ရှိမှသာ လှိုင်းထပိုးတို့ ထွက်ပေါ်ကြကုန်၏၊

လောကကို ဖြစ်ပေါ် စေတတ် သော အရှိ ပရမတ္ထ တရားသည် တစုံတခုသော အနေအားဖြင့် မရှိခဲ့သော် ရုပ် သင်္ခါရ နာမ် သင်္ခါရ လှိုင်းထပိုးတို့သည် ဘယ်နည်းနှင့် မျှ ထွက်ပေါ် နိုင်လိမ့်မည် မဟုတ်ချေ၊ လောကကို ဖြစ်စေတတ် သော အရှိ ပရမတ္ထ တရား ထင်ရှားစွာရှိမှကြောင့်သာ လူ့ဇာတိ ပလူ့ဇာဘိဝိလောကော သဘောအရ သင်္ခါရလောက ထွက်ပေါ်လာနိုင်သည် ထိုအခါ ပရမတ္ထ ဓမ္မသည် အဘယ်နည်း ဟု မေးခဲ့သော် လူတို့ သိလောက် အောင် ပုံ သဏ္ဌာန် အထည်ဒြပ် မရှိသောကြောင့်ရင်း၊ လူတို့ သိလောက် သော ဝေါဟာရ သဒ္ဒါ သမုဘိသစ္စာ အားဖြင့်ရင်း၊ တစုံတခု လက်ဆုတ်လက်ကိုင်မပြနိုင်သောကြောင့် သုည ဟူ၍သာ သိသား ကြလေသည်။ သိ

ထားသည်အတိုင်း သုည ဘဲ ဟူသော ဝေါဟာရဖြင့် သာ သုံး နှုံးရလေသည်။

သုည ဟူသော ဝေါဟာရကို အသုံးပြုလိုက်သော အားဖြင့် ဘာတခုမျှ မရှိသောတရား ဟူ၍ မထင်မှတ်ရာ "ဓမ္မကာယ" ရှိသည်ဟု မှတ်ရာ၏။ ဘာမှ မရှိ သော သုည အချည်းနှီး သော သုည ဟု ထင်မှတ်ခဲ့သော် ဥစ္ဆေဒဒိဋ္ဌိ အယူသို့ ရောက် သွား ပေလိမ့်မည်။

တစုံတခုသော အထယ်ဒြပ် ပုံ သဏ္ဌာန် အားဖြင့် ရှိသည်ဟု ယူဆခဲ့သော် အတ္တ သဿတဒိဋ္ဌိအယူသို့ ရောက်သွားပေလိမ့်မည် သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ (၂) ပါးတို့၏ အလယ်၌ မြင်ခြင်းသည် သမ္မာဒိဋ္ဌိ အမြင်မျိုး ဖြစ်လေသည်။ ထို သမ္မာဒိဋ္ဌိ အမြင် မှန်ဖြင့် မြင်ရသော အမြင်မျိုးမှာ ကိုင်၍ ပြစရာ ဘာ တခုမျှ မရှိသော ဓမ္မကာယ သန္တတိကို သုည ဟူ၍ မြင်၏။

လောကကို ဖြစ်စေတတ်သော အရှိ ပရမတ္ထ တရားကို သုည ဘဲဟု မြင်တတ်သော ဉာဏ်သည် ဂေါတြဘူ ဉာဏ် မည်၏။ အန္ဓဗာလ ပုထုဇဉ်အဖြစ်မှ ကလျာဏ ပုထုဇဉ်အဖြစ်သို့ ပြောင်း သွားခြင်းသည် (ဝါ) အန္ဓဗာလ အနွယ်ကိုဖြတ်၍ ကလျာဏ ဂိုဏ်းသို့ ပြောင်းသွားခြင်းကြောင့် ဂေါတြဘူ ဉာဏ် မည်၏။ မဂ်ဉာဏ် ဖိုလ်ဉာဏ် နှင့် အနီးကပ်ဆုံးသော နေရာသို့ ရောက် နေပြီး ဖြစ်သော ကြောင့် မဂ် ဖိုလ်သို့ ရောက်ရန် လျှော်ကန်

လျှောက်ပတ်သောကြောင့် ၎င်း၊ အချို့သော ဒေသနာတော်တွင် အနုလောမ ဉာဏ် ဟူ၍လည်း ဟောကြား ခဲ့လေသည်။ အနုလောမ ဉာဏ် နှင့် ဂေါတြဘူ ဉာဏ်မှာ နက်တူ သံကွဲ သဘောမျှသာ ကွာခြားကြသည်ဟု ထင်၏။

လောကကို ဖြစ်စေတတ်သော ပရမတ္ထ အရှိ တရားကို သူညဟုမြင်လိုက်ခြင်းသည်။ တကြိမ်မျှသာမြင်ခွင့် ရှိလေသည်။ အရိယာမဂ်သို့ကား မဆိုက်ရောက်သေးပေ....။

ဂေါတြဘူဉာဏ်ဖြင့် လောကကိုဖြစ်စေတတ်သော တရားကို "သုည"ဟုမြင်ရပြီးနောက် မဂ်ဉာဏ်ဖြင့် လောက၏ ချုပ်ငြိမ်းရာဖြစ်သော အရှိပရမတ္ထစစ်စစ် "အသင်္ခတ" ဓာတ်ဆိုဒါလဲ "သုည" တရားပါဘဲဟု မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် မြင်ရလေသည်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် မြင်ရသော အသင်္ခတဓာတ် နိဗ္ဗာန်၌ ရုပ်သင်္ခါရနာမ်သင်္ခါရ ဒွန္ဒာ အာယတန-သင်္ခါရဟူသမျှတို့ကင်းရာ-ချုပ်ရာ-ငြိမ်းရာဖြစ်၍ မည်သည့်သင်္ခါရတို့ ဖြစ်ဘူးပြီ။ ဟူ၍လည်း မဆိုအပ်-မည်သည့် သင်္ခါရမျိုးတို့သည် ဖြစ်ပေါ်လတ္တံ့ဟူ၍လည်း မဆိုအပ်၊ မည်သည် သင်္ခါရမျိုးတို့ကားဖြစ်ပေါ်ဆဲ၌လည်း မဆိုအပ်-အချင်းခပ်သိမ်း သင်္ခါရတို့မှ သုဥ်းဆိပ်နေသော တရားမျိုးသာဖြစ်၏။

ပြန်၍စဉ်းစားပါ-လောကကိုဖြစ်စေတတ်သော အရှိပရမတ္ထတရားစစ်စစ်ကား "သင်္ခတ" "သုည" ထိုသုညသည် ဂေါတြဘူဉာဏ်၏ အာရုံဖြစ်လေသည်။

လောကကို မဖြစ်စေတတ်သော အရှိ ပရမတ္ထ စစ်စစ်ကား "အသင်္ခတ" သည်သာတည်း။ ထိုသည်သည် သောတာပတ္တိမဂ်ဉာဏ်၏ အာရုံ ဖြစ်သည်။ ဤသို့အားဖြင့် "သင်္ခတသည်" "အသင်္ခတသည်" (၂) ပါးတို့၏ ထူးခြားပုံကို သိမြင်အောင် ပွားများအားထုတ်ကြပါလေ။

အတ္ထိ ဘိက္ခဝေ အဇာတံ၊ အဘူတံ၊ အကတံ၊ အသင်္ခတံ၊

ဟူ၍ ဣတိဝုတ်ပါဠိတော် ဒုကနိပါတ်ဒုတိယတ်၌ ဟောထားလေသည်။

ဘိက္ခဝေ ရဟန်းတို့၊ အဇာတံ အကြောင်း ညီညွတ်သဖြင့် ဖြစ်ပေါ်မှုမရှိသော အဘူတံ မဖြစ်ပေါ်ဘူး ထူးထူးချွန်ချွန်ဖြစ်ပေါ်ရန်လည်းကင်းထသော အကတံ တစုံတခုသော အကြောင်းသည် မပြုအပ်သော "အသင်္ခတံ" အသင်္ခတဓာတ် မြတ်သော နိဗ္ဗာန်သည် အတ္ထိ ပရမတ္ထအားဖြင့် ထင်ရှားကေန် အမှန်ရှိ၏။

ဤပါဠိဖြင့် မဂ်ဉာဏ်ခဏ၌ မျက်မှောက်ပြုရသောအသင်္ခတကို ရည်၍ ဟောထားလေသည်၊ ထိုအသင်္ခတဓာတ်ကို အဇာတ၊ အဘူတ၊ အကတ ဟူသောပုဒ်တို့ဖြင့် ဝိသေသနပြု၍ အထူးတန်ဆာဆင်ထားသည် ထိုဝိသေသန ပုဒ်သည် ဇာတ၊ ဘူတ၊ ကတ ဟူသော ပုဒ်တို့ကို ဆန့်ကျင်သော ပုဒ်များ ဖြစ်သည်။ သို့ကြောင့် သင်္ခါရလောကကိုဖြစ်စေတတ်သော အရှိပရမတ္ထသင်္ခတ တရားမျိုးလုံးဝမဟုတ်ကြောင်းကိုဖော်ထုတ်၍ပြခြင်းပင်တည်း။

ဂေါတြဘူဉာဏ်နှင့် အနုလောမဉာဏ်(၂)ခုတို့သည် မကွဲမပြား သဘောတူညီခြင်းကိုရင်း၊ ဂေါတြဘူဉာဏ်တို့ထူးခြားပုံကိုရင်း အောက်၌ ပါရှိသော ပဋိသမ္ဘိဒါမဂ် ပါဠိတော်ကို ထောက်ဆ၍ ဆင်ခြင်ကြပါ။

ပဉ္စက္ခန္ဓေ သင်္ခတတော ပဿန္တော အနုလောမိကံ ခန္တိံ။ ပဋိလဘတိ၊ ပဉ္စန္နံ ခန္ဓာနံ နိရောဓော နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တ နိယမံ ဩက္ကမတိ။

ပဉ္စက္ခန္ဓေ ခန္ဓာငါးပါးတို့ကို "သင်္ခဟတော" သင်္ခတအားဖြင့် ဝါ ခန္ဓာငါးဘန် ရုပ်နာမ်သင်္ခါရထွက်ပေါ်ကြရာ ပင်ရင်းဌာန "သင်္ခတ"ကို သူညအားဖြင့် ပဿန္တော မြင်သော ယောဂီသည်(ဝါ)ပဿန္တော ဝိပဿနာဉာဏ်ကို ကျော်လွန်ထိုးဖောက် အနုလောမဉာဏ် အမြင်သို့ရောက်သော ယောဂီသည် အနုလောမိကံမဂ်ဖိုလ်အားလျော်သော ခန္တိ နှစ်သက်တတ်လော ဂေါတြဘူဉာဏ်ကို ပဋိလဘတိတဖန်ရ၏၊

ပဉ္စန္နံ ခန္ဓာနံ ခန္ဓာငါးပါးတို့၏ နိရောဓော ချုပ်ငြိမ်းခြင်းသည်၊ နိဗ္ဗာနံ နိဗ္ဗာန်တည်း၊ ဣတိ ဤသို့ ပဿန္တော မြင်သော ဟောဂီသည် ( ဝါ ) ပဿန္တော မဂ်ဉာဏ်ခဏ နိရောဓကိုသူည အချိဉာဏ်မြင်သိသော ယောဂီသည်၊ သမ္မတ္တနိယမံ အရိယာမဂ်ဉာဏ်မြဲမြံနိုင်လှ မဂ်လမ်းမသို့ ဩက္ကမတိ မုချပုံသေ၊ သက်ရောက်လေ၏။

**အဓိပ္ပါယ်**ကို သိလွယ်ရုံ ရှာသော်–ပဉ္စက္ခန္ဓာ·ပုဒ်၏ အနက်ကို သူငါ့ကစ သိလွယ်မြင်လွယ်ကြသည် ပုဒ်ဖြင့် **ခန္ဓာ**ငါးပါးကို **ဖော်**ပြသော ပဉ္စက္ခန္ဓာပါဠိနှင့် အရတူ သဘောချင်းတူ သလိုလို ထင်မိယောင်မှား ဖြစ်နိုင် လေသည်။ ဤနေရာ၌ သင်္ခါရတရားနှင့် သင်္ခတတရားတို့သည် မတူ ထူးခြားကွဲပြားမှု ရှိပါသလော သို့တည်းမဟုတ် သင်္ခါရလဲ သင်္ခတ သင်္ခတလဲ သင်္ခါရ အတူတူပင်ဖြစ်၍ ပေါဟာရမျှသာ ကွာခြားလျက် တရားသဘောမှာ အတူတူပင် ဖြစ်ပါလေသလောဟု သံသယ ဖြစ်နိုင်လေသည်။

ပဉ္စက္ခန္ဓေ သင်္ခတတော ဤစာ(၂)ပုဒ်အရတူခဲ့သော် ခန္ဓာ (၅) ပါးကို (ခန္ဓာ) (၅) ပါးမြင်သောသူဟု အဓိပ္ပါယ်သက်ရောက်နေသော် အူကြောင်ကြောင်ဖြစ်နေပေလိမ့်မည်။

အမှန်စင်စစ် **အား**ဖြင့် ခန္ဓာ (၅) ပါးသည်၊ အရှိတရား မဟုတ်ဘဲ အဖြစ်တရားမျိုးသာပေသည်။ ရှေ့က ပြဆိုခဲ့သော တြိဂံပုံကိုပြန်၍ ကြည့်က သိသာနိုင်သည်။

ပဉ္စက္ခန္ဓာ အနိစ္စ ဒုက္ခာ အနတ္တာ ဤသို့ဆိုသော် ခန္ဓာ (၅) ပါးတို့သည် အနိစ္စမျိုး ဒုက္ခမျိုး အနတ္တမျိုးဟု ယောဂီတို့သိကြ၏။

ထိုနည်းအတူ သဗ္ဗေသင်္ခါရာ အနိစ္စာ ဒုက္ခာ အနတ္တာဟု ဆိုသော် ခန္ဓာ(၅)ပါးတို့သည်၊ သင်္ခါရ အနိစ္စ ဒုက္ခ အနတ္တမျိုး

တွင် ပါဝင် နေ တော့ သည်။ ထို့ကြောင့် သင်္ခါရ တရားနှင့် သင်္ခတတရားကို အတူတူဘဲ ဘာမျှထူးခြားချက် မရှိဟု မဆိုရ၊ သင်္ခါရနှင့် သင်္ခတကို အမြင်ခြားနား၍ မြင်စေလိုသောကြောင့်။

ပဉ္စက္ခန္ဓေ သင်္ခတတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ ဟုဆိုလေသည်။ ပဉ္စက္ခန္ဓာကို ဝိပဿနာဉာဏ်ဖြင့် မြင်ခဲ့ရလေပြီ၊ ထိုပဉ္စက္ခန္ဓာသည်၊ ဥပ္ပါဒ သင်္ခါရမျိုးသာဖြစ်၏။ အရှိတရား အမြဲတရားမဟုတ်ချေ။ အဖြစ်တရား သင်္ခါရ၊ ထိုသင်္ခါရ တို့ထွက်ပေါ်ရာဌာနကို စူးစမ်းဆင်ခြင်လိုက်သောအခါ သင်္ခါရ အာရုံကိုလွှတ်၍ သင်္ခတတရားကို ဉာဏ်အမြင် ပေါ်လေသည်။ ဤသို့ ဉာဏ်အမြင် ပြောင်းသွား ခြင်းကိုပင် အချို့နေရာ၌ ဂေါတြဘူ ဉာဏ်ဟု ဆိုသည်၊ ဤစာပုဒ် အလိုအားဖြင့် အနုလောမဉာဏ်ဟုဆိုသည်။

သင်္ခတတရားသည် လောကကို ဖြစ်စေ တတ် သော အရှိ ပရမတ္ထစင်စစ်ဖြစ်သောကြောင့် သပစ္စယ တရားမျိုး ဟူ၍ရင်း၊ ပဋိစ္စသမုပ္ပန္နတရားမျိုးဟူ၍ရင်း ဟောထားခဲ့လေသည်။

ထပ်၍ဆိုဦးအံ့။ ကောကကို ဖြစ်စေ တတ်သော သင်္ခတ ပရမတ္ထတရားသည် "ဟေတု" အကြောင်းအဖြစ်၌ တည်ရှိနေသည်၊ "ပစ္စယ ဥပ္ပထမ္ဘက" အကြောင်းကို ရလေသော် ဖြစ်ပျက်သင်္ခါရတရားတို့သည် အကျိုး၏အဖြစ်ဖြင့် ထွက်ပေါ်လာကြကုန်၏။

အကျိုးတရားဖြစ်သော သင်္ခါရတို့၏ မမြဲသောသဘောကို သိရသဖြင့် ဟေ တုအကြောင်း ဖြစ်သော တရားတို့ ကိုလည်း အကျိုးတရားမှထောက်ဆ၍ မမြဲဟုသိရ၏။

တိဏ္ဏံမာနံ ဘိက္ခဝေ၊ သင်္ခတာ၊ သင်္ခတ လက္ခဏာနိ၊ ကတမာနိတိဏ္ဏံ ဥပ္ပါဒေါ ပညာယတိ ဝယော ပညာယတိ ဌိတဿ၊ အညထတ္တံ ပညာယတိ။ ဟူ၍ဟောတော်မူသည်။

ထိုသင်္ခါရတို့သည် ဖြစ်ပေါ်တတ်သော သဘောလက္ခဏာ နှင့် မကင်းသေးရကား အဖြစ်တရားတွင် အကြုံးဝင်နေ လေသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ သင်္ခတဿ၊ လောကကို ဖြစ်စေတတ် သော သင်္ခတတရား၏။ သင်္ခတလက္ခဏာနိ၊ မှတ် ကြောင်း ဖြစ် သောလက္ခဏာတို့သည်။ တီဏိ၊ ဤသုံးပါးတို့ပေတည်း။ ကတမာနိတိဏ္ဏံ၊ အဘယ်သုံးပါးတို့ နည်းဟူမူကား။ ဥပ္ပါဒေါ၊ သင်္ခါရတို့ ဖြစ်ပေါ်ခြင်းသည်၊ ပညာယတိ။ ထင်၏၊ ဝယော ပျက်စီးခြင်းသည်၊ ပညာယတိ၊ ထင်၏၊ ဌိတဿ၊ ရပ်တည်မှု၏။ အညထတ္တံ၊ ဖောက်ပြန် ပျက်စီး ဇရာနှိုးသဖြင့် တနည်း တဖုံ ဖြစ်ပေါ်ခြင်းသည်။ပညာယတိ၊ ထင်၏။

သင်္ခါရတို့၏ ဥပါဒ်၊ဌီ၊ဘင်ဟူ၊ဆိုအပ်သော မှတ်ကြောင်း လက္ခဏာ(၃)ပါးတို့ကို ကိုယ်တွေ့ဉာဏ်မြင်အားဖြင့် သဘော

ပေါက်နိုင်ကြမည်ဖြစ်သော်လည်း သင်္ခါရတရားမျိုးကဲ့သို့သိမှတ်ရန် လွယ်ကူသောတရားမျိုးမဟုတ်သော "သင်္ခတ" တရားသည် ယောဂီ၏ ဉာဏ်အမြင်ခံမျှသာဖြစ်ပါ၏။ စမ်းသပ်ကိုင်ကြည့်၍ မတွေ့မထိ ကောင်းသောတရားမျက်စိဖြင့် ကြည့်သော်လည်း မြင်နိုင်သောတရားမျိုးလည်းမဟုတ်ပေ၊ ဉာဏ်အမြင်ခံသက်သက်မျှသာ ဖြစ်သော "သင်္ခတ" တရားသည် သင်္ခါရတရားကဲ့သို့ ဥပါဒ်-ဌီ-ဘင်ဟုဆိုအပ်သော မှတ်ကြောင်းလက္ခဏာအားဖြင့် အဘယ်မှာရနိုင်ပါအံ့နည်း သိပ္ပံပါရဂူကြီးတွေအဆပေါင်းများစွာပုံကြီးချဲ့၍ ကြည့်နိုင်သော မှန်ပြောင်းကြီးဖြင့် ကြည့်ရှုသော်လည်း လောကကိုဖြစ်စေတတ်သော သင်္ခတ ပရမတ္ထ စစ်စစ်ကို သိနိုင်မြင်နိုင် ကြမည်ကား မဟုတ်ချေ မြင်နိုင်ပါသည်ဟု အကယ်၍ ဆိုငြားအံ့။ သင်္ခတဓါတ်ကို မြင်သည်ဟု မဆိုနိုင်ပါ သင်္ခါရအဖြစ်သို့ ရောက်နေသော ရုပ်ဝတ္ထုကို မြင်ရခြင်း သာဖြစ်ပေလိမ့်မည်။ မှန်၏ပရမာအဏုမြူမျှ မြင်ရသော ရုပ်သဘာဝတို့ကိုလည်း သင်္ခါရရုပ်ဖြစ်၍ ရုပကန္ဓာကိုသာ တွေ့မြင်ရပေလိမ့်မည်။ ထိုသင်္ခါရတရားတို့၏၊ ဉပ္ပဒဝယကိုထောက်ဆသဖြင့် ထိုသင်္ခါရတို့၏ ထွက်ပေါ်ရာ သင်္ခတ တရားတို့၏ ဥပ္ပါဒေါ် ပညာယတိ ဝယောပညာယတိ ဌိတဿအညတတ္တံ ပညာယတိ ဟူသော ပရိယတ်ဒေသနာတော်ကို သဘောပေါက်အောင် ဆင်ခြင်၍ ဉာဏ်အမြင်အလင်းရဘို့လိုလေသည်။

ဤနေရာတွင် ပရိယတ္တိ ပညာရှင်တို့ ဆင်ခြင် နိုင်းဆ၍ အဓိပ္ပါယ်ကို ဟုတ်သည် မဟုတ်သည်ကို ဝေဘန်ကြရန် အောက်ပါအတိုင်း ထုတ်ဆောင်လိုက်ပါသည်။

(သင်္ခတာဓမ္မာ) သင်္ခတာ၊ ကံစိတ်ဥတု အဟာရ တည်းဟူသော အကြောင်း တရားတို့သည် ပြုပြင်အပ်ကုန်သော။ ဓမ္မာ နိသတ္တ နိဇ္ဇီ၀ သဘာ၀ါ၊ သတ္တဇီ၀ မဟုတ်ကုန်သော ပရမတ္ထ သဘာ၀တို့သည်။ သံ၀ိဇ္ဇန္တိ၊ ရှိကြကုန်၏။

ဤဒေသနာတော်အရ ပရိယတ္တိအမြင်ဖြင့် ဘယ်ပုံနည်း။

ပဋိပတ္တိအမြင်ဖြင့် အဘယ်သို့မြင်မည်နည်း။

ပဋိဝေဓဉာဏ်အမြင်ဖြင့် ဘယ်သို့ ဘယ်ပုံ မြင်ကြမည်နည်း။

ပရိယတ္တိ အမြင်ဖြင့် သင်္ခတာ ဓမ္မာအရ ကောက်ယူရလျှင် စိတ်တခု ယုတ်(၈၉)စေတသိတ် (၅၂)ပါး ရုပ်(၂၈)ပါးဟူ၍ ကောက်ယူရပေသည်။ သင်္ခတာ ပရမတ္ထတရားမှ ထွက်ပေါ်လာလတ့်သော အကျိုး သင်္ခါရ တရားတို့ကို မကောက်မယူဘဲ ၀ကွက်ထား၍ မဖြစ်နိုင်ချေ၊ သို့ကြောင့် သင်္ခတာပရမတ္ထတရားမှ ထွက်ပေါ်ကြသော အကျိုးတရား စိတ်တခု ယုတ်(၈၉) စေတသိယ် (၅၂)ပါး၊ ရုပ်(၂၈)ပါးတို့ကို ပရိယတ္တိ အမြင်ဖြင့်ကောက်ယူရလေသည်။ ဤကား သင်္ခါရ အကျိုးတရားကို ပရမတ္ထ အနေအားဖြင့် ကောက်ယူရသော အယူအဆသဘော တရားသည်။ ပရိယတ္တိဉာဏ် အမြင်ချိုးပင်ဖြစ်၏။

ပဋိပတ္တိဉာဏ်အမြင်ကား စိတ်တခု ယုတ်(၈၉)ဟူ၍ပရိယတ္တိ

က စာအဆိုရှိသော်လည်း ကိုယ်တွေ့တရားနှင့် ရှုကြည့်သော အခါ ဤကိုယ်ကာယအတွင်း၌ စိတ်စေတသိက် တရား တို့သည် အရှိတရားမျိုးမဟုတ်၊ အမြဲတရားမျိုးလဲမဟုတ်၊ အပေါ်တရား အဖြစ်တရားမျိုးဟူ၍ သိထားကြလေသည်။ စေတသိက် (၅၂) ပါးဟူ၍ ဒေသနာတော်က ဆိုထားသော်လဲ ဤကိုယ့်ကာယ၌ အမြဲမရှိ ဖြစ်ပေါ်လာသောအခါ၌သာ လောဘဖြစ်ပြီ၊ ဒေါသ ဖြစ်ပြီဟုသိရ၏၊ တွေ့ရ၏၊ နဂိုမူလက ဘာမျှမရှိသော တရားဟု ပဋိပတ္တိဉာဏ်အမြင်ဖြင့် မြင်သိကြလေသည်။

ရုပ်(၂၈)ပါး ဟူသည်မှာလဲ ထိုနည်းအတူ အဖြစ်တရား အပေါ်တရားများသာဖြစ်၍ စင်စစ်မုချအားဖြင့် အနိစ္စ၊ ဒုက္ခ အနတ္တတရားဟူ၍သာဆိုရ၏၊ ပရိယတ္တိဒေသနာတော်ကညွှန်ပြ ထားသော စိတ်၊ စေတသိက်၊ ရုပ်တို့ကို အရှိတရား အမြဲတရား အနေအားဖြင့်မတွေ့ရပေ။ ပဋိပတ္တိဉာဏ်အမြင်မှာ ရုပ်သင်္ခါရ၊ နာမ်သင်္ခါရ ဖြစ်ပေါ်မှ သိရသော တရားပါဘဲဟု ဉာဏ်အမြင် ပေါက်နေသည်။

ပဋိဝေဓ ဉာဏ်အမြင်သည်ကား ပဋိပတ္တိ ဉာဏ်အမြင်ဖြစ် သော သင်္ခါရရုပ်၊ သင်္ခါရနာမ်၊ဖြစ်ပျက်တရားတို့ကိုကျော်လွန် ၍ အမှန်မုချအားဖြင့် ထိုးထွင်း၍သိသော ဉာဏ်မျိုး ဖြစ်လေ သည်၊ အဘယ်သို့ကျော်လွန်လေသနည်း။ ပူမှု၊ မေ့ တို့သည်ရင်း ထိသိခံစား မှတ်သားတတ်သော နာမ်တရားတို့သည်ရင်း၊ မမြဲ သော အနိစ္စ၊ ဒုက္ခ၊ အနတ္တတရား ပါကလသား ထို တရား တို့ကို

တခုတည်းသောအမည်ဖြင့် သင်္ခါရဟူ၍ဆိုထား၏။ ထိုသင်္ခါရ ဟုဆိုရခြင်းမှာလဲ အကြောင်းမဲ့ သက်သက်ဆိုရခြင်း မဟုတ်ပေ။ "ဥပ္ပါဒေါ သင်္ခါရော" ဟူသော ဒေသနာတော်အရ ဖြစ်ပေါ်ခြင်းကိုအစွဲပြု၍ သင်္ခါရဟုခေါ်ရသည်။ "သင်္ခါရ နှင့်ဘယ်က လဲ" ဖြစ်ဆိုတဲ့တရားဟာ ဖြစ်ရာဌာန ရှိရမည်၊ ဖြစ်ရာဌာနမရှိဘဲ တစုံတခုဝတ္ထုဟူ၍မဖြစ်နိုင်ရာ၊ သင်္ခါရ နှင့်၏မူလ ဘယ်က လာသနည်း၊ ဤအမြင်မျိုးဖြင့် သင်္ခါရကိုကျော်လွန်၍ လာပါပြီ။

သင်္ခတဓမ္မဟူသည် ပရမတ္ထတရားအစစ်ဖြစ်သည်၊ ထိုပရမတ္ထတရားကို အမည်နာမအားဖြင့် သမုတိသစ္စာနယ်မှာ ခေါ်စရာနာမပညတ်လုံးဝမရှိ၊ သဏ္ဌာနအားဖြင့်ပြစရာသည်လည်း ဘာမှ မရှိ၊ သုဉ်းဆိပ်၍နေသော တရားဖြစ်၍ သုံ့သဘောမှာ သုည တရားဟူ၍သာ မနေဒ္ဓါရ၌ ဉာဏ်အမြင် ပေါ်ပေါက် လာရ သည်။ သင်္ခါရဟူသမျှသည် ထိုသင်္ခတဓာတ်မှ ထွက်ပေါ် လာ သောအကျိုးတရားများသာဖြစ်သည်။ ထိုသင်္ခတဓာတ်မှ သင်္ခါရ တရားတို့ ထွက်ပေါ်လာသည်ဟု ဆိုရသော်လည်း မိမိအလိုအ လျောက် ထွက်ပေါ်ကြသော သင်္ခါရ မျိုးကား မဟုတ်ပေ။ ကံ စိတ် ဥတု-အဟာရ တည်းဟူသော အကြောင်းတရား လေး ပါးတို့တွင် တစုံတခုသော အကြောင်းတရားကိုအစွဲပြု၍ ထွက် ပေါ်လာသော အကျိုးသင်္ခါရဟု ဉာဏ်အမြင်ပေါက်ခြင်းသည် လောကီနယ် ထိပ်ဆုံးသို့ ရောက်နေသောကြောင့် အနုလောမ ဉာဏ်အမြင်ဟုဆိုရ၏။ ထိုဉာဏ်ကိုပင် လောကီနယ်၌ ပဋိဝေဓ ဉာဏ်ဟုဆိုနိုင်လေသည်။ လောကုတ္တရာဟု မဆိုရသေးပါ။

ပရိယတ္တိ ဉာဏ်အမြင်ကား အကျိုး သင်္ခါရ ရုပ်နာမ်ကို ပရမတ္ထဟုစွဲယူထားသော သညာသိ၊ သချ်ာ အရေအတွက်နှင့် ထွက်ပေါ် လာလတံ့သော သဘောကို စာသိ သိထားသော ဉာဏ်အမြင်မျိုးဖြစ်သည်။

ပဋိပတ္တိဉာဏ်အမြင်ကား သင်္ခါရ တရားတို့သည် ဖြစ်ပေါ် ပြီးနောက် ချုပ်ပျောက် ကုန်ဆုံး နေသော တရားဖြစ်၍ ရုပ်သည်ရင်း၊ နာမ်သည်ရင်း အဖြစ်တရား အပျက်တရား နဂိုက ဘာမှမရှိသောတရားဟု မြင်ခြင်းသည် ပဋိပတ္တိဉာဏ် အမြင်မျိုး ဖြစ်လေသည်၊

ပဋိဝေဓဉာဏ်အမြင်မှာ ထွက်ပေါ်နေကြသော ရုပ်နာမ် သင်္ခါရ ဟူသမျှတို့ကို မချအားဖြင့် ပရမတ္ထတရားဟုမဆိုထိုက်၊ ပရမတ္ထတရားစစ်စစ်ကား ရှိပါ၏။ ထိုအရှိ ပရမတ္ထတရားစစ်စစ် ကို လူတို့မျက်စိဖြင့်ကြည့်ရှုသော်လည်း မမြင်နိုင်ရာ၊ စမ်းသပ် တွေ့ထိ၍ မရကောင်းပေ၊ အရိယာပုဂ္ဂိုလ်တို့၏ ဉာဏ်မျက်စိဖြင့်သာ မြင်ကောင်းသော ပရမတ္ထတရားကို "သုည"ဟူ၍သာခေါ် ဆိုရလေသည်၊ ပဋိဝေဒ အသိမျိုးသာတည်း။

ထိုသုညသည် အချည်းနည်းသော သုညမဟုတ်ချေ။ ပြုပြင် အပ်သော သပစ္စယတရားဖြစ်နေသောကြောင့် "သင်္ခတ"ခေါ် ဟူသော အမည်နာမတခုကို ရထားလေသည်။ လောကကိုဖြစ် စေတတ်သော ပရမတ္ထကို သုညဟု မြင်ပြီးသည့် နောက်တွင်

"အသင်္ခတ"ဓာတ်ကိုလည်း ခဏချက်ခြင်း သူညဟု ဉာဏ်အမြင်လင်း၍ သွားလေသည်။ ဤအမြင်မျိုးကို ပဋိဝေဓဉာဏ်အမြင်ဟုဆိုရလေသည်။

ဓာတ်ကိုလှလှ ရှုနိုင်မှ အတ္တဒိဋ္ဌိကွာ ဟူ၍ ဉာဏစာဂီ မဟာထေရ်က ဆိုလေသည်။ ထို့ကြောင့် ဓမ္မစကြာ၌ ဝိဇ္ဇာဥဒပါဒိဟု ဟောတော်မူသည်။

ဝိဇ္ဇာဥဒပါဒိဟူသောပုဒ်ကို ပဋိဝိဒ္ဓနတ္ထေနဟူ၍ဖွင့်ဆိုကြလေပြီ။ စဉ်းစားဘွယ်'သင်္ခတ'ဟု မြင်တတ်သောဉာဏ်ကို မဂ်ဉာဏ်ဟု ဆိုသင့်၏။ × ×

ထိုသို့မြင်ပြီးသော ပုဂ္ဂိုလ်သည် အတွင်းအပ နှစ်ဌာနတို့၌ ကုက္ကုစ္စ သံသယမရှိ မှောင်ကျနေသောလောကကြီးသည် တခါ တည်းရှင်း၍ လင်းလင်းကြီးဖြစ်သွားသကဲ့သို့ သူ၏ဉာဏ်အမြင်လင်းသွားလေတော့သည်။

ထို့ကြောင့်ဓမ္မစကြာ၌၊အလောကော၊အလင်းအရောင်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ၊ အဋ္ဌကထာရှင်တို့ကလဲ၊ ဩဘာသဋ္ဌေအာလောကောဟု၊ ဖွင့်ဆိုကြလေသည်။

သင်္ခတ တရားနှင့် သင်္ခါရတရား အဘယ်သို့ ခြားနားပါသနည်း အဖြေရှာပါ။ (ပ ... ) ... ကြောင့်ဖြစ်စေတတ်သော တရားကိုသည

ဟူ၍ရှင်း၊ ထိုသုညသည် သင်္ခတ ပရမတ္ထဟူ၍ရှင်း။ ဉာဏ်အမြင်ရထားသောယောဂီသည် ယောကျ်ားမိန်းမ၊ ပျို-အိုချောလှမြင်သမျှ တွေ့သမျှသောအာရုံတို့၌ တခြားတပါးသောသူတို့ အမြင်မျိုးကဲ့သို့ မြင်မှုကား ရှိကြပါ၏။ သို့သော် မိန်းမ-ယောကျ်ား ချော လှ ပျို အိုတွင် ထိုယောဂီ၏စိတ်သည် ရပ်တန့်၍မနေတော့ဘဲ သုညဖြစ်သောသင်္ခတပရမတ်တိုင်အောင်ထိုးဖေါက်၍ ဉာဏ်အမြင်ရောက်သွားရလေသည်၊ ဓါတ်တရား၌ ယုံမှားမရှိတော့ပါပြီ။ ဤကိုရည်၍ဉာဏစာဂီ မဟာထေရ်ဘ ဒိဋ္ဌိဝိစိ၊ ပါယ်နိုင်ဘိ၊ အရိသောတာပန်ဟူ၍၊ ဆိုခဲ့လေသည်။

ဥပမာသော်ကား။ ခြေမှုံ့ကို ကော်စေ့နှင့် နယ်၍ ချောမောလှပသော မိန်းမပျို၊ ယောကျ်ားပျို ရုပ်ပုံသဏ္ဍာန် ပြုလုပ်ပြီးလျှင် လူ့အထက်တန်းစားတို့ဝတ်ဆင်သောအဝတ်တန်ဆာတို့ဖြင့် ဆင်ယင်ထားသောအခါ ပြကတေ့ လူကဲ့သို့ချောမောလှပသော မိန်းမရုပ်၊ ယောကျ်ားရုပ်သည် ဖြစ်ရာ၏။ ထိုရုပ်ပုံသဏ္ဍာန်သည် ဘယ်လိုပင်ချောလှသော မိန်းမ ယောကျ်ား ဖြစ်စေခါမူလည်း၊ လူ၏ဇာတိမဟုတ်ဘဲ ပြုလုပ်ထားသောပုံသဏ္ဍာန်ဟု သိနေသောသူသည် မိန်းမ ယောကျ်ားဟူသောအာရုံတွင်ရပ်တန့်၍ မရတော့ဘဲ ကော်ရည်ကော်စေးနှင့် ခြေမှုံ့ကိုသာ သူ၏ဉာဏ်က ထိုးဖေါက်၍ မြင်နေပေလိမ့်မည်။

ဤဥပမာနည်းတူ မြင်မြင်သမျှကြားကြားသမျှသောပညတ်အာရုံတို့၌ငြိတွယ်ရပ်တန့်၍ မနေတော့ဘဲ သင်္ခတဖြစ်သော ပရ

မတ္တသုညတိုင်အောင် ဉာဏ်အမြင် ထိုးပေါက်၍ အလင်းရောင် ရောက်နေသော ယောဂီသည် ထိုသင်္ခါရတ်ကို ရာဂဖြင့် တပ် မက်စရာလဲမရှိတော့ပေ မုန်းစရာရှ ချာစက်ဆုပ်စရာလဲ မရှိတော့ ပေ။ မည်သူတဦးတယောက်၏ ဥစ္စာလဲမဟုတ်ပါဘဲ ဘုံဘိုင် ပစ္စည်း အနတ္တအစစ်ကို ဉာဏ်မိသွားလေသည်။

ထို့ကြောင့် အရိယာတို့၏ ဉာဏ်မျက်စိကိုရည်၍ ဓမ္မစက္ခုံ ဥဒပါဒိဟူ၍ ဟောတော်မူသည်။ ဓမ္မစက္ခုံ တရားတည်းဟူသော မျက်စိသည်၊ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီဟု ဆိုလိုသည်။ အဋ္ဌကထာ ရှင်တို့ကလည်း ဓမ္မစက္ခုံတိ သောတာပတ္တိမဂ္ဂေါအာဝိပွေတော ဟု ဖွင့်ပြကြလေသည်။ ဓမ္မစက္ခု ဉာဏ်အမြင် ပေါက်နေသော ယောဂီသည် သင်္ခါရဖြစ်ပျက် ရုပ်နာမ်အာရုံတွင် တန့်ရပ်၍မနေ တော့ဘဲ ပရမတ္ထ အနတ္တဟုဆိုရသော သင်္ခါတဓါတ်ကို မြင်နေ ပြီးဖြစ်၍ ရှေးယခင်ကကဲ့သို့ လောကကြီးကို အထင်မကြီးတော့ ဘဲ အချည်းနှီးသော လောကဟု ငြီးငွေ့ စက်ဆုပ် လာလေ သည်။

ဖြစ်ပျက်နေသော ရုပ်နာမ်သင်္ခါရ တရားတို့ကို တိတိကျကျ မသိရခင်က ငါ သူ ဘပါးအထင်မှားး၍ ယောက်ျား မိန်းမချော လှအာရုံ ကာမဂုဏ်တို့ကို အထင်ကြီးအမြင်ကြီးပြုလုပ်ခါ တွယ် တာငြိကပ်၍နေခဲ့သည်၊ ထိုအာရုံကာမဂုဏ်တို့နှင့် တိုက်ဆိုံတွေ့ ထိသောအခါ လိုချင် တပ်မက်ခြင်း၊ ကြောင့်ကြ စိုးရိမ်ခြင်း၊ ကြောက်ခြင်း လန့်ခြင်း၊ ချီးမွမ်းအံ့သြခြင်း မျိုးစုံတို့နှင့် ကြုံတွေ့ခဲ့ ရလေသည်။

ယခုဘာဖြစ်သွားသနည်း။

လောကသုံးပါးဆိုဒါ သင်္ခါရလောကတခုတည်းမှအသက်ရှိသောလောက၊ အသက်မရှိသော လောကဟူ၍ ခွဲစိပ်ထုတ်ယူရသောကြောင့်သာ လူတို့သိစရာ သမုတိသစ္စာနယ်မှာခေါ်ဆိုကြရသည်။ စင်စစ်အားဖြင့်သော်ကား သင်္ခတ ပရမတ္ထတရားတခုမှ ထွက်ပေါ်နေကြသော သင်္ခါရ တရား အစုအပုံ တခုတည်းပါတကားဟု ထင်မြင်သွားသဖြင့် ယောကျ်ား မိန်းမ ချောလှအာရုံကာမဂုဏ်တို့ကြောင့် ကုသိုလ်ပြုခြင်းမရှိတော့ပေ။ ဤအမြင်မျိုးကို ဒကတ္တနည်းဟု ဆိုသင့်၏။ (ထိုသင်္ခတ ဓါတ်တခုတည်းပင်ဖြစ်သော်လဲ ရုပ် သင်္ခါရ၊ နာမ် သင်္ခါရတို့၏ သဘာဝကားမတူကြချေ။ ထိုစကားသည်မှန်၏၊ သင်္ခတ ဓါတ်တခုတည်းမှ တေဇောဓါတ် သင်္ခါရလဲ ထွက်ပေါ်၍ ဖြစ်နေ၏။ တကြိမ်တခါ၌ ငါယောဓါတ် သင်္ခါရလဲထွက်ပေါ်နေ၏။ ပထဝီအာပေါဓါတ်တို့ကလဲဖြစ်ပျက် သင်္ခါရအနေအားဖြင့် ပေါ်ထွက်နေ၏။ စိတ်သခါရတို့သည်လဲဖြစ်ပျက် အနေအားဖြင့် ထွက်ပေါ်နေကြ၏။ ခန္ဓာအာယတနတို့သည်လည်း ထိုသင်္ခတဓါတ်တခုတည်းမှသင်္ခါရအမျိုးမျိုး ထွက်ပေါ်နေကြသော တရားပါကလားဟု ဥာဏ်အမြင်ပေါ်လာသော ယောဂီအား နာနတ္တနည်းဖြင့် ရှုမြင်သည်ဟု ဆိုသင့်၏။)

ကံ၊စိတ်၊ဥတု၊အဟာရ တည်းဟူသော အကြောင်း၊ တရားတို့က ပြုပြင်လိုက်သောအခါ၌ သူ့သဘောနှင့်သူ အာကာသ

ကောင်းကင်ပြင်မှ လျှပ်စစ်ရောင်ထွက်ပေါ်လာသကဲ့သို့ သင်္ခါရတွေ ထွက်ပေါ်ကြသောတရားပါတကားဟုရှုမြင်သောသူအား ဓမ္မတာနည်းဖြင့် ရှုမြင်သည်ဟုဆိုသင့်၏။

သင်္ခါရနှင့်သင်္ခတကို ကွဲကွဲပြားပြားသိမြင်လာသော ယောဂီအား လောကကြီးသည် အချည်းနှီးသော လောက ဖြစ်လေရကား။ ချီးမွမ်းအံ့သြစရာလဲ မဟုတ်သည့်အပြင် ကြောက်ရွံ့တုန်လှုပ်စရာလဲမဟုတ်တော့ပေ။

ဥပမာပြရသော် ဆေးရုံ၌ခွဲစိပ်၍ကုသနေသော ဆရာဝန်ကြီးသည် ခြေပြတ်ခေါင်းပြတ်ယူလာသောလူသေကောင်ကို နေ့စဉ်နေ့တိုင်းမြင်ရတွေ့ရ၏။ မိမိကိုယ်တိုင်ကလဲ နေ့စဉ်နေ့တိုင်းခွဲစိပ်၍ကုသနေရ၏။ နေ့စဉ်နေ့တိုင်းပင် လူသေကိုတွေ့မြင်နေရ၏။ ထိုအဖြစ်မျိုးကို မတွေ့မကြုံဘူးသော ဇနပုဒ်သားတို့သည် တကြိမ်တခါမျှတွေ့မြင်ရလေသော် ကြောက်ခြင်း၊ လန့်ခြင်း၊ ထိပ်လန့်တုန်လှုပ်ခြင်း၊ ရင်ခုံခြင်းဖြစ်ကြရလေသည်။

ဆရာဝန်ကြီးပြုလုပ်နေသူ အဘို့မှာမူကား ဘာမျှ ထိပ်လန့်တုန်လှုပ်စရာမဟုတ်တော့ပေ။ နေ့စဉ်နှင့်အမျှ တွေ့ကြုံနေရသော အတွေ့မျိုးအမြင်မျိုးဖြစ်၍ ဆေးဆရာဝန်အဘို့မှာ ရိုးနေလေပြီဟု မှတ်ရာ၏။ ဤဥပမာအတိုင်းပင်မှတ်ပါလေ။ ယောဂီသည် သင်္ခါရသဘောနှင့် သင်္ခတသဘောကို ပိုင်းခြား၍သိမြင်လာသော

အခါ၌ ဖြစ်ပျက်သင်္ခါရလောကကြီးကို သုည ဟူ၍သာ အသိ အမှတ်ပြုထားလေတော့သည်။

ထိုသုည လောကအတွက် ကြောက်စရာ လန့်စရာ မဟုတ်၊ လိုချင်တောင့်တစရာလဲမဟုတ်သကဲ့သို့ အသင်္ခတဓာတ်ဆိုတာလဲ သုဉ်းဆိပ်ငြိမ်သက်နေသော တရားပါကလားဟု မြင်လေပြီ။

## အသင်္ခတာရမ္မဏ

အသင်္ခတ ကံ၊စိတ်၊ဥတု၊အဟာရ တည်းဟူသော သင်္ခါရ အကြောင်းတရားတို့သည် မပြုမပြင် မစီရင်အပ်ကုန်သော။ ဓမ္မာ နိသတ္တာ နိဇ္ဇီဝသဘာဝ၊ါ၊သတ္တဇီဝ မဟုတ်ကုန်သော သုညတ သဘာဝအသင်္ခတ ပရမတ္ထတို့သည်။ သံဝိဇ္ဇန္တိ၊ ပရမတ္ထအားဖြင့် ထင်ရှားစွာရှိကြလေကုန်၏။

သင်္ခတဆိုတာလဲ လိုချင်တောင့်တစရာ မဟုတ်သော သုည ပါဘဲ အသင်္ခတ ဆိုတာလဲ လိုချင်တောင့်တစရာ မဟုတ်သော သုညပါဘဲဟုမြင်နေသောယောဂီသည် ရာဂကင်းသော တရား ကို သံဝိဇ္ဇကော ဂုဏ်ပုဒ်အရ မျက်မှောက်ပြုနေသည်ဟု ဆိုရ၏၊ ဒေါသကင်းရာ ဖြစ်သောနိဗ္ဗာန်ကို မျက်မှောက် ပြုနေသည်ဟု ဆိုရ၏။

တဿ တံ စိတ္တံ ပရာပရံ မနသိကာရောတော၊ ပဝတ္တံ သင်္ခါ ရံ အတိက္ကမိတွာ အပဝတ္တံ ဩတ္တမတိ အပဝတ္တ မာနု ပတ္တော မဟာရာဇ သမ္မာပဋိပန္နော နိဗ္ဗာနံ သစ္ဆိကရောတီတိ ဝုစ္စတိ ဟူ၍ မိလိန္ဒပဉှာ၌ လာသည်။

တဿ၊ ထိုယောဂီ၏။ တံစိတ္တံ၊ ထိုဝိပဿနာစိတ်သည်၊ အပရာ ပရံ၊ ဉာဏ်စဉ်အဆင့်ဆင့်။ မနသိကာရောတော၊ နှလုံးသွင်းသော သူအား။ ပဝတ္တံ သင်္ခါရံ၊ အကြောင်းသင်္ခါရကြောင့် ဖြစ်ပေါ် ရသော အကျိုး သင်္ခါရကို။ အတိက္ကမတိ၊ လွန် မြောက် ၏။ အတိက္ကမိတွာ၊ လွန်မြောက်ပြီး၍။ အပဝတ္တံ၊ သင်္ခါရတို့၏မဖြစ်ရာ နိဗ္ဗာန်သို့။ ဩက္ကမတိ၊ သက်ရောက်ရလေ၏။ မဟာရာဇ၊ မြတ်သော မင်းကြီး။ သမ္မာပဋိပန္နော၊ ကောင်းစွာအသင့် ကျင့်သည်ဖြစ်၍။ အပဝတ္တံ၊ သင်္ခါရတို့မှ ကင်းရာဖြစ်သော နိဗ္ဗာန်သို့။ အနုပတ္တော၊ အစဉ်ရောက်သောပုဂ္ဂိုလ်ကို။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ သစ္ဆိကရောတိ၊ မျက်မှောက်ပြုသောသူဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ယခုအခါ သူငါကစ၍ ဝိပဿနာ အလုပ်ကို ယထာရဟ အားထုတ်ကြ၏။ သင်္ခါရတရားတို့၏ ချုပ်ရာ ကုန်ရာသို့ ရောက် ကြပြီလော၊ သင်္ခါရ ဖြစ်ပျက်အာရုံတွင် သောင်တင်၍ နေကြ တုံးဘဲလော! မိမိကိုယ်ကို ပြန်၍ စိစစ်ရန်သာ လိုတော့သည်။ အကယ်၍သဘောမပေါက်သေးပါက ထပ်ခါထပ်ခါ ကိုယ်တွေ့ ဉာဏ်တွေ့ ပေါ်အောင် အားထုတ် ပါလေ။ သူများက ရပြီ၊

ရောက်ပြီဟုဆိုတိုင်း အထင်မကြီးပါလေနှင့်။ မိမိကိုယ်တိုင်ကျေနပ်မှု ရပါစေ။

တလောကလုံးကို အရိယာမျက်လုံးနှင့် ကြည့်လျှင်။

သုည(၂)လုံးထွက်ပေါ်နေသည်၊ လောကဖြစ်ရာ ဌာနကား သင်္ခတ သုည လောက၏ချုပ်ရာ ကုန်ရာတရားကား၊ အသင်္ခတ သုည ထို(၂)ပါးမှ သစ္စာ ၄ ပါး ထွက်ပေါ်နေလေသည်။

## ဒုက္ခသစ္စာ

ဒုက္ခဟူသည် ဆိုးကျိုးကို ခံစားရသော တရားပင် ဖြစ်၏။ ဇာတိဒုက္ခဟုဆိုလျှင် မိန်းမကိုယ်ဝန်ဆောင်၏ ဝမ်းဗိုက်၌ သားသနွေကိုမြင်နေကြရ၏။ ပရိယတ္တိအလိုအားဖြင့်လည်း ကိုယ်ဝန်ဆောင်မိန်းမ၏သန္ဓေသားကိုပင် ညွှန်ပြရ၏။ တခြားသောနည်းလမ်းဖြင့်ညွှန်ပြသော်လည်း ပရိယတ္တိအရာဖြစ်၍ ပရိယတ္တိနယ်ကလက်ခံနိုင်ကြမည်မဟုတ်ချေ။

ပဋိပတ္တိနယ်တွင် ဇာတိဒုက္ခကို မှုံမွှားမွှား မြင်ခဲ့ကြ၏။ သို့သော်ကွက်ကွက်ကွင်းကွင်း ဉာဏ်ထင်လင်းအောင်အမြင်မပေါက်နိုင်ခဲ့ကြပေ။

ပဋိဝေဒသို့ရောက်လာသော ယောဂီအား ဇာတိဒုက္ခသည် ထင်ထင်ရှားရှား ဖြစ်လာ၏။ ဘယ်ပုံဖြစ်သနည်း။ အဖြေမှာ။ လူတို့သဏ္ဍာန်အတွင်း၌ တစုံတခုသော လောဘ၊ဒေါသ၊မောဟ တို့သည် အမြဲတန်းရှိနေသောတရားမဟုတ်ပေ၊ အကြောင်းရှိက ခဏချက်ခြင်း ဖြစ်ပေါ်လာ၏။ ဖြစ်ပေါ်ခြင်းသည်ပင် ဇာတိ မည်၏၊ ဖြစ်ပေါ်လာတိုင်း ဆင်းရဲဒုက္ခကိုခံစားရလေသည်။ ဥပ္ပါဒေါဒုက္ခံ၊ အနုပ္ပါဒေါသုခံ၊ပါဠိ ဥပ္ပါဒေါ သင်္ခါရဖြစ်ခြင်းသည် ဒုက္ခံ ဇာတိဒုက္ခမည်၏၊ အနုပ္ပါဒေါ သင်္ခါရ မဖြစ်ခြင်းသည် သုခံ ချမ်းသာ၏။

ဥပမာ ရပ်ဝေးသို့ ခရီးသွားနေသောသူ တယောက်သည် သွားလေရာခရီး၌ မိမိရည်မှန်းတိုင်း အောင်မြင်သဖြင့် အတိုင်း ထက် အလွန်ကျေနပ်၍ မိမိအကြံအစည်ကို ဝမ်းသာ ရွှင်ပြုံး နှလုံးမွေ့လျော်၍နေလေ၏၊ အိမ်၌ထားခဲ့သော သားသမီးတို့ အ တွက် တစုံတရာကိုမျှ ကြောင့်ကြစိုးရိမ်မှု မဖြစ်တော့ချေ။ ထိုသူ ခရီးသွားနေခိုက်တွင် တရွာလုံးကိုမီးလောင်ကျွမ်းနေသော်လည်း ထိုခရီးသွား ယောကျာ်းသည် မသိရသေးသမျှ ကာလပတ်လုံး စိုးရိမ်ကြောင့်ကြခြင်း၊ ဆင်းရဲခြင်းကို မတွေ့ရသေးပေ။ အကြံ အစည်တို့ အောင်မြင်မှုကြောင့် ဝမ်းသာရွှင်ပြုံး နေတုန်းမှာပင် ရွာကိုမီးလောင်နေပြီ။ အိမ်တွေအရေးအတွက်မှာလဲတရွာလုံးကို လောင်သလိုပါဘဲ။ မပြောစသာအစွန်းအစအိမ်များသာအနည်း ငယ်မျှကြွင်းကျန်နေကြောင်းကို သတင်းစကား ကြားသိရသော ခဏ၌ ဝမ်းသာနေသောခရီးသည်ယောကျာ်းအား ဝမ်းသာရွှင်

ပြုံးနေသော စိတ္တသင်္ခါရ စေတသိကသင်္ခါရတို့သည် ခဏချင်း ချုပ်ပျောက်ကုန်ဆုံးသွားရလေသည်။ နဂိုမူလက ရှိနေပါသည် ဟု မဆိုရသောစိုးရိမ်ကြောင့်ကြမှုသည် ဖြစ်ပေါ်၍လာလေ၏။ ဇာတိ ဖြစ်ပြီဟုမှတ်ပါ။ ထိုဇာတိ ဖြစ်လာသောအခါ ဆင်းရဲ ဒုက္ခ ပေါ်လာရသည်။ ဇာတိပိဒုက္ခာဟု ဟောတော်မူသော ဒေသနာတော်ကို နှလုံးသွင်း၍ ကြည့်သင့်၏။ (ဖြစ်ပေါ်လာသော ဇာတိဟုမှတ်) (ထိုဇာတိ သဘောကိုပင် သင်္ခါရတရား ဟုမြင်ပါ)။

(ထိုတရားသည် သင်္ခတ သညမှထွက်ပေါ်လာသော တရား ဟူ၍ရင်း၊ သင်္ခတဓာတ်မှဖြစ်လာသော ဇာတိတရားဟူ၍ရင်း။ ဉာဏ်အမြင်ပေါက်လာပါလိမ့်မည်။

ဥပ္ပါဒေါသင်္ခါရာ ပါဠိသဘောအရ သင်္ခါရတရားတို့ ဖြစ်ပေါ်လာတိုင်း ဖြစ်ပေါ်လာတိုင်း သင်္ခါရဒုက္ခဟုမှတ်ပါ။ သောမနဿဝေဒနာဘဲဖြစ်ဖြစ်၊ ဒေါမနဿဝေဒနာဘဲဖြစ်ဖြစ်၊ ဖြစ်ဖြစ်သမျှကို ပဝတ္တံသင်္ခါ ဟု ပါဠိသဘောအရ ဖြစ်သမျှကို အကျုံး ဒုက္ခဟူ၍မှတ်ပါ။

ဒုက္ခသစ္စာ၏အနက်ကို(၄)ချက်ပြထားပါသည်။ ထို(၄)ချက် တွင် သင်္ခတဋ္ဌ ဟူသော အချက်ကို သီးခြား မှတ်ထားပါ။ အဘယ်ကြောင့်နည်း ဟူမူကား ထိုသင်္ခတ ဓာတ်သည် သင်္ခါရ
၈ ဒုက္ခဟူသမျှတို့၏ ထွက်ပေါ်ရာ ပင်မကြီးဖြစ်သောကြောင့်အရေး

ကြီးပါသည်၊ ကျန်သောဒုက္ခသစ္စာအနက် (၃)ချက်သည် ထို (သင်္ခတ)မှ ထွက်ပေါ်ကြသော အကျိုးဒုက္ခသစ္စာအဖြစ်၌ပါ ဝင်နေပါသည်။ အောက်ပုံစံကိုကြည့်ပါလေ။

ဇနကဟေတု သင်္ခါရ ဟူသမျှကို ဖြစ်စေတတ်သော မူလ အကြောင်း ပရမတ္ထတရား ထိုတရားသည် ကြည့်ရှုစမ်းသပ်၍ မရ ကောင်းသော သုညတည်း။ ထိုသုည၌ ပြုပြင်ဖန်တီး၍ရကောင်း သော သဘောရှိသောကြောင့် (သင်္ခတ)ဟူသောအမည်ကို ပေး ထားသည်။ 'မူလပင်မ' ဇနကဟေတုကား သင်္ခတ ဒုက္ခသစ္စာ ပင်ဖြစ်၏။

| | | | |
|---|---|---|---|
| က | (ခ) | ပီဠနဋ္ဌောဒုက္ခ | အကျိုးကား နှိပ်စက်။ |
| သင်္ခတဋ္ဌဒုက္ခ | (ဂ) | သန္တာပဋ္ဌောဒုက္ခ | ပူပန်။ |
| | (ဃ) | ဝိပရိဏာမဋ္ဌောဒုက္ခ | ဖောက်ပြန်၊ |

ဤပုံစံကိုကြည့်သော် သင်္ခါရဒုက္ခ၏ မူလ အကြောင်းကား သင်္ခတဋ္ဌဒုက္ခတည်း။ ထိုသင်္ခတဋ္ဌ၌ ဋ္ဌအက္ခရာကိုပယ်ထားလိုက်ပါ က သင်္ခတဟူ၍ ဖြစ်နေပေလိမ့်မည်၊ ထို(သင်္ခတ)ဟူသော ပုဒ် အရကား အကြောင်းတရားတို့က ပြုလုပ်သော် တစုံတခုသော

သင်္ခါရဒုက္ခဖြစ်ပေါ်ရသောကြောင့် ဇနက-ဟေတု-ဇနကဟိတ် အရှိ ပရမတ္ထတရားဟု မှတ်ထားပါ။

(ခ) ဥပ္ပထမ္ဘက၊ ပစ္စယဟုဆိုအပ်သော သင်္ခါရ အကြောင်းတို့က တဖန်ပြုလုပ်ဖန်တီးမှသာ အကျိုးဖြစ်သောသင်္ခါရတို့သည် ထွက်ပေါ်၍လာနိုင်၏။ ထိုအကျိုးတရား ပေါ်လာသောအခါ၌ အတွေ့ဆိုး၍ စိတ်ညှိုးနွမ်းရသော ပီဠနဋ္ဌ ဒုက္ခပေါ်လာလေသည်။

(ဂ) ကိုယ်စိတ်(၂)ဖြာ လွန်စွာပင်ပန်း ညှိုးနွမ်းခြင်းကြောင့် သူ၏ နှလုံးသားကိုမီးနှင့်မျိုက်၍ ထားသကဲ့သို့ စားမရ အိပ်မပျော်ဘဲ အမြဲတန်း ပူလောင်နေသော သန္တာပဋ္ဌ ဒုက္ခအကျိုးတရား ဖြစ်ပေါ်လာလေသည်။

(ဃ) အတွင်းအပြင် ပူပင်သောက စိုးရိမ်နေရသော သဘောတရားဟူသမျှသည် တားမရ-ဆီးမရ နောက်ဆုံးအကျတွင် ဖေါက်ပြန်ပျက်စီးရသော ဝိပရိနာမဋ္ဌ ဒုက္ခအကျိုး ထွက်ပေါ်လာလေသည်။

(ခ) (ဂ) (ဃ) အမှတ်ထားသော....

ထိုအကျိုးတရား(၃)ချက်သည် သင်္ခတ ပရမတ္ထမှ ထွက်ပေါ်ရ လာသော အကျိုးသင်္ခါရ တရားချည်း ဖြစ်ကြ၍ သမ္မောသင်္ခါရ

ဒုက္ခဟူ၍မှတ်ရာ၏။ ပြန်၍ပေါင်းကြည့်လျှင် ဒုက္ခသာ ပိဋ္ဌနဋ္ဌော၊ သင်္ခတဋ္ဌော၊ သန္တာပဋ္ဌော၊ ဝိပရိနာမဋ္ဌော ဟူသော ဇာတိဒုက္ခ အနက် (၄)ချက်ရလေသည်။

သင်္ခတ ပရမတ္ထတရားမှ သင်္ခါရတို့ ထွက်ပေါ်၍ ဒုက္ခဖြစ်ရခြင်းသည် အကြောင်းတစုံတရာမရှိဘဲ ထွက်ပေါ်လာသောဒုက္ခတရားမဟုတ်ချေ။ တဏှာဟူသော အကြောင်းသင်္ခါရတို့က ပြုပြင် လိုက်သောကြောင့် အကျိုးဒုက္ခသစ္စာ ပေါ်ပေါက် လာလေသည်။ ထိုတဏှာကို ဥပ္ပတ္တိမှာက ပစ္စယအကြောင်းဟူ၍ ဆိုခဲ့ပါပြီ။ ထိုတဏှာလောဘကို ဓမ္မစကြာဒေသနာတော်၌ ကာမတဏှာ-ဘဝတဏှာ-ဝိဘဝတဏှာ ဟူ၍ (၃)မျိုး (၃) စားထား၍ ဟောကြားတော် မူခဲ့သည်။ ရူပါရုံ၊သဒ္ဒါရုံ၊ဂန္ဓာရုံ၊ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့၌ လိုချင် တပ်မက်တတ်သော လောဘကို ကာမတဏှာဟုဆိုသည်။

မိမိရရှိအပ်သော ဘုံဘဝ၌ မိမိရရှိအပ်သော ခန္ဓာကို သာယာစွဲလမ်းခြင်းသည်ရှိ၏။ ဘဝကိုသာယာစွဲလမ်းခြင်းရှိသည်ဟု ဆိုရသော်လဲ ဘဝ သက်သက်၊ ဘုံသက်သက်ကို စွဲလမ်းတပ်မက်နေသည်ကားမဟုတ်ချေ။ မိမိရရှိသောဘုံဘဝ၌ကာမဂုဏ်အာရုံတို့ကို ခံစား စံစားနိုင်ကြသဖြင့် ထိုအာရုံ ကာမဂုဏ်တို့၏ အတွေ့အထိတို့ကြောင့်ဖြစ်သော သုခဝေဒနာ၊ ဒုက္ခဝေဒနာတို့၌ သာယာငြိကပ်တတ်သော တဏှာကိုဘဝတဏှာဟု ဆိုရလေသည်။

ဝိဘဝတဏှာဟူသည်ကား၊ ဘဝကိုငြီးငွေ့နေကြသောသူတို့သည် မိမိဖြစ်ရသောဘဝကို စက်ဆုပ်ကြကုန်၏။ ထိုအကြောင်းကို ပြဦးအံ့၊

ကထဉ္စ ဘိက္ခဝေ၊ အတိဓါဝန္တိ ဧကေ။ ဘဝေ
နေဝခေါ၊ ပနေကေ၊ အဋ္ဋီယမာနာ၊ ဟာရယမာနာ
ဇိဂုစ္ဆမာနာ၊ ဝိဘဝံအဘိနန္ဒန္တိ။ ယတော ကိရ
ဘော၊ အယံအတ္တာ၊ ကာယဿ ဘေဒါ၊ ဥစ္ဆိဇ္ဇတိ၊
ဝိနဿတိ၊ နဟောတိ၊ ပရံမရဏာ၊ ဧတံ သန္တံ၊
ဧတံ ပဏီတံ၊ ဧတံ ယထာဝန္တိ။ ဧဝံခေါ ဘိက္ခဝေ
အတိဓါဝန္တိ ဧကေ။ ဟူ၍ ဟောတော်မူသည်၊
ဝိသုဒ္ဓိမဂ် အဋ္ဌကထာမှ ကူးယူထည့်လိုက်သည်။

ဂေါတမဗုဒ္ဓက ထုတ်ဟမြွက်ဆိုခဲ့သည်။

အချို့သော သူတို့သည် ဘဝကိုငြီးငွေ့၍ ဘဝ၏မရှိခြင်းကို နှစ်သက်ကြကုန်၏။ ဤကိုယ်ဘဝ ပျက်စီးသွားလျှင် ဘဝပြတ် ကင်းသွားဒါဘဲ။ သေပြီးမှနောက်၌ ဘဝမှ မဖြစ်တော့ပါဘူး။

တခါတည်း ဘဝပြတ်ကင်းသွားဒါဘဲဟု ယူဆသော ဥစ္ဆေဒဒိဋ္ဌိ အယူရှိသောသူတို့သည် ယခုဘဝပစ္စက္ခ၌ တွေ့ကြုံ နေရသော ဆင်းရဲဒုက္ခကို ငြီးငွေ့ကြသဖြင့် ဘဝမရှိခြင်းကို တောင့်တကြ လေသည်။ ဂေါတမဗုဒ္ဓ၏နိဗ္ဗာန်တရားနှင့်နီးကပ်သလိုလိုရှိသော် လည်း အယူအဆ သဘောအားဖြင့်သော်ကား ဆန့်ကျင်ဘက် ဖြစ်နေတော့သည်။ ဘဝမရှိခြင်းကို တောင့်တလိုချင်တတ်သော တဏှာသည် ဝိဘဝတဏှာမည်၏။ ထိုတဏှာကို ပယ်သတ်နိုင် သော ဝိပဿနာတရားကို လုံးဝ နားလည်မှုမရှိချေ။ သေလျှင် နောက်ဘဝမရှိတော့ပြီဟု ယူဆသော ဥစ္ဆေဒဒိဋ္ဌိအယူကိုအတိမ ဝန္တပုဂ္ဂိုလ်ဟု ဆိုလေသည်။

ဂေါတမဗုဒ္ဓအလိုအားဖြင့် ဘဝဖြစ်ခြင်းကို စက်ဆုတ်ရွံရှာ သည်ကားမှန်၏။ ထိုသို့ပင်ရွံရှာ စက်ဆုတ်သော်လည်း ဘဝမရှိ ခြင်းကို တဏှာစွဲဖြင့် တောင့်တနေရုံမျှဖြင့် ဘဝ၏ကုန်ဆုံးခြင်း သို့ မရောက်နိုင်သေးပေ။ ဤဘဝကိုယ်ခန္ဓာပျက်စီးသောအခါမှ နောက်၌ ဘဝပြတ်သွားဒါဘဲ ဘာမှ မဖြစ်တော့ဘူး ဟူသော ဥစ္ဆေဒဒိဋ္ဌိ အယူကိုလည်း ဂေါတမဗုဒ္ဓက ပယ်ထားလေသည်။

ဒုက္ခသစ္စာ၏ လက်သည်ယ်ကား ယခု ဖော်ပြခဲ့သော ကာမ တဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ တည်းဟူသော တဏှာ (၃) ပါးရှိ၏။ ထိုတဏှာတို့တွင် ရှေ့(၂)ပါးသည် သဿတဒိဋ္ဌိအယူ ရှိ၏၊ နောက်ဖြစ်သော ဝိဘဝတဏှာသည်ကား ဥစ္ဆေဒဒိဋ္ဌိ အယူ ရှိ၏။

ထိုအယူအဆ(၂)ပါးကိုပယ်၍ အင်္ဂုတ္တိုရ်ကမဇ္ဈိမပဋိပဒါလမ်းဖြင့် ထိုတဏှာ (၃)ပါးကို ပယ်သတ်ရလေသည်၊ အကြင်မျှလောက်ကာလပတ်လုံး ထိုတဏှာကိုမပယ်ရသေး၊ ထိုမျှလောက်ကာလပတ်လုံး "ဇာတိ" ဒုက္ခမှမလွတ်ဟုဆိုရ၏။

ᐱᐯᐱᐯᐱᐯ

# သမုဒယသစ္စာ

ပြန်၍စဉ်းစားပါ။ ဒုက္ခသစ္စာသည် မိမိသဘောအလျောက် ထွက်ပေါ်နိုင်သော သတ္တိ လုံးဝမရှိနိုင်ပါ။ ထိုဒုက္ခသစ္စာ ထွက်ပေါ်ရန် ဖန်တီးပြုလုပ်ပေးသူကား သမုဒယသစ္စာဟု ခေါ်ဆိုရသော တဏှာလောဘတရားပင်တည်း။ ထိုတဏှာလောဘသည် အမြဲတမ်း ဆာလောင်မွတ်သိပ်နေသော အငတ်ကောင်ကြီးနှင့်တူ၏။ ငတ်နေသောအကောင်ကြီးသည် အမြဲတမ်းအစာကို ရှာနေသကဲ့သို့ သမုဒယတဏှာအငတ်ကောင်ကြီးသည် 'ကာမကိုရှာခြင်း၊ ဘဝကိုရှာခြင်း၊ ဝိဘဝကိုရှာခြင်းတည်းဟူသော(၃)မျိုးတို့ဖြင့် အမြဲတမ်းရှာနေ၏။ ထိုသို့ရှာမှီးနေရခြင်းသည်ပင် ဒုက္ခသစ္စာဖြစ်ပေါ်ရန် နီးစွာသောအကြောင်းရင်းဖြစ်၏။ ထိုကြောင့် တဏှာကို သမုဒယသစ္စာဟု ကောက်ယူရလေသည်။

သမုဒယသစ္စာ တဏှာလောဘသည် ဒုက္ခသစ္စာဖြစ်ပေါ်ရန် နီးစွာသောအကြောင်းဖြစ်၏။ ထိုသမုဒယသစ္စာတဏှာလောဘသည် မိမိတဦးတယောက်တည်း အနေအားဖြင့် ကာမဂုဏ်ကို ရှာမှီးနေရခြင်းမဟုတ်ပေ။ သူ၏အဖေါ်ဖြစ်သော ဒိဋ္ဌိက ကူညီ

အားပေးနေသောကြောင့် သမုဒယသစ္စာ တဏှာလောဘသည် ဦးစီးခေါင်းဆောင် ပြုလုပ်ပြီးကာ ဒုက္ခဖြစ်ပေါ်ရန်ဖန်တီးပေးနေရလေသည်။ ဒိဋ္ဌိသည်ကား ဒုက္ခဖြစ်ရန် နီးစွာသောအကြောင်းတရားမဟုတ်သော်လည်းဝေးသောအကြောင်းတရားအဖြစ် သတ်မှတ်ထားရ၏။

ထို့ကြောင့် မဇ္ဈိမပဋိပဒါလမ်းကြောင်းတွင် သမုဒယသစ္စာကို ဒုက္ခဖြစ်ရန် စီမံ ဖန်တီးတတ်သော ခေါင်းဆောင် အဖြစ် ဖော်ပြခဲ့လေသည်၊ ထိုသို့ပင်ဖော်ပြခဲ့သော်လည်း ထိုတဏှာကို ပယ်သတ်လိုသောအခါ တဏှာကိုတိုက်ရိုက်မသတ်နိုင်ဘဲ တဏှာ၏အဖော်ဖြစ်သော ဒိဋ္ဌိကိုသာရှေးဦးစွာသတ်ရလေသည်။

ဒိဋ္ဌိဆိုသည်ကား အတ္တဒိဋ္ဌိကိုဆိုလေသည်၊ အတ္တဒိဋ္ဌိအစွဲကြီးနေသောကြောင့်သာ ငါ၏သား၊ငါ၏သမီး၊ငါ့ဥစ္စာ၊ငါကောင်းစားရေးအတွက် ငါလိုချင်နေရသည်။ အောက်၌ဖော်ပြသော သဘောကို ဆင်ခြင်ပါ။

## သမုဒယသစ္စာသင်္ခါရထွက်နေပုံ

| | | | |
|---|---|---|---|
| သမုဒယသ | အာယူဟနဋ္ဌော | အားထုတ် | |
| သုည | နိဒါနဋ္ဌော | ဆင်းရဲအကြောင်း | နိရောဖြစ် |

သင်္ခတ-မှ သံယောဂဇွေ ဖွဲ့နှောင်

ထွက် ပလိဗောဓဇွေ ကြောင်းကြ

ယခုဖေါ်ပြသော ပုံစံကိုကြည့်လျှင် သမုဒယ သစ္စာဆိုဒါလဲ သင်္ခါရပါဘဲ၊ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာဆိုဒါ ဤကိုယ်ခန္ဓာ၌ နဂိုမူလက အရှိတရားမဟုတ်။ ဖြစ်ပေါ်သောတရားသာဖြစ်၏။ ထိုတဏှာတို့သည် သင်္ခတပရမတ္ထမှထွက်ပေါ်လာသော တရားဟု သိလောက်ပါပြီ။ မထွက်မပေါ် နိုင်အောင် ပယ်သတ်ထားနိုင်သော အရိယာသဏ္ဍာန်၌ ထိုတဏှာသည် ဘယ်ပုံဘယ်နည်းဟု ပြစရာမရှိသော သုညဖြစ်နေလိမ့်မည်။ အမြဲတမ်း ချုပ်ဆုံးနေသော နိရောဓ အဖြစ်သို့ ရောက်နေလိမ့်မည်။

တဏှာမချုပ်ဆုံးနိုင်သေးသဖြင့် အမြဲတမ်း ငတ်နေကြသော ကမ္ဘာသူ ကမ္ဘာသားတို့သည် အငတ်ပြဿနာကိုဖြေရှင်းရန်နည်း အမျိုးမျိုးတို့ဖြင့် ကြိုးစားအားထုတ်နေကြ၏။ နည်းအမျိုးမျိုးတို့ဖြင့် ကမ္ဘာလူသားတို့၏ အငတ်ပြဿနာကိုဖြေရှင်းလေလေ၊ အငတ်ပြဿနာ ပိုမို ရှုပ်ထွေးလေလေ ဖြစ်နေတော့၏။ မှန်၏ ထိုတဏှာလောဘကို အငတ်ကောင်ကြီးဟု နာမည်ပေးထားခဲ့ပါသည်၊ ထိုအငတ် ကောင်ကြီးကို အရိယာမဂ်ဖြင့် ဖန်းချုပ်ပြီး မလှုပ်သာ မပေါ်သာအောင် သူ၏ပေါက်ဖွားရာဌာနဖြစ်သော

'သင်္ခတ' ဓာတ်နေရာသို့ ပို့ဆောင်ထားနိုင်မှုဖြစ်ပေါ်မှုသုဉ်းဆိပ်၍ အငတ်ဘဝမှ လွတ်မြောက်ရသည်။

ဤတဏှာ သဒမုယကြောင့် ကမ္ဘာလောက တခုလုံး အာသာမပြေ အဆာမပြေ ၊ငတ်မွတ်၍နေကြလေသည် အငတ်ဘဝသည် ဘယ်သေအခါမှလည်း ဝသည်ဟူ၍မရှိ ပဌမကမ္ဘာစစ်ကြီးဖြစ်ရသဖြင့် ဒုက္ခများခဲ့လေပြီး ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်ရသောကြောင့်လည်း ဒုက္ခများခဲ့ကြလေပြီ။ တတိယ၊ စတုတ္ထ ကမ္ဘာစစ်ကြီး မဖြစ်တော့ပြီဟူ၍ကား မည်သူတဦးတယောက်မျှ ပြောဆိုနိုင်တော့မည် မဟုတ်တော့ပေ။ တနိုင်ငံနှင့် တနိုင်ငံ အချင်းချင်း ယုံကြည်စိတ်ရအောင် လက်နက် လျှော့ပစ်ရန်၊ စာချုပ်-ချုပ်ဆိုခြင်း၊ ဂတိပြုခြင်း၊ သံတမာန် ဖလှယ်ခြင်း၊ တို့ကို ဘယ်လိုပင် ပြုလုပ်ကြစေခါမူလည်း အတွင်းအဇ္ဈတ္တ သန္တာန်၌ ဖြစ်ပေါ်တတ်သော လောဘ ဒေါသ မာနတရားတွေကိုသုသာန်တွင်မြှုပ်နှံ ၍ မပစ်နိုင်သမျှ ကာလပတ်လုံး တတိယ စတုတ္ထ ကမ္ဘာစစ်ကြီးအတွက် စိတ်ချချနှင့် နေကြရမည်မဟုတ်ချေ။

ဒုက္ခတွေသမျှ သမုဒယကြောင့် ဖြစ်ရသည် သမုဒယသည် အမြဲထမ်းငတ်၍ ဆာလောင်နေသည်၊ ကာမဆာလောင်ခြင်း၊ ဘဝဆာလောင်ခြင်း တို့ကြောင့် သူတပါး ပိုင်ဆိုင်သော နိုင်ငံကို၊ မိမိနိုင်ငံ ပြုလုပ်လိုခြင်း၊ သူတပါးဥစ္စာကို မိမိဥစ္စာ ပြုလုပ်လိုခြင်း၊ လူသားသတ္တဝါအချင်းချင်းပင် ဖြစ်ကြသော်လည်း တခြားတပါးသော လူသားသတ္တဝါတို့အပေါ်မှာ ဂရုဏာတရားနည်း

ပါးခြင်းကြောင့် တိရိစ္ဆာန်ပမာ စည်းကမ်း အမျိုးမျိုးတို့ဖြင့် ချုပ်ခြယ်ထားလိုခြင်း။ ကမ္ဘာ့အပေါ်မှာ အကျော်အမော် လူအများတို့၏ အပူဇော်ကို ခံယူလိုခြင်းတို့သည် တန်ခိုးပါဝါ အာဏာတော် ပြတ်နေခြင်းကြောင့် ဆာလောင် မွတ်သိပ်နေခြင်းသာဖြစ်၏။

ဗုဒ္ဓဂေါတမသည် အင်္ဂတ်ဘဝမှ လွတ်မြောက်ပြီး ဖြစ်ရကား အလိုဆန္ဒဟူသမျှ အလုံးစုံပြည့်ဝ၍၊ အတိသုခဖြစ်သော နိဗ္ဗာန်ကို ရရှိပါပြီ။

တန်းခိုးပါဝါ အာဏာငတ်နေကြသော လူ့လောကကြီးသည်ကား တဦးထက်တဦး တယောက်ထက်တယောက် အစစ အရာရာတွင် အသာရလိုမှုကြောင့် တုတုပပ လက်နက် အမျိုးမျိုးတို့ကို ကြိုးကြိုးစားစားပြုလုပ်အားထုတ်နေခြင်းသည်၊ အယူဟာ နဋ္ဌမည်၏၊

တန်ခိုးအာဏာ ဂုဏ်ပါဝါ လိုချင်မှုကြောင့် ပြုလုပ်သမျှ လက်နက်ကြီးငယ် အသွယ်သွယ် တို့သည် သတ္တဝါ တို့အား မုချအားဖြင့် ဆိုးကျိုး ဆိုးပြစ်ကိုသာ ပေးနိုင်မည်ဖြစ်ပါသော ကြောင့် နိဒါနဋ္ဌ မည်၏။

မိမိတို့ပြုလုပ်သော လက်နက် ဟူသမျှ ဘယ်သောအခါမှ အညံ့အဖျင်း မဖြစ်စေရ၊ သူတပါးနိုင်ငံမှ မပြု မလုပ်ဘူးသေး

သော လက်နက်ထူး လက်နက်ဆန်းများ ဖြစ်ရန် စိတ်အကြံ ထုတ်နေရခြင်းသည် သံယောဂဋ္ဌမည်၏။

မိမိပြုလုပ်သော လက်နက်ကြီးငယ် အသွယ်သွယ်တို့မှန်းခြေ ကိုက်အောင် အမျိုးမျိုးကြံစား အားထုတ် ပြုလုပ်နေရခြင်း သည် ပလိဗောဓဋ္ဌမည်၏၊

(ဤဥပမာ စကားဖြင့် သမုဒယ သစ္စာကို ဉာဏ်အမြင် ပေါက်ပါ)

ယခုဖော်ပြခဲ့သော သမုဒယ သစ္စာသည် ဒုက္ခသစ္စာထွက် ပေါ်ရန် ဖန်တီး ပြုလုပ်တတ်သော အကြောင်း သင်္ခါရတရား ဖြစ်၏။ အဘယ်ကြောင့်၊ အကြောင်းသင်္ခါရဟု ဆိုရသနည်း.... ဖြေသော်ကား သမုဒယ သစ္စာခေါ် တဏှာ လောဘသည်၊ ဤကိုယ်ကာယ၌ အပြဲတည်ရှိသော တရားမဟုတ်ပေ၊ သင်္ခတ ခဲတဲ ပရမတ် စစ်စစ်မှ ထွက်ပေါ်လာသော အပေါ်တရား သာဖြစ်သည်။

ထိုသမုဒယသစ္စာခေါ်တဏှာလောဘသည်၊ သင်္ခတပရမတ် စစ်စစ်မှ ဘာကြောင့်ထွက်ပေါ်ရသနည်း။ အဖြေကား ရူပါရုံ- သဒ္ဒါရုံ-ဂန္ဓာရုံ-ရသာရုံ-ဖောဋ္ဌဗ္ဗာရုံဟုဆိုအပ်သော အာရုံကာမ ဂုဏ်တို့နှင့် တိုက်ဆိုမိသောကြောင့် ထွက်ပေါ်လာရသောတဏှာ လောဘဖြစ်သည်ဟု ဉာဏ်အမြင်ပေါက်ပါ၊

သမုဒယသစ္စာ-တဏှာလောဘသည်၊ ဒုက္ခသစ္စာ ထွက်ပေါ်လာရန် မူလအကြောင်း တရားဖြစ်ကြောင်းကို ယောဂီတို့ ဉာဏ်အမြင်ပေါက်အောင် အကြိမ်ကြိမ် အထပ်ထပ် မဂ္ဂသစ္စာကိုပွားများအားထုတ်ရမလသည်။

မဂ္ဂသစ္စာကို အကြိမ်ကြိမ်အထပ်ထပ် အားထုတ်မှသာလျှင် အင်တော်ကောင်ကြီးဟု နာမည်ပေးထားသော သမုဒယ သစ္စာ တဏှာလောဘ၏ အဖော်သဟဲဖြစ်သော အတ္တဒိဋ္ဌိကို လက်ပူးလက်ကျပ် မလွတ်သာအောင်ဖမ်းမိ၍ စိစိညက်ညက် အသေသတ်နိုင်လေသည်၊ ငါကောင် ဘဲ ဟု စွဲကပ် ယူထားသော အတ္တဒိဋ္ဌိ သေဆုံးသွားပါမှ အနတ္တ အစစ်ဖြစ်သော 'သခ်ိတ' ပရမတ္ထကို သုညဟု ဉာဏ်မြင်ပေါက်လာရသည်။ ထိုသုညသည် ဘာမှမရှိသော "သုည" ဟူ၍ကား မမှတ်အပ်ပေ၊ပုံဟန်သဏ္ဌာန် အားပြင့် ပြစရာ ပရမာဏုမျှမျှ မရှိသောကြောင့်သာ သုညဟု ဆိုရ၏။

ပရမတ္ထအနတ္တဖြစ်သော ဓမ္မကာယ အပေါင်းအစုကား ထင်ရှားရှိသည်ဟု စွဲစွဲမြဲမြဲ မှတ်ယူရာ၏။ ဘာမှမရှိသော (သုည) ဖြစ်သည်ဟု အကယ်၍ ယူဆမှားအံ့။ ဤလောက၌ သခ်ါရ ဝတ္ထုဟူ၍ မရှိနိုင်ရာ လောက (၃) ပါးသည် အချည်းနှည်း သုန်းဆိပ်၍ နေပေလိမ့်မည်။ ထိုအယူ အဆ သဘောတရားမှ ပြောင်းပြန်တစ်တခု ဝတ္ထုသဏ္ဌာန် အမာခံ ရှိသည်ဟု ယူဆထားအံ့။ ထိုဝတ္ထုပုံသဏ္ဌာန်ပြပ်တို့သည် အမြဲရှိနေရပေလိမ့်မည်။

အမြဲမရှိသောကြောင့် မြင်မြင်သမျှ ကြားကြားသမျှတို့ကို သင်္ခတ သင်္ခါရအနိစ္စဟု ဟောတော်မူသော တရားနှင့် ဆန့်ကျင် နေပေလိမ့်မည်။ သင်္ခါရဟူသည်မှာ သူ့ည သင်္ခတမှ ထွက်ပေါ်၍ဖြစ်သော ရုပ်သင်္ခါရ နာမ်သင်္ခါရ အစုဟူ၍ မြင်အောင်ရှုပါ။

ထိုသင်္ခါရတို့၏ ထွက်ပေါ်ရာ အသင်္ခတ ပရမတ္ထ သုညကို မြင်အောင်၊ ပွားအောင် အားထုတ်နေမှုကိုပင် မဂ္ဂသစ္စာကို ပွားများနေသည်ဟု မှတ်ပါ မဂ္ဂသစ္စာကို ပွားများ အားထုတ်ခြင်းကြောင့် လောကသုံးပါးကို ဖြစ်စေတတ်သော ပရမတ္ထတရားကား အသင်္ခတ တရားဟုမြင်သော ယောဂီသည် လောက၏ ချုပ်ဆုံးရာဖြစ်သော ပရမတ္ထတရားသည်လည်း အသင်္ခတ သုညပါတကားဟု ဉာဏ်အမြင်ပေါက် လာလေသည်။ အသင်္ခတတရား အသင်္ခတတရား (၂) ပါးသည်၊ ဉာဏ်အမြင်ခံသက်သက်မျှသာ ဖြစ်ပါသည်။ တစုံတခုသောထ ယ်ဒြပ် ဝတ္ထုပုံဟုံမရှိ သုညအတိ ဖြစ်သောတရားဟု သဘောမိ...ါစေ။

အသင်္ခတဓာတ်၊ နိဗ္ဗာန်မြတ်ဟု စာစပ်၍ ဆိုကြသည်။ ထိုအသင်္ခတဓာတ် နိဗ္ဗာန်သည်၊ နိမိတ်ယူစရာမရှိသောကြောင့် အနိမိတ္တနိဗ္ဗာန်ဟူသော အမည်ကိုရလေသည်။ လိုချင်တောင်းတစရာလည်းမရှိသောကြောင့် အပ္ပဏိဟိတ နိဗ္ဗာန်ဟူသော အမည်ကိုလဲ ရရှိလေသည်။

ထိုအသင်္ခတဓာတ်နိဗ္ဗာန်သည်၊ ကံစိတ်ဥတုအဟာရတည်းဟူ

သော အကြောင်းတရားတို့က ပြုပြင်ပါသော်လည်း တခုတခု သော ပုံဟန်သဏ္ဍာန်အားဖြင့် ထင်ရှားစွာဖြစ်၍မလာ အာကာသ ကောင်းကင်အပြင်ကို မီးတင်၍ ရှို့သော်လည်း မီးမလောင်သကဲ့သို့ ထိုအသင်္ခတဓာတ်ကို ပြုပြင်ဖန်တီး၍မဖြစ် (အကြောင်းတရားတို့သည်) မပြုပြင်အပ် ပြုပြင်သော်လည်း ပြုပြင်တိုင်း မရ ပြကတေ့ သုန်းသိပ်နေသော သဘော ပရမတ် တခုရှိလေသည်။ ထိုကြောင့် သုညတ နိဗ္ဗာန်ဟူသော အမည်ကိုလည်း ရလေသည်။

ဤသို့ဖြစ်သောကြောင့် ပရိယတ္တိ သမုတိသစ္စာနယ်က အသင်္ခတနိဗ္ဗာန်ကို ဗဟိဒ္ဓတရားဟူ၍ ညွှန်ပြထားခဲ့သည်။

အနိန္ဒြိယ ဗဒ္ဓရူပဥ္စ နိဗ္ဗာနဉ္စ ဗဟိဒ္ဓါ ဓမ္မသင်္ဂဏီပါဠိ။

မြန်မာပြန်သော် အနိန္ဒြိယဗဒ္ဓရူပဥ္စ ဇီဝိတိန္ဒြေနှင့်မစပ်သော သင်္ခါရရုပ်သည်၎င်း၊ နိဗ္ဗာနဉ္စ အသင်္ခတ အမည်ရသော နိဗ္ဗာန်သည်၎င်း။ ဗဟိဒ္ဓါ-ဇီဝိတိန္ဒြေမှ အပဖြစ်၍ ဗဟိဒ္ဓမည်၏။

အနိန္ဒြိယ ဗဒ္ဓရူပဥ္စ နိဗ္ဗာနဉ္စ ထပေတွာ သဗ္ဗေဓမ္မာ သိယာ အဇ္ဈတ္တာသိယာ ဗဟိဒ္ဓါ သိယာအဇ္ဈတ္တ ဗဟိဒ္ဓါ အနိန္ဒြိယ ဗဒ္ဓရူပဥ္စ နိဗ္ဗာနဉ္စ-ဗဟိဒ္ဓါ။ ဓမ္မသင်္ဂဏီပါဠိတော်။

မြန်မာသော်ကား အနိန္ဒြိယ ဗဒ္ဓပရူပဉ္စကို၎င်း။ နိဗ္ဗာနဉ္စ အသင်္ခတ နိဗ္ဗာကို၎င်း။ ထပေတွာထား၍ သဗ္ဗေဓမ္မ အလုံးစုံ

သော သင်္ခါရ ရုပ်-နာမ်တရားတို့သည်။ သိယာ တရံတခါ၌ အဇ္ဈတ္တာ မိမိဟု ဆိုအပ်သော အတွင်းသန္တာန်၌ ဖြစ်သော ကြောင့် အဇ္ဈတ္တမည်၏ သိယာ တရံတခါ၌၊ ဗဟိဒ္ဓါ မိမိသန္တာန် မှ အပ ဖြစ်သောကြောင့် ဗဟိဒ္ဓမည်၏ သိယာ တရံတခါ၌ အဇ္ဈတ္တ ဗဟိဒ္ဓါ အတွင်းအပ နှစ်ဌါန၌ ဖြစ်သောကြောင့် အဇ္ဈတ္တ ဗဟိဒ္ဓမည်၏။ အနိန္ဒြိယ ဗဒ္ဓရူပဥ္စ သည်၎င်း။ နိဗ္ဗာနဥ္စ သည်၎င်း ဗဟိဒ္ဓါ ဇီဝိတိန္ဒြေနှင့် မစပ် သက်သက်ပြင်ပ ဗဟိဒ္ဓ မည်၏။

ဇာတုဂထာပါဠိတော်၌လည်း။

ဗဟိဒ္ဓါဓမ္မာ"အသင်္ခတံ"ခန္ဓတော ထပေတွာ ပဥ္စဟိခန္ဓေဟိ၊ ဒွါဒသ သာဟာယတနေဟိ အဋ္ဌာရသဟိ ဓါတူဟိ သင်္ဂဟိတာ ဟု ဟောတော်မူသည်။

အသင်္ခတံ အသင်္ခတ မည်နာမဖြင့် ခေါ်ကြ ဝေါဟာ ပြ စရာမရှိ သုညအတိသာ ဖြစ်နေသော ဖိုးသုည နိဗ္ဗာန်ကို ခန္ဓ တောထပေတွာ ခန္ဓာအရေအတွက်မှ ချန်လှပ်ထား၍ ဗဟိဒ္ဓာ ဓမ္မာ ဇီဝိတိန္ဒြေမှ အပဖြစ်၍ ဗဟိဒ္ဓအမည်ရသော တရားတို့ကို ပဥ္စဟိခန္ဓေဟိ ငါးပါးသောခန္ဓာတို့ဖြင့် ဒွါဒသဟာယတနေဟိ (၁၂)ပါးသော အာယတနတို့ဖြင့် အဋ္ဌရသဟိ ဓာတူဟိ(၁၈) ပါးသောဓာတ်တို့ဖြင့် သင်္ဂဟိတာ ရယ်တွက်အပ်ကုန်၏။

အသင်္ခတနိဗ္ဗာန်ကို ပရိယတ္တိအလိုအားဖြင့် ဗဟိဒ္ဓ တရားဟု ဟောထားလေသည်။ ဗဟိဒ္ဓ နိဗ္ဗာနဝါဒီ ပုဂ္ဂိုလ်တို့သည် ဤ ပါဠိသာဓကကို ကိုးကား၍ပြကြလေသည်။ ပရိယတ္တိအလိုအား ဖြင့် ဇီဝိတိန္ဒြေနှင့်မစပ်သော သင်္ခါရရုပ်ကိုလည်း ဗဟိဒ္ဓဟု ဆို ထားလေသည်။ အသင်္ခတ နိဗ္ဗာန် တရားကိုကား အဘယ်မှာ အဇ္ဈတ္တ ဆိုနိုင်အံ့နည်း။ ဗဟိဒ္ဓဟု ဆိုရမည်မှာ သေရှာနေ၏။ ဤမျှဖြင့် ကျေနပ်၍ မနေပါနှင့်ဟု ဆိုချင်ပါသည်။ အဘယ် ကြောင့် ဆိုသော် အသင်္ခတ နိဗ္ဗာန်လိုပင် နိရောဓ သစ္စာနှင့် တစည်းတလုံ·တည်းဟူသော တခုစီတခုစီ ထုတ်နှုတ် ယူငင်၍ ကြည့်သင့်၏။ နိရောဓသစ္စာကို ဤနေရာတွင် မရောပါစေနှင့်။

(က) အသင်္ခတ နိဗ္ဗာန်၏ တည်ရာ အရပ်ဌာန ရှိလေသလော။

(ခ) အခ်တ နိဗ္ဗာန်၏ ပုံပန်းဟန်ပန်သဏ္ဍာန် ဒြပ်ကား ဘယ်သို့နည်း။

(ဂ) အသင်္ခတ နိဗ္ဗာန်သည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလ (၃)ပါးတွင် အဘယ် ကာလ၌ ဖြစ်ပါလေသနည်း။

(က) အဖြေမှာ နိဗ္ဗာန်၏တည်ရာဌာနမရှိ။

(ခ) အဖြေမှာ အသင်္ခတ နိဗ္ဗာန်ပုံ ဟုန် ဒြပ် မရှိ၊ သုညဟုဆို၏။

(ဂ) အဖြေမှာ အတိတ်၌ နိဗ္ဗာန်တရား ဖြစ်ဘူးပြီးဟုမဆိုရ၊ ပစ္စုပ္ပန်ကာလတွင် ဖြစ်ဆဲ ဟူ၍ မဆိုရ။

အနာဂါတ်ကာလ၌ ဖြစ်လတံ့ဟူ၍ မဆိုရ။ ကာလဝိမုတ်သာဖြစ်၏။ ပရိယတ္တိ ဒေသနာတော် အလိုအားဖြင့် ဇီဝိတိန္ဒြေနှင့် မစပ်သော သင်္ခါရရုပ်တို့ကိုပင်ဗဟိဒ္ဓတရားဟု ဆိုထားလေပြီ။ ဌာန၊ ကာလ၊သဏ္ဌာနအားဖြင့် ပြစရာမရှိသောအသင်္ခတဘိုးသုညကိုလည်း စာအလိုဖြင့် ဗဟိဒ္ဓတရား၌ သွင်းထား ရေတွက်ရလေသည်၊

ဤအသင်္ခတ နိဗ္ဗာန်ကား ပရိယတ်၊ ပဋိပတ် သာသနာ (၂)ပါးနှင့်ဆက်ဆံသောတရားမဟုတ်ပေ။ အနံ့အသက် မျှပင် ရကြမည် မဟုတ်ပါ။ အမှန်မှုချအားဖြင့် ပဋိဝေဒ သာသနာသို့ ရောက်သောအခါမှ သိရသော တရားမျိုး ဖြစ်ပါသည်။ သူငါကစ စာကိုရရုံနှင့် ကိစ္စမပြီးဟု သတိပြုသင့်၏၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့၏အာရုံဖြစ်သော အသင်္ခတနိဗ္ဗာန်ကို ပရိယတ္တိက ဗဟိဒ္ဓတရားဟုဆိုထားသော်လည်း ပဋိဝေဒ ဉာဏ်အမြင်ပေါက်လာသော အရိယာ ပုဂ္ဂိုလ် တို့အား အတွင်းအပြင် တရားဟု ပြောရာလဲမရှိတော့ပြီ၊ အဇ္ဈတ္တ ဗဟိဒ္ဓတရားဟူ၍လဲပြောစရာ

မရှိတော့ပြီ။ သင်္ခတလောကလဲ သုညပါဘဲ၊ လောကသုံးပါးမှ ထွက်မြောက်ရာ အသင်္ခတနိဗ္ဗာန်လဲ သုညပါဘဲ၊ နိရောဓသစ္စာသို့ ရှေ့ရှုနေပြီ။

## သတိပြု

သုည(၂)လုံး အမြင်ပေါက်လာလေပြီ။ သူသူငါငါသတ္တဝါ ဆိုတာလဲ ဖြစ်ပျက် သင်္ခါရ မျှသာ၊ ငါဆိုတာ တကယ်မရှိ၊ တကယ်အရှိတရားက သင်္ခတပရမတ်၊ အပြောရခက်ထားဒါက လဲ သုညဖြစ်နေလို့ဘဲ။

အသင်္ခတ လောက၏ချုပ်ဆုံးရာ နိဗ္ဗာန်ဆိုတာလဲပြစရာမရှိ အတွင်းသဘော မနောက ဉာဏ်မြင်မိမှသိရတဲ့တရား ဘိုးသုည ကြီးပါကလားဟုမြင်တာက အသင်္ခတနိဗ္ဗာန်ကို အမှန်မြင်ပြီးဟု မှတ်ပါ။

ထိုသုည ဤသုည သုည(၂)လုံးကိုမြင်သိသော ယောဂီ၏ ခန္ဓာတွင် အနမတဂ္ဂသံသရာက စွဲကပ်၍ပါလာသော အမှား၊ အစွဲ၊ အယူတို့သည် လေမလှုပ်ဘဲနှင့် အညှာမှ ပြုတ်ကျသော သရက်သီးကဲ့သို့ ဒိဋ္ဌိပြုတ်၊ ဝိစိကိစ္ဆာပြုတ်၊ ကိလေသာ ပြုတ်၍ ကျခြင်းကို နိရောဓသစ္စာဟု ခေါ်ဆိုရလေသည်၊ ဒိဋ္ဌိဝိစိကိစ္ဆာ

တရားတို့သည် ဖြစ်ရာဌာနလဲရှိ၏။ ဖြစ်ဆဲ ဖြစ်လတံ့ ဟူသော ကာလ(၃)ပါးလည်းရှိ၏၊ နောင်မဖြစ်တော့ပြီဟူသောသမုစ္ဆေဒ နိရောဓလဲရှိ၏။ အသင်္ခတဓာတ်နှင့် ရောစပ်မွှေနှောက် လိုက်ကြသောကြောင့် အသိရခက်နေကြလေသည်။

ယာဝတာ ဘိက္ခဝေ ဓမ္မာ သင်္ခတာဝါ
အသင်္ခတာဝါ ဝိရာဂေါ တေသံ ဓမ္မာနံ
အဂ္ဂမက္ခာယတိ။

အင်္ဂုတ္တရ ပါဠိတော် စတုက္ကနိပါတ် စက္ကာဂ် အဂ္ဂပသာဒ သုတ်၌ မြန်မာ ဘိက္ခဝေ ရဟန်းတို့၊ ယာဝတာ အကြင် မျှလောက်ကုန်သော သင်္ခတာအကြောင်းတရားတို့သည်ပြုပြင်အပ်ကုန်သော၊ ဓမ္မာဝါ ရူပကာယဖြင့် ဖြစ်ရာမရှိ၊ ဓမ္မယတနသာ ရှိသည်ဟုဆိုအပ်ကုန်သော၊ သင်္ခတသုညတရားတို့သည်ရင်း။

အသင်္ခတ အကြောင်းတရားတို့သည် မပြုပြင် မစီရင် အပ်ကုန်သော ဓမ္မာဝါ၊ ရူပ၊ အရူပသဘာဝဟု ဖြစ်ရာမရှိ သုညအတိ ဖြစ်နေသော အသင်္ခတ နိဗ္ဗာန်တရားတို့သည်ရင်း သန္တိရှိကြကုန်၏။ တေသံဓမ္မာနံ ထိုသင်္ခတ တရား (၂)ပါး တို့ထွင် ဝိရာဂေါ ရာဂကင်းရာကင်းကြောင်းဖြစ်သော ဝါ ရာဂချုပ်ရာ

ချုပ်ကြောင်းဖြစ်သော အသင်္ခတ နိဗ္ဗာန်သည် အတ္တိ ထင်ရှား ကေန် အမှန်ရှိ၏၊ အယံဝိရာဂေါ ဤရာဂကင်းရာကင်းကြောင်း ရာဂချုပ်ရာ ချုပ်ကြောင်း ဖြစ်သော၀ နိဗ္ဗာန်ကို အဂ္ဂံ မြတ်၏ ဟူ၍ အက္ခာယတိ ဟောတော်မူအပ်၏။

သင်္ခတ-အသင်္ခတ ပရမတ္တ တရားတစင်ကိုရှာသော် သည (၂)လုံးသာ ပေါ်ထွက်နေသည်။ ထိုသည (၂)လုံးတို့တွင် သင်္ခတ ဟူသောသည ပရမတ္တတရားမှ လောက အဖြင့်သို့ရောက် လာသော စိတ်,စေတသိက်ရုပ်တို့ကို ပရမတ္တတရားဟု ပရိယတ္တိ အရာတွင် ရေတွက်ရသော်လည်း။ မှချ ပရမတ်ဟု မဆိုသာ သင်္ခါရ ပရမတ်ဟုသာ ပရိယတ္တိအလိုအားဖြင့်ဆိုရ၏။ မှချပရ မတ်ကား သင်္ခတသည တရားသာဖြစ်ပါတော့သည်။ ထိုသည သင်္ခတ တရာ သည်။ ရာဂဖြင့် တပ်စရာမရှိသော တရားလဲဖြစ် ၏။ သို့သော် လောကဟု ဆိုအပ်သော သင်္ခါရ ထွက်ပေါ်ရာ ဖြစ်သောကြောင့်ရင်း။ ကံ,စိတ်, ဥတုအဟာရတို့က ပြုလုပ်ဖန် တီးသောကြောင့်ရင်း။ ထိုသင်္ခတ ဓာတ်ကို အဖြစ်တရားဟု မြင်လေလည်း။

အသင်္ခတဓာတ်နိဗ္ဗာန်တရားကိုသာ အမြတ်တရားဟု ဟော တော်မူသည်။ ထိုသင်္ခတ ဓာတ်ကို သုညဟု မြင်သောအခါ၌ နိဗ္ဗာန်ကို မျက်မှောက်ပြု၏။ ထိုအသင်္ခတ ဓာတ် နိဗ္ဗာန်သည် ဉာဏ်၏ အမြင်ခံမျှသာ ဖြစ်သည်။ နိရောဓ သစ္စာဟု မဆိုသင့် မဆိုအပ်။

## ဘာလဲနိရောဓ

ယောဂီ ပုဂ္ဂိုလ်၏ ဉာဏ်အမြင် အားဖြင့် သင်္ခတ တရားကို လဲ သုည-ဟုမြင်၏၊ အသင်္ခတ တရားကိုလဲ သုည ဟုမြင်လိုက်သောအခါ မှန်ကန်သောသိစ္စာအနက် (၄)ချက်ကိုလဲ သဘောမိလာသည်။

နိဿရဏဋ္ဌ ဖြစ်ပျက်မရှိ

အသင်္ခတ ဝိဝေကဋ္ဌ ခန္ဓာမှသုဉ်ဆိပ်

သုည အမတဋ္ဌ မသေရာ အမှားပြုတ်

နိရောဓ

အသင်္ခတဋ္ဌ မပြုမပြင်ခြင်း ဒီမှာချုပ်

ဉာဏ်အမြင်ခံ သုည)

အသင်္ခတဓာတ်ကိုမြင်သည်။ ၎င်းအသင်္ခတဓာတ်ကို မြင်ခြင်းကြောင့် ယောဂီ၏ခန္ဓာအတွင်း ဒိဋ္ဌိနိရောဓ၊ တဏှာနိရောဓ၊ ကိလေသာဟူသမျှ ယောဂီ၏ ခန္ဓာတွင် ဘယ်အခါမျှ မပြစ်ရ၊

သမုဒ္ဒယ နိရောဓ၊ ၎င်းနိရောဓသည် အမှန် ဖြစ်သောကြောင့် နိရောဓသစ္စာဟုဆိုလေသည်။ ဤနိရောဓသည် ခန္ဓာ (၅) ပါး အတွင်း၌ ရကောင်းသောကြောင့် ဂေါတမဗုဒ္ဓက ထုတ်ဟ၍ စတုက္ကင်္ဂုတ္တရပါဠိတော် သဝဂ်၌။

အပိစခွါဟံ မာရိသော ဗျာမမတ္တေ ကဠေဝရေ သသညိမှိ သမနကေ လောကံစ ပညာပေမိ လောက သမုဒယံစ လောက နိရောဓံစ လောကနိရောဓ ဂါမိနိံစ ပဋိပဒံ။

ဤပါဠိဖြင့် ခန္ဓာ(၅)ပါးအတွင်း၌သာလျှင် သစ္စာလေးပါးကို ပိုင်းခြား၍ သိစေတော်မူသည်။ (အသဒိတ ခေတ်ကိုမဆိုခဲ့ပါ)။

မြန်မာပြန်။ ။အာဝုသော ဒါယကာနတ်သား၊ အပိစခေါ၊ တကယ်စင်စစ်အားဖြင့်သသညာမှိ၊အမှတ်သညာနှင့်တကွအော၊ သမနကေ စိတ်ဝိညာဉ်နှင့် တကွသော၊ ဗျာမမတ္တေ၊ လံယံမျှသော၊ ကဠေဝရေ၊ ဤ တလံမျှသော ကိုယ်ကောင်၌ပင်၊လောကံစ ဖြစ်ပျက်းလာသော ဒုက္ခသစ္စာကိုရင်း၊ လောက သမု

ဒယံစ၊ လောကဖြစ်ရကြောင်းဟုဆိုရသောသမု ဒယသစ္စာကိုဍင်း၊ လောလနိရောဓ°စ၊ လောက ၏ချုပ်ငြိမ်းခြင်း၊ ချုပ်ငြိမ်းရာ နိရောဓသစ္စာကို ဍင်း၊လောကနိရောဓဂါမိနိံ°စ ပဋိပဒံ၊လောက ၏ ချုပ်ငြိမ်းရာသို့ရောက်ကြောင်းဖြစ်သော မဂ္ဂ သစ္စာကိုဍင်း၊ ပညာပေမိ အများအားဖြင့် သိ ခစေတော်မူ၏။

ဤဒေသနာဖြင့် ခန္ဓာအဇ္ဈတ္တအတွင်း၌သစ္စာ လေးပါးတရားကို တိတိကျကျဖေါ်ပြထားပေလ သည်။ ရုပ်နာမ်ပုဂ္ဂိုလ်၏ခန္ဓာတွင်ကိလေသာတွေ နိရောဓသစ္စာဖြစ်၍ သွားလေပြီ။ ဘယ်တရားကို မြင်သိ၍ ကိလေသာနိရောဓ ဖြစ်ရလေသနည်း။

အသခ်တ နိဗ္ဗာန်ကို မြင်သိ သောကြောင့် ရုပ်နာမ်ခန္ဓာ၌ ကိလေသာနိရောဓဖြစ်သွားရလေ သည်။ ဖြေးဖြေးလေးလေးစဉ်းစားပါ။

အသခ်တနိဗ္ဗာန်နှင့် နိရောဓသစ္စာ တပေါင်း တည်း၊ တခုတည်းဟု ယူမှား နေသောကြောင့် အဋ္ဌကထာဝါဒီတို့ကလဲ သစ္စာလေးပါးကိုနိဗ္ဗာန်ဟု ကောက်ယူ ကြကုန်၏။ ဗဟိဒ္ဓ ဝါဒီ တို့ကလဲ အသခ်တကို နိဗ္ဗာန်ဟု ကောက်ယူကြကုန်၏။မိမိ

အလိုရှိသော ပါဠိသာဓကတို့ကို ထုတ်ဆောင်၍ ပြကြကုန်၏။ ပရိယတ္တိဖြင့် သိနိုင်သော တရားမျိုးကား လုံးဝမဟုတ်ပေ။ ပဋိဝေဓဉာဏ်အရာ၊ ဝိဇ္ဇာဉာဏ်ရှိပါမှ အမှန်ကိုသိနိုင်ကြမည်။

နိရောဓ သစ္စာ ကိုပင် နိဗ္ဗာန် တရားဘဲဟု ကောက်ယူ ကြခြင်း သည်လည်း အကြောင်းမဲ့ ကောက်ယူကြသည်ကားမဟုတ်ပေ။ နိရောဓေါ နာမ နိဗ္ဗာန်ယူသော ပါဠိဆောင်ပုဒ်ကို ငယ်စဉ် ကပင် ရရှိထားသူများဖြစ်ကြလေသည်။

ထိုမှတပါး နိရောဓသစ္စာနှင့် နိဗ္ဗာန်ကိုခရော နှော၍ ဟောထားသောပါဠိသာဓကတွေကလဲ ရှိနေကြသေးသည်။

## အာဂတဒီသသုတ်

ပဥ္စင်္ဂုတ္တရ ဒသမရာဇဝဂ္ဂ၌ ဟောဲတော် မူသည်မှာ ဣဓဘိက္ခဝေ ဘိက္ခုယော သဒ္ဓိသာ အာဂတပုဗ္ဗာ ဣမိနာ ိလောန၊ အဒ္ဓုနာ၊ ယဝိဒ၊ သဗ္ဗသင်္ခါရ သမထောသမ္ပ ပဓိ၊ ပတိနိသဂ္ဂော၊ တဏှာက္ခယော၊ ဝိရာဂေါ၊ နိရော ဓေါ "နိဗ္ဗာန်" တံဓိပ္ပညေဝ ဂန္တာဟောတိ။

**မြန်မာပြန်။** ။ဘိက္ခဝေ ရဟန်းတို့၊ ဘိက္ခုရဟန်းသည်။ ဣဓ ဤလောက၌ ယာသာဒိသာ အကြောင်းအရပ်ကို ဣမိနာ ဒိဃေန အဒ္ဓုနာ၊ ဤရှည်လျား စွာသော သံသရာ ကာလပတ်လုံး၊ အဂတပုဗ္ဗာ၊ ရှေ့၌ မသွားမရောက်ဘူးချေ။

ယဒိဒံ အကြောင်းအရပ်သည်ကား၊ သဗ္ဗသင်္ခါရ သမထော၊ အလုံးစုံသောသင်္ခါရငြိမ်းရာဖြစ်၏။ သဗ္ဗူပဓိပဋိနိဿဂ္ဂော၊ အလုံးစုံသော ခန္ဓာဥပဓိ ကိုစွန့်လွှတ်ရာဖြင်၏။တဏှက္ခယော၊ကာမတဏှာ ဘဝတဏှာ၊ ဝိဘဝ တဏှာတည်းဟူသောတဏှာ (၃) ပါး ကုန်ရာဖြစ်၏။ဝိရာဂေါ၊ ရာဂဟူသော တပ်ပက်ခြင်းကင်းရာဖြစ်၏၊ နိရောဓော၊ကိလေ သာနိရောဓ၊ ခန္ဓာနိရောဓ အမည်ရတဲ့ ဘဝဇာတ် သိမ်း ကင်းဖြတ် ငြိမ်းရာ ဖြစ်၏။ ။ဤတွင် တခဏ်းရပ် စဉ်းစား။

တံနိဒ္ဒိနံ၊ထိုအသင်္ခတနိဗ္ဗာန်အရပ်သို့၊မိပ္ပညော၀၊လျှင် ဂန္တာသွားတတ်သည်၊ ဟောတိဖြစ်၏။

ဤဒေသနာတော်၌ နိရောဓယစ္စာနှင့် နိဗ္ဗာန်ဟူသော ပုဒ်တို့ နှီးစပ်နေခြင်းကြောင့်၊အသင်္ခတလဲနိဗ္ဗာန်ပါဘဲ၊ နိရောဓလဲနိဗ္ဗာန် ပါဘဲဟု မကွဲမပြား တခေါင်းတည်းယူဆထားကြလေသည်။

တံနိဗ္ဗာန်ဟူသောပုဒ်က ညွှန်ပြထားသောနိဗ္ဗာန်သည်အဓာယ် နိဗ္ဗာန်ဖြစ်လေသနည်း။ အဖြေမှာ အသင်္ခတနိဗ္ဗာန်ဟုသာ ဖြေ ဆိုရာရှိ၏၊ အသင်္ခတ နိဗ္ဗာန်သည် ပုံဟန်ဒြပ် ပြစရာ၊ ရှုစရာ အရှင်းမရှိ၊ လုံးဝမရှိ၊ ဘာတခုမှမရှိသောနိဗ္ဗာန်၌နိရောဓဖြစ်စရာ ကိလေသာတွေ၊ ခန္ဓာတွေရှိနေလေသလော။ ဘယ်ကိလေသာ မှ မရှိတော့ချေ။ ထိုသို့ဖြစ်ပါလျက် ဤဒေသနာတော်၌တကျော ရာဂ ချုပ်ရာ- ငြိမ်းရာဟု ဟောတော်မူခြင်းသည် နိရောဓသစ္စာ နှင့် နိဗ္ဗာန်တရားကို တပေါင်းတည်း မယူဆဘဲ နိသျ-နိဿိတ အဖြစ်ခွဲထုတ်၍ယူဆစေလိုသည်၊တနည်းသော်ကား၊အကြောင်း အကျိုးတရားအဖြစ် ကောက်ယူ စေလိုသည် မှန်၏။ အသင်္ခတ နိဗ္ဗာန်ကိုသိမြင်သော ယောဂီသည်၊ ထိုနိဗ္ဗာန်ကိုအာရုံပြု၍မိမိခန္ဓာ ၌ ရာဂစသောကိလေသာတို့ ချုပ်ငြိမ်းရလေသည်။ ထိုချုပ်ငြိမ်း ခြင်းကိုပင် နိရောဓသစ္စာဟုဆို၏။

အကျိုး အကြောင်းအဖြစ် ကောက်ယူသော် အသင်္ခတ-အ မည်ရသော ထိုနိဗ္ဗာန်ကိုမြင်သိခြင်းကြောင့် ယောဂီ၏သန္တာန်၌ ဖြစ်ပေါ်စွဲကပ်နေသော ကိလေသာဟူသမျှသို့ ငြိမ်း ၏ ချုပ်ဆုံး ခြင်းသို့ ရောက်ရလေသည်။ ၎င်းတို့ချုပ်ဆုံးခြင်းကိုပင် နိရော ဓသစ္စာဟုဆိုလိုသည် အကြောင်းမဲ့သက်သက် ချုပ်ဆုံးခြင်းမ ဟုတ်ပေအသင်္ခတနိဗ္ဗာန်ကိုမြင်ခြင်းသည် ချုပ်ဆုံးရန်အကြောင်း ဖြစ်၏ ချုပ်ဆုံးခြင်းသည် အကျိုးတရားဖြစ်၏။

နောက်ဆုံးပိတ်တွင် ဤသို့မှတ်ရာ၏။ အသင်္ခတဓာတ်နိဗ္ဗာန်

သည် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့၏ အာရုံဖြစ်၍ ဉာဏ်အမြင်ခံ သက်သက် သဥ်းဆိပ်နေသောတရား ဟုမြင်သည်။

နိရောဓ သစ္စာကား ခန္ဓာအစုတ္တွင် ချုပ်ဆုံးရသောတရား ဖြစ်သည် ထိုကိလေသာတွေ ကုန်ဆုံး ချုပ်ငြိမ်းသောကြောင့် (၁၁)ပါးသော မီးတို့မလောင်နိုင်တော့ပြီဟုမှတ်ရ၏။

နိရောဓ သစ္စာဆိုဒါ ဘာကိုဆိုဒါလဲ

ပဉ္စပေတေ ဒုက္ခသစ္စ တဿပဘာဝိကာ တဏှာ သမုဒယ သစ္စံ ဉဘိန္နံ အပဝတ္တတိ နိရောဓသစ္စံ တံပဇာနနာ မဂ္ဂသစ္စန္တိ ခန္ဓာငါးပါးကို ဒုက္ခသစ္စာဟုဆိုသည် ထိုဒုက္ခသစ္စာ၏ ရှေ့မဆွတ်ကပင် ကာမတဏှာဘဝတဏှာ ဝိဘဝတဏှာတို့ ဖြစ်ပေါ်နေခြင်းကြောင့် ခန္ဓာဒုက္ခကို ရရှိကြလေသည် သို့ကြောင့် လောဘတဏှာကို သမုဒယသစ္စာဟုဆိုသည် ထိုဒုက္ခသစ္စာ သမုဒယသစ္စာ(၂)ပါးတို့သည် ရဟန္တာ ပုဂ္ဂိုလ်၏ အစုတ္တသန္တာန်၌ ချုပ်ဆုံးကြလေသည် ၎င်းအချုပ်အဆုံးကိုပင် နိရောဓသစ္စာ ဟုဆို၏။ ချုပ်ဆုံးပြီး။ ကုန်ပြီဟု သိသောဉာဏ်သည် လောကုတ္တရာ မဂ်ဉာဏ်-မည်၏။ ထိုဉာဏ်ကိုပင် မဂ္ဂသစ္စာဟုခေါ်လေသည် လောကီမဂ္ဂသစ္စာကို ဤနေရာ၌မယူရ။

ယခုဖော်ပြခဲ့ပြီးသောအဋ္ဌကထာအလိုအားဖြင့် တံပဇာနနာ မဂ္ဂသစ္စံ လို့ဆိုတဲ့အလိုကို ထောက်ဆလျှင် ပွားများအားထုတ်

အပ်တဲ့မဂ္ဂဘာဝနာကို မယူမကောက်ဘဲမဂ်ဇော ဖိုလ်ဇောနောင် ၌ဖြစ်ပေါ်တတ်သော ပစ္စဝေက္ခဏာ ဉာဏ်ကိုပင် တံပဇာနန္ဒာမဂ္ဂ သစ္စ ဟု ကောက်ယူလေသလောဟု တွေးထင်စရာရှိ၏။

အမှန်စင်စစ်အားဖြင့် မဂ်ဉာဏ်သည် အသန်တနိဗ္ဗာန်ကိုသာ အာရုံပြု၏။ ထိုအသင်္ခတ နိဗ္ဗာန်၌ ဒုက္ခသစ္စာ သမုဒယသစ္စာ (၂)ပါးစလုံးမဖြစ်ဘဲ အမြဲတန်း သုဉ်းဆိတ် နေခြင်းကြောင့် ထို သခ်တနိဗ္ဗာန်ကိုရည်၍ ဉာဏ်ဒ္ဒ အပဝတ္တတိ (၂)ပါး စုံမဖြစ်ခြင်း သည် နိရောဓသစ္စ နိရောဓသစ္စာ မည်၏ဟု ဆိုလိုရှိဟန် သည်။

နိဗ္ဗာန်၌ ဒုက္ခသစ္စာ သမုဒယ သစ္စာ(၂)ပါးစလုံးမရှိဟုမင် ထင်၌မြင်သိခြင်းကို ရည်ရွယ်၍ တံပဇာနန္ဒာမဂ္ဂသစ္စ ဟု ယူဆ လျှင် သင့်လျော်ပေလိမ့်မည်ဖြစ်၍။ အရိယာတို့၏ မြင်သိအပ် သော မဂ်ဉာဏ်ကို မဂ္ဂသစ္စာဟုယူပါလေ။

နိရောဓ ဂါမိနီစ ပဋိပဒါ ဟူသောစကားကိုရင်း။ ဣဒံဒုက္ခ နိ ရောဓ ဂါမိနီပဋိပဒ အရိယာသစ္စံ ဘာဝေတဗ္ဗန္တိမေ ဘိက္ခဝေ ပုဗ္ဗေအနနု သုတေသု ဓမ္မေသု စက္ခုံဉဒပါဒိ ပ အာလောကော ဉဒပါဒိ ဟူ၍ ဟောတော်မူသော ဓမ္မစကြာ၌ မဂ်ဉာဏ်ကို မဂ္ဂသစ္စာဟုမဆိုလိုဒပ။

လောကီဖြစ်သော အဋ္ဌင်္ဂိက မဂ်ကသာလျှင် မဂ္ဂသစ္စာဟု

ဆိုနဲ့လေသည်။ သို့ကြောင့်လောကီမဂ်သစ္စာ လောကုတ္တရာမဂ္ဂသစ္စာဟု(၂)မျိုး (၂)စားရှိရာတွင် ဓမ္မစကြာ၌၊ ဟောတော်မူသောဘာဝေတာမှ ဖြစ်သော မဂ္ဂသစ္စာကို လောကီအဋ္ဌင်္ဂိက မဂ်ဟုယူဆအပ်၏။

သို့ကြောင့် အဋ္ဌင်္ဂိက မဂ်ကိုသာလျှင် ယောဂီတို့ပွားများအားထုတ်အပ်၏၊ ပွားများအားထုပ်ရန်၊ (မဇ္ဈိမပဋိပဒါ)လမ်းကို ရှေ့၌လည်းပြခဲ့ပါပြီ ယခုဘာဖန်ထပ်၍၊ ဖေါ်ပြပါဦးမည်။

**ဆောင်ပုဒ်လင်္ကာ။** ။ပွားဒါက မဂ္ဂသစ္စာ ပေါ်ဒါက ဒုက္ခသစ္စာဖြစ်ပျက်က နမ်-ရုပ်နှစ်ဖြာ ရှုလိုက်ကြဝိဿနာဟူသော ဆောင်ပုဒ်အရ တရားကိုအားထုတ်နေသောယောဂီသည် ပစ္စုပ္ပန်အာရုံ၌ သတိမြဲမြဲ ရှိနေရသည်။ ဝီရိယကိုလဲပါရှိနေရသည်၊

ဤသို့နေခြင်းသည် မဂ္ဂသစ္စာကို ပွားများအားထုတ်၍ နေသည် မည်၏။ ထိုသို့ပွားများ အားထုတ်သောအခါ ခန္ဓာကိုယ် အတွင်း၌ အမျိုးမျိုးသော အတွေ့အထိတို့သည် သည်းမခံသာအောင် ဆင်းရဲဒုက္ခတွေ ပေါ်ပေါက်နေကြလေသည်။

ရင်းဆင်းရဲ ဒုက္ခသည်ပင် ဒုက္ခသစ္စာမည်၏။ ထိုဆင်းရဲဒုက္ခတို့သည် တခြားတပါးသော အရပ်ဒေသမှ လာ၍ဖြစ်ကြသည်

လည်းမဟုတ် သိကြားပြဟ္မာ နတ်များစွာတို့က ဖန်ဆင်းပြုလုပ်သော ဆင်းရဲဒုက္ခမျိုးလဲမဟုတ် မန္တာကိုယ် အတ္တဇ္ဈတ္တအတွင်း၌ အမြဲတန်းတည်ရှိနေသော ဆင်းရဲဒုက္ခမျိုးလဲမဟုတ် ပေါ်လာသော ဆင်းရဲ ဒုက္ခသာဖြစ်၏၊ ၎င်းကိုပင် သခ်ါရ ဒုက္ခဟု မှတ်ပါလေ။

ပေါ်လာသော ဒုက္ခဆိုဒါ ဘာတွေပေါ်နေဒါလဲဟု မြင်အောင် ရှုလိုက်သောအခါ နာမ်ဟုခေါ်သော စိတ်, စေတသိက်နှင့် ရုပ်ဟု ခေါ်သော ပထဝီ (အာပေါ တေဇော ဝါယော) တည်းဟူသော မဟာဘုတ်တို့ကို ခေတ်ဘဲဆိုဆို ရုပ်လို့ဘဲဆိုဆို ဒီနှစ် ခုထက်အပိုအမိုမရှိ ဒီနှစ်ခုတို့ဘဲ ဖြစ်လိုက် ပျက်လိုက်နှင့် ဖြစ်ပျက်အာရုံကို တွေ့ကြုံ ခံစားနေရလေသည်။ ဝိပဿနာ ရှုတယ်လို့ ဆိုဒါဘာလဲ ဒီဖြစ်ပျက်ရုပ်-နာမ်ကိုဘဲ ဝိပဿနာရှုရ၏ ဒါကြောင့် ပဆောင်ပုဒ်ရေးလိုက်ထာဘာဘဲ။

## ဘယ်လိုရှုမလဲ

သတိပဋ္ဌာန်းမလးပါးရှိသည်မည်သည့် ဝိပဿနာနည်းဘဲဖြစ်ဖြစ် သတိပဋ္ဌာန် နည်းနှင့် ကင်း၍ မဖြစ်နိုင်ပေ။ ကာယာနုပဿနာ သတိပဋ္ဌာန် ဝေဒနာ နုပဿနာ သတိပဋ္ဌာန် စိတ္တာနုပဿနာ သတိပဋ္ဌာန် ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဟူ၍ လူတိုင်း

သိကြတဲ့ သတိပဋ္ဌာန်(၄)ပါးရှိ၏ ထိုလေးပါးတို့တွင် ကာယာနုပဿနာဆိုဒါကသြဠာရိကဖြစ်၍ ကြမ်းတမ်း ခက်မာသဖြင့်သိစရာ မှတ်စရာအထင်ရှားဆုံးဖြစ်၏၊ ထို့ကြောင့် ဗုဒ္ဓဂေါတမဒေသနာတွင် ရှေးဦးစွာ ကာယာနုပဿနာကို ဟောထားခဲ့လေသည်။

ထို့နောက် ဝေဒနါဆိုဒါလဲ လွန်စွာ ထင်ရှားသောကြောင့် ဒုတိယအချက်တွင် ပါဝင်နေလေသည်။ စိတ္တာနုပဿနာဆိုဒါက ထင်ရှားပေမဲ့ အလွန်လျင်မြန်စွာဖြစ်ခြင်းကြောင့်သမာဓိမရှိမှီ၊ သမာဓိမရမှီ ရှု၍မလွယ်ကူချေ၊ဓမ္မာနုပဿနာဆိုဒါကစတုတ္ထအချက်တွင် ပါဝင်နေလေသည်။ သိနိုင်ခဲသော တရားလဲဖြစ်၏။ ခက်ခဲ နက်နဲသောတရားဖြစ်၍ နောက်ပိုင်းကပါဝင်သည်ဟု ယူဆသင့်၏။

ယခုအခါ မြန်မာနိုင်ငံအတွင်း၌ သင်ပြနေကြသောတရားရိပ်သာတိုင်း၌ မိမိတို့နှစ်သက်ရာ အာစရိယဝါဒအတိုင်း ဝိပဿနာသင်ပြနေကြသည်။ ထိုသတိပဋ္ဌာန်တရားနှင့် ကင်းလွတ်သောနေရာမရှိဟုဆိုနိုင်၏။

အို ဃောဂီ စာမှာ ပါလာသည့်အတိုင်း ကာယာနုပဿနာကစ၍ရှုပါ၊ သို့မဟုတ် ဝေဒနာနုပဿနာကစ၍ရှုပါ၊ ပဌမနှင့် ဒုတိယသာ ကွာခြားပါသည်။ (၂)မျိုးစလုံး သိလွယ်၊ထင်လွယ်သောတရားဖြစ်၍ သင့်လျော်သည်ဟု ထင်ပါသည်၊ သို့ရာတွင်

ရှုပုံရှုကွက်က တ,ဆရာနှင့် တ,ဆရာ ပြသပုံကား တူညီ ကြမည် မဟုတ်ချေ။

ယောဂီ၏ ကာယပဿာဒရုပ်အကြည်၌ ထိလာသောဖေါဋ္ဌဗ္ဗ ရုပ်ကို ပူပူဧေ တွေ့ ထိတိုင်း- တွေ့ထိတိုင်း (ဓါတ်ပါဘဲ။ သူ့ သဘောကိုသူဆောင်၍ ပေါ်နေဒါဘဲ)။ ဓါတ်-ဓါတ်ဟုရှုလျှင် လဲ ဥာဏစာဂီဆရာတော်နည်းဖြင့် ဝိပဿနာရှုဒါဘဲ ထိုဖေါဋ္ဌဗ္ဗ ရုပ် တွေ့ထိမှုကိုပင် ထိသိ ထိသိဟု တထိထဲထဲပြီး တသိထဲသိနေ ဒါကလဲ့ ဝိပဿနာရှုဒါပါဘဲ ထိုဖေါဋ္ဌဗ္ဗရုပ်ကိုပင် ဖေါက်ပြန်နေ ဒါဘဲ၊ ဖေါက်ပြန်နေဒါဘဲ၊ ရုပ်ဆိုဒါတခြားမရှိဘူး။ ဒီဖေါက် ပြန်ဒါကိုဘဲ ရုပ်ခေါ်တယ်။ ဖေါက်ပြန်တယ်၊ ဖေါက်ပြန်တယ်၊ ရုပ်အစုဘဲ ရုပ်အစုဘဲဟု ရှုနေလျှင် ရူပက္ခန္ဓာကို ရှုနေဒါပါဘဲ။ ဤကား အကျဉ်းမျှသာ ဖေါ်ပြလိုက်သော ကာယာနုပဿနာ ရှုနည်းတည်း။ အကျယ်အားဖြင့် သော်ကား ဝိသုဒ္ဓိမဂ်၌ များစွာ ရှိပါ၏၊

ဝေဒနာနုပဿနာ ဆိုဒါလဲ ဖေါဋ္ဌဗ္ဗရုပ်တခုကို အမှီပြုနေ ရ၏၊

ဥပမာ ပူပူဧေဧေ တွေ့ထိတိုင်း-တွေ့ထိတိုင်းသော ရုပ်အာရုံကို လွှတ်၍ စိတ်၌ ခံစားနေရသောဝေဒနာကို အဓိကထားပြီးလျှင် ပေါ်တိုင်း ပေါ်တိုင်းခံစားနေရသော သဘောကလေးကိုမိမိရရ၊ တိတိကျကျ သတိနှင့်ကပ်၍ ရှုနေခြင်းပါဘဲ။ အထူးသတိပြုရ

မှာက ရုပ်အာရုံကိုကပ်၍ ရှုဒါနှင့်ခံစားမှုနာမ်သဘောကိုကပ်၍ ရှုခြင်းသာ ထူးခြားဒါဘဲ။

စိတ္တာနုပဿနာဆိုဒါက အလုပ်ဝင်ခါစယောဂီတို့နှင့် မသင့်တော်သေးဟုထင်ပါသည်။ ရှေ့ကပြခဲ့သော ကာယာနုပဿနာ ဝေဒနာ နုပဿနာယောဂီတို့သည် သမာဓိရလာသော အခါ၌ စိတ်ဖြစ်ပေါ်တိုင်း ဖြစ်ပေါ်တိုင်း 'သတိ'နှင့် သိနေလေသည်။ ထိုစိတ်ကိုကပ်၍ ရှုနေခြင်းသည် (စိတ္တာနုပဿနာမည်၏။)

ဤစိတ္တာနုပဿနာကား ခက်လဲခက်၏။ နက်လဲနက်၏။ အတ္တဒိဋ္ဌိခေါ် (ဒိဋ္ဌောဃ) ဟူသည်မှာ ဤမနောစိတ် ဝိညာဉ်ကိုမှီ၍ ဖြစ်ပေါ်ရသော ဒိဋ္ဌိဖြစ်၏။

ဤနေရာ၌ ပြန်၍ကြည့်သော် ကာယာနုပဿနာကရုပ်ကာယကိုမူတည်၍ရှုသော ဝိပဿနာဖြစ်၏။ ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ(၂)ပါးတို့ကား ရုပ်အာရုံကိုလွှတ်၍ နာမ်အာရုံကိုအမှီကထားပြီး ရှုရသောဝိပဿနာဖြစ်သည်။

ထိုရုပ်-ထိုနာမ်(၂)ပါးထက် အယုတ်အလွန် ရှုစရာတရားဟူ၍ ထူးထူးချွန်ချွန်မရှိတော့ပြီ။ ထို(၂)ပါးကို ပိုင်နိုင်ခြင်းသည် ပင်(ဓမ္မပဋိဝေဒဖြစ်၏)။

ဓမ္မာနုပဿနာ ဆိုသည်မှာ ဝိပဿနာဉာဏ် ရင့်သန်လာ

ကြသောအခါမှ ပေါ်တိုင်းပေါ်တိုင်းသော အာရုံ၌ သက်ဆိုင်ရာ တရားဓမ္မတို့ကို (သုလက္ခဏာနှင့်သူ)ထိထိမိမိသိအောင် ရှုရလေသည်။

ဥဒမာ ဟင်းချိုအိုး၌ ချက်ထားသောဟင်းချိုကို တဇွန်းမျှ သောက်ကြည့်လိုက်ရုံနှင့် ဆားပေါ့သည်၊ ငံသည်ဟူ၍ရင်း၊ဆား ပါသည်၊မပါသည်ကိုရင်း၊ ဟင်းချိုသည်၊ခါးသည်ကိုရင်းသိနိုင် ကြလေသည်။ ထိုဟင်းချိုတဇွန်း၌ ပါဝင်ကြသော အရသာတို့ သည် သုလက္ခဏာနှင့်သူ ဖြစ်နေကြသဖြင့် ဟင်းချို တဇွန်းမျှ သောက်ကြည့်သူကလဲ အပေါင်းအစု ဖြစ်သော ဟင်းအရသာ ကို သုလက္ခဏာနှင့်သူ သိနိုင်လေသည်။

ဓမ္မာနုပဿနာ ဆိုသည်မှာလဲ ပြခဲ့သော ထိုဉပမာ အတူ သုလက္ခဏာနှင့်သူ ပါဝင်နေကြသော ဓမ္မအပေါင်းကို ရှုတတ် သော ဝိပဿနာ ဖြစ်သည်။ ထိုစကားမှန်၏၊ ရှေ့အနုပဿနာ (၃)ပါးကို ပွားများ အားထုတ်လာသော ပုဂ္ဂိုလ်သည် ဖဿ ပဥ္စကတရားကိုတွေ့မြင်လာသောအခါ၌ ဓမ္မာနုပဿနာရှုမှု ကိစ္စ အလိုအလျောက် ပြီးမြောက်လာနိုင်သည်။

အထူးသတိပြုပါ။ သောတာပန်ဖြစ်ပြီးသောပုဂ္ဂိုလ်တို့သည် အထက်မဂ်(၃)ဆင့်သို့ရောက်အောင် ပွားများ အားထုတ်သော အခါ ဤဓမ္မာနုပဿနာ သတိပဋ္ဌာန်ကိုသာ ပွားများအားထုတ် ရလေသည်။ ပုထုဇဉ်ဘဝကစ၍ အားထုတ်လာသော ဝိပဿနာ

မျိုးကား လုံးဝ မဟုတ်ပေ။ ထိုစကားသည် မှန်၏၊ ဝိပဿနာပွဲဦးထွက်ခါစ ယောဂီတို့သည် ကာယပဿာဒ အကြည်ဓာတ်၌ ထိခိုက်၍ ဖြစ်ပေါ်လာသော အာရုံတခုကိုသာ(အသိအမှတ်ပြုနိုင်ကြကုန်၏) တဖြေးဖြေးရင့်ကျက်လာသောအခါ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏတို့ ကိုလည်း တခုစီတခုစီ နှလုံးသွင်း၍ ခန္ဓာငါးပါးအစုအပေါင်းတို့ကို အသီးအခြား တွေ့မြင်နိုင်ကြ၏။

ထိုသို့ပင် တွေ့မြင်နိုင်ကြသော်လဲ ထိုခန္ဓာ ငါးပါး တို့ထွက်ပေါ်လာရာဖြစ်သော ပရမတ္ထတရားစစ်စစ်သို့ ထိရောက်အောင် ဉာဏ်မပေါ်နိုင်ကြသေးပေ။ သင်္ခါရဖြစ်သော ခန္ဓာ(၅)ပါး၌သာ သောင်တင်ကာနေရသေးသည်။

သောတာပန်ဖြစ်သော ပုဂ္ဂိုလ်သည် ခန္ဓာ(၅)ပါးတည်းဟူသော သင်္ခါရသောင်ပြင်မှကျော်လွန်၍ အမှန်စင်စစ် ဖြစ်သော ပရမတ္ထဓမ္မကိုမုချအားဖြင့် မြင်သိနေလေပြီ၊ မုချသိမြင်သည်ဟုဆိုခြင်းမှာ ပရိယတ္တိဉာဏ်အမြင်၊ ပဋိပတ္တိဉာဏ်အမြင်တို့ကို မုချအမြင်ဟုမဆိုလိုပါ။ ပဋိဝေဓဉာဏ်အမြင်မျိုးကိုသာ မုချဉာဏ်အမြင်ဟုဆိုလိုပါသည်။

ထိုပဋိဝေဓဉာဏ်ကိုရရှိပြီးသောပုဂ္ဂိုလ်တို့၏ဝိပဿနာချိုးသည့်ကားသင်္ခါရအာရုံတွင်ဆုံးတုံး၍မနေထော့ဘဲပရမတ္ထဓမ္မစင်စစ်သို့မြင်အောင်ရှုနိုင်သော ဝိပဿနာကို ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဟူ၍သာမှတ်ယူအပ်၏။

ဤကား...ရှုလိုက်ကြ ဝိပဿနာဟူသော ဆောင်ပုဒ် အရ သတိပဋ္ဌာန်လေးပါးနှင့် ကင်းလွတ်၍ ဝိပဿနာရှုနည်းဟူ၍မရှိချေ။

“ဝိပဿနာရှုပုံကိုသိရပြီ မဂ္ဂသစ္စာကို ဘယ်လို ပွားရမည်နည်း”

ပွားဒါက မဂ္ဂသစ္စာ”ဟူသော လင်္ကာအရ ဘယ်ကဲ့သို့ပွားရမည်နည်းဟု မေးမြန်းစိစစ်ဘွယ်ရှိနေလေသည်။ ထိုမဂ္ဂသစ္စာကို တပုဒ်စိ တပုဒ်စိ ပုတီးစိပ်၍ နေရမည်လော၊ သို့တည်းမဟုတ် ဓမ္မစကြာသုတ်၌လာသော–

အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ သေယျထိဒံ သမ္မာဒိဋ္ဌိသမ္မာသင်္ကပ္ပေါ။ ပ။ သမ္မာသမာဓိ” ဟူသော စာပိုဒ်ကိုဆိုရွတ်နေရ မည်လော၊ အဘယ်သို့ မဂ္ဂသစ္စာကို ပွားရမည်နည်း” ဤပုစ္ဆာ၏ အဖြေကို ရှေ့၌ဖော်ပြခဲ့ပါပြီ။

## ဆောင်ပုဒ်ကိုသာရေးလိုက်ပါသည်

အတိတ်အာရုံ စိတ်မသွားနှင့် အနာဂတ် အာရုံစိတ်
မသွားနှင့်
အယုတ်တရားကိုပယ်လိုက်ပါ
ပစ္စုပ္ပန်မှာ စိတ်ကိုထားသတိတရားနှင့်ပွားကြပါ။

ပစ္စုပ္ပန်သာမဖျိမ ကျင့်လိုက်ကြတော့ပဋိပဒါ၊
ပွားဒါက မဂ္ဂသစ္စာ-ဉာဏ်ပေါ်မှ ဝိပဿနာ....

ဟူသောဆောင်ပုဒ်....

အတိတ်၊ အနာဂတ်အာရုံကိုပယ်၊ အလယ်ပစ္စုပ္ပန်အာရုံ၌ သတိ-ဝီရိယ- သမာဓိ့အောင် အားထုတ်ခြင်းကို မဇ္ဈိမ ပဋိပဒါ အကျင့် ဖြစ်သော မဂ္ဂသစ္စာကို ပွားများနေဒါဘဲ။

မဂ္ဂသစ္စာကို ပွားများအားထုတ်နေခြင်းသည် ကိစ္စသည်၏။ ဉာဏ်နှင့်တွဲစပ်ထားပြန်သောကြောင့် သိတတ်သော သဘောကို ဉာဏ်ဟု ဆိုထားလေသည်။

စာရေးရန်အလွန်ခက်ခဲ၏။ ပထမဆုံးအနေအားဖြင့်အလွယ် နှင့်ရေးရသော်ကား ဤသို့ပင်လွယ်လွယ်ကူကူရေးသားနိုင်၏၊

မဂ္ဂသစ္စာကို ပွားများအားထုတ်နေခြင်းကို ကိစ္စဟုဆိုသည်၊ ထိုကိစ္စ၌ သတိ၊ဝီရိယဟူသော နာမ်သဘော သည်ပင် အဓိက ပဓာနအားဖြင့်ပါဝင်နေရသည်။ သူမပါလျှင် မဖြစ်ပါလေကား ဟု သိတတ်သောသဘောသည် ဉာဏ်မည်၏။ ကိစ္စနှင့် ဉာဏ်ကို တွဲစပ်၍ ကိစ္စဉာဏ်။

ဒုက္ခသစ္စာကို ပရိညေယျကိစ္စဖြင့် သိအောင် ပွားများရခြင်း

ကိစ္စ၊ သမုဒယသစ္စာကို ပဟာနကိစ္စဖြင့် ပယ်နိုင်အောင် ပွား များရခြင်းကိစ္စ၊ နိရောဓသစ္စာကို မျက်မှောက်ပြုရန် ပွားများ ရခြင်းကိစ္စ၊ သာမညအားဖြင့် ထိုမဂ္ဂသစ္စာကို ကိစ္စဉာဏ် တခု အဖြစ် အသိအမှတ်ပြုထားပါ။

ထိုမဂ္ဂသစ္စာကို ပွားများ အားထုတ်ခြင်းကြောင့် ယောဂီ၏ ခန္ဓာကိုယ်အတွင်းအပ (၂)ဌာနတို့၌ သင်္ခါရဒုက္ခကို ကိုယ်တွေ့ ဉာဏ်တွေ့ တွေ့လာ မြင်လာ၏။ တွေ့လာမြင်လာသောထိုသင်္ခါရ ဒုက္ခသည် ဇာတိဒုက္ခရှိသောကြောင့် ဖြစ်ရသောဆင်းရဲပါတကား ဟု ဇရာမရဏတိုင်အောင်သိတတ်သောသဘောသည် ဒုက္ခသစ္စာ ကို သိတတ်သောကြောင့် သစ္စာဉာဏ်မည်၏။ သာမညအားဖြင့် ဒုက္ခသစ္စာ၌ သစ္စဉာဏ်ဖြစ်ပုံတည်း။

ထိုမဂ္ဂသစ္စာကို ပွာ များ အားထုတ် ခြင်းကြောင့် သမုဒယ သစ္စာ၌ သစ္စဉာဏ်ပေါ်ပုံကား ဒုက္ခဟူသည်အလိုဆန္ဒ မပြည့်ဝ မှုကြောင့် ဖြစ်ပေါ်လာရသော ဒုက္ခ ပါတကား။ အကြင်မျှ လောက်သောကာလပတ်လုံး မိမိလိုအင်ဆန္ဒမပြည့်ဝသေး၊ ထို မျှလောက်ကာလပတ်လုံး ဆင်းရဲခြင်းသို့ရောက်ရာ၏၊

ထိုစကားသည် မှန်၏။ ဘုရား ရဟန္တာတို့၏ ခန္ဓာအစဉ်တွင်၌ သမုဒယတဏှာမရှိသောကြောင့် (၁၁)ပါးသောမီးတို့မလောင် နိုင်တော့ပြီ၊ ဘုရားရဟန္တာအရိယာပုဂ္ဂိုလ်တို့အား ကာမတဏှာ ဖြင့် ဖိတ်ခေါ်သော်လည်းရလိမ့်မည်မဟုတ်ချေ။ အဘယ်ကြောင့်

ဆိုသော် ဘုရား ရဟန္တာတို့သည် ကာမဆာလောင်ခြင်း၊ ဘဝ ဆာလောင်ခြင်းတည်းဟူသော ဆာလောင်ခြင်း၊ မွတ်သိပ်ခြင်း တို့ကင်းပြီး ကုန်ပြီဖြစ်သောကြောင့် အငတ်ဘဝမှ လွတ်မြောက် ကြလေပြီ။

လောကလူသားတို့သည် အမြဲတမ်း ဆာလောင် ငတ်မွတ်နေ ကြသော အငတ်သတ္တဝါများသာ ဖြစ်နေကြကုန်၏။ သို့ကြောင့် အမြဲတမ်းအာရုံ ကာမဂုဏ်တို့ကို ရှာမှီးနေကြ၏။ မိမိရှာမှီးတိုင်း အလိုဆန္ဒပြည့်ဝပြီဟူ၍ကား ဘယ်သောအခါမှ မရှိချေ။ 'ယခု အခါ' လောကဓောဇ် သိပ္ပံပညာသည် အမြင့် မားဆုံး အကြီး ကျယ်ဆုံးပညာဟုဆိုရ၏၊ အာကာသယာဥ်ဖြင့်လပိမာန်သို့ တိုင် အောင် လေဟာပြင်ကိုထိုးဖောက်၍ ရောက်နိုင်ကြပြီဟုပြောဆို နေကြ၏။

ထိုပညာရှင်တို့၏ လိုအင်ဆန္ဒအတိုင်း လကမ္ဘာ၊ လပိမာန်သို့ ရောက်နေကြပြီဟုဆိုပါတော့။ ထိုပညာရှင်တို့သည် လိုအင်ဆန္ဒ ပြည့်ဝကြပြီလော၊ ယခုအခါဖြင့် ပြည့်ဝကြလေပြီ ဟူ၍ကား မဆိုသာသေးပေ။ မအိုချင်ဘဲနှင့်အိုရဦးမည်၊နာရဦးမည်၊ သေရ ဦးမည်၊ချစ်လှစွာသောသားသမီး၊ဆွေမျိုးညာတကာတို့နှင့်သေကွဲ ရှင်ကွဲ အနှိပ်ဖြင့် ကွဲကြရ ဦးမည် ဖြစ်၍ စင်စစ် အား ဖြင့် ဒုက္ခနှင့်သာရင်ဆိုင်ကြရသည်။ သို့ကြောင့် ဂေါတမ ဗုဒ္ဓအမြင် ဖြင့် လောကကို ချီးမွမ်း အံ့သြစရာမဟုတ်ချေ။

သို့ကြောင့်....ယံပိစ္ဆံ နလဘတိ တမ္ပိ ဒုက္ခံ ဟူ၍ ဟောခဲ့လေ

ပြီ၊ လောဘသည် သတ္တဝါတို့၏။ ဆင်းရဲဒုက္ခရောက်ရန် အကြောင်း တရားပါတဲ့ဟု ပိုင်းခြား၍ သိသောဉာဏ်သည်၊ သစ္စဉာဏ်မည်၏ဟု သာမည မှတ်ထားပါ၊

ကိစ္စအားဖြင့် မဂ္ဂသစ္စာကိုပွားများရခြင်းသည်၊ နိရောဓသစ္စာကိုမျက်မှောက်ပြုရန် ပွားများထုတ်ရသော ကိစ္စတခုသာဖြစ်၏ နိရောဓသစ္စာဟူသည်မှာလဲသမုဒယသစ္စာခေါ်ထိုတဏှာလောဘ မဖြစ်မပေါ်တဲ့ ငြိမ်းချုပ်ဆုံးခြင်းသို့ ရောက်မှသာ ဒုက္ခချုပ်ငြိမ်းသည်ဟုသိသော ဉာဏ်သည် သစ္စာဉာဏ် မည်၏ဟု-သာမည မှတ်ထားပါ။

၍ကား မဂ္ဂသစ္စာကိုပွားများ အားထုတ်ရာ၌ ပွားများ အားထုတ်ခြင်းကိစ္စ။

၍မဂ္ဂသစ္စာတခု၌ပင်လျှင် သစ္စဉာဏ်-ကိစ္စဉာဏ်-ကတဉာဏ် ဟူ၍ (၃) ပါး အပြားရှိနေရာ အသိခက် အမြင်ခက်သည် တကာရှာမှတ်ထားပါ။

ပွားများ အားထုတ်ရမည်ဟု သိတတ်သော ဉာဏ်ဖြင့် မဂ္ဂသစ္စာကိုပွားများအားထုတ်နေပါက ကိစ္စဉာဏ်။

မဂ္ဂသစ္စာဆိုသည်မှာ အင်္ဂါ (၈) ပါးရှိသော အဋ္ဌင်္ဂိက

မဂ်ကို ပိုင်းခြား၍ သိမြင်တတ်သော ထိုဉာဏ်ကို သစ္စဉာဏ်ဟု ဆို၏။

ကတဉာဏ် ဆိုသည်မှာ ရဟန္တာ ဖြစ်သည် တိုင်အောင် ပွားများအားထုတ်ရသော ကိစ္စဖြစ်၍ ရဟန်းကိစ္စ မပြီးမချင်း ပွားများ ထုတ်ရပေသည်၊ အကြင်အခါ၌ အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၏။ ထိုအခါ မဂ်ဖိုနှင့် စပ်သော ပြုလုပ်အားထုတ်ဖွယ် ကိစ္စမရှိတော့ပြီဟုသိသောဉာဏ်ကို ကတဉာဏ်ဟု ဆိုလေသည်။

ထိုကိုရည်၍ ဒေသနာတော်၌ ခီဏာဇာတိ ဝုသိတံ ဗြဟ္မစရိယံ နာ်ပရံ ဣတတ္ထာယတိ ပဇာနာတိ ဟူ၍တွေ့သိရသည်။

အကျဉ်းမှတ်ဖွယ် ပွားများအားထုတ်ခြင်းသည် ကိစ္စဉာဏ်မည်၏။ အင်္ဂါ (၈)ပါး ရှိသော အရိယာ မဂ်ကို သိခြင်းသည် သစ္စဉာဏ်မည်၏။ အရိယာကိစ္စ ပြီးဆုံးသည့် အခါမှသာ ကတဉာဏ်ဟုဆိုရ၏။

သစ္စာလေးပါးတရားကို သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ် အားဖြင့် ဟောကြားသောဒေသနာတော်ဖြစ်၍စင်စစ်အားဖြင့် ဗုဒ္ဓ၏ဉာဏ်အရာသာဖြစ်ပေသည်။

မဂ္ဂသစ္စာတခုကိုပွားများအား ထုတ်ခြင်းကိစ္စဘာခုသာ သိုရင်း ပဓာနဖြစ်ပါသည်၊ ထိုပဓာနကိစ္စကြောင့်ဒုက္ခကိုသိခြင်း၊ သမုဒယ

ကို သိခြင်း၊ နိရောဓကိုသိခြင်း၊ မဂ္ဂကိုသိခြင်းတို့သည် သစ္စဥာဏ် မည်၏။

ထိုမဂ္ဂသစ္စာကိုပွားများခြင်းကြောင့် သမုဒယသစ္စာကို ပယ် သတ်နိုင်ခြင်း၊ ထိုသမုဒယ နိရောဓဆိုက်ရခြင်းသည် ကတဥာဏ် မည်၏။

ဤကား အကျဉ်းအားဖြင့်ပြဆိုခြင်းတည်း။

အကျယ်အားဖြင့်သော်ကား စက္ခုဥဒပါဒိ၊ ပညာဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊ အာလောကောဥဒပါဒိဟူ၍ တခုခုသော ဥာဏ်၌ ဥဒပါဒိ(၅)ချက်စီပါဝင်နေရကား၊ ခက်ခဲနက်နဲလှသည်။

ဤဥဒပါဒိ (၅) ချက် အနက်အဓိပ္ပါယ်ကို သစ္စဥာဏ်၌ (၅)ချက်ကိစ္စဥာဏ်၌(၅)ချက် ကတဥာဏ်၌ (၇)ချက်ရအောင် သူသူငါငါကဲ့သို့ပုဂ္ဂိုလ်များအားလုံးကို သိနားလည် နိုင်ကြမည် မဟုတ်ပါ။

အရိယာအဖြစ်သို့ ရောက်နေပြီး ဖြစ်သော ပုဂ္ဂိုလ်များပင် ကုန်စင်အောင်သိနိုင်ကြလိမ့်မည်ဟု မဆိုသာပေ။

× × × ×

တတ်နိုင်ကောင်းသမျှ ထုတ်ဖော်၍ ရေးရသော်ကားအောက်ပါ အတိုင်းမှတ်ယူရာ၏။

ယောဂီ အလုပ်တွင် ပါဝင်၍ အဆင့် အတန်းရှိသော ပုဂ္ဂိုလ်သည် မဂ္ဂသစ္စာကို ပွားများဆဲ၌ နာကျင် ကိုက်ခဲသော ဝေဒနာ တခု ပေါ်လာ၏ ထိုဝေဒနာသည် သူ၏ ခန္ဓာတွင် အမြဲရှိသော တရားမဟုတ်၊ ယခုချက်ချင်း ဖြစ်ပေါ်လာသော ဝေဒနာသာဖြစ်၏။ ထိုဝေဒနာမပေါ်မှီ၊ မဖြစ်မှီ- ဤမျှသော ဒုက္ခကိုမတွေ့ရ သူဖြစ်ပေါ်လာသောအခါ၌သာ ဆင်းရဲ ဒုက္ခကို သိရသည်။

ဇာတိဖြစ်ပေါ်ခြင်းကြောင့် ဆင်းရဲဒုါဘဲဟု မြင်ခြင်းသည် ဒုက္ခသစ္စာ၌ ဥဒယဉာဏ်နေ နစက္ခုဥဒပါဒိ-ပုဒ်အရ စက္ခုဥဒပါဒိ (၁)ချက်ရ၏၊ ဥဒယဒဿနေန အဖြစ်ကို မြင်သဖြင့် စက္ခုဒုက္ခ သစ္စာ၌ဇာတိဒုက္ခကိုမြင်တတ်သော သစ္စဉာဏ်သည်၊ ထင်ရှား၍ ဖြစ်ပြီ။

ထိုဇာတိ ဒုက္ခဟူသည် တမျိုးတစားတည်းမဟုတ် ရုပ်ဖြစ် ပေါ်လျှင် ရုပ်ဇာတိ- နာမ်ဖြစ်ပေါ်လျှင်၊ နာမ်ဇာတိ၊ ဘယ်ဇာ တိဘဲဖြစ်ဖြစ် ဆင်းရဲဒါ အမှန်ဘဲဟု သိတတ်သောဉာဏ်သည် ဉာဏံ ဥဒပါဒိ(၂)ချက်ရပြီး ဉာဏံ-ရုပ်ဇာတိ နာမ်ဇာတိကို ခွဲခြား၍ သိတတ်သော ဉာဏ်သည်။ ဥဒပါဒိ ဒုက္ခသစ္စာ၌ သစ္စဉာဏ်အမှန်ထင်ရှားစွာဖြစ်ပြီ၊

ဇာတိဖြစ်တိုင်း ဖြစ်တိုင်း ဇရာဗျာဓိစသဖြင့်(၁၁)ပါးသော မီးတို့ တညီးညီးတပြောင်ပြောင် တောက်နေခြင်းကို မတွေ့ချင်လဲတွေ့ရ၊ မဖြစ်လဲ ဖြစ်ရနှင့် ဇရာမရဏာကျအောင် ဆင်းရဲဒုက္ခတို့ကို အထူးထူးအပြားပြား ဖြစ်ပေါ်နေသောအခြင်းအရာတို့ကို ကောင်းစွာသိတတ်သောသဘောကိုပညာဟုဆိုသည်။ သို့ကြောင့် ပဇာနန္တမွေ့နှ ပညာဉဒပါဒ်(၃)ချက်ရပါပြီ၊ ပဇာန်န္တမွေ့နှဇာတိဒုက္ခတို့ကို အပြားအားဖြင့်သိတတ်သော အနက်သဘောကြောင့် ပညာဒုက္ခသစ္စာ၌ သစ္စာဉာဏ်ကို သိတတ်သော ပညာသည် ဉဒပါဒ် ထင်ရှားဖြစ်ပြီ။

ထိုဇာတိဒုက္ခ ဖြစ်ပေါ်ရခြင်းဟူသည် သင်္ခါရမျှသာဖြစ်၏။ ထိုသင်္ခါရတို့သည် မည်သည့်ဌာနက မည်သူ့ကိုအကြောင်းပြု၍ ဖြစ်ပေါ်လာကြသနည်းဟု ဇာတိ၏ထွက်ပေါ်ရာဌာနနှင့်ပြုလုပ်သူ လက်သယ်ကိုရှာလျှင်ဇာတိ၏ထွက်ပေါ်ရာဌာနကား သခ်တခေတ်သုညတ ပရမတ်မှ ထွက်ပေါ်လာသော ဇာတိဟုမြင်သိလေ၏။

ထိုဇာတိသည် မိမိအလိုအလျောက်ထွက်ပေါ်လာခြင်းမဟုတ်ပေ။ ပတ်ဝန်းကျင်က ပြုပြင် ဖန်တီးပေးလိုက်သောကြောင့်သာ ဇာတိပေါ်လာရသည်ဟု ဉာဏ်အမြင်ရလာခြင်းကို ဝိဇ္ဇာဉာဏ်ဟုဆိုသည်၊

ထိုကြောင့် ပဋိဝိဇ္ဈနမွေ့နှ ဝိဇ္ဇာဉဒပါဒ် (၄) ချက် ရပါပြီ။

ပဋိဝိဇ္ဈနဋ္ဌေန ထိုးထွင်းဉာဏ်ဖြင့် အမှန်ကိုသိတတ်သော အနက်သဘောကြောင့် ဝိဇ္ဇာ-ဇာတိဒုက္ခ- သမူလကို လက်ရပိုင်ပိုင်မြင်စွမ်းနိုင်သော ဝိဇ္ဇာဉာဏ်သည် ဥဒပါဒိ ထင်ရှားဖြစ်လေပြီ။

ဇာတိဒုက္ခဟုဆိုလျှင်ဘဲ ရှေ့ယခင်အခါက ကိုယ်ဝန်ဆောင်မိန်းမတို့၏ ဝန်းပိုက်ဖေါင်းဖေါင်းကြီးကိုသွားပြီး သတိရနေပါတယ်။ အဲဒီဝန်းပိုက်ဖေါင်းကြီးကိုရှောင်လွဲလို့ မရအောင် အနေကဇာတိသံသာရံ၊ ဒုက္ခဇာတိပုနပ္ပုနံ ဆိုဒါကိုလဲ အမြဲ သတိရနေဒါဖြစ်တော့ ရှောင်လွဲလို့ မရခဲ့ကြပါဘူး။

ယခုတော့ သင်္ခတ ပရမတ္ထမှန်ကာ-ခဏ ရုပ်ဇာတိ၊ နာမ်ဇာတိဖြစ်ပျက် သင်္ခါရထွက်ပေါ်နေကြသဖြင့် ထွက်ပေါ်သမျှသင်္ခါရတို့ကြောင့် ဆင်းရဲရဒါအမှန်ဘဲ။ ထိုသင်္ခါရတို့၏ကင်းရာကုန်ရာချုပ်ဆုံးရာကား မရှိတော့ဘူးလားဟု ကြည့်ရှုလိုက်သောအခါတဏှာလောဘဖြစ်ခွင့်ရသမျှ ဒုက္ခမဆုံးနိုင်သေး၊ သမုဒယသစ္စာခေါ် တဏှာချုပ်ဆုံးမှ ဒုက္ခချုပ်ဆုံးသည်ဟုမြင်လေသည်။ ထိုအမြင်သည် တွေးတောယုံမှားမှုမရှိ၊ ဝိစိကိစ္ဆာမရှိ၊ ဉာဏ်အမြင်လင်းလင်းမိပြီးသိနေသောအသိဖြစ်သောကြောင့် ဩဘာသဋ္ဌေန အာလောကော၊ အဋ္ဌကထာ ဆရာတို့က ဖွင့်ဆိုကြသည့်အတိုင်း အာလောက ဥဒပါဒိ(၅)ချက်ရပါပြီ။

အာလောကော အရောင်အလင်းသည် ဥဒပါဒိထင်ရှားဖြစ်

ပြီ၊ ဒုက္ခသစ္စာတပါး၌သစ္စဉာဏ်ကိုဥဒပါဒိ(၅)ချက်ဖြင့် ကောက်ယူရပုံတည်း။

ကိစ္စဉာဏ်၊ ကတဉာဏ်တို့၌လည်း ဥဒပါဒိ (၅)ချက်ပါဝင်အောင် ကောက်ယူရသည်။ ထိုကြောင့်ဓမ္မစကြာသုတ်၌....

ဣဒံဒုက္ခံ၊ အရိယသစ္စန္တိ၊ မေဘိက္ခဝေ၊ ပုဗ္ဗေ အနနုဿုတေသု၊ ဓမ္မေသု၊ စက္ခုံဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊ အာလောကောဥဒပါဒိ။ ။ဟူ၍ ဟောတော် မူလသည်။ ။သစ္စဉာဏ်။

မြန်မာပြန်။ ။ဘိက္ခုဝေရဟန်းတို့၊ဣဒံ၊ဤတရားကိုကြည့်သော် ထိုတရားမှ ကြွင်းသော တဘူမိကတရားသည် ဝါတနည်းကား၊ ဣဒံ-ဤရုပ်ဓာတ်၊ နာမ်ဓာတ်တရားသည် ဒုက္ခံ၊ဒုက္ခ ဖြစ်သော၊ အရိယသစ္စံ အရိယသစ္စမည်၏။ ဣတိ၊ ဤသို့ မေမယာ၊ ငါဘုရားသည် ပုဗ္ဗေ ဘုရားမဖြစ်မီ ရှေ့အခါ၌၊ အနနုဿုတေသုမကြားစဘူးကုန်သော၊ဓမ္မေသု၊ သစ္စာတရားတို့၌၊ စက္ခုံ-ဒုက္ခသစ္စာကို မြင်တတ်သော ဝိပဿနာမျက်စိသည်၊ ဥဒပါဒိ ထင်ရှားဖြစ်ပြီ။ ဉာဏံ- ဒုက္ခသစ္စာကို ရုပ်နာမ်ပိုင်းခြား၍ သိတတ်သော နာမရူပ ပရိစ္ဆေဒ ဉာဏ်သည်။

ဥဒပါဒိ ထင်ရှားဖြစ်ပြီ ပညာ- ဒုက္ခသစ္စာကို အပြားအားဖြင့် သိတတ်သော ယထာဘူတ ပညာသည်၊ ဥဒပါဒိ ထင်ရှားဖြစ်ပြီ။ ။

(ဤမျှသော စကား အစဉ်သည် ဝိပဿနာ ဉာဏ်အရာဖြစ်၍ ယထာဘူတ ပညာအထိ ယူ ထားသည်)။

ဝိဇ္ဇာ၊ ဒုက္ခသစ္စာကို ပဋိဝေဒပညာဖြင့် ထိုးထွင်း၍ သိတတ်သော ဝိဇ္ဇာဉာဏ်သည် ဥဒပါဒိ ထင်ရှားဖြစ်ပြီ....

ဤဒေသနာ၌ မဂ္ဂသစ္စာကို ပွားများအားထုတ်ရ၏။ ဤသို့ ပွားများခြင်းသည်ပင် ပဋိပတ္တိသာသနာမည်၏။ စက္ခုံဥဒပါဒိ ကစ၍ ပညာ ဥဒပါဒိ- သို့တိုင်အောင် ဝိပဿနာဉာဏ်ဟု မှတ်ပါ....

ဝိဇ္ဇာဥဒပါဒိ၊ အာလောကောဥဒပါဒိ(၂)ပုဒ်ကား ပဋိဝေဒ သာသနာသို့ ရောက်ပြီဖြစ်၍ ပဋိဝေဒဉာဏ်ဟုမှတ်ပါ။

(ဒုတိယဘာဏ္ဍပြီး၏။)

# နိရောဓသစ္စာနှင့်နိဗ္ဗာန်

'နိရောဓသစ္စာကိုလည်း နိဗ္ဗာန်ဟု ယူဆပြောဆိုနေကြသဖြင့် အသိခက်အပြောခက်နေကြသော တရားဖြစ်နေလေသည်။ ထို နိဗ္ဗာန်တရားသည် ဂေါတမဗုဒ္ဓသာသနာတွင် အရေးပါအရာ ရောက်သော တရားထူးတရားမြတ်လဲ ဖြစ်နေလေသည်။

ထိုနိဗ္ဗာန်တရားကို ပရိယတ္တိသာသနာ၌ ပိဋကတ္တယပါရဂူ ဘွဲ့ထူးကို ဆွတ်ခူးယူနိုင်သော ပုဂ္ဂိုလ်ကြီးများလဲ မသိနိုင်ကြ သေးပေ၊ ပဋိပတ္တိသာသနာ၌ ဈာန်သမာပတ်ကို ရကြကုန် သော ဈာနလာဘီ ပုဂ္ဂိုလ်ကြီးများလဲ မသိနိုင်ကြသေးပေ။ ဤသို့ဆိုလျှင်ထိုစကားသည် မှားနိုင်အံ့မထင်ပါ။

ပဋ္ဌဝေဒသာသနာသည်ကား မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့၏အရာသာဖြစ်ပေသည်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့်သာလျှင် မြင်နိုင်သောတရားထူးတရားမြတ်ကို စာတတ်ရုံမျှဖြင့် အဘယ်မှာသိနိုင်ပါအံ့နည်း၊

သို့ပင်ဖြစ်စေကာမူလည်း ပရိယတ္တိတရား ထက်ပိုလွန်၍နိဗ္ဗာန်သို့လမ်းညွှန် ပြနိုင်သောသူမရှိသောအချိန်ကာလတွင် ပရိယတ္တိတရားကိုပင် သူငါကစ မှီခိုအားထားနေကြရလေသည်။

ပရိယတ္တိတရားတို့တွင်လည်း၊ ဘုရားဟော ပါဠိတော်စကား အဋ္ဌကထာစကား၊ ဋီကာစကားဟူ၍ (၃)မျိုး ရှိကြပြန်လေသည်၊ ထို(၃)မျိုးတို့တွင် ဘုရားဟော ပါဠိတော်စကားသည် ဗုဒ္ဓတရား ပင်ရင်းဌာနဖြစ်သောကြောင့် လိုရင်းအကျဆုံးဟု ယုံကြည်ကြသည်။သို့ဖြစ်သောကြောင့် နိရောဓသစ္စာနှင့် နိဗ္ဗာန်ကိုဘုရားဟောပါဠိတော်မှ ရနိုင်သမျှရှာဖွေ၍ ရေးသားလိုက်ပါသည်။

ဣဓဘိက္ခဝေ၊ ဘိက္ခုယာသာဒိသာ၊ အဂတပုဗ္ဗါ ဣမိနာဒိသေန၊

အဒ္ဓုနာယဒိဒ သဗ္ဗသင်္ခါရသမထော သဗ္ဗုပဓိပဋိ နိဿဂ္ဂေါ

တဏှက္ခယော ဝိရာဂေါ နိရောဓော နိဗ္ဗာနံကံခိုပ္ပ
ညေဝဂစ္ဆာဘဟောတိ။

အဂတဒိသုတ် ပဥ္စင်္ဂုတ္တရဒသမရာဇဝဂ္ဂ၌ လာသည်။
ဤသုတ်ကိုရှေ့၌လည်းဖော်ပြခဲ့လေပြီ။

မြန်မာပြန်ကား- ဘိက္ခဝေရဟန်းတို့၊ ဘိက္ခု ရဟန်းသည်
ဣခ၊ဤလောက၌။ယာဘာဒိသာ၊အကြောင်းအရပ်ကို၊ ဣမိနာဒိဃေ
နအဒ္ဓုနာ၊ ဤရှည်လျားစွာသောသံသရာအခွန့်ကာလပတ်လုံး။
အဂတပုဗ္ဗါ၊ ရှေ့၌ မသွားမရောက်ဘူးသေးချေ။ ယဒိဒံ၊
အကြောင်းအရပ်သည်ကား။ သဗ္ဗသင်္ခါရသမထော၊ အလုံးစုံသော
သင်္ခါရတို့၏ ငြိမ်းရာဖြစ်၏။ သဗ္ဗုပဓိပဋိနိဿဂ္ဂေါ၊ အလုံးစုံ
သောခန္ဓာဥပဓိကို စွန့်လွှတ်ရာဖြစ်၏။ တဏှာက္ခယော၊ ကာမ
တဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာတည်းဟူသော တဏှာ(၃)
ပါးကုန်ရာဖြစ်၏။ ဝိရာဂေါ ရာဂတည်းဟူသော တပ်မက်ခြင်း
ကင်းရာဖြစ်၏။ နိရောဓော ခန္ဓာနိရောဓအမည်ရတဲ့ ဘဝဇာတ်
သိမ်းချုပ်ပျောက်ငြိမ်းရာဖြစ်၏။ တံနိဗ္ဗာနံ ထိုအသင်္ခတဓာတ်
နိဗ္ဗာန်အရပ်သို့။ ခိပ္ပညေဝ၊ လျင်စွာသာလျှင်။ ဂစ္ဆာ၊ မဂ်ဉာဏ်
ဖိုလ်ဉာဏ်ဖြင့် သွားတတ်သည်။ ဟောတိ၊ ဖြစ်၏။

ဤသုတ်၏အဓိပ္ပါယ်မှာ ရဟန်းတို့ ဤလောက၌ အကြောင်း
အရပ်ကို ဤရှည်စွာသော သံသရာအခွန့်ကာလပတ်လုံး ရှေ့
ဘဝ ရှေ့အခါ၌ မရောက်ဘူးသေးချေ။ အကြောင်းအရပ်သည်

ကား အလုံးစုံသော သခါရတို့ ငြိမ်းရာဖြစ်၏။ အလုံးစုံသော ဥပဒိခန္ဓာကိုစွန့်လွှတ်ရာဖြစ်၏။ တဏှာ(၃)မျိုး ကုန်ရာဖြစ်၏။ ရာဂကင်းရာဖြစ်၏၊ ဘာဝတခုမျှ အကြွင်းအကျန်မရှိသော ချုပ် ငြိမ်းရာဖြစ်၏၊

ဤမျှသောစကားအစဉ်ဖြင့် သံသရာ၌ ကျင်လည်နေကြကုန်သော သတ္တဝါတို့၏ သဏ္ဍာန်၌ဖြစ်ပေါ်တတ်သော တဏှာရာဂ တို့၏ချုပ်ဆုံးသော နိရောဓကိုပြလေသည်၊ တဏှာနိရောဓဖြစ်သူအား ခန္ဓာဥပတိ တဖန်ပြန်၍မဖြစ်နိုင်သောကြောင့် ခန္ဓာ နိရောဓဖြစ်ရလေသည်၊

ဘယ်သူ၏ခန္ဓာ၌ တဏှာနိရောဓဖြစ်သနည်း။ ဤသို့မေးလျှင် အဖြေမှာ အရိယာပုဂ္ဂိုလ်၏သဏ္ဍာန်မှ တဏှာနိရောဓ ဖြစ် သောကြောင့်ဟုဆိုရ၏။

ဘာကြောင့်နိရောဓဖြစ်သနည်း။ ဤသို့မေးလျှင် အဖြေမှာ တကြိမ်တခါမျှရှေ့အခါက မရောက်ဘူးသေးသော (အသံခတ) နိဗ္ဗာန်အရပ်သို့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် အာရုံပြု၍ ရောက်သွားလေသည်။ ထို(အသခတ) နိဗ္ဗာန်ကို မြင်လိုက်ရသော အခါ အရိယာပုဂ္ဂိုလ်၏ အဇ္ဈတ္တဉာဏ်၌ ဖြစ်ပေါ်တတ်သော ကိလေသာတွေ ချုပ်ဆုံးကုန်ပျောက်ရလေသည်၊ ထိုသို့ချုပ်ဆုံးခြင်းကို ကိလေသာနိရောဓဟုဆိုရ၏။ ချုပ်ဆုံးခြင်းသည် အမှန်ဖြစ်သော

ကြောင့် သစ္စာဟုဆိုရ၏၊ နိရောဓနှင့် သစ္စာကိုပေါင်းလိုက်သော် နိရောဓသစ္စာဖြစ်လာ၏။

ရဟန္တာပုဂ္ဂိုလ်သည် အကြင်အခါ၌ပရိနိဗ္ဗာန်ပြု၏၊ ထိုအခါ၌ ခန္ဓာဥပဓိကိုစွန့်လွှတ်၏။ နောင်ဘဝသစ်၌ ခန္ဓာဥပဓိကို မရတော့ပြီ။

ဘာကြောင့်စွန့်သနည်း။ အသခ်တနိဗ္ဗာန်ကို ဉာဏ်အမြင်ဖြင့်ရောက်ပြီဖြစ်သောကြောင့် စွန့်လွှတ်နိုင်လေသည်။

ထိုနိဗ္ဗာန်သည် တဏှာကိုစွန့်ရာ၊ ခန္ဓာဥပဓိကိုစွန့်ရာ နိဗ္ဗာန်ဖြစ်၏။ ထိုကြောင့် တံနိဗ္ဗာနံ၊ ထိုနိဗ္ဗာန်အရပ်သို့ ခိပ္ပညေဝ၊ လျင်စွာသာလျှင်၊ ဂန္တာသွားတတ်သည်။ ဟောတိ ဖြစ်၏ဟု ဆိုခဲ့ပြီ။

ဉာဏ်မြင်တာက အသခ်တနိဗ္ဗာန်၊ ခန္ဓာမှာ ချုပ်တာက နိရောဓအညာ မညဒွန်တွဲနေကြသည်။ သတိပြုပါကုန်။

တဖန် ဥဒါန်းပါဠိတော် ပါဋလိဂါမဝဂ်တဒါယတနသုတ်၌လည်း....

တတြပါပါဟံ ဘိက္ခဝေ နေဝ အာဂတိံ ဝဒါမိ၊

နဂတိံ နဋ္ဌိတိံ နစုတိံ နဥပပတ္တိံ အပ္ပတိဋ္ဌံ အပ္ပဝတ္တံ
အနာရမဏမေဝေတံ ဧသေဝန္တော ဒုက္ခဿ။

ဘိက္ခဝေ ရဟန်းတို့။ တကြာပိ၊ ထိုနိဗ္ဗာန်တရား၌လည်း။ အာဂတိံ၊ တဖန်ပြန်၍ ဖြစ်ပေါ်လာခြင်းကိုလည်း။ နေဝဝဒါမိ၊ ငါဘုရားမဟော။ ဂတိံ ထိုနိဗ္ဗာန်၌ သွားရောက်၍ ဖြစ်ပွားရခြင်းကိုလည်း။ နဝဒါမိ၊ ငါဘုရားမဟော။ ဌိတိံ၊ တစုံတခုသော ထောက်တည်ရာကိုလည်း။ နဝဒါမိ၊ ငါဘုရားမဟော။ စုတိံ၊ ရွေ့လျော့ခြင်းကိုလည်း။ နဝဒါမိ၊ ငါဘုရားမဟော။ ဥပပတ္တိံ၊ တစုံတရာ ပဋိသန္ဓေအားဖြင့် ဖြစ်ပွားရခြင်းကိုလည်း။ နဝဒါမိ၊ ငါဘုရားမဟော၊ ဧတံ၊ ဤနိဗ္ဗာန်တရားသည်ကား။ အပ္ပတိဋ္ဌံဧဝ၊ ထောက်ရာ တည်ရာမဲ့သာလျှင်တည်း။ အပ္ပဝတ္တံဧဝ၊ တစုံတခု ကြောင့် မဖြစ်သည်သာလျှင်ကတည်း။ အနာရမဏံဧဝ၊ တစုံ တခုသော အာရုံမရှိသည်သာလျှင်ကတည်း။ ဧသော၊ ဤသည်ကား၊ ဒုက္ခဿ၊ ဆင်းရဲ၏။ အန္တော၊ အဆုံးနိဗ္ဗာန်တည်း။

ရဟန်းတို့ကို နိဗ္ဗာန်၌လည်း တဖန် ပြန်၍ ဖြစ်ပေါ်လာခြင်း ရှိသည်ဟု ငါမဆိုလို ထိုနိဗ္ဗာန်၌သွားရောက်၍သတ္တဝါဖြစ်သည် ဟု မဆိုလို တစုံတခုသောအနေဖြင့် ထောက်ရာဘည်ရာ ရှိသည် ဟု မဆိုလို စုတေခြင်း ပဋိသန္ဓေ တည်နေရခြင်းလည်းမရှိ ထို ထိုနိဗ္ဗာန်သည် ထောက်ရာတည်ရာမဲ့ဖြစ်၏။ တစုံတခုသော အ ကြောင်းကြောင့်မဖြစ် တစုံတခုသော အာရုံမရှိသောနိဗ္ဗာန်သည် ပင်လျှင် ဝဋ်ဆင်းရဲ၏အဆုံးပါတဲ့ဟု ဟောလေသည်။

ဤသုတ်၌ တစုံတခုသောထောက်ရာတည်ရာမရှိ မျက်စိ၊နား နှာ၊လျှာအာ၊ကိုယ်လက်တို့ဖြင့် စမ်းသပ်တွေ့ထိ၍ မသိနိုင်သော နိဗ္ဗာန်ဟု ဆိုလေသည်။ ထိုနိဗ္ဗာန်မှ ပြန်၍ ဖြစ်သူ ထိုနိဗ္ဗာန်သို့ သွား၍ဖြစ်သူ မရှိဟု ဆိုလေသည်။ ဤစကားအစဉ်ဖြင့် မနော ဒွါရ၌ဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့၏ အမြင်ခံ အသင်္ခတ ဓာတ် နိဗ္ဗာန် သက်သက်ကို သီးခြားထားသော သုတ်ဟူ၍ သိအပ်၏။ နိယောဂသစ္စာနှင့် စပ်သော စကားမပါချေ။

အသင်္ခတဓာတ် နိဗ္ဗာန်သက်သက်ကို (သုည) ဟူသောအမည် နာမဖြင့် (သုညတ)နိဗ္ဗာန် ထိုနိဗ္ဗာန်၌ လိုချင် တောင့်တစရာ မရှိသောကြောင့်လည်း (အပ္ပဏိဟိတ) နိဗ္ဗာန် နမိတ်တစုံတရာ ပြစရာမရှိသောကြောင့်လည်း (အနိမိတ္တ) နိဗ္ဗာန်ဟူသော အမည် နာမအသီးသီးတို့ဖြင့် ခေါ်ဆိုထိုက်၏။ ထိုနိဗ္ဗာန်ကို တဏှာဖြင့် စွဲယူစရာမရှိသောကြောင့် တဏှာ၏ ကုန်ရာ နိဗ္ဗာန်ရာဂဖြင့် တပ်စရာ ဘာတခုမျှ မရှိသောကြောင့်၊ ရာဂကုန် ရာ နိဗ္ဗာန် ဩဃ-ယောဂ-ဂန္ထ-ဥပါဒါန် အာသဝေါတို့၏ ကုန်ရာဖြစ်သော အသင်္ခတ နိဗ္ဗာန်ဟူ၍ မှတ်အပ်၏၊ ကုန်ရာနိဗ္ဗာန်တည်း၊

အရိယာပုဂ္ဂိုလ်တို့ သဏ္ဍာန်၌ရာဂ-ဒေါသ စသောအကုသိုလ် ကိလေသာတို့သည် ထိုနိဗ္ဗာန်ကို မြင်သိသောခဏ၌ အကုန်လုံး ချုပ်ဆုံးကုန်ပျောက် ကြလေသည်။ ထိုတဏှာရာဂတို့ ချုပ်ဆုံး ခြင်းကိုပင် နိရောဓသစ္စာဟု သိအပ်၏။ ချုပ်ဆုံးခြင်း နိရောဓ နိဗ္ဗာန်။

ထိုအသင်္ခတကို မြင်ပြီးသော အရိယာပုဂ္ဂိုလ်သည် တဏှာ မာန-ဒိဋ္ဌိ တည်းဟူသော ပပဉ္စတရားတို့ မရှိသဖြင့် ဘုံသုံးပါး၌ ဖြစ်လိုသော စိတ်မရှိကြကုန်။ ထိုအရိယာ ရဟန္တာတို့၏ ပရိနိဗ္ဗာန်ပြုသော စုတိစိတ်နောင်၌ တနည်း။ ရဟန္တာပုဂ္ဂိုလ်တို့၏ စုတိစိတ် အခြားမဲ့၌ ဘုံဘဝဟူ၍ မှီရာတွယ်ရာမရှိသော ဘဝ နိရောဓကိုလည်း ဤသို့ပင်ဟောကြားထားခဲ့၏။

နိဿိတဿ၊ပဿဒ္ဓိယာ၊သတိနတိနဟောတိ၊
နတိယာ အသတိ၊ စလိတံ အနိဿိတဿ
စလိတံနတ္ထိ၊စလိတေ အသတိပဿဒ္ဓိ အာဂတိ၊
ဂတိနဟောတိ၊ အာဂတိ၊ ဂတိယာအသတိစုတူ
ပပါတောနဟောတိ၊ စုတူပပါတေ အသတိ
နေဝိဓ၊ နဟုရံ နဥဘယေ သမန္တရေန၊
ဧသေဝန္တော ဒုက္ခဿ၊ ။နိဿိတသုတ်-မဇ္ဈိမ
နိကာယ၊ ဥပါဒါန၊ ပါဒဂါမ ဝဂ်၌လာသည်။

မြန်မာပြန်။ ။နိဿိတဿ-ပပဉ္စတရား (၃) ပါးကို မှီနေသော ပုထုဇဉ်အား။ စလိတံ၊မငြိမ်မသက် လှုပ်ရှားချက်သည်။အတ္ထိ၊ရှိ၏။ အနိဿိတဿ၊ပပဉ္စတရား ထိုသုံးပါးကို ပယ်ထားပြီးမှု မမှီသူအား။ စလိတံ၊ လှုပ်ရှားခြင်းသည်။နတ္ထိ၊ မရှိပြီ။စလိတေ၊ လှုပ်ရှားခြင်းသည်။ အသတိ၊မရှိသော်၊ပဿဒ္ဓိ၊ကိုယ်ရော စိတ်ပါ(၂)ဖြာအေးမြ ငြိမ်းချမ်းရ၍၊ ပဿဒ္ဓိ

ယာ အေးမြငြိမ်းချမ်း မပင်ပန်းခြင်းသည်။သတိ၊ ရှိလတ်သော်၊ နုထိ ဘုံသုံးပါး၌ ညွတ်ကိုင်း သောစိတ်သည် နု-ဟောတိ မဖြစ်။ နုတိယာ ဘုံသုံးပါး၌ ညွတ်ကိုင်းသောစိတ်သည်။အသတိ မရှိလတ်သော်၊ အာဂတိ၊ ဤဘဝသို့လာရခြင်း သည်ငှင်း၊ ဂတိ၊ ထိုဘဝသို့ ရောက်ရခြင်းသည် ငှင်း၊ နုဟောတိမဖြင်တော့ပြီ။

အာဂတိ ဂတိယာ၊ လာရခြင်း၊ သွားရခြင်း သည်၊ အသတိ၊ မရှိလတ်သော်၊ စုတုပပါတော တဘဝမှ ရွေ့လျောရခြင်း၊ တဘဝ၌ ဖြစ်ပွားရ ခြင်းသည်၊ နုဟောတိ၊ မဖြစ်တော့ပြီ။ စုတု ပပါတေ၊ စုတိခြင်းသည်၊ အသတိ မရှိခဲ့သော် နေဝိဓ၊ ဤဘဝ၌လည်း မဖြစ်တော့ပြီ။ နုဟုရံ ထိုဘဝ၌လည်း မဖြစ်တော့ပြီ။ နဥဘယေ၊သမန္တ ရေန၊ ယင်း(၂)ပါးတို့၏အတွင်းအကြား၌မဖြစ် တော့ပြီ။ ဧသေဝ၊ ဤသည်လျှင်၊ ဒုက္ခဿ၊ဆင်း ရဲ၏။ အန္တော၊ အဆုံးဖြစ်သောနိဗ္ဗာန်တည်း။

ဤသုတ်၌ အသင်္ခတ နိဗ္ဗာန်ကို ပရည်ရွယ်။ ရဟန္တာပုဂ္ဂိုလ်တို့၏စုတိစိတ်အခြားမဲ့၌ ဘာဖြစ် ရဦးမှာလဲယူသော တွေးတောယုံမှားခြင်း ရှိသူ တို့အားကို ရည်ရွယ်၍ဟောထားသော ဒေသနာ

ဖြစ်သည်၊ ထိုဒေသနာ၏ ဆိုလိုရင်းမှာခန္ဓာဥပဓိတို့၏ နိရောဓသစ္စာကို ပေါ်ပြခြင်းပင်ဖြစ်လေသည်။

သုတ္တနိပါတ်၊ ရတန သုတ်၌လည်း၊ ခီဏံ ပုရာဏံ၊ နဝနတ္ထိ သမ္ဘဝံ၊ ဝိရတ္တစိတ္တာ၊ ယတိကေ ဘဝသ္မိံ၊ တေခီဏဗီဇာ၊ အဝိရူဠှိဆန္ဒာ၊ နိဗ္ဗန္တိ ဓီရာ၊ ယထာယံ ပဒီပေါ။

ဤပါဠိဖြင့်လည်း ရဟန္တာပုဂ္ဂိုလ်တို့၏ ခန္ဓာကမ္မဇရုပ် ချုပ်ဆုံးပြီးနောက် ဘာဖြစ်တော့မှာလဲဟူသော ယုံမှားမှုရှိသူတို့အား ဖြစ်ရာအရပ်ကို ညွှန်၍မပြနိုင်၊ ဆီမီး ဥပမာဖြင့် ဟောထား၏။ ခန္ဓာဥပဓိ၊ နိရောဓကိုပြသည်။

မြန်မာပြန်။ ။ခီဏာသဝါနံ၊ ရဟန္တာပုဂ္ဂိုလ်တို့အား၊ ပုရာဏံ အဟောင်းဖြစ်သော။ သမ္ဘဝံ၊ တဏှာသည်၊ ထိုတဏှာကြောင့်ဖြစ်သော။ ဥပါဒါန်၊ ဥပါဒါန်ကြောင့်ဖြစ်သောကမ္မဘဝသည်။ ခီဏံ၊ ကုန်လေပြီ။ နဝသမ္ဘဝံ၊ အသစ်ဖြစ်သောတဏှာ၊ ဥပါဒါန်၊ ကမ္မဘဝသည်၊ နတ္ထိ-မရှိ။

ဤ၌ ရဟန္တာပုဂ္ဂိုလ်အား တဏှာဥပါဒါန်

ကမ္မဘဝတို့သည် နိရောဓအဖြစ်သို့ ရောက်ပုံကို ပြသည်။ ထိုရဟန္တာ ပုဂ္ဂိုလ်တို့သည် အသင်္ခတ နိဗ္ဗာန်ကို မဂ်ဉာဏ်-ဖိုလ်ဉာဏ် တို့ဖြင့် မျက်မှောက်ပြုရသောကြောင့် ကိလေသာ နိရောဓ ဖြစ်သည်ဟု မှတ်ရာ၏၊ သဉပါဒိသေသ နိဗ္ဗာန် တည်း။

အယတိကေ ဘဝသ္မိံ၊ နောင်အနာဂတ်ဘဝ၌ ဝိရတ္တ-စိတ္တာ၊ စိတ်၌ တပ်မက်ခြင်းကင်းကြ ကုန်သည်ဖြစ်၍ ခီဏဗီဇာ၊ ကုန်ခန်းပြီးသော ဘဝမျိုးစေ့ ရှိကြကုန်သော။ ၎တေဓီရာ၊ ထိုပညာရှိ ရဟန္တာပုဂ္ဂိုလ်တို့သည် အဝိရုဠှိဆန္ဒာ ဘဝ၌ ကြီးပွားရန် အလို ဆန္ဒမရှိကြကုန်သည်ဖြစ်၍။ အယံပဒီပေါယထာ၊ ဤဆီမီးတိုင်ကဲ့သို့ နိဗ္ဗန္တိ၊ ချုပ်ငြိမ်းကြကုန်၏။

ဤစာပိုဒ်၌ ရဟန္တာပုဂ္ဂိုလ်တို့သည် နောင်အနာဂတ် ဘဝ၌ လိုချင်တပ်မက်သောစိတ်မရှိကြပြီ၊ ဆာလောင်ခြင်း အငတ်ဘဝမှ လွတ်မြောက် ကြလေပြီ။ ထိုရဟန္တာတို့သည် ဆီမီးတိုင်ငြိမ်းသကဲ့သို့ ချုပ်ပျောက်ကြ လေပြီဟု ဆိုလိုသည်။ ခန္ဓာနိရောဓ အနုပ္ပါဒိသေသ နိဗ္ဗာန်တည်း။

မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်သည်ကား အသင်္ခတ နိဗ္ဗာန်တည်း၊ ထိုနိဗ္ဗာန်ကို(သုညတ)နိဗ္ဗာန်၊ အပ္ပဏိဟိတနိဗ္ဗာန်၊ အနိမိတ္တနိဗ္ဗာန်ဟူသော အမည်နာမတို့ဖြင့် ခေါ်ဆိုကြ၏။ ထို

နိဗ္ဗာန်ကို မျက်မှောက်ပြုရသောရဟန္တာပုဂ္ဂိုလ်သည် ရာဂ· ဒေါသ မောဟ စသော ကိလေသာတို့သည် ချုပ်ဆုံးခြင်းသို့ ရောက်ကုန်၏။ ၎င်းပုဂ္ဂိုလ်တို့ သဏ္ဍာန်၌ ချုပ်ဆုံးခြင်းကိုပင်နိရောဓသစ္စာဟူ၍၎င်း၊ နိရောဓနိဗ္ဗာန်ဟူ၍၎င်း ခေါ်ဆို သမုတ်ကြကုန်၏။ သို့ပင်ဖြစ်သော်လည်း ခန္ဓာဥပမိ အကြွင်းအကျန်ရှိနေသေးသောကြောင့် သဥပါဒိ သေသနိဗ္ဗာန်ဟူ၍၎င်း ခေါ်ဆိုကြကုန်၏။ ထို ရဟန္တာပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန်ပြုလေသော်၊ ခန္ဓာဥပမိအကြွင်းအကျန်မရှိသောကြောင့် အနုပ္ပါဒိ သေသ နိဗ္ဗာန်ဟု ခေါ်ဆိုကြကုန်၏၊ နိရောဓယေစ္စာနှင့် နိဗ္ဗာန်ကို ဤမျှသော စကားဖြင့်သာ သိရမည်မဟုတ်သေး အောက်ပါ သာဓကတို့ဖြင့်လည်းသိအပ်၏။

အတ္တိက္ခဝေ၊ 'အဇာတံ၊ အဘူတံ၊ အကတံ၊ အသင်္ခတံ၊ ဣတိဝုတ် ပါဠိတော် မြန်မာပြန် ဘိက္ခဝေ၊ရဟန်းတို့ အဇာတံ၊ အကြောင်းညီညွတ်သဖြင့်မဖြစ်သော၊အဘူတံ၊အကြောင်းနှင့် ကင်း၍ မိမိအလိုအလျောက် မဖြစ်သော၊ အကတံ၊ တစုံတခုသော အကြောင်းသည် မပြု အပ်သော အသင်္ခတံ၊ အသင်္ခတဓာတ် သုညဟူ၍သာ မှတ်အပ်သော၊ နိဗ္ဗာန်သည်၊ အတ္ထိရှိ၏၊အတ္ထိ-ပရမတ္ထအားဖြင့် ထင်ရှားကေန် အမှန်ရှိ၏။

ဤပါဠိဖြင့် အသင်္ခတ နိဗ္ဗာန်ကို ပြလေသည်။ ဤအသင်္ခတ ဓာတ်သည် မဂ်ဉာဏ်- ဖိုလ်ဉာဏ်တို့၏ အာရုံသာ ဖြစ်လေသည်။

ပဋ္ဌာရုံမဟုတ်ချေ။ ထို့ကြောင့် သညာဟုဆိုရသည်၊ နိရောဓသစ္စာ မပါသည်ကိုသတိပြု။

နိရောဓသစ္စာကိုပြလိုသော မြတ်စွာဘုရားသည် အောက်ပါ အတိုင်း ဟောတော်မူ၏။ ဟောရခြင်းအကြောင်းမှာ....

နတ်သား တယောက်က လျှောက်ထား၏၊ အရှင်ဘုရား သည် သတ္တဝါတို့၏ လွတ်မြောက်ရာ-သံသရာမှ ထွက်မြောက် ရာ သံသရာ ခန္ဓာတို့၏၊ သုန်းဆိပ်ရာကိုသိပါသလော။ ဤသို့ မေး၏။ မြတ်စွာဘုရားက ငါသိသည်မှန်၏ဟု ဝံခံတော်မူလေ သည်။ ထိုအခါ နတ်သားက အဘယ်သို့ သိပါ သနည်းဟု မေးလျှောက်ပြန်၏။ ထိုအခါ မြတ်စွာဘုရားသည် အောက်ပါ အတိုင်း ဟောတော်မူ၏။ သဂါထာဝဂ္ဂသံယုတ်နဋ္ဌဝဂ် ဝိဝေက သုတ်၌-။

နန္ဒီဘဝပရိက္ခယာ သညာဝိညာဏ သင်္ခယာ
ဝေဒနာနိရောဓာ ဥပသမာ ဧဝံခွါဟံမာဝုသော
ဇာနာမိ သတ္တာနံ နိမောက္ခံ ပမောက္ခံ
ဝိဝေကန္တိ။ ။

မြန်မာပြန်။ ။အဝုသော၊ ဒါယကာ နတ်သား။ နန္ဒီဘဝ ပရိက္ခယာ၊ နှစ်သက်ခြင်း ဘဝတဏှာ ကုန်ခြင်း ကြောင့်၊ ဝေဒနာနိရောဓာ၊ ဝေဒနာချုပ်ခြင်း

ကြောင့်။ သညာ ဝိညာဏ သင်္ချာ၊ သညာ ဝိညာဉ်ကုန်ခြင်းကြောင့်။ ဥပသမာ၊ ကိလေသာ ငြိမ်းခြင်း ကြောင့် အာဝုသော၊ ဒါယကာ နတ်သား။ ငွံ့ခေါ်၊ ဤသို့လျှင်၊ သတ္တာနံ၊ သတ္တဝါတို့၏ နိမောက္ခံ သံသရာမှ လွတ်မြောက်ရာကို၊ ပမောက္ခံ သံသရာမှ ထွက်မြောက်ရာကို၊ ဝိဝေကံ၊ သံသရာ ခန္ဓာတို့၏ သုဉ်းသိပ်ရာကို၊ ဇာနာမိ၊ ငါသိ၏။ ဣတိ၊ ဤသို့။ အဝေါစ၊ မိန့်တော်မူ၏။

ဤပါဠိဖြင့် သတ္တဝါတို့၏ ခန္ဓာ အချုပ်ကျဉ်း တချာကုန် ခြင်းကို ဆိုလိုသည်။ ဘဝကို လိုလား တောင်းတတတ်သော တဏှာ နိရောဓ အဖြစ်သို့ ရောက်ခြင်းကြောင့် ဝေဒနာနိရောဓ ဖြစ်ရလေသည်။ သညာ ဝိညာဉ်တို့သည်လည်း ကုန်ပျောက် ခြင်းဖြစ်သောအခါ ကိလေသာ ငြိမ်းသွားလေသည်။ ဤမျှ သော စကားရပ်ဖြင့် ခန္ဓာ အချုပ်ကျဉ်း နိရောဓသစ္စာဖြစ်ပုံကို သိအပ်၏။ အဓိပ္ပါယ်လွယ်၏။

ရှေ့၌ ဖော်ပြခဲ့သော သတ္တာနံ နိမောက္ခံ ပမောက္ခံ ဝိဝေကံ ပုဒ်တို့သည် ပရိနိဗ္ဗာန်ပြုသော ရဟန္တာ ပုဂ္ဂိုလ်တို့၏ ခန္ဓာဥပဓိ အကြွင်းအကျန်မရှိရသဖြင့် သံသရာ ခန္ဓာမှ ထွက် မြောက်ကြပြီ သုဉ်းဆိပ်ပြီဟု သိမြင်သောကြောင့် ငါသိသည်

ဟု ဝံခံတော်မူလေသည်။ ရှေ့၌ပြခဲ့သော နေဝိဓ နံဟုရှိ နဉဘာယေသမန္တရေန ဟူသော ပါဠိနှင့် စပ်၍ဆင်ခြင်ပါ-

နေဝိဓ၊ ဤဘဝ၌လည်းမဖြစ်တော့ပြီ။ နဟုရံ၊ထိုဘဝ၌လည်း မဖြစ်တော့ပြီ။ နဉဘာယေသမန္တရေန၊ ယင်း (၂) ပါးတို့၏ အတွင်း အကြား၌လည်း မဖြစ်တော့ပြီ သံသရာမှ ထွက်မြောက် သွားပြီမဟုတ်ပါလော-။

ယခုခေတ်သမယ၌ တရားကို အားထုတ်ကြ၏။ တရားရိပ် သာဝင်၍ အားထုတ် ကြသောအခါ တရားအားထုတ်ဆဲ၌ ဝေဒနာချုပ်ပြီ သညာချုပ်ပြီ ဝိညာဉ်ချုပ်ပြီဟူ၍ ပြောဆို ကြကုန်၏။ ထိုအချုပ်တရားကိုပင် ပဓာနထား၍ အားထုတ် နေကြလေသည်။ အချို့သော ယောဂီတို့မှာ အကြိမ်ပေါင်း များစွာ ချုပ်ဘူး ကြလေသည်၊ ထိုယောဂီတို့သည်။ ငါဖြင့် နိရောဓ နိဗ္ဗာန်ကို မျက်မှောက်ပြုဘူးပြီဟုစွဲလမ်းမှတ်ထင်နေကြ သည်။ ယခုဖော်ပြခဲ့သော ပါဠိတော်ကလဲ ထိုအချုပ်တရား ကို ထောက်ခံအားပေးသလို ဖြစ်နေတော့သည်။

သညာ ဝိညာဏ သင်္ခါယာ ဝေဒနာ နိရောဓာ ဉပသမာ ဟူသော ပါဠိနှင့် ကိုက်ညီသလို ဖြစ်နေပြန်၏။ သို့သော်စိတ် ကြေနပ်လောက်အောင် အဖြေ မပေးနိုင်သူများကို အများ အပြားတွေ့နေရပြန်သည်။ ထိုယောဂီတို့သည် ဝိပဿနာဉာဏ် တို့ ကျော်လွန်၍ မသွားနိုင်ကြသေးချေ။ ဝိပဿနာဉာဏ်၏

အာရုံဖြစ်သော သင်္ခါရ သောင်ပြင်မှာ ထင်မြဲတိုင်း ထင်နေကြလေသလောဟု သံသယ ဖြစ်လာတော့သည် ယောဂီတွေ တရားကို အားထုတ်ဆဲ ခဏ၌ ဝေဒနာသည် သင်္ခါရဝိညာဏတို့ ချုပ်ဆုံးနေကြသဖြင့်ကိုယ်စိတ်(၂)ပါး မပင်မပန်းချမ်းသာသုခကိုဒိဋ္ဌတွေ့ကြုံခံစားရသည်ကားမှန်ပါ၏ သို့သော် ထိုချမ်းသာမျိုးကို နိဗ္ဗာန်သစ္စာ အစစ်အမှန်ဟု ယူဆရမည်လော ပီတိပဿဒ္ဓိတရားဟူ၍ပင် ဆိုရမည်လော စဉ်းစားဆင်ခြင်ကြရန် ကွက်လပ်တခုကိုထုတ်ပြလိုက်ပါသည်။

ရှေ့၌ပြခဲ့သော နိဿိတသုတ် အဆိုကို ပြန်၍ စဉ်းစားကြပါ။

**ဓ**လိတံ- လှုပ်ရှားခြင်းသည် နတ္ထိ- မရှိ- စလိတေ လှုပ်ရှားခြင်းသည် အသတိ- မရှိသော်- ပဿဒ္ဓိ- ကိုယ်စိတ်(၂)ပါးချမ်းသာ၏ဟု ဆိုခဲ့သည်။

ရှေ့နောက်ပြန်၍ **စဉ်းစား**ကြည့်လျှင် **မ**ဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ ဖြင့်သာလျှင် နိဗ္ဗာန်သစ္စာကို မြင်နိုင်သည်ဟု ကျမ်းဂန်တို့၌ တွေ့ရှိကြလေသည်။ မဂ်ဉာဏ် ဖိုလ်ဉာဏ် ဆိုသည်မှာလည်း၊ အဝိဇ္ဇာမောဟတည်းဟူသော အမိုက်မှောင်ကို ဖျက်ဆီးပစ်နိုင်သော ပညာအလင်းရောင်ကြီးပင်ဖြစ်လေသည်။

ထိုပညာအလင်းရောင်ဖြင့် အမှောင်ကို ဖျက်ဆီးလိုက်သော

အခါ အမှန်မြင်၊ အမှန်သိ အရိယာသစ္စာတရားကို ပိုင်းခြား၍ သိရလေသည်။ တရားကိုရှာနေကြသော ယောဂီများ အထူး သတိပြုဘွယ်။

ယခုအခါ ဝိပဿနာတရားကို ပွားများအားထုတ်နေကြသော ယောဂီတို့သည် ဆရာကောင်းရှာ၍အားထုတ်ကြကုန်၏။ထိုဆရာ တို့အထံ၌ ဆရာသင်ပြသော နည်းအတိုင်း မိမိကိုယ်တိုင် တရား ရအောင် အားထုတ်ဘို့ရာအရေးကြီးပါသည်။ ဂိုဏ်းပြိုင်ဆိုင်မှု၊ ဆရာပြိုင်ဆိုင်မှု၊ ဝါဒပြိုင်ဆိုင်မှုတို့ကို ရှောင်ရှားနိုင်သမျှ ရှောင် ရှားကြပြီးလျှင် ကြွားမှု၊ ဝါမှုတို့ကို ဖယ်ရှားထားနိုင်ရမည်။ မာယာသာခွေယျသို့ရောက်သွားတတ်သည် သတိပြုပါ။

သူများယောဂီတွေ တရားထိုင်ရင်း ချုပ်သွားဒါ (၃)ခါရှိပြီ၊ (၄)ခါရှိပြီ။ ငါတို့မှုကား(၂)ကြိမ်မျှသာ ချုပ်ဘူးသေးသည် စသဖြင့် အချုပ်တရားကို ပဓါနထား၍ မိမိတွေ့ဘူးသောတရား၌ ကြေနပ်၍မနေသင့်၊စင်စစ်အားဖြင့်သော်ကား- မိမိကိုယ်တိုင်တွေ့ ကြုံဘူးသောတရား၌ အသိဉာဏ်ရှင်းရှင်းလင်းလင်းဖြစ်သွားဘို့ သာ အရေးကြီးလေသည်။ မိမိကိုယ်တိုင်က အသိဉာဏ်ရှင်းရှင်း လင်းလင်းဖြစ်သည်ဟုဆိုရာ၌ ပိဋကတ်(၃)ပုံကိုတတ်သိနားလည် ရမည်ဟု မဆိုလိုပါ၊ ရုပ်နာမ်သင်္ခါရတရားတို့၌ ယုံမှား မရှိဘဲ မိမိကိုယ်တိုင် တွေ့ရှိသော သင်္ခါရ တရားတို့သည် အကြောင်း သင်္ခါရတရားကိုစွဲ၍ ဖြစ်ပေါ်လာကြသော အကျိုးသင်္ခါရတရား

ဟု ဉာဏ်အမြင်ပေါ်လာလျှင် ပဋိစ္စသမုပ္ပါဒ်တရား၌ လိမ္မာသောသူဟု ဆိုနိုင်လေသည်။

ထိုစကားသည် မှန်၏-။ သင်္ခါရရုပ်နာမ်တရားတို့သည် ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါးဟု ညွှန်ပြစရာ မရှိသည့်အပြင် တည်တန့်ခိုင်မြဲသောတရားဟူ၍လည်း ဘာတခုမျှ ပြစရာမရှိသော တရားဟု သဘောပေါက်လာလေသည်။ ထိုသင်္ခါရ တရား တို့ကို အကြောင်းသင်္ခါရနှင့် အကျိုးသင်္ခါရသက်သက်မျှသာ ဖြစ်နေကြသော တရားပါတကားဟု ဉာဏ်အမြင်မိနေသော ယောဂီသည် ပဋိစ္စ သမုပ္ပါဒ်တရား၌ ယုံမှားကင်းသောသူမည်၏။ပဋိစ္စသမုပ္ပါဒ်စာမူအတိုင်းစာကို မရသော်လည်း သဘာဝကို လိမ္မာသောသူဟု ဆိုရ၏။

နိရောဓသစ္စာသို့ ဆိုက်ရောက်သော ယောဂီသည်၊ ထိုသင်္ခါရတရားတို့၏ မဖြစ်ရာကို ဉာဏ်အမြင် ပေါ်ပေါက်လာရသည်။ ထိုသင်္ခါရတရားတို့၏ ချုပ်ဆုံးရာသို့ ဉာဏ်အမြင် ပေါ်ပေါက်သော ယောဂီသည် သင်္ခါရတရားတို့၌ ငါဟု စွဲယူသော ဒိဋ္ဌိနှင့်တပ်မက်တွယ်တာတတ်သော တဏှာ ရာဂတို့သည် ချုပ်ဆုံးကွယ်ပျောက်ကြလေသည်။

## မိမိကိုယ်တွေ့နှင့် နှိုင်းယှဉ်စရာ

နေ့ရှိသညာ နာသညာ ယတနစျာန်သည် လောကီတရား

သက်သက်ဟု သူငါကစ၍ သိထားကြလေသည်။ ထိုဈာန်သမာပတ်သို့ ရောက်နေသော ဈာနလာဘီပုဂ္ဂိုလ်၏ ကာယသင်္ခါရ စိတ္တသင်္ခါရတို့နှင့် နှိုင်းယှဉ်ကြည့်သော်- ယခုအခါ တရားဌာန၌ ချုပ်နေကြသော ယောဂီတို့ထက်ပင် နေဝသညာ နာသညာယတနဈာန်က ပိုမိုသိမ်မွေ့လိမ့်မည်ဟု ထင်ပါသည်။ ကျမ်းဂန်လာသောအတိုင်းပြောရသော် ရုံးရင်းကြမ်းတမ်းသော အမှတ်သညာကားမရှိတော့ပြီ၊ လူသေပမာ ဖြစ်နေလေပြီ။ သို့သော် တကယ်အားဖြင့် သေနေခြင်းကား မဟုတ်သေးပေ။ သိမ်မွေ့နူးညံ့သော သညာသည်ကား သဘောအားဖြင့် ရှိသည်ဟုသာ ဆိုရ၏။ ထိုဈာနလာဘီ ပုဂ္ဂိုလ်တို့သည် နိရောဓသစ္စာကို မျက်မှောက်မပြုနိုင်ကြချေ။ ဈာန်ရပုဂ္ဂိုလ်ဟုသာဆိုရ၏။ ထိုဈာန်ရပုဂ္ဂိုလ်တို့သည် သင်္ခါရတို့၏ ချုပ်ဆုံးရာ နိဗ္ဗာန်သို့ ဉာဏ်အမြင်မပေါက်သေး သောကြောင့် သူတို့၏ အဇ္ဈတ္တ အတွင်းသန္တာန်၌ ဖြစ်ပေါ်တတ်သော ငါဟူသော အတ္တအစွဲ၊ တဏှာစွဲ၊ မာနစွဲတို့သည် နိရောဓအဖြစ်သို့ မရောက်နိုင်ကြသေးချေ။ သို့ကြောင့် ဉာဏ်အမြင်မပေါ်။ ခန္ဓာ၌ သညာချုပ်သော ဈာန်တရားသည် မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ မဆိုက်နိုင်သေး အမှောင်ထဲမှာပင်—၊ အဝိဇ္ဇာဟူသော အကြောင်းကြောင့် အာနေဉ္ဇာဘိသင်္ခါရကို ပြုလုပ်နေရလေသည်။ ယောဂီတွေသတိပြုရန် အချက်အလက်ကလေးတွေကို ဖော်ပြလိုက်ပါသည်။ လောကုတ္တရာဟု ဆိုရသော မဂ်ဉာဏ်- ဖိုလ်ဉာဏ်တို့သည်ကား ဝိဇ္ဇာဉာဏ် အလင်းရောင် ဖြစ်လေသည်။ အမှောင်ကိုခွင်း၍ အလင်းပေါ်နိုင်ကြပါစေကုန်သတည်း။

ဗုဒ္ဓလက်ထက်တော် အခါကာလက တရားရကြသော ပုဂ္ဂိုလ်တို့သည် တရားရပုံ ရနည်းကို ဤသို့ပင်တွေ့ရ၏။

ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥဒပါဒိ ယံကိဉ္စိ
သမုဒယ ဓမ္မံ သဗ္ဗန္တံ နိရောဓ ဓမ္မန္တိ။

မြန်မာ။ ။ဝိရဇံ - **မောဟပိတ်ထူ** ကိလေသာတည်း ဟူသော မြူမရှိထသော ဝီတမလံ၊ အတ္တဒိဋ္ဌိ၊ သဿတဒိဋ္ဌိတည်းဟူသော **အညစ်အကြေး** ကိလေသာ ရန်ဘေးမရှိသဖြင့် အတိသုဒ္ဓ- စင်ကြယ်သန့်ရှင်းထသော ဓမ္မစက္ခုံ၊ သောတာပတ္တိမဂ်ဉာဏ်တည်းဟူသော ပညာမျက်စိသည် ဥဒပါဒိ ထင်ရှားဖြစ်ပြီ။ ယံကိဉ္စိ၊ **အမှတ်** မထင် အကြင်သို့သော တေဘူမက သင်္ခါရ တရားအပေါင်းသည် သမုဒယဓမ္မံ၊ အကြောင်းသင်္ခါရရှိနေကြသဖြင့် **အကျိုးသင်္ခါရဆက်စပ်၍** အထပ်ထပ်အဖန်ဖန် ဖြစ်ပေါ်ရသော သဘောရှိ၏။ တံသဗ္ဗံ- ကြောင်းကျိုးဆက်စပ် ထပ်ခါထပ်ခါ ဖြစ်ပေါ်လာသော ထိုတေဘူမက သင်္ခါရတရား အပေါင်းသည် နိရောဓဓမ္မံ ချုပ်ဆုံးခြင်း သဘောရှိ၏၊ ဤတိ- ဤသို့- အာဟ- ဆိုပြီ။

ဆိုလိုရင်းမှာ— အရိယာပုဂ္ဂိုလ်တို့၏ ဝိဇ္ဇာဉာဏ်မျက်စိသည် မောဟတည်းဟူသော မြူတိမ်သလာ မရှိတော့ပြီ၊ အတ္တဒိဋ္ဌိ၊ သဿတဒိဋ္ဌိတည်းဟူသော အယူအစွဲ မျက်ချေးမထူသဖြင့် ဖြူစင်သန့်ရှင်းသော ဉာဏ်အမြင်သို့ရောက်ပြီ။ ထိုသောတာပန် ပုဂ္ဂိုလ်

၏ ဝိဇ္ဇာဉာဏ် မျက်စိဖြင့် ကြည့်ရှုလိုက်သောအခါ သတ္တလောက သင်္ခါရလောက၊ ဩကာသလောကတည်း ဟူသော လောက သုံးပါးတို့သည် စာတခုမျှ ရပ်တည်မှုမရ၊ ဖြစ်လိုက်- ပျက်လိုက် နှင့် အမြဲတမ်းဖြစ်ပျက်နေသော တရားဟု မြင်လေသည်၊ သူ၏ ဉာဏ်အမြင်မှာ ဖြစ်ခြင်း သဘောတရားဟူသမျှ ချုပ်ဆုံးခြင်း သဘောရှိ၏ ဟူ၍သာ မြင်လေသည်။

သုတ်သီလက္ခန် အဋ္ဌကထာ အမ္ဗဋ္ဌ သုတ်အဖွင့်၌။

ဓမ္မစက္ခုန္တိ ဧတ္ထသောတာပတ္တိ မဂ္ဂေါ အဓိပ္ပေတော။ တဿ ဥပ္ပတ္တိအာကာရဒဿနတ္ထံ ယံကိဉ္စိ သမုဒယဓမ္မံ သဗ္ဗန္တံ နိရောဓ ဓမ္မန္တိ အာဟ။ တဉှိ နိရောဓံ အာရမ္မဏံကတွာ ကိစ္စဝသေန ဧဝံ သဗ္ဗသင်္ခတံ ပဋိဝိဇ္ဈန္တံ ဥပ္ပဇ္ဇတိ။

ဓမ္မစက္ခုန္တိဧတ္ထ ဓမ္မစက္ခုံ ဟူသော ဤဒေသနာတော်၌ သောတာပတ္တိမဂ္ဂေါ သောတာပတ္တိမဂ်ဉာဏ်ကို အဓိပ္ပေတော အလိုရှိအပ်၏။ တဿ ၊ထိုပုဂ္ဂိုလ်၏ ဥပ္ပတ္တိအာကာရဒဿနတ္ထံ သောတာပန် ဖြစ်သောအခြင်းအရာကို ပြခြင်းငှာ။ ယံကိဉ္စိ သမုဒယဓမ္မံ သဗ္ဗန္တံ နိရောဓ ဓမ္မံ၊ ယံကိဉ္စိ သမုဒယဓမ္မံ သဗ္ဗန္တံ နိရောဓ၊ ဓမ္မန္တိ ဟူ၍ အာဟ၊ ဆိုပြီ ဟိ ထိုစကားသင့်စွ တံနိရောဓံ ထိုသင်္ခါရတို့၏ ချုပ်ဆုံးရာဖြစ်သောနိရောဓကို အာရမ္မဏံ ကတွာ အာရုံပြု၍ ကိစ္စဝသေန ပဋိဝေဓ ဝိဇ္ဇာဉာဏ် ကိစ္စ၏ အစွမ်းအားဖြင့် ဧဝံ ဤသို့။

သဗ္ဗသင်္ခတံ အလုံးစုံရသော (သင်္ခတ) တရားကို ပဋိဝိဇ္ဈန္တံ ပဋိဝေဓ ဝိဇ္ဇာဉာဏ်ဖြင့် ထိုးတွင်း၍ သိမြင်ခြင်းသည် ဥပ္ပဇ္ဇတိ ဖြစ်၏။

ဆိုလိုရင်းမှာ သောတာပတ္တိမဂ်ကိုရသောပုဂ္ဂိုလ်အားဓမ္မစက္ခု ဖြစ်လာရသည် အန္ဓဗာလ ပုထုဇဉ်အကဏ်းဘဝမှ လွန်မြောက်၍ အမှန်သိ အမှန်မြင်တတ်သော ပဋိဝေဓဝိဇ္ဇာဉာဏ်ကိုရသဖြင့် တေဘူမကတရားဟူသမျှအရှိ ပရမတ္ထတရားမဟုတ် ခဏတဖြုတ် ဖြစ်ပေါ်လာကြသော ပညတ်သင်္ခါရတရားဟူ၍သာ ဉာဏ်အမြင်ပေါက်လာလေသည် ခဏတဖြုတ် ဖြစ်ပေါ်လာသော သင်္ခါရဟူသမျှ ချုပ်ဆုံးကုန်ပျောက်ရသောတရား ဟူ၍လည်း ဉာဏ်အမြင်ပေါက်လာလေသည် (ထိုနိရောဓသည် နိဗ္ဗာန်တရားကိုရည်ရွယ်၍ဟောသော နိရောဓဖြစ်နိုင်အံ့မထင်ပါ) သင်္ခါရတရားတို့ချုပ်ဆုံးသော နိရောဓဟူ၍သာ အဓိပ္ပါယ်ရပါသည် သင်္ခါရတရားဟူသမျှသည် ပရမတ္ထအားဖြင့်ထင်ရှားရှိသော အရှိတရားမျိုးမဟုတ်ချေ။ ဥပ္ပါဒေါသင်္ခါရော ဟူသောပါဠိကို ထောက်ဆလျှင်သင်္ခါရဟူသမျှအဖြစ် တရားမျိုးသာလျှင်တည်း အဖြစ်တရားဟူသမျှ အားလုံးစုံသော သင်္ခါရတို့သည် ချုပ်ဆုံးသောတရားဖြစ်လေသောကြောင့် ယံကိဉ္စိ သမုဒယ ဓမ္မံ သဗ္ဗန္တံ နိရောဓဓမ္မန္တိ ဟူ၍ဟောလေသည်။ ထိုနိရောဓကိုအာရုံပြု၍မဂ်ဉာဏ်ပေါ်လာလေသည်။

မဂ်ဉာဏ် ဘယ်သို့ပေါ်လာသနည်း ဝိပဿနာ ဉာဏ်ဖြင့်

သင်္ခါရရုပ်-နာမ်တို့၏ ဖြစ်ပေါ်ပြီးနောက် ချုပ်ပျောက်ကုန်ဆုံးတတ်သောသဘောတရားတို့ကို ကိုယ်တွေ့ဉာဏ်တွေ့ သိထားကြလေပြီ။ ဖြစ်ပေါ်ပြီးနောက် ချုပ်ပျောက် ကုန်ဆုံးနေသော ထိုသင်္ခါရ ရုပ်-နာမ်တို့၏ထွက်ပေါ် ရာဋ္ဌာနကား ပရမတ္ထ အားဖြင့် ထင်ရှားစွာရှိလေရဦးမည်။ တစုံတခုမျှ မရှိဟုဆိုခဲ့သော် သင်္ခါရရုပ်-နာမ်ဟူ၍ဓာတခုမျှဖြစ်ရာ ပြောစရာမရှိ(သုည)အတိသာ ဖြစ်နေပေလိမ့်မည် ယောဂီတို့သည် ကိုယ်တွေ့ ဉာဏ်တွေ့အားဖြင့် သင်္ခါရ ရုပ် နာမ်ကိုတွေ့နေကြလေပြီ ထိုသင်္ခါရတို့၏ မူလဘူတထွက်ပေါ်ရာဋ္ဌာနကို စူးစမ်းဆင်ခြင်သော် သင်္ခါရရုပ် သင်္ခါရနာမ်တို့၏ ထွက်ပေါ်ရာ မူလဘူတအရှိပရမတ္ထကို(သင်္ခတ) ဟူ၍မြင်လေသည် သင်္ခါရကအဖြစ်တရား သင်္ခတက အရှိတရား ဤနှစ်ပါးကို ခွဲခြား၍မြင်တတ်သော ပညာကို ပဋိဝေဓ-ဝိဇ္ဇာပညာဟုမှတ်ပါ။

သင်္ခါရဟုဆိုရသောရုပ်-နာမ်လောကကိုမြင်
သိသောဉာဏ်သည်ကား ဝိပဿနာ ဉာဏ်
ပေတည်း။

သင်္ခတ အသင်္ခတ ဓာတ်ကို မြင်သိတတ်
သောဉာဏ်သည်ကားမဂ်ဉာဏ်ပေတည်း။

ထိုကိုရည်၍ အဋ္ဌကထာ၌- တဗ္ဗနိရောဓ အာရမ္မဏံကတွာ

ကိစ္စဝသေန ဧဝံ (သဗ္ဗသင်္ခတံ) ပဋိဝိဇ္ဈန္တ ဥပ္ပဇ္ဇတိဟူ၍ ဆိုခဲ့ပြီ။

သင်္ခါရဟူသမျှသည် ဝိပဿနာဉာဏ်၏ အာရုံဖြစ်သည်။
သင်္ခတဓါတ်သည် ဂေါ်တြဘူဉာဏ်၏ အာရုံဖြစ်သည်။
အသင်္ခတဓါတ်သည် မဂ်ဉာဏ်၏ အာရုံဖြစ်သည်။

မှတ်ချက်။ ။အသင်္ခတဓါတ်နိဗ္ဗာန် တရားမြတ်သည်ကား သူ့သဘောလက္ခဏာအားဖြင့် အဖြစ်တရားမျိုးလည်း မဟုတ်သောကြောင့် အပျက်တရားလည်းမရှိနိုင်ချေ။ အဖြစ်အပျက်မရှိသော အသင်္ခတတရားဥ္စ နိရောဓ ဓမ္မ ချုပ်ဆုံး ကုန်ပျောက်နေသော တရားဟူ၍လည်း ဆိုစရာမရှိ။ ပြကတေ့ သုဉ်းဆိပ်နေသော တရားကို မဂ်ဉာဏ်ဖြင့် မြင်လေသည်။

သုဉ်းဆိပ်နေသော အသင်္ခတဓါတ်နိဗ္ဗာန်ကို ဉာဏ်အမြင်ပေါက်သော ယောဂီသည် လောကကိုဖြစ်စေတတ်သော သင်္ခတဓါတ်ကိုလည်း ပဋိဝေဓဉာဏ် အမြင်ပေါက်လာသည်၊ ထို့ကြောင့် ဧဝံ သဗ္ဗသင်္ခတံ ပဋိဝိဇ္ဈန္တ ဥပ္ပဇ္ဇတိ ဟူ၍ ညွှန်ပြခဲ့လေသည်။ ထိုညွှန်ပြချက်သည်ကား အသင်္ခတဓါတ်ကို ညွှန်ပြခြင်း မဟုတ်ချေ။ သင်္ခါရတရားတို့၏ နိရောဓသစ္စာကို ညွှန်ပြလိုသောကြောင့်သာဆိုရလေသည်။

ထိုစကားသည် မှန်၏။ သောတာပန်ဖြစ်သောသူသည်သစ္စာ

လေးပါး တရားကို မြင်သိသောပုဂ္ဂိုလ် ဖြစ်၏။ ထို့ကြောင့် အဋ္ဌကထာဆရာက....

ဒိဋ္ဌော အရိယသစ္စ ဓမ္မော ဧတေနာတိ ဒိဋ္ဌဓမ္မော ဟူ၍ ဆိုလေသည်။

သစ္စာလေးပါး တရား၌ နိရောဓသစ္စာကို ဤသို့ပင် တွေ့ရ၏။

ယော တဿ ယောဝ တဏှာယ အသေသဝိရာဂ နိရောဓေါ၊ စာဂေါ၊ ပဋိနိဿဂ္ဂေါ မုတ္တိ၊ အနာလယော-ဟူ၍ ဓမ္မစကြာ၌ တွေ့ရ၏။

တဿယောဝတဏှာယ ထိုတဏှာ၏သာလျှင်။ အသေသဝိရာဂ နိရောဓော အကြွင်းမဲ့ ချုပ်ခြင်းဟု ဆိုအပ်သော၊ ယောစာဂေါ၊ အကြွင်းဒိဋ္ဌိ တည်းဟူသော ပပဉ္စတရားကို စွန့်လွှတ်ရာဖြစ်သော ယောပဋိနိဿဂ္ဂေါ၊ တဖန်ထပ်၍ စွန့်လွှတ်ရာဖြစ်သော၊ ယာမုတ္တိ၊ အကြွင် ကာမ တဏှာတည်းဟူ ပပဉ္စတရားမှ လွတ်မြောက်ရာ ဖြစ်သော၊ ယောအနာလယော၊ အကြွင်မာန ပပဉ္စ တည်းဟူသော ကိလေသာ အနှောင့်အယှက်မရှိသော တရားသည် အတ္တိ၊ ရှိ၏။

ဤသို့ရေးသားခြင်းသည် အဓိပ္ပါယ်ကို သိလွယ်အောင် မိမိသဘော အတိုင်း ဘော်ပြခြင်းသာဖြစ်ပါသည်။ မကြိုက်လျှင်၊ ဓမ္မစကြာ နိသျှတွင် ကြည့်ပါ—သူပါလေ။

## အောက်ပါဇယားကိုကြည့်ပါ

### ထိုထိုသို့သောပိဋကတ်ကျမ်းလာနှင့် ဓမ္မစကြာကို စုပေါင်းထားသော ဇယား

| အသင်္ခတဓာတ် သဘာဝ(သုည) | မဂ်ဉာဏ်(၄)ဆင့် ဉာဏ်အမြင် | သင်္ခတဓာတ် သဘာဝ(သုည) |
|---|---|---|
| (က) အသင်္ခတ နိဗ္ဗာန် | သောတာပတ္တိမဂ် (၁) စာဂေါ... | ဒိဋ္ဌိဂတသမ္ပယုတ် ၁- ဒိဋ္ဌိပပဉ္စ-နိရောဓ |
| (ခ) အသင်္ခတ နိဗ္ဗာန် | သကဒါဂါမိမဂ် (၂)ပဋိနိဿဂ္ဂေါ | ဒိဋ္ဌိဂတဝိပ္ပယုတ် ၁-ဒိဋ္ဌိပပဉ္စ-နိရောဓ |
| (ဂ) အသင်္ခတ နိဗ္ဗာန် | အနာဂါမိမဂ် (၃) မုတ္တိ | ကာမတဏှာ-ဒေါသ ၂- တဏှာပပဉ္စ နိရောဓ |
| (ဃ) အသင်္ခတ နိဗ္ဗာန် | အရဟတ္တမဂ် (၄) အနာလယ | မာနဘဝတဏှာ ၃-မာနပပဉ္စ- နိရောဓ |

**(က)** အသင်္ခတ နိဗ္ဗာန်ကို သောတာပတ္တိ မဂ်ဉာဏ်ကမြင် သင်္ခတဓာတ်မှ ထွက်ပေါ်နေသော၊ ဒိဋ္ဌိဂတသမ္ပယုတ် ဒိဋ္ဌိ

ပပဉ္စနှင့် ဝိဘဝတဏှာ နိုရောဓဖြစ်ရ၏။ စာဂေါ၊ ဒိဋ္ဌိကိုစွန့်ရာ၊ သောတာပတ္တိမဂ်။

(ခ) အသင်္ခတ နိဗ္ဗာန်ကို သကဒါဂါမိ မဂ်ဉာဏ်ကမြင်၊ သင်္ခတဓါတ်မှ ထွက်ပေါ်နေသော ဒိဋ္ဌိဂတသမ္ပယုတ်နှင့် ဒိဋ္ဌိပပဉ္စဝိဘဝ တဏှာ နိုရောဓဖြစ်၏။

ပဋိနိဿဂ္ဂေါ၊ သောတာပတ္တိမဂ်ဖြင့် ပယ်အပ်ပြီးသော ဒိဋ္ဌိပ ပဉ္စကို နောက်ထပ်တဖန် ဝေးစွာစွန့်လွှတ်ရာဖြစ်သော သကဒါဂါမိမဂ်။

(ဂ) အသင်္ခတ ဓါတ် နိဗ္ဗာန်ကို အနာဂါမိမဂ်ဉာဏ်ကမြင်၊ သင်္ခတဓါတ်မှ ပေါ်ထွက်နေသော ကာမတဏှာ၊ လောဘ၊ ဒေါသ၊ တဏှာပ ပဉ္စ၊ နိုရောဓဖြစ်၏။

မုတ္တိ၊ ကာမတဏှာ၊ ကာမပုပ္ပါဒါန်မှ လွတ်ရာဖြစ်သော အနာဂါမိမဂ်။

(ဃ) အသင်္ခတနိဗ္ဗာန်ကို အရဟတ္တမဂ်ဉာဏ်ကမြင်၊ မာနကိလေသာ ဘဝတဏှာနှင့် မာနပ ပဉ္စ၊ နိုရောဓဖြစ်၏။ အနာလယ၊ မာနပပဉ္စတရားကုန်ရာဖြစ်သော အရဟတ္တမဂ် ကျမ်းဇယား၌ လိုရင်းကိုသာ ထုတ်ဖော်၍ ရေးထားပါသည်။ ကျမ်းဂန်လာတိုင်းရေးသားခြင်းမဟုတ်ပါ။

ကျမ်းဂန်အလိုကား အကျဉ်းစကားကို အကျယ်ဝိတ္ထာရ ပြုလုပ်ရသော ပရိယတ္တိသာသနာအလိုဟူ၍မှတ်ပါ။ ပဋိပတ္တိ သာသနာအလိုသော်ကား အကျယ်ဝိတ္ထာရကိုမလို၊ အကျယ်ကို အကျဉ်းရှုံ့ရသော အလုပ်ကိစ္စမျိုးဖြစ်၍ အကျဉ်းအားဖြင့် ရေးထားပါသည်။

မေ့စကြာဒေသနာတော်၌ကား ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာဟူ၍ တဏှာ(၃)မျိုးကို ဖော်ပြထားလေသည်။ ထိုတဏှာ(၃)မျိုးတို့၏ ချုပ်ဆုံးခြင်းကိုပင် နိရောဓသစ္စာဟု ညွှန်ပြထားလေသည်၊ ထိုတဏှာသည် နဂိုမူလက ပရမတ္ထအနေအားဖြင့် ထင်ရှားစွာတည်နေနိုင်သော အရှိပရမတ္ထမမှုဟု မဆိုနိုင်ပေ၊ ဥပ္ပါဒသဒ္ဓါရတရားမျိုးသာဖြစ်သေသည်။ ထိုကြောင့် ဖြစ်ပေါ်ခြင်းရှိသော တရားသည် ချုပ်ဆုံးခြင်းသဘောလည်းရှိပေသည်။ ထိုတဏှာသည် မဖြစ်မပေါ်ဘဲ သမုစ္ဆေဒ၊ နိရောဓအဖြစ်သို့ ရောက်လေလျှင် ဘယ်အခါရုံ ဘယ်ကာမဂုဏ်တို့၌လည်း တပ်မက်တွယ်တာခြင်းမရှိတော့ပြီ။ တဏှာငြိမ်းချုပ်သဖြင့် ကာမဆာလောင်ခြင်း၊ ဘဝဆာလောင်ခြင်း အငတ်ဘဝမှ လွတ်မြောက်ကြလေသည်။

ထိုတဏှာမရှိခြင်းကြောင့် ဖြစ်ပျက်လောကမှ လွတ်မြောက်ရခြင်းကိုပင် လောကုတ္တရာ ဥတ္တရတိတိ လောကုတ္တရာဟုဝိဂ္ဂဟ်ဆိုကြလေသည်။

နိဗ္ဗာန်တရားသည် အလိုဆန္ဒဟူသမျှတို့ ပြည့်စုံနိုင်သော တရားဖြစ်၏။

တဏှာ(၃)မျိုးဖြစ်ရသော အခြင်းအရာ၏အဓိပ္ပါယ်အကျဉ်းမှာ (၁) ကာမတဏှာ ဖြစ်ရခြင်းအကြောင်းရင်း လက်သယ်မှာ ငါသူတပါး၊ ယောကျ်ား၊ မိန်းမ၊ အတ္တ၊ ဇီဝ၊ ပုဂ္ဂလဟူ ယူဆစွဲလမ်းတတ်သောအတ္တဝါဒပါဒါန်၊ အတ္တဒိဋ္ဌိ၊ သဿတဒိဋ္ဌိ အယူရှိသောကြောင့် ကာမတဏှာ၊ ဘဝတဏှာ ဖြစ်ပေါ်လာသည်။

အတ္တဒိဋ္ဌိကား ဘာကြောင့် ဖြစ်သနည်းဟု ဒိဋ္ဌိ ဖြစ်ရခြင်းလက်သယ်ကိုရှာသော် ဒိဋ္ဌိ၏ လက်သယ်ကား အဝိဇ္ဇာ မောဟတည်း။ အဝိဇ္ဇာက အမှန်တရားဖြစ်သော အနတ္တကို မမြင်နိုင်အောင် ဖုံးကာပိတ်ကွယ်၍ထားသောအခါ အမှန်တရား ဖြစ်သော အနတ္တဓမ္မကို မမြင်နိုင်ကြဘဲ၊ အမှားဖြစ်သော အတ္တဒိဋ္ဌိအယူကို သူငါကစ မှောက်မှားစွဲယူကြလေသည်။ အတ္တဒိဋ္ဌိ၏လက်သယ်ကား အဝိဇ္ဇာ၊ တဏှာ၏ လက်သယ်ကား အတ္တဒိဋ္ဌိတည်း။

အတ္တဒိဋ္ဌိ အယူရှိသောကြောင့် တဏှာ(၃)မျိုးဖြစ်ပေါ်လာရသည်။

(၁) ကာမတဏှာ၏သဘောမှာ မိမိလက်တွင်းသို့ မရောက်သေး၊ မရသေးသော ဝတ္ထုအာရုံ ကာမဂုဏ်တို့၌ သိုချင်တောင်း

တဖာတ်သော တဏှာကို ကာမတဏှာဟု ဆိုလေသည်။ အနာဂတ်ကာလသို့ ရှေ့ရှုနေသည်။

(၂) ဘဝတဏှာဟူသည်ကား.... ရဟန္တာကို ဖယ်ထား ကမ္ဘာလောကသားဟူသမျှ မိမိတို့ရရှိပြီးသော အာရုံကာမဂုဏ်တို့၌ ခံစားသုံးဆောင်ရသော မိမိ၏ဘဝကို သာယာတွယ်တာတတ်သောတဏှာကို ဘဝတဏှာဟုဆိုလေသည်၊ အဓိပ္ပါယ်မှာ ပစ္စုပ္ပန်၌ သာယာသောတဏှာကိုပင် သဓဝါသ ဟု ဆိုရ၏။ အနာဂါမ်ပုဂ္ဂိုလ်အား သင်းပါးရန်ကား ရှိပါသေး၏၊

အနာဂါမ်ပုဂ္ဂိုလ်တို့၏ လားရောက်ရာ သုဒ္ဓါဝါသ ဗြဟ္မာဘုံဟု ဆိုကြ၏။ ထိုဘုံ၌ဖြစ်လိုသော ဘဝရာဂရှိသေးသည်ဟု ယူဆကြသောကြောင့် အနာဂါမ်ပုဂ္ဂိုလ်အား ဘဝတဏှာ ရှိသည်ဟု ဆိုကြဟန်တူသည်။ အနာဂတ်ကာလကို မျှော်လင့်ခြင်းသည် ကာမတဏှာသာဖြစ်သင့်သည်။

စဉ်းစားဘွယ်၊ ဆင်ခြင်ဘွယ်ရှိလေသည်။ အနာဂါမ်ပုဂ္ဂိုလ်သည် အနာဂတ်ကာလ၌ ဖြစ်ပေါ်လတံ့သော ဗြဟ္မာဘဝကို လိုချင်တောင်းတစရာမဟုတ်ပေ၊ တောင်းတခြင်းဖြစ်လျှင် ကာမတဏှာသာဖြစ်မည်။ ပစ္စုပ္ပန်ဘဝကို သာယာခြင်းကိုသာ ဘဝတဏှာဟုဆိုသင့်၏။

ဝိဘဝတဏှာကိုမူကား ဗုဒ္ဓဘာသာများအတွက် ထုတ်ဖေါ်

ရေးသားရန် မလိုတော့ပြီ။ ဗုဒ္ဓဘာသာနှင့် မသက်ဆိုင်သော ကြောင့် ချန်ထားခဲ့ပါသည်။

| | | |
|---|---|---|
| မဖြစ်-မပျက် | မဂ္ဂသစ္စာ | ဖြစ်ပျက်-တရားနိရောဓသစ္စာ |
| နိစ္စ-သုခ-အနတ္တ | အမြင် | အနိစ္စ-ဒုက္ခ-အနတ္တ |

| | | |
|---|---|---|
| အသင်္ခတဓာတ် | မဂ်ဉာဏ်(၄)ဆင့် | သင်္ခတဓာတ် |
| သဘာဝ(သုည) | ဉာဏ်အမြင်ပေါ်ပုံ | သဘာဝ (သုည) |

| | |
|---|---|
| (က) အသင်္ခတနိဗ္ဗာန် | သောတာပတ္တိမဂ် ဖြစ်ပေါ်တတ်သော သင်္ခါရ<br>(၁) စာပေါ ဒိဋ္ဌိနှင့် ဝိဘဝတဏှာ နိရောဓ |
| (ခ) အသင်္ခတနိဗ္ဗာန် | သကဒါဂါမိမဂ် ဖြစ် ပေါ် တတ်သော- သင်္ခါရ<br>(၂) ပဋိနိဿဂ္ဂေါ ဥင်း ဒိဋ္ဌိနှင့်ဝိဘဝ တဏှာ နိရောဓ |
| (ဂ) အသင်္ခတနိဗ္ဗာန် | အနာဂါမိမဂ် ဖြစ် ပေါ် တတ်သော သင်္ခါရ<br>(၃) မုတ္တိ ကာမတဏှာ နိရောဓ |

(ဿ) အသင်္ခတ နိဗ္ဗာန် အရဟတ္တမဂ် ဖြစ်ပေါ်တတ်သော သင်္ခါရ

(၄) အနာလယ ဘာဝတကျော- နိရောဂ

နိစ္စ-သုခ-အနတ္တ အနိစ္စ- ဒုက္ခ-အနတ္တ-

အထက်၌ ဖော်ပြခဲ့သော ဇယားကို ကြည့်ရှုသော အခါ ဖြစ်ပျက်သင်္ခါရမရှိသော အသင်္ခတ နိဗ္ဗာန်ကို နိစ္စ သုခ- အနတ္တ ဟု မဂ်ဉာဏ်ကမြင်လေသည်။ ထိုအသင်္ခတ ဓာတ်သဘာဝကား သုညသဘော၌သာ တည်နေသည်ကို တွေ့မြင်ရပေလိမ့်မည်။ သဘာဝ တွေ့ာနာမ သုညတတွေ့ာ ဟု ဖွင့်ပြသော သာဓကကို ဆင်ခြင်နိုင်လောက်ပါပြီ။

တဖက်သောဇယားကွက်၌ ဖြစ်ပျက်သင်္ခါရတရားကို တွေ့ရမည်။ ထိုတရားတို့သည် အနိစ္စ- ဒုက္ခ- အနတ္တ ဟု တွေ့ရမည်။ ထိုသင်္ခါရပညတ်တရားတို့၏ ထွက်ပေါ်ရာ သင်္ခတဓာတ်ကို တွေ့ရမည်။ ထိုသင်္ခတ၏ သဘာဝကိုလည်း ဟူ သုည၍ပင် မှတ်ရာ၏။

(သဘာဝတွေ့ာနာမသုည တတွေ့ာ)ကိုသဘောပေါက်ပါစေ၊ ထိုသုညတပရမတ္ထမှ ထွက်ပေါ်လာကြသော ရုပ်သင်္ခါရ-နာမ် သင်္ခါရဟူသမျှတို့သည် ဥပ္ပါဒ သင်္ခါရချည်း ဖြစ်ကြလေသည်။ ဖြစ်ပေါ်လာသော တရားဟူသမျှတို့ကို ယံကိဉ္စိ သမုဒယဓမ္မံ

သဗ္ဗန္တံ နိရောဓဓမ္မန္တိ ဟူသောပါဠိ သာဓက ထောက်ဆ၍ကြည့် သော် နောက်ဆုံးအခါ၌ ချုပ်ဆုံးကုန်ပျောက်ရသော တရား ဖြစ်ရလေသည် ရှေ့၌ဖေါ်ပြခဲ့သောဇယား၌၊ ပပဉ္စ တရား(၃) ပါးတို့နိရောဓဖြစ်ပုံကို ဖေါ်ပြခဲ့လေသည်။

ဒုတိယဖေါ်ပြသောဇယား၌လည်း ၎င်းပပဉ္စတရား(၃)ပါး တို့သည်ပင် နိရောဓသာဖြစ်ပုံကို တွေ့ရပြန်လေသည် သို့သော် ဓမ္မစကြာ၌ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာတို့၏နိရောဓ ကိုသာဖေါ်ပြထား၏။

၎င်းတဏှာ(၃)ပါးကိုမဂ်ဉာဏ်(၄)ပါးနှင့်ဝေဖန်ကြည့်သော် သောတာပန် ပုဂ္ဂိုလ် သကဒါဂါမိ ပုဂ္ဂိုလ်တို့သည် ကာမတဏှာ ကိုမပယ်နိုင်ကြသေးဟု တွေ့မြင်ရပေသည် သို့ကြောင့် သော တာပန်ပုဂ္ဂိုလ် သကဒါဂါမိပုဂ္ဂိုလ်တို့သဏ္ဍာန်၌၊ ကာမတဏှာ နိရောဓ မဖြစ်နိုင်သေးကြောင်းကို တွေ့ရ၏။ သို့သော် ၎င်း အောက်မဂ်(၂)ပါးဖြင့် ဝိဘဝတဏှာ နိရောဓဖြစ်သည်ဟုယူဆ ပါလေ အထက်မဂ်(၂)ပါးတို့တွင် အနာဂါမိမဂ်ဖြင့် ကာမတ ဏှာ နိရောဓဖြစ်၏ အရဟတ္တမဂ်ဖြင့် ဘဝတဏှာ နိရောဓဖြစ် ၏။

ဤမျှသောစကားအစဉ်ဖြင့် နိရောဓသစ္စာနှင့် နိဗ္ဗာန်ကိုခွဲခြား နိုင်လောက်ပါပြီ သို့သော် မဂ်ဉာဏ်၏အာရုံဖြစ်သောအသင်္ခတ ဓာတ်၊နိဗ္ဗာန်တရားသည် ပရမတ္ထအားဖြင့် ထင်ရှားစွာ ရှိနေ

သောအဟုတ်ရှိတကယ်ရှိသောတရားဖြစ်၏၊ ထိုတရား၏သဘာဝ မှာ သုဉ်းဆိတ်နေသော သုညတရားသာဖြစ်၏ ထိုသုညတရား ကိုမဂ်ဉာဏ်ကအာရုံပြုသည်။

ထိုအသင်္ခတဓာတ် နိဗ္ဗာန်၌မည်သည့် သင်္ခါ တရားမျှဖြစ်နိုင် သောတရားမျိုးမဟုတ်ပေ၊သင်္ခါရတရားထို့မှ အခါခပ်သိမ်းသုဉ်း ဆိပ်နေသော တရားမျိုးသာဖြစ်လေသည် ထိုအသင်္ခတ တရား သည်ဖြစ်စရာ ဘာမျှမရှိသောကြောင့် ချုပ်ဆုံးကုန်ပျောက်စရာ လည်းဘာမှမရှိနိုင်ပေ ချုပ်ဆုံးကုန်ပျောက်စရာဘာမျှမရှိသော တရားကိုနိရောဓ-ဓမ္မဟု ညွှန်ပြ၍မဖြစ်နိုင်ချေ။ဖြစ်ပျက်မရှိသော အသင်္ခတဓာတ်ကို၊မြင်တတ်သော ဉာဏ်ကို မဂ်ဉာဏ်ဟု ဆိုလေ သည်။ မြင်ဒါကတခြား ချုပ်ဆုံးဒါကတခြား မြင်ဒါက အ သင်္ခတ နိဗ္ဗာန်ကိုမဂ်ဉာဏ်က မြင်လေသည်။

ချုပ်ဆုံး နိရောဓကား ခန္ဓာအစုတ္တကြွ၌ ဖြစ်ပေါ်တတ်သော သင်္ခါရဟူသမျှ ချုပ်ဆုံးကြလေသည် ထိုနိရောဓသစ္စာ၌ မဂ်ဉာဏ် မြင်ပုံကား။

၁။ နိဿရဏဋ္ဌော ဖြစ်ပျက် မရှိသောကြောင့် ဖြစ်ပျက် လောကမှထွက်မြောက်ရပြီ။

၂။ ဝိဝေကဋ္ဌော ခန္ဓာသံသရာ မရှိသောကြောင့် ခန္ဓာ သံသရာမှသုဉ်းဆိုပ်သွားပြီ တနည်းဆိပ်ငြိမ် သွားပြီ။

၃။ အမတဋ္ဌာ ခန္ဓာသံသရာမရှိသောကြောင့် ဘယ်ဘဝ ဘယ်ခန္ဓာမျှ သေစရာမရှိတော့ပြီ မသေရပြီ။

၄။ အသင်္ခတဋ္ဌာ ကံ စိတ် ဥတုအာဟာရ တည်းဟူသော အကြောင်းတရားတို့က ပြုလုပ်၍မရတော့ပြီ။ မဂ်ဉာဏ်၏အမြင် မှာ ဤသို့ပင်မြင်လေပြီ နိဗ္ဗာန်ရောက်ရောက်ချင်း ဘယ်ဆိုနည်း ဘယ် တရားတွေ ချုပ် ဆုံး လေ သနည်း။ ဤသို့ မေးသော်။

အဖြေမှာ- ဒုက္ခနှင့် သမုဒယ (၂)ပါးတို့သည်သာလျှင် နိဗ္ဗာန်ရောက်မဖြစ်၍ ချုပ်ဆုံးကုန်ပျောက်ကြလေသည်။

ဒုက္ခ သမုဒယတို့သည် သတ္တဝါတို့ဘာလွှာန်ဌ်သာ ဖြစ်ပေါ် ကြလေသည် အသင်္ခတဓာတ်နိဗ္ဗာန်တရား၌ဒုက္ခဖြစ်ပေါ်ခြင်း မ ရှိကြပေ။ ထိုကြောင့် ဒုက္ခသမုဒယ ဖြစ်ပေါ်ရာသတ္တဝါ သန္တာန် ၌သာ နိဗ္ဗာန်ကိုပြလေသည် ပြန်၍စဉ်းစားပါ။

သတ္တဝါသန္တာန်၌သာ ဥဒယဗ္ဗယ ဖြစ်မှုပျက်မှုရှိသည် ထို ဖြစ်မှုပျက်မှုနှင့် အဖန်ဖန်တွေကြုံ၍ ဆင်းရဲဒုက္ခဖြစ်ပေါ်ရသည်။ ထို့ကြောင့် ဒုက္ခသစ္စာလည်း မဂ်ဉာဏ်ဖြင့် ဤသို့ပင်ဖြစ်လေ သည်။

၁။ ပိလနဋ္ဌာ ဖြစ်ပျက်သင်္ခါရဒုက္ခဖြင့် အဖန်ဖန် အထပ် ညှင်းဆဲခြင်းဒုက္ခ။

၂။ သန္တာပဋ္ဌော ဖြစ်ပျက်သင်္ခါရတို့ဖြင့် အမြဲတမ်းဆင်းရဲဒုက္ခရောက်နေသူအား အဘယ်မှာ ချမ်းသာ သုခ ရှိပါနိုင်အံ့နည်း အမြဲတမ်းပူလောင်ရခြင်းဒုက္ခကို သန္တာပဋ္ဌဟု ဆိုသည်။

၃။ သင်္ခတဋ္ဌော အမြဲတမ်း ပူလောင်ရခြင်း ဒုက္ခ ရှိနေသူအား ချမ်းသာသုခကို ယနေ့ပင် ရအံ့နိုးနိုးနောက်တနေ့တွင်ရအံ့နိုးနိုး နောင်နှစ် နောင်ဘဝတွင် ရအံ့နိုးနိုး ဖြင့်မျှော်ကိုး ပြုပြင်နေရခြင်း တည်းဟူသော သင်္ခါရ ဒုက္ခတို့ဖြင့် ပြုပြင်အပ်သောကြောင့် သင်္ခတဒုက္ခတည်း။

၄။ ဝိပရိနာမဋ္ဌော သင်္ခါရဒုက္ခတို့ဖြင့် ဘယ်လိုပင်ပြုပြင်ကြသော်လည်း ဖောက်ပြန် ပျက်စီးရသောကြောင့် ဝိပရိနာမဋ္ဌဒုက္ခတည်း၊

## သာသနာတော်(၃)ရပ်

ပရိယတ္တိသာသနာ စာပေပိဋကတ်၌ပါရှိသော အဆုံးအမဩဝါဒကိုပင် သာသနာဟုဆိုရ၏ ပရိယတ္တိသည် သုတ်ဝိနည်း အဘိဓမ္မာဟူ၍ (၃)မျိုးရ၏ ထိုသုံးမျိုးကို(ပိဋကတ်)သုံးဘုံဟုဆိုရ၏။

ထိုပိဋကတ်သုံးဘုံ၌ အဆုံး့အမ့ဩဝါဒစကားပါရှိနေလေသည် အဆုံး့အမ့စကားဟူသည် ဤတရားကားဒုစရိုက်တရား

ဖြစ်၍ လူရှင်ရဟန်းတို့သည် မကျင့်ကောင်း၊ မကျင့်ထိုက်အကယ်၍၊ ကျင့်မှား ပြုမှားအံ့ ဤသို့သော မကောင်းကျိုးကို တွေ့ကြုံခံစားရ၏ဟု အာဒီနဝ အပြစ်ကိုပြ၍၊ ဆိုဆုံးမသော စကားကို သာသနာဟုဆိုလေသည်။

ဤတရားသည်ကား သုစရိုက် တရားတည်း။ ဤတရားကို ကျင့်ကြံပွားများအားထုတ်အပ်၏။ ဤတရားကို ကျင့်ကြံပွားများအားထုတ်သောသူတို့သည် ဤယခု လောကဥ္စရင်း။ တမလွန်လောကဥ္စရင်း။ ကောင်းကျိုး အနန္တ သုခချမ်းသာမင်္ဂလာ အပေါင်းနှင့် ပြည့်စုံရသည်ဟု သွန်သင်ပြသ ဆိုဆုံးမသော စကားကို သာသနာဟုဆိုလေသည် စာပေ-ပရိယတ်ပိဋကတ်ဖြင့် အဆုံးအမ သြဝါဒပေးတားသောကြောင့် ပရိယတ္တိသာသနာတော်ဟုဆိုရသည်။

ဘုရား ပရိနိဗ္ဗာန် ဝင်စံတော့မည်ဖြစ်၍ အရှင်အာနန္ဒာက လျှောက်ထားသည်မှာ (အရှင်ဘုရား)ပရိနိဗ္ဗာန် ပြုသွားလျှင် တပြည့်တော်တို့အား အဘယ်သူဆုံးမပါအံ့နည်းဟု။ လျှောက်ထား၏ ထိုအခါ မြတ်စွာဘုရားက ချစ်သား အာနန္ဒာ ယခုအခါ ငါဘုရားတပါးတည်းသာ ဆုံးမနေရ၏ ငါဘုရားပရိနိဗ္ဗာန် ပြုပြီးနောက် ငါဘုရား ဟောထားသော သုတ်, ဝိနည်း, အဘိဓမ္မာတို့သည် သင်တို့၏ ဆရာ ဖြစ်ပါလိမ့်မည်။ သင်ချစ်သားတို့အားဆိုဆုံးမပေလိမ့်မည်ဟု ဟောထားသော ဒေသနာကို ထောက်ဆ၍ ပရိယတ္တိသာသနာတော်သည် ဗုဒ္ဓအရာဌတည်ရှိ

မည်ဟု မှတ်ရာ၏၊ ဗုဒ္ဓတရားနှင့် ပါဠိဘာသာ ပရိယတ္တိသာသနာတော်ဟု ဆိုလျှင် ပါဠိဘာသာကို မတတ် မလိမ္မာသော သူများနှင့်လုံးဝမသက်ဆိုင်ဟု သူငါကစ၍ ထင်မှတ်နေကြသည် ပါဠိဘာသာကို တတ်သိလိမ္မာသော သူများသာ ဗုဒ္ဓ၏ပရိယတ္တိတရားကို နားလည်နိုင်သည်ဟု ယူဆထားကြသည် ထိုအယူအဆအတိုင်းပင် သာသနာ့အမှုထမ်း ရဟန်း သာမဏေ တို့သည် ဗုဒ္ဓတရားကို ရှေးဦးစွာ မရှာမှီးကြဘဲ နောင်အနာဂါတ်ကာလ၌၊ ဗုဒ္ဓတရားကို သိလိမ့်မည် (သို့မဟုတ် အသက်အရွယ်ကြီးရင့်သောအခါမှ တရားကို ရှာမည်ဟူသောအနေဖြင့် ဗုဒ္ဓ တရားကို ရှေးဦးစွာပရှာမှီးကြဘဲ နောက်ချန်ခါ ထားခဲ့ကြလေသည်၊

သူငါကစ အထင်မှားခဲ့ကြသည်မှာ ပါဠိ ဘာသာသည်ပင် ဗုဒ္ဓတရားစင်စစ် ဗုဒ္ဓတရားသည်ပင် ပါဠိဘာသာဟု ယူဆကြသဖြင့် ဗုဒ္ဓတရားကို သိမြင်ဘို့ထက်ပင် ပါဠိဘာသာကို နားလည်ဘို့က အရေးကြီးနေလေသည်။

သို့ကြောင့် ပါဠိဘာသာကိုအဓိကထား၍ သင်ကြားအားထုတ်နေရသဖြင့် စာချသော ဆရာတော်ကလဲ [illegible] စာသင်သားများမှာလဲ ဒုက္ခများခဲ့ကြလေသည်၊ ပါဠိဘာသာကို မသင်မကြားဘဲ ချန်လှပ်ထား၍လည်း မဖြစ်နိုင်ကြပေ။ ဗုဒ္ဓဟောတော်မူသော ပရိယတ္တိသာသနာတော်ကို ပါဠိဘာသာဖြင့်ရေးမှတ်ထားသောကြောင့် ပါဠိဘာသာကိုမသိဘဲနှင့် ဗုဒ္ဓတရားကိုမသိနိုင်ကြချေ။

ထို့ကြောင့်ရှေ့ပဝေဏီအခါကစ၍ ပါဠိဘာသာကိုအဓိကထား၍ ဗုဒ္ဓတရား မကွယ် မပျောက်ရအောင် စောင့်ရှောက်၍လာခဲ့ကြလေသည်သို့သော်ပါဠိဘာသာကိုတတ်သိလိမ္မာတိုင်း ဗုဒ္ဓတရားကိုသိပြီဟူ၍ကား မယူဆအပ်ပေ။ ပါဠိစကားပြောတတ်သောလူမျိုးတို့သည် ငယ်စဉ်အခါကစ၍ ပါဠိ ဘာသာစကားကိုပြောဆိုလာကြသည် ထိုလူမျိုးတိုင်းဗုဒ္ဓ တရားကို သိသည်ဟုမဆိုနိုင်ချေ။ သို့ကြောင့် ပါဠိဘာသာတတ်တိုင်း ဗုဒ္ဓတရားကိုမသိနိုင်ဟူသောအဖြေမှာ ရှင်းနေတော့သည် သို့သော်တရားကိုသိနားလည်သောလူတိုင်းသည် ပါဠိဘာသာကိုမတတ်ဟူသော အဖြေမှာလဲ ရှင်းရှင်းပင်ဖြစ်နေတော့၏။

ပါဠိဘာသာကို တတ်ရုံမျှဖြင့် ဗုဒ္ဓတရားကို မသိသေးဟုဆိုရခြင်းသည် ပါဠိပညာရှင်တို့အား ထိခိုက်သလိုဖြစ်ပါ၏၊အမှန်မုချအားဖြင့် ပရိယတ္တိ အသိမျိုးသာ ဖြစ်၏။ ပရိယတ္တိအသိကိုသညာသိနေရာတွင် မှတ်တမ်းတင်ထားရလေသည်။

ယခုခေတ်တွင် အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုထားသော ဗုဒ္ဓ၏တရားတော် ရှိနေသောကြောင့် အင်္ဂလိပ်စာတတ်သော လူမျိုးတိုင်း ဗုဒ္ဓ၏တရားတော်ကို လေ့လာနိုင်ကြသည်။ လေ့လာကြသောလူမျိုးတိုင်း ပရိယတ္တိအသိမျိုးဖြင့် ဗုဒ္ဓတရားကို ငါတို့သိသည်ဟုမှတ်ထင်ကြကုန်၏။ ထိုလူတို့အသိသည် ပရိယတ္တိနယ်ကသညာသိမျိုးထက်ပို၍ မသိနိုင်ကြချေ။

ထိုနည်းအတူ ယခုအခါ မြန်မာဘာသာဖြင့်ပြန်ဆိုထားသော

ပိဋကတ် ဘာသာပြန် စာအုပ်တွေ ရှိနေကြ၏။ ထိုစာအုပ်တို့မှ လေ့လာကြသော မြန်မာလူမျိုးတို့သည် ပါဠိဘာသာကိုမတတ်ကြသော်လည်း ဗုဒ္ဓတရားကို မိမိတို့မြန်မာဘာသာဖြင့် သိနိုင်ကြလေသည်။ ထိုလူတို့အသိမှာ ပါဠိဘာသာဖြင့်သိသူများမဟုတ်ပေ။ မြန်မာဘာသာရိုးရိုးနှင့်ဗုဒ္ဓတရားကို သညာသိ၊စာသိ-သိသူများဖြစ်လေသည်။ ပရိယတ္တိအသိမျှဖြင့် ဗုဒ္ဓ၏သာသနာ(၃)ရပ်ကို မသိနိုင်သေးသည်မှာ ထင်ရှားပါ၏။

သို့ကြောင့် ပါဠိမတတ်သော်လည်း ယခုခေတ်လူတွေ ပိဋကတ်ကိုတတ်နေကြလေသည်။ အချို့သော လူပုဂ္ဂိုလ်များမှာ ပါဠိဘာသာကို နားမလည်ကြသော်လည်း မြန်မာဘာသာဖြင့် ဗုဒ္ဓစာပေကို ရေးသားထုတ်ဝေနိုင်ကြလေသည်။

ပါဠိတတ်တိုင်း ပိဋကတ်ကို မတတ်သောသူများလည်း ရှိကြလေမည်သာတည်း။ မည်သို့ပင်ဖြစ်စေပရိယတ္တိသာသနာတွင် တန့်ရပ်၍နေသမျှကာလပတ်လုံး ပဋိယတ္တိသာသနာသို့ မရောက်နိုင်ကြသေးပေ၊

သုတ္တန်ဝိနည်း အဘိဓမ္မာဟု ဆိုအပ်သော ပရိယတ်ပိဋကတ် (၃) ဘုံတို့တွင်လည်း အဘိဓမ္မာ တရားက ရေပန်းစားနေပြန်လေသည်။ အဘိဓမ္မာဆိုလျှင် သူ-ငါကစ အထင်ကြီးခဲ့ကြလေသည်။ သုတ္တန်တရားဟူသမျှကို သူကာ-ငါကာ သာမည အညံ့စား တရားဟု အထင်မှားနေကြလေသည်။ ဘယ်နေရာ ဗုဒ္ဓယဉ်ကျေးမှုအမျို

မှာပင်ဖြစ်ဖြစ် သုတ္တန်တရားသမားကို အဘိဓမ္မာတရားသမားက မျှဝေါ်းရှုပစ်နိုင်လေသည်။

ဂေါတမဗုဒ္ဓတရားကိုလေ့လာကြသော ကမ္ဘာ့နိုင်ငံအသီးသီးမှ လူမျိုးအသီးသီးတို့ကလည်း သုတ္တန်တရားကိုအပေါ်စားအနေအားဖြင့် သာမညတရားဟု ထင်မြင် ယူဆထားကြလေသည်။ အဘိဓမ္မာတရားကိုသာ ဗုဒ္ဓဂေါတမ ဒေသနာတွင် အဆီအနှစ်ဟူသော သဘောဟု ယင်မှတ်ခါ လေ့လာနေကြသည်။

ထိုနည်းအတူ ဗုဒ္ဓဘာသာ မြန်မာလူမျိုးကိုကပင် အဘိဓမ္မာတရားကို အဆီအနှစ်ဖြစ်သော ဗုဒ္ဓတရားတော်ဟု အသားပေးအလေးတင် ထားသော တရားဖြစ်နေလေသည်။ ဗုဒ္ဓဘာသာမဟုတ်သော တိုင်းတပါးတို့က ဗုဒ္ဓဂေါတမဒေသနာတွင်အထွဋ်အထိပ်ဆုံးတရားဟု မှတ်ထင်ခြင်းကို အံ့ဩစရာမဟုတ်ပေ။

ယခုအခါ ခေတ်ပညာတတ် မြန်မာလူမျိုးတို့သည် ဗုဒ္ဓအဘိဓမ္မာနှင့် မာ့က်စ် အဘိဓမ္မာကို မြန်မာနိုင်ငံတော်အတွင်း၌ နှိုင်းယှဉ်၍ လေ့လာနေကြ၏။ ထိုပညာရှင် အချို့ချို့သောသူတို့အထင်အမြင်မှာ ဗုဒ္ဓဂေါတမ အဘိဓမ္မာထက်မာ့က်စ်အဘိဓမ္မာက ပိုမိုထိရောက်ပြီး လက်တွေ့ မျက်တွေ့ သိပ္ပံနည်း ကျသည်ဟု မြင်နေကြလေသည်။

အချို့သော နေရာတွင် ဗုဒ္ဓဂေါတမ အဘိဓမ္မာနှင့် မာ့က်စ်

အဘိဓမ္မာကို သီတူညီမျှပြုလုပ်၍ ဝေဖန်ရေးသားနေကြသည်၊ အကျွန်ုပ်တို့အမြင်မှာ ဗုဒ္ဓအဘိဓမ္မာကို မာ့က်စ်အဘိဓမ္မာက မျိုဝါး စားသောက်လိုက်ခြင်းသာဖြစ်သည်ဟု ထင်မြင်မိလေသည်။ သို့ကြောင့်လည်း ဗုဒ္ဓဘာသာမြန်မာနိုင်ငံတော်အတွင်း၌ မာ့က်စ်အဘိဓမ္မာသည် အသစ်စက်စက် ပွင့်ခါစပန်းပမာ ခေတ်ပညာတတ်တို့၏ လောကထဲ၌ စွင့်စွင့်ကားကား ပင်လုံးကျွတ်ပွင့်သော ပန်းတောကြီးကဲ့သို့ ထိုးထိုးမားမား ရပ်တည်နိုင်လာတော့သည်။

## ခေတ်စားနေသော ရုပ်ဝါဒ

ဗုဒ္ဓအဘိဓမ္မာနှင့် မာ့က်စ်အဘိဓမ္မာစာအုပ် နံပါတ် (၅၉)၌ တွေ့ရသောအချက်ကို ကောက်နှုတ်၍ မူအတိုင်းအနည်းငယ်ဖေါ်ပြပါသည်။

ယခုတဖန် အဘိဓမ္မာနှစ်ရပ်လုံးစာတွေ့သက်သက်ကိုငြင်းပယ်ပုံ လက်တွေ့နှင့် ကင်းသည်သဘောတရားကို ဦးစားမပေးပုံတို့ကို ရေးသားပြလိုပါသည်။

အခြားသော အဘိဓမ္မာများနှင့် သိပ္ပံနည်းကျ ရုပ်ဝါဒ၏ အကြီးဆုံးသော ထူးခြားချက်မှာ သိပ္ပံနည်းကျရုပ်ဝါဒက တခုတည်းသော **လက်တွေ့စမ်းသပ်မှု** ကိုသာလျှင် သစ္စာ-သို့မဟုတ် အမှန်တရား၏ မှတ်ကျောက်ဟု ထင်မှတ်ယူဆခြင်းဖြစ်ခဲ့သည်။

ဗုဒ္ဓဝါဒအစစ်အမှန်ကသည်း တစုံတခုသောသစ္စာ သို့မဟုတ် အမှန်တရားကို အခြေမခိုင်သည့် ယုံကြည်စွဲလမ်းမှု အောက်ခြေ ပေါ်၌တည်စိုက်၍မထားလိုပေ။စူးစမ်းဆင်ခြင်မှု၊ လက်တွေ့မှတ် ကျောက်ပေါ်၌သာလျှင် သစ္စာ ဟုတ်မဟုတ်ကို တင်ကြည့်ရန် လိုလားလေသည်။

မာ့က်စ်ဝါဒသည် မည်သည့်အသိဉာဏ် မည်သည့်ဝါဒမည် သည့်သဘောတရားကိုမျှ လက်တွေ့ စမ်းသပ်မှု မှတ် ကျောက် တင်ကြည့်ပြီး အဖြေမပေါ်သေးသမျှ ကာလပတ်လုံး သစ္စာ သို့မဟုတ် အမှန်ဟု မယူဆသေးပေ။ (ဤသို့တွေ့ရ၏)

ကျွန်ုပ်တို့ ဗုဒ္ဓဝါဒီများ အလိုဆန္ဒအားဖြင့် လက်တွေ့ စမ်း သပ်မှုကို လက်မခံဘဲမနေနိုင်ပါ။ လက်တွေ့စမ်းသပ်မှုကို လက်ခံ ရမည်သာတည်း။ သို့သော်မာ့က်စ်အဘိဓမ္မာသည် သိပ္ပံနည်း ကြသော ရုပ်ဝါဒတခုကိုသာ အမှန်ဆုံးသစ္စာတရားဟုဆုံးဖြတ် ထားလေသည်။ ဤမျှသောစကားဖြင့် ဗုဒ္ဓအဘိဓမ္မာကို တခါ တည်းသိမ်းကျုံး၍ မာ့က်စ်အဘိဓမ္မာကမျိုဝါး စားသောက် လိုက်လေပြီဟု ယူဆကြ၏

ဂေါတမ ဗုဒ္ဓသည်အပြောသက်သက်ကိုလက်ခံတော်မမူချေ။ အလုပ်သမား လက်တွေ့သမားသာဖြစ်၏။ ထို့ကြောင့် ဂေါတ မ ဗုဒ္ဓသည် အလုပ်ကို မည်သို့ပြုလုပ်ရမည်ဟု စည်းကမ်း ဥပဒေ အားဖြင့် ရှေ့ဦးစွာညွှန်ပြထားခဲ့လေသည်။ ထိုစည်းကမ်းဥပဒေ

ကိုပရိယတ္တိသာသနာဟု ပဌမအရေးကြီးဆုံးသောအနေအားဖြင့် သတ်မှတ်ထားခဲ့လေသည်။

ပရိယတ္တိသာသနာသည် အပြောသမား သက်သက် ဖြစ်နေလေတော့သည်။ ဒုတိယအရေးကြီးဆုံးသော သာသနာသည် တရားလက်တွေ့ စမ်းသပ်မှုကိုပြုလုပ်ရန် ထားခဲ့သော ပဋိပတ္တိသာသနာတော်ပင်ဖြစ်၏။ ဤပဋိပတ္တိ ကိုယ်ကျင့်တရားကို မဇ္ဈိမပဋိပဒါလမ်းစဉ်အတိုင်းကျင့်သည်ရှိသော် (၃၇)ပါးသောဗောဓိပက္ခိယတရားပြည့် စုံ၍အမြေမှန်သစ္စာ လေးပါးတရားကိုလက်တွေ့မျက်တွေ့ရနိုင်သည်ဟု ဗုဒ္ဓဂေါတမက ရဲရဲတောက် တာဝန်ယူ၍ ကမ္ဘာကိုကြွေငြာခဲ့လေသည်။ မောက်စ်လက်တွေ့ စမ်းသပ်ဘူးပြီလော။

ပဋိပတ္တိသာသနာကို လက်တွေ့ကျင့်သုံးခြင်းကိုပင် အလုပ်လုပ်သည်ဟုမှတ်ပါ၊ လက်တွေ့ ကျင့်သုံးသော အခါ တတိယအမြေမှန်ဖြစ်သော ပဋိဝေဓသာသနာသို့ဆိုက်ရောက်ရမည်ဟု ရဲတင်းစွာတာဝန်ခံ၍ ဟောခဲ့လေပြီ။

သို့ကြောင့် ဂေါတမဗုဒ္ဓသည် အပြောသမားမဟုတ် လက်တွေ့အလုပ်သမား ဖြစ်ကြောင်းကိုမည်သူမျှ ငြင်းပယ်နိုင်လိမ့်မည်မဟုတ်ချေ။

ဗုဒ္ဓသာသနာသုံးရပ်—........ပရိယတ္တိသာသနာစာပေ ကျမ်းဂန်ကိုဆိုသည်။

> ပဋိပတ္တိ သာသနာ လက်တွေ့
> အကျင့်ကိုဆိုသည်။
> ပဋိဝေဒသာသနာ သစ္စာလေး
> ပါးကိုသိဟုဆိုသည်။

ဤသာသနာ သုံးရပ်ပြည့်စုံသောသူသည် လောကမှ ထွက်မြောက်ရမည်။ လောကမှထွက်မြောက်ခြင်းဟူသည် အငတ်ဘဝမှ လွတ်မြောက်ခြင်းကိုဆိုလိုသည်။ ဆာလောင် မွတ်သိပ်နေသူများသည် အမြဲတမ်းတောင်းပါရ၏။ အမြဲတမ်း ငတ်နေသော အငတ်ဘဝမှ လွတ်မြောက်သူများ ဖြစ်ရလေသည်။

ဂေါတမ ဗုဒ္ဓဘုရားလောင်းကို လက်တွေ့မကျင့်နိုင် သေးသော်လည်း မှတ်စေသည် သူ၏အဘိဓမ္မာရုပ်ဝါဒကိုကား လက်တွေ့စမ်းသပ်ယားသူဖြစ်၏။ ထို့ကြောင့်လည်းသိပ္ပံနည်း ကျသော ရုပ်ဝါဒအမြင်မှန်တရားကိုလက်ကိုင်ရထားလေသည်ဟု ယုံကြည်ပါ၏။ သူ့အမြင်နှင့် သူ၏အမှန်တရားကို သူ၏အဘိဓမ္မာလမ်းစဉ်၌သာ တသီးတခြားစုပေါင်း၍ ထားစေလိုပါသည်။ ဗုဒ္ဓဂေါတမ အဘိဓမ္မာနှင့်ရောနှော၍ ပေါင်းလိုက်ခလိုက်ပြုလုပ်သောအားဖြင့်အဘိဓမ္မာက ပြားသာဖြစ်ဘွယ်ရှိသည်။ အမှန်တရားဟုယူဆရန် ခက်ခဲနေလိမ့်မည်။

ဗုဒ္ဓအဘိဓမ္မာသည် ရုပ်ဝါဒ-နာမ်ဝါဒဟူ၍ မဆိုရ ပရမတ္ထ အနတ္တဝါဒသာဖြစ်သည်။ မှတ်စက် အဘိဓမ္မာသည် လောဘ၊

ဒေါသ၊ မောဟ၊ မာနတရားတို့၏ ကုန်ရာ ကင်းရာ ချုပ်ငြိမ်းရာ သို့ပို့ဆောင်နိုင်သောတရားမျိုးလည်း လုံးဝမဟုတ်ပေ။ အကယ်၍ပို့နိုင်သည်ဟုဆိုငြားအံ့၊ ကျွန်ုပ်တို့သည် လက်တွေ့မျက်တွေ့အားဖြင့် ဗုဒ္ဓဂေါတမတရားနှင့်တူသည်ဟု ဝန်ခံရပေလိမ့်မည်။ ရုပ်ဝါဒသည် လောက၌ ဒုက္ခကို ပွားစေသောတရားဖြစ်၍ ဂေါတမနှင့်မတူချေ။

ဗုဒ္ဓဂေါတမတရားကို ပရိယတ္တိနယ်က ပရိယတ္တိ သာသနာ အဘိဓမ္မာစာအုပ်ကိုကြည့်ပြီး ဝေဖန်သုံးသပ်နေရုံမျှဖြင့် ကမ္ဘာ့ရော မြန်မာ့ရော အပြောသာမားသက်သက်ဖြစ်သူများက လက်တွေ့မစမ်းသပ်သည်ဟု ပြောဆိုနေကြခြင်းဖြစ်သည်။ အပြောဟင်မှာ၊ အကြွားကပိုနေသည် ဟု ယူဆသင့်လေသည်။

ဂေါတမဗုဒ္ဓလမ်းညွှန်ကြားခဲ့သော ပရိယတ္တိ သာသနာတွင် တန့်ရပ်မနေကြဘဲ ပဋိပတ္တိသာသနာကို လက်တွေ့စမ်းသပ်ဘူးကြပြီလော။

တိုင်းတပါးက လူများတို့သည် ပဋိပတ္တိတရားကို လက်တွေ့စမ်းသပ်ဘူးသူများဟု ငါတို့ယုံကြည်ရပေတော့မည်လော။

ဗုဒ္ဓဘာသာ မဖြစ်သေးသော တိုင်းတပါးက အဘိဓမ္မာပညာရှင်တို့သည် ဗုဒ္ဓဂေါတမ ပဋိပတ္တိသာသနာ၌ လက်တွေ့ စမ်းသပ်

မှုမရှိဘဲနှင့်လက်တွေ့ဟု ပြောဆိုနေခြင်းသည် မှန်ကန် သောစကားမဖြစ်နိုင်ချေ။

ဗုဒ္ဓဂေါတမတရားသည်ကား ကာမဆာလောင်ခြင်း ဘဝဆာလောင်ခြင်း တန်ခိုးပါဝါအာဏာဆာလောင် ခြင်းတည်းဟူသော အငတ်ဘဝမှ လွတ်မြောက်နိုင်သော တရား ဖြစ်လေသည်။ တိုင်းတပါးကလတွေ့ပဋိပတ္တိသာသနာ နှင့်ပဋိဝေဓသာသနာကို အိမ်မက်မျှမက်ဘူးပါ၏လောဟုသံသယဖြစ်မိပါသည်။

ဗုဒ္ဓဘာသာ မြန်မာနိုင်ငံတော်၌ပင် ပရိယတ္တိသာသနာတခုတည်းဖြင့် သာသနာကိုစွပ်ပြီးဆုံးအောင်မြင်သကဲ့သို့ ထင်မှတ် နေကြလေသေးသည်။ ပရိယတ္တိတွင်လည်း တာဝတိံသာ၌ဟောကြားတော်မူခဲ့သောအဘိဓမ္မာ (၇)ကျမ်းကိုသာ အဓိက ပဓာနအားဖြင့် တရားစစ်တရားမှန်ဟု ထင်မြင်ယူဆ နေကြလေသည်။ သုတ္တန်တရားဆိုလျှင် သဝမည အညံ့စားဟု အထင်မှားနေကြလေသည်။

ဘုရားအဖြစ်သို့ရောက်သည်ကစ၍ ဂေါတမဗုဒ္ဓသည်(၆)ဝါရသည်တိုင်အောင် သုတ္တန်တရားနှင့် ရုပ်နာမ်(၂)ပါးကို မူတည်၍သတ္တဝါဝေနေယျတို့အားဟောချတ်တော်မူခဲ့ သည်ကို သတိမထားဘဲမေ့လျော့နေသူများက စာရသဘောနှင့် ပြောနေကြလေသည်။ ထိုအဘိဓမ္မာဆရာတို့သည် သုတ္တာန် တရားကိုလည်း သတိမူသင့်လေသည်။

ဗုဒ္ဓ အဘိဓမ္မာသည် လူ့ရွာတွင်ပဌမစတင်၍ ပေါ်ပေါက်ခဲ့သောတရားမဟုတ်သည်ကို ထောက်ဆကြည့်လျှင်ပဋိပတ္တိ လက်တွေ့အလုပ်စခန်း၌ သုတ္တန်တရား လောက်လိုရင်းမကျ၍ဟု ထင်မှတ်စရာရှိပေသည်။

ဂေါတမဗုဒ္ဓသည် သုတ္တန်တရားဖြင့် ရုပ်နာမ်(၂)ပါးအနတ္တကိုသာ ခါရ ပရမတ်၊ သစ္စာတပရမတ်၊ ဤနှစ်ချက်တို့ကို ဝေဖန်၍ သုတ္တန်တရားဖြင့်လူသတ္တဝါတို့အား(၆)ဝါတိုင်တိုင် ဟောကြားတော်မူခဲ့လေသည်။ ထိုမျှကာလအတွင်း၌ အဘိဓမ္မာ ဒေသနာမပါသော်လည်း ရဟန္တာပုဂ္ဂိုလ်တွေ အများအပြား သုတ္တန်တရားနှင့်ကျွတ်လွတ်နေကြပြီမဟုတ်ပါလော၊ ထိုရဟန္တာပုဂ္ဂိုလ်တို့သည် ပဋိပတ္တိသာသနာတော်ကို လက်တွေ့စမ်းသပ်မှုကြောင့် ပဋိဝေဒသာသနာတည်းဟူသော မှတ်ကျောက်တွင် အတင် ခံနိုင်သော အစစ်အမှန်သစ္စာတရားကိုလက်ကိုင်ရထားသော ရဟန္တာပုဂ္ဂိုလ်များသာဖြစ်ပါချေ၏တကား။

သုတ္တန်တရားက နိဗ္ဗာန်ပို့ပါ၏

ကတမာစာ ဝုသော သမာဓိ ဘာဝနာ
ဘာဝိတာဗဟုလီ ကတာ အာသဝါနံ ခယာယ
သံဝတ္တတိ။ဣဓါဝုသော ပဉ္စသုဥပါဒါ နက္ခန္ဓေသု
ဥဒယဗ္ဗ ယာ နုပဿီ ဝိဟာရတိ ဣတိရူပံ ဣတိ
ရူပဿ သမုဒယော ဣတိ ရူပဿ အတ္ထင်္ဂမော

ဣတိဝေဒနာ ဣတိသညာ။ ပ။ ဣတိဝိညာဏံ ဣတိဝိညာဏဿ သမုဒယော ဣတိ ဝိညာဏဿ အတ္ထင်္ဂမော အယမာဝုသော သမာဓိဘာဝနာ ဘာဝိတာ ဗဟုလီကတာ အာသဝါနံခယာယ သံဝတ္တတိ။

## သုတ်ပါထေယျပါဠိတော်၌လာသည်

ရဟန်းတပါးက ရဟန်းတပါးကို မေးရာ ရဟန်းတပါးက ဖြေပုံမှာ-

မေး။ ။ဘယ်လိုလဲငါ့ရှင်၊ သမာဓိဘာဝနာကို ပွားများအားထုတ်သည်ရှိသော် အကြိမ်များစွာ ပွားများ အားထုတ်သည်ရှိသော် အာသဝေါတရားတို့၏ ကုန်ခြင်းငှါဖြစ်တယ်ဆိုဒါ။

ဖြေဆိုသောရဟန်းက—ဤလောက၌ ငါ့ရှင်၊ ငါးပါးသော ဥပါဒါနက္ခန္ဓာတို့၌ ဖြစ်ခြင်း ပျက်ခြင်းကို အဖန်တလဲလဲ ရှု၍နေဒါဘဲ။

ဤကား ရုပ်ဘဲ၊ဤကား ရုပ်၏ဖြစ်ခြင်းအကြောင်းတရားဘဲ၊ ဤကား ရုပ်၏ချုပ်ဆုံးခြင်းဘဲ။ ဤကားဝေဒနာဘဲ၊ ဤကား ဝေဒနာ၏ ဖြစ်ခြင်း အကြောင်း တရားဘဲ၊ ဤကား ဝေဒနာ၏ ချုပ်ဆုံးခြင်းဘဲ၊ ဤကား သညာဘဲ၊ ဤကား သညာ၏ဖြစ်

ခြင်းအကြောင်းတရားဘဲ၊ ဤကား သညာ၏ ချုပ်ဆုံးခြင်းဘဲ၊ ဤကား သင်္ခါရဘဲ၊ ဤကား သင်္ခါရ၏ ဖြစ်ခြင်းအကြောင်း တရားဘဲ၊ ဤကား သင်္ခါရ၏ ချုပ်ဆုံးခြင်းဘဲ၊ ဤကားဝိညာဉ် ဘဲ၊ ဤကားဝိညာဉ်၏ ဖြစ်ခြင်းအကြောင်းတရားဘဲ၊ ဤကား ဝိညာဉ်၏ ချုပ်ဆုံးခြင်းဘဲ။ ဤနည်းအတိုင်းပင် ဥပါဒါနက္ခန္ဓာ ငါးပါးတို့၌ ဖြစ်ခြင်း၊ ပျက်ခြင်းကို အဖန်တလဲလဲ ရှုနေခြင်း သည် သမာဓိဘာဝနာကို ပွားဒါဘဲ၊ အကြိမ်များစွာ ပွားဒါ ဘဲ၊ သမာဓိဘာဝနာကို ပွားသည်ရှိသော် ကာမာသဝ- ဘဝါ သဝ-ဒိဋ္ဌာသဝ-အဝိဇ္ဇာသဝတို့၏ ကုန်ခြင်းဖြစ်ထာပါဘဲဟု မြွေ ဆိုလေသည်။

ဗုဒ္ဓအဘိဓမ္မာကို လေ့လာနေကြသော သံတောသိများ စဉ်း စားဝေဖန်နိုင်ရန် ဖေါ်ပြပါသည်။ အဘိဓမ္မာ(၇)ကျမ်း၌ဟော တော်မူသော ဒေသနာသည်(၃၁)ဘုံကိုခြုံ၍ ဟောထားသဖြင့် အလွန်ကျယ်ဝန်း ခက်ခဲသော တရားလည်းဖြစ်၏။ထိုသို့ပင်ကျယ် ဝန်း ခက်ခဲသော တရားဖြစ်သော်လည်း သမုတိသစ္စာဝေါဟာရ ဒေသနာဖြစ်၍ ပရမတ္ထစင်စစ်သို့ မထိရောက်နိုင်ဘဲ သင်္ခါရရုပ်၊ သင်္ခါရနာမ် တည်းဟူသော ပညတ်အာရုံတွင်သောင်တင်၍ နေ ရသော တရားလည်း ဖြစ်၏။

အဘိဓမ္မာကို လေ့လာ သင်ကြားနေကြသော သူများမှာ ဝိပဿနာ တရားကိုလက်တွေ့မလုပ်နိုင်သေးသမျှ ကာလပတ်လုံး ပရိယတ္တိအသိထက်ပို၍ မသိနိုင်ကြချေ။ ထုတ်ဆောင် ပြခဲ့

သော သုတ္တန်ဒေသနာကား ပဋိပတ္တိအလုပ်ကို လက်တွေ့ လုပ်ရန် ညွှန်ပြသော ဒေသနာဖြစ်လေသည်။ သုတ္တန် ဒေသနာ မြောက်မြားစွာ ရှိပါ၏။ ထိုသုတ္တန်တရားတို့၌ ပဋိပတ္တိ အလုပ်ကို လက်တွေ့ စမ်းသပ်နိုင်အောင် ဖေါ်ပြထားလေသည်။ ဖေါ်ပြထားသော တရားတို့မှာလည်း စာရှိသည့်အတိုင်း ငါသိ သိနိုင်သော တရားများသာ ဖြစ်လေသည်။ အဘိဓမ္မာကဲ့သို့စာရှိသည့်အတိုင်း ငါမသိနိုင်သော တရားမျိုးကား မဟုတ်ပေ။ သုတ္တန်နည်းအရ ဝိပဿနာတရားကို လက်တွေ့စမ်းသပ်တော်မူကြသော အရိယာပုဂ္ဂိုလ်ကြီးတွေ ရုပ်နာမ်သဘာဝ အနတ္တကို ကျကျနန သိမြင်ကြသဖြင့် လောဘ-ဒေါသ-မောဟ-မာန တည်းဟူသော နာမ်တရား ကိလေသာတို့သည် ချုပ်ငြိမ်း ကုန်ပျောက်ကြလေသည်။ ရဟန္တာတို့၏ သန္တာန်၌ ရုပ်သင်္ခါရအစုအပုံကား ထင်ရှားစွာ ကြွင်းကျန် နေကြသေး၏။ ကြွင်းကျန်နေသော ရုပ်ခန္ဓာနှင့် ကုန်ဆုံး လေပြီးသော ကိလေသာအညစ် အကြေးတို့သည် အိုးစားခွဲ၍ သွားကြ လေပြီ၊ အမှားမြင်တတ်သော နာမ်တရားတွေချုပ်ဆုံး၍ အမှန်သိမြင်သော တရားတို့သည် သူ့၏ခန္ဓာ၌ စိုးမိုးအုပ်ချုပ်ထားလေပြီ။

ဘာကြောင့် သမာဓိဘာဝနာကို မှားများရသနည်း။

အမှန်တရားကို မသိသေးသော ပုထုဇဉ် လူသား တို့သည် ရုပ်နာမ်တရား (၂) ပါး၌ သူငါကာစ မှားနေ ကြလေ သည်။ မှားပုံမှားနည်းမှာလည်း ရုပ်ကိုပင်ခိုင်မြဲသော ငါကောင်းဟူ၍၎င်း။ နာမ်တရားကိုပင်ခိုင်မြဲသော ငါကောင်ဟူ၍၎င်း။ ဘာဝ

သံသရာ၌ကျင်လည် ဖြစ်ပျက် နေသော ငါကောင် အတ္တတခု အမှန်ရှိသည်ဟုစွဲယူထားသော အယူအဆတို့ကြောင့် မှားနေရခြင်းဖြစ်လေသည်။

## မှားပုံမှားနည်းကား

ယံခေါ ဣဒံ ဝုစ္စတိ စက္ခုံ ဣတိပိ သောတံ ဣတိပိ ဃာနံ ဣတိပိ ဇိဝှါ ဣတိပိ ကာယော ဣတိပိ အယံ အတ္တာ အနိစ္စော အဓုဝေါ အသဿတော ဝိပရိဏာမဓမ္မော ယဉ္စခေါ ဣဒံ ဝုစ္စတိ စိတ္တန္တိဝါ ဝိညာဏန္တိဝါ မနောတိဝါ အယံအတ္တာ နိစ္စော ဓုဝေါ သဿတော အဝိပရိဏာမဓမ္မော။ ဟူ၍ သုတ်သီလက္ခန္ဓပါဠိတော်၌ လာသည်။

မြန်မာ။ ။ယံခေါ ဣဒံ အကြင်သဘောတရားကို စက္ခုံ ဣတိပိ မျက်စိဟူ၍၎င်း။ သောတံ ဣတိပိ နားဟူ၍၎င်း။ ဃာနံ ဣတိပိ နှာခေါင်း ဟူ၍ ၎င်း၊ ဇိဝှါ ဣတိပိ လျှာ ဟူ၍ ၎င်း။ ကာယော ဣတိပိ ကိုယ်ကာယ ဟူ၍ ၎င်း၊ ဝုစ္စတိ ဆိုအပ်၏။ အယံအတ္တာ ရုပ်ဟူသောဤကိုယ်သည်၊ အနိစ္စော မမြဲ၊ အဓုဝေါ မခိုင်မာ၊ အသဿတော မတည်တံ့၊ ဝိပရိဏာမဓမ္မော ဖောက်ပြန်ပျက်စီး၏။ ယဉ္စခေါ ဣဒံ အကြင်သဘောတရားကို၊ စိတ္တန္တိဝါ စိတ်ဟူ၍၎င်း။ မနောတိဝါ မနောဟူ၍၎င်း။ ဝိညာဏန္တိဝါ

ဝိညာဉ်ဟူ၍၎င်း။ ဝုစ္စတိ ဆိုအပ်၏၊ အယံအတ္တာ ဤဝိညာဉ် ဟူသော အသက်သည်ကား၊ နိစ္စော မြဲ၏။ ဓုဝေါ ခိုင်မာ၏။ သဿတော ဘဝနှစ်ခု အကြားမှာ အခါခပ်သိမ်းတည်၏။ အဝိပရိဏာမဓမ္မော ဘဝနှစ်ခုအကြားမှာသွားလာနေနိုင်သည်အတွက် ပျက်စီးဖေါက်ပြန်ခြင်းမရှိ၊

ကမ္ဘာ့လူသားတို့သည် ဤသို့မှားနေကြလေသည် ဟူသော ရုပ်ဝါဒ အယူ၊ နာမ်ဝါဒအယူတို့ကို ထုတ်ဆောင်၍ ပြခဲ့လေသည်။ ယခုလက်ရှိ ဗုဒ္ဓဘာသာ မြန်မာနိုင်ငံတော်က လူသားတွေ ဤမိစ္ဆာအယူမှ လွှတ်မြောက်ကြပြီလော။

ပါဠိအဓိပ္ပါယ်အကျဉ်းမှာ စက္ခု-သောတ-ဃာန-ဇိဝှါ-ကာယ ဟူသော ဤကိုယ်ကာယသည် မမြဲသော ရုပ်ကာယသာဖြစ်သည်။ ဤကား ရုပ်ဝါဒတည်း။

စိတ်ဟူ၍၎င်း၊ မနောဟူ၍၎င်း ဝိညာဉ်ဟူ၍၎င်း ခေါ်ဆိုအပ်၏။ ဤစိတ်-မနော-ဝိညာဉ် အသက်သည်သာလျှင် မပျက်မစီးဘဲ ခိုင်မြဲ၏။ ဤဘဝ-ဟိုဘဝ ဘဝ(၂)ခုတို့၏ အကြား၌ အခါခပ်သိမ်း တည်နေနိုင်၏။ ဤဘဝမှ စုတေ သွားလျှင် ဟိုဘဝသို့ မရောက်မီ ကြားကာလအတွင်း၌ ဟိုဟို ဒီဒီ သွားလာနေနိုင်သော အသက်ဝိညာဉ်လောက တခုရှိသည်ဟု မှတ်တင်စွဲယူကြသော အယူသည် သဿတဒိဋ္ဌိအယူဖြစ်၏။

ထိုအသက်ဝိညာဉ်ကိုပင် ငါကောင်အတ္တဟု လောကလူသား

ဘို့သည် အတ္တဝါဒုပါဒါန်ဖြင့် စွဲယူထားကြလေသည်။ နာမ်ဝါဒ အယူအဆပေတည်း။

ဗုဒ္ဓမြတ်စွာ ဒေသနာ၌ ရုပ်တရားကိုလည်း အခိုင်အမာဟူ၍ မဆိုရသဖြင့် ရုပ်ဝါဒကိုလည်း ဆန့်ကျင်လေသည်။ နာမ်ဝါဒ ကိုလည်း အခိုင်အမာဟူ၍ မဆိုရသဖြင့် တဒင်္ဂတခဏ မျှသာ ဖြစ်ပေါ်ကြသော သင်္ခါရတရားအစုဟူ၍သာ မြင်လေသည်။ သို့ဖြစ်သောကြောင့် နာမ်ဝါဒကိုလည်း ဆန့်ကျင်လေသည်။

ဘာမှ မဖြစ်တော့ဘူး ဟူသော ဥစ္ဆေဒဒိဋ္ဌိကိုလည်း ပယ်လေသည်၊

ဗုဒ္ဓတရားတော်ကို ပရိယတ္တိ တခုတည်းနှင့် ယသာဘူတကျ အောင်မသိနိုင်ပါ၊ သိလိုလျှင်ပဋိပတ္တိသာသနာကို ကျင့်ကြံအားထုတ်ပါ။ မိမိကိုယ်တိုင်အားထုတ်သောအခါ၊ ရုပ်ဝါဒ၊ နာမ်ဝါဒ အဘိဓမ္မာအယူအဆတို့မှာ သာမည၊ အသိမျိုး သမုတိသစ္စာ နယ်က၊ လောကလူတို့ အသိအမှတ်ပြုရသော သင်္ခါရ ဝတ္ထု ရုပ်နာမ်မျှသာဖြစ်သည်။ ပရမတ္ထအားဖြင့် သော်ကား ပြစရာ မရှိသော သဘာဝကို ဓာတ်ဟူ၍ခေါ်ဆိုရလေသည်၊ ထိုဓာတ် သဘာဝသည်လည်း။ သင်္ခတဓာတ် ဟူ၍၎င်း၊ အသင်္ခတဓာတ် ဟူ၍၎င်း၊ (၂) မျိုးသာရှိလေသည်။ ထိုဓာတ် (၂) မျိုးမှ တခြားဘာမှမရှိဟု ဉာဏ်အမြင် မိလာသောသူသည်....

ရုပ်ဝါဒသာ၊ ပရမတ္ထ [illegible]င်စစ် ဟူသော၊

ရုပ်ဝါဒီ အာဘိဓမ္မာ ကိုလည်း လက်ခံလိမ့်မည်
မဟုတ်ချေ။

နာမ်တရားသည် သာလျှင် ပဓာနဖြစ်သည်
ဟူသော နာမ်ဝါဒီ အာဘိဓမ္မာကိုလည်း အခိုင်
အမာ လက်ခံလိမ့်မည်မဟုတ်ချေ။

ဗုဒ္ဓအမြင်မှာ–မြင်မြင်သမျှသင်္ခါရ၊ ကြားကြားသမျှသင်္ခါရ၊ ဖြစ်ဖြစ်သမျှတို့ကို သင်္ခါရဟူ၍သာမြင်လေသည်။ သင်္ခါရဟူသည်မှာ ပရမတ္ထအားဖြင့် အရှိတရား မဟုတ်ပေ၊ ဖြစ်ပေါ်လာသော အကျိုးတရားမျှသာဖြစ်သည်။ ရုပ်ဖြစ်ဖြစ်၊ နာမ်ဖြစ်ဖြစ် ဖြစ်သမျှတရားတို့ကို သင်္ခါရဟူ၍သာ မြင်လေသည်။

သို့ကြောင့်....အနိစ္စာဝတ သင်္ခါရာ ဥပ္ပါဒါဝယ ဓမ္မိနော ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ။ ။အဓိပ္ပါယ်မှာ စင်စစ်အားဖြင့် သင်္ခါရ ရုပ်နာမ်တို့သည် အရှိတရား အမြဲတရားမဟုတ်ပါ၊ ဖြစ်ပေါ်တတ်သောတရားဟုဆိုထားသည်ဖြစ်ပြီး၍ ချုပ်ဆုံး ကုန်ပျောက်နေသော သင်္ခါရကို၊ ရုပ်တရားသာခိုင်မြဲသည်၊ နာမ်တရားသာ ခိုင်မြဲသည်ဟု ဘယ်တရားကို အခိုင်အမာ ယူဆ ကြမည်နည်း။

ယောဂီတို့ မသိရသေးသောတရားတခုကား ကြွင်းကျန်နေသေးသည်မဟုတ်ပါလော။

ကမ္ဘာဦးအစ၌၊ မည်သည့် သစ်ပင်နွယ်မြက်ဟူ၍ ပြစရာ

မရှိသေးသောနေရာက၊ သစ်ပင်နွယ်မြက် စတင် ဖြစ်ပေါ်လာ ရသည်- သစ်ပင် နွယ်မြက်တို့သာ မဟုတ်သေး၊ ကမ္ဘာ့မြေပြင် ဟူ၍ပင် ပြစရာမရှိသေးသော ကမ္ဘာအစ၌။ သစ်ပင် နွယ်မြက် နှင့်တကွ၊ တောတောင်ရေမြေတို့ စတင် ပေါ်ပေါက် လာခဲ့ သည်။ ကမ္ဘာအစ၌ စတင်၍ ပေါ်ပေါက်လာသော ထိုသစ် ပင် နွယ်မြက်တို့၏ ဗီဇမျိုးစေ့ကို ရှာကြည့်စေလိုသည်။

ကမ္ဘာမြေကြီး၏ ဗီဇ မျိုးစေ့ကိုလည်း ရှာကြည့် စေလို သည်။

ခရစ်တော်သည်၊ ကမ္ဘာအစက ကမ္ဘာ ဖြစ်ပေါ်လာပုံနှင့် တောတောင်ရေမြေ သစ်ပင် နွယ်မြက်နှင့်တကွသောလူသတ္တဝါ တို့၏ ဗီဇမျိုးစေ့ကိုရှာကြည့်ခဲ့ဟန် လက္ခဏာရှိပေသည်။ ထိုသို့ ရှာကြည့်ခဲ့စဉ်က သူ၏ဉာဏ်အမြင်မှာ လေဟာပြင်ကြီးတခုသာ ထင်မြင်လာပုံရလေသည်၊ သို့သော်ရေပေါ်နေသည်ဟု တွေ့ဘူး သည်။

သူထင်မြင်ယူဆခဲ့သော လေဟာပြင်ကြီး၌ တစုံတခုသော သစ်ပင် နွယ်မြက်နှင့်တကွ၊ တောတောင်ရေမြေတို့ သည်ရင်း၊ လူသတ္တဝါတို့သည်ရင်း၊ ဖြစ်ပေါ်လာရာ ဗီဇမျိုးစေ့ လုံးဝမရှိ ဟု ထင်မြင်ယူဆခဲ့ပုံရလေသည်။

သို့သော် သူထင်မြင် ယူဆသည့်အတိုင်း ကမ္ဘာကြီးသည်

(သူည)ဖြစ်၍ကားမနေ၊ သူ၏ထင်မြင်ချက်နှင့် ပြောင်းပြန်ဖြစ်နေတော့သည်။ သစ်ပင် နွယ်မြက်နှင့်တကွ တောတောင်ရေမြေ လူသတ္တဝါတွေ ပြည့်ကျပ်နေသည်ကိုသာ တွေ့ရ၏။ ဗီဇမျိုးစေ့မရှိသော ကမ္ဘာကြီး၏ ဖြစ်ပေါ်ရေး အကြောင်း တရားကို လိုက်၍ရှာလေလည်း အစ အနမျှရှာမတွေ့ရဘဲ၊ ဗီဇမျိုးဆက်ပျောက်နေလေသည်။ အလင်နှင့် အမြင်မှာ တခြားစီဖြစ်နေလေရကား၊ ညီမျှသော အကြောင်းတရားနှင့် ကမ္ဘာကိုတည်ဆောက်၍မရနိုင်သော ခရစ်တော်သည် အကြောင်း အကျိုး မညီမျှသော (ဝိသမဟေတု) အကြောင်းတရားဖြင့် ကမ္ဘာကို ဖန်ဆင်း ပြုလုပ်ထားခဲ့ပုံလက္ခဏာ ရှိလေသည်။ ကမ္ဘာကိုဖန်ဆင်း ပြုလုပ်သူတန်းခိုးကော်အနန္တရှင်သည်ကား၊ ထာဝရအမြဲတည် နေနိုင်သော အရှင် သခင်ကြီးဟု လက်သုံးညွှန်ပြ ခဲ့လေလေသည်။

ထိုအရှင်သခင် ထာဝရဘုရားကို မည်သူ တဦးတယောက်မျှ ဖန်ဆင်းပြုလုပ်သူမရှိဟု သိရ၏။ မိမိသဘော အတိုင်း အာကာသကောင်းကင်ဘုံနန်းရိပ်သာ၌ မိမိနှင့်တကွ တပည့်သာဂကတို့ကိုပါ ယူဆောင်၍ ထာ ရ အမြဲတမ်း ထားနိုင် လေသည်ဟု အပေါင်းလက္ခဏာ အနန္တ လက္ခဏာတို့ကို ဖော်ပြ ထားလေသည်။

ဂေါတမ ဗုဒ္ဓအမြင်ကားအသို့နည်း။ ။ကမ္ဘာဦး အစက သစ်ပင်နွယ်မြက်၊ တောတောင်ရေမြေနှင့်တကွ လူသတ္တဝါတို့

သည် ဘယ်လိုဇီဇမျိုးစေ့မှ စတင်ပြီး ပေါ်ပေါက် လာကြသနည်း၊ ခရစ်တော်ကဲ့သို့ ဖန်ဆင်း ထားရှင်းမှာလားဟု တွေးတော စရာ ဖြစ်နေလေသည်၊ ဗုဒ္ဓအမြင်ထား ကမ္ဘာအစဉ် အာကာသဓာတ်မှ တပါး သစ်ပင်နွယ်မြက်တောတောင်ရေမြေနှင့်တကွ လူသတ္တဝါတို့၏ ဇီဇမျိုးစေ့ဟူ၍ တစုံ တခုသော ပြောစရာ၊ ပြစရာမရှိဟုမြင်ခဲ့လေသည်။ ရုပ်ဟူ၍ရှင်း၊ နာမ်ဟူရှင်း တစုံတခုသော ဝေါဟာရ သမုတိ သစ္စာဖြင့် ဆိုစရာမရှိဟု (သည်အတိုင်းမြင်ခဲ့သော်) ကမ္ဘာလောကဟူ၍ ဖြစ်ပေါ်လာစရာမရှိ၊ သုည အတိသာဖြစ်၍နေပေလိမ့်မည်၊ စင်စစ်အားဖြင့် ကမ္ဘာလောကသည် သုည အတိကား မဖြစ်ပေ၊ ကမ္ဘာကြီးသည်ကား ထင်ရှားစွာဖြစ်နေလေ၏၊ ဖြစ်ပေါ်နေသောကမ္ဘာလောကကြီးကိုမည်သူက ဖန်ဆင်း ပြုလုပ်ပါသနည်း။

ကမ္ဘာလောကကို ဖန်ဆင်းပြုလုပ်သူမရှိ၊ ကမ္ဘာလောကကြီးသည် အကြောင်းတရားကိုအစွဲပြု၍ ဖြစ်ပေါ်လာရသည်။ အကြောင်း တရားဟူသည် ကံ, စိတ်, ဥတု, အာဟာရ,ဟူ၍ အကြောင်းတရား (၄) မျိုးရှိသည်အနက်၊ ကမ္ဘာအစဟာ ဥတုအကြောင်းကိုစွဲ၍ ဖြစ်ပေါ်လာရသည်ဟု ဆိုရမည်။

ဥတုဆိုသည်မှာလဲ ပူမှု၊ အေးမှုကိုပင် ဥတုဟုဆိုရ၏။ ထိုပူမှု အေးမှုဟူသည်၊ ရုပ်လောက မဟုတ်ပေဘူးလား ဤသို့မေးလျှင် ရုပ်လောက ဟုတ်ပါသည်ဟု ဖြေဆိုရ၏၊ ဒီလိုသာဆိုခဲ့သော် မှုန်းစ်အဘိဓမ္မာ ရုပ်ဝါဒနှင့် တထပ်ထဲတူနေပြီ မဟုတ်ပါလော

ဟု မေးခဲ့သော် ဤနေရာတွင် မာ့က်စ် ရုပ်ဝါဒနှင့် တူသည်ဟု ဆိုရ၏။ သို့သော် မာ့က်စ်၏ အဘိဓမ္မာရုပ်ဝါဒသည်ဤနေရာ တွင် လမ်းဆုံးနေပေလိမ့်မည်။

ဂေါတမဗုဒ္ဓအဘိဓမ္မာသည်ကားလမ်းဆုံးသို့ မရောက်သေးပေ လမ်းခုလပ်တွင်သာ ရှိပေသေးသည်။ ထိုစကားသည် မှန်၏။ မာ့က်စ်အဘိဓမ္မာရုပ်ဝါဒသည်၊ အနုမြူမျှသာ လုံးဝန်းသဏ္ဌာန် ဒြပ်ကစ၍ ကြီးလိုက် ငယ်လိုက်နှင့် ဖြစ်ပျက်နေသောရုပ်လော ကဟု မြင်ခဲ့လေသည်

ဂေါတမ ဗုဒ္ဓအမြင်ကား ရုပ်ဟူသော သဘောသည် အခိုင် အမာ ပရမတ္ထဟုမဆိုရ၊ အကျိုးသင်္ခါရ တရားမျှသာ ဖြစ်၏။ ထိုအကျိုးသင်္ခါရ တရားတို့သည် အကြောင်းတရားနှင့် ကင်း၍ မဖြစ်နိုင်ဟုမြင်လေသည်။

သို့ကြောင့် ပူ၊ အေးဟူသော ဥတုရုပ်သည်လည်း အကျိုး သင်္ခါရမျှသာဖြစ်ပေသည်။ ပူ၊ အေး ဥတုဖြစ်ပေါ်ရန်၊တခြား တပါးသော သင်္ခါရအကြောင်း တခုခုက ပြုလုပ်ဖန်တီးရလေ ဦးမည်။

သင်္ခါရဟူသမျှကိုလည်း အရှိပရမတ္ထဟု ဗုဒ္ဓက မယူဆခဲ့ပေ (သင်္ခတ) ပရမတ္ထမှ ထွက်ပေါ်ကြသော သင်္ခါရဟူ၍သာမြင်ခဲ့ လေသည်။

ရုပ်ဝါဒ အဘိဓမ္မာကား သင်္ခါရတွင် လမ်းဆုံး၍ နေကြ၏။ ယောဂီတွေ သင်္ခါရကို ကျော်လွန်အောင် အားထုတ်ရ၏၊ သတိရှိပါစေ။

ကမ္ဘာဦးအစက သစ်ပင် နွယ်မြက်နှင့်တကွလူ သတ္တဝါတို့သည်၊ ဘယ်ဗီဇမျိုးစေ့က စတင်၍ ပေါ်ပေါက် ကြသနည်း။ အဖြေကိုရှာပါ။ ။

သုသုငါငါ အဓဲဖြေမှာ။ ။သုညဖြစ်နေသော ကမ္ဘာ သစ်၌ သုညမျိုးစေ့မှ ပေါ်ပေါက်လာသည်ဟုဆိုရ၏။ သုညဟု ဆိုရသော် ထိုသုညတွင်ဘာမျှမရှိချေ၊ ဘာမျှမရှိသော် (ကမ္ဘာသစ်ဟူ၍ ဘာမျှမဖြစ်နိုင်ရာ) ယခုမူကား ဖြစ်နေသော ကမ္ဘာကို သာတွေ့ရ၏။ သုညတွင် ရုပ်ဟူ၍ရင်း၊ နာမ်ဟူ၍ရင်း၊ လုံးဝန်း သဏ္ဍာန်ပုံဟန်ဒြပ် အားဖြင့် ပြစရာမရှိသောကြောင့်သာ သုညဟုဆိုရ၏။ ဇင်စစ်မှုချအားဖြင့် သော်ကား ဓမ္မကာယဟု ဆိုအပ်သော (သင်္ခတပရမတ္ထ)တရားရှိသည်ဟု ဗုဒ္ဓက မြင်တော်မူသည်။

ထိုသင်္ခတပရမတ္ထကို ရုပ်ဟူ၍ရင်း၊ နာမ်ဟူ၍ရင်း ပြစရာ လုံးဝမရှိပေ။ တစုံတခုသော အကြောင်းတရားကို ရလေသော် ထိုသင်္ခတဓါတ်မှ ရုပ်ထွက်ပေါ်လာ၏၊ နာမ်တရားတို့ သည်လည်း ထွက်ပေါ်လာကြကုန်၏။

အနိစ္စာဝတ သင်္ခါရာ ဥပ္ပါဒါဝယ ဓမ္မိနော ဥပ္ပဇ္ဇိတွာနိရုဇ္ဈန္တိကို ထောက်ပါ။

သို့ကြောင့် ပုမ္မ၊ ဓမ္မ တည်းဟူသော ဥတုရုပ် သည့် လည်း (သင်္ခတ, ပရမတ္ထသညမှထွက်၍ ပုမ္မ၊ ဓမ္မဖြစ်လာကြသည်။ ထို ပုမ္မ၊ ဓမ္မသည်ပင် သစ်ပင်နွယ်မြက်တို့ ဖြစ်ပေါ်ရန် အကြောင်း တရားဖြစ်နေ၏။ ဘာဘျှမရှိသော သညမျိုးစေ့မှ သစ်ပင်နွယ် မြက်တို့ ပေါ်ထွက်လာမှုသာလျှင် ကမ္ဘာတွင်ဗီဇနိယာမဟူ၍မျိုး ဆက်ပေါ်လာလေသည်။

သင်္ခတဓါတ်ဗီဇမှ သင်္ခါရ သရက်ပင် ဖြစ်ပေါ် လာသော ကြောင့် သရက်သီးကိုရ၏။ ၎င်းသရက်သီးမှ သရက်ဗီဇကို ရသဖြင့် နောင်အနာဂတ်ကာလ၌ ဗီဇနိယာမထွက်ပေါ်လာခဲ့ သည်။ သို့ကြောင့် သရက်သီးဗီဇမျိုးစေ့ကို ပြန်လှန်၍ စီးစစ် ကြည့်ပါ။

ကမ္ဘာဦးက သရက်ပင်ကား ဘယ်လိုဗီဇမျိုးစေ့မှ ပေါက် ပွါးရပါသနည်း။ ဤသို့မေးသော် သင်္ခတဓါတ်ဗီဇ မျိုးစေ့မှ ရသည်ဟု ဖြေဆိုရ၏။ ထို(သင်္ခတ)ဓါတ်ကိုသာလျှင် လောကကို ဖြစ်စေတတ်သော ပရမတ္ထာဟု ဗုဒ္ဓက မြင်ခဲ့လေသည်။ ပုမ္မ၊ ဓမ္မ ဥတုရုပ်တို့သည်ထိုသင်္ခတဓါတ်မှထွက်ပေါ်လာကြသောအာဂန္တု က သင်္ခါရတို့သာ ဖြစ်သည်ဟု ဗုဒ္ဓအဘိဓမ္မာဘဲ ဆိုဆို လိုရင်း ဖြစ်သော အချက်ကို ထုတ်ဖေါ်၍ဟောခဲ့လေသည်။

သင်္ခါရာ ဘိက္ခဝေ အနိစ္စာ သင်္ခတာ ပဋိစ္စသမုပ္ပန္နာ ခယဓမ္မာ ဝယဓမ္မာ-ဝိရာဂ ဓမ္မာ-နိရောဓဓမ္မာဟူ၍ဟောခဲ့သည်။

သို့ကြောင့် ဗုဒ္ဓသည် ရုပ်ဝါဒကိုလည်း လက်မခံ နာမ်ဝါဒကိုလည်းလက်မခံ၊ ရုပ်ကိုရင်း၊ နာမ်ကိုရင်း အရှိတရားဟူ၍ မယူဆချေ။ အဖြစ်တရားဟူ၍သာ ဟောတော်မူသည်။

ကမ္ဘာအစ၌ လူဗီဇမျိုးစေ့မရှိမှ ဘယ်ပုံဘယ်နည်း အားဖြင့် သက်ရှိသတ္တဝါဖြစ်လာသနည်းဟု မေးခဲ့သော်၊ သမိုင်းဆရာတို့ အလိုအားဖြင့် ရေညှိအညစ်အကြေးမှ စတင် ပေါ်ပေါက် လာသည်ဟုဖြေဆိုကြလိမ့်မည်။

ရေကား ဘယ်ကစတင်၍ ဖြစ်ပေါ်လာသနည်း၊ ဤသို့မေးသော်-ပူမှုမှုတည်းဟူသော ဥတုကြောင့်ဖြစ်သည်ဟုဖြေဆိုရပေလိမ့်မည်။ ပူမှုမှုဥတုကား ဘယ်ကစတင်၍ဖြစ်သနည်း၊ ဤသို့မေးသော်-အဘယ်သို့ဖြေဆိုကြမည်နည်း။

ဥတုကိုစွဲ၍ဖြစ်ပေါ်မှုကား သစ်ပင်နွယ်မြက်စသည်တို့ပါဝင်ကြ၏။ လူသတ္တဝါတို့ကား ဥတုဇရုပ် သက်သက် မဟုတ်ပေ။ မျက်စိ- နား- နှာ- လျှာ-အာ ကိုယ်လက်တို့ ပါရှိသည့် အတွက် ကံကြောင့်ဖြစ်သော ကမ္မဇရုပ်တို့ ပါရှိနေလေသည်။ သက်မဲ့ဝတ္ထုရုပ်ထက်ပိုမိုထူးခြားလေသည်။ ဥတုဇရုပ်၊ ကမ္မဇရုပ် ပါဝင်နေခြင်းကြောင့် စိတ္တဇရုပ်၊ အာဟာရဇရုပ်တို့နှင့်မကွဲမကွာဒွန်တွဲ၍ပါဝင်လာကြသည်။ နောင်အနာဂါတ်ကာလ၌ လူဗီဇ မျိုးစေ့တို့သည် ဗီဇနိယာမအဖြစ်သို့ ရောက်ရှိနေကြသည်။ ကမ္ဘာဖြစ်လာလေပြီ။

ဗုဒ္ဓသည် ဖြစ်ဖြစ်သမျှကို သင်္ခါရဟူ၍ မြင်ခဲ့သည်။ တခြားသောအယူဝါဒအဘိဓမ္မာတို့အမြင်မှာ သင်္ခါရရုပ်၊ သင်္ခါရနာမ်တို့ကို တကယ်အရှိ ပရမတ္ထဟုယူဆကြသောကြောင့် သင်္ခါရတွင် လမ်းဆုံး၍နေကြလေသည်။

သင်္ခါရတို့၏ထွက်ပေါ်ရာ (သင်္ခတ) ဓာတ်ကို ရုပ်ဟူ၍ရှင်း၊ နာမ်ဟူ၍ရှင်း ခေါ်ဝေါ်ပြောဆို၍ မဖြစ်နိုင်ရကား ပရမတ္ထဓာတ်သဘာဝဟူ၍သာ ဉာဏ်ဖြင့်သိထားရ၏။ ထိုသင်္ခတဓာတ်သည် အရိယာပုဂ္ဂိုလ်တို့၏ ဉာဏ်အမြင်ခံသက်သက်မျှသာ ဖြစ်ပေသည်။ ထိုအတူ အသင်္ခတဓာတ်နိဗ္ဗာန်သည်လည်း ဉာဏ်အမြင်ခံသက်သက်ဖြစ်၏။

သို့ကြောင့် ဗုဒ္ဓကထုတ်ဟ၍ဟောခဲ့သည်မှာ—
ဒွေမေဘိက္ခဝေဓမ္မာသင်္ခတာစ-အသင်္ခတာစ-ဟူ၍ပင် ဟောခဲ့လေသည်။

မြန်မာ။ ။ဘိက္ခဝေ ရဟန်းတို့၊ သင်္ခတာ ကံ-စိတ်-ဥတု-အာဟာရတည်းဟူသော အကြောင်း တများသို့သည် ပြုပြင်အပ်ကုန်သော၊ ဓမ္မာစ တရားတို့သည် လည်းကောင်း၊ အသင်္ခတာ ကံ-စိတ်-ဥတု-အာဟာရ တည်းဟူးသော အကြောင်း တို့သည် မပြုပြင်အပ်ကုန်သော၊ ဓမ္မာစ တရားတို့သည် လည်းကောင်း၊ ဣမေဒွေ ဤနှစ်ပါး တို့တည်း။ အဓိပ္ပါယ်ကိုစဉ်းစားကြ။ ရုပ်ဟု ဆိုရမည်လော-နာမ်ဟုဆိုရမည်လော၊

လူသားတို့ဉာဏ်အမြင်၌ ပျောက်ဆုံးနေသော အမှန်တရားကိုရှာပါ၊ သဿတဒိဋ္ဌိဥစ္ဆေဒဒိဋ္ဌိ အယူအဆ နှစ်ပါးမှ လွတ်ပါစေ။

ဘာလဲဗုဒ္ဓ--လောက၌ ဘုရားတဆူ ပွင့်တော်မူတိုင်း (၂၄) သင်္ချေ ကုဋေ(၆၀) ဗိုလ်ခြေ တသိန်းသော ဝေနေယျ တို့ကို လောကမှထုတ်ဆောင်၍ နိဗ္ဗာန်သို့ပို့ဆောင်ခဲ့သည်ဟု ဆိုကြ၏။ ဒီစကားအတိုင်းမှန်ပါသလော။ ဗုဒ္ဓ၏နိဗ္ဗာန်တရား၌ အပေါင်းလက္ခဏာကိုမတွေ့ရ၊ လောကထဲမှ အနုတ်လက္ခဏာကိုသာ တွေ့ရသည်၊

အတိတ်က ဘုရားလဲ ဂင်္ဂါဝါဠု သဲစုမက ပွင့်ခဲ့ကြလေပြီ။ တဆူတဆူသော ဘုရားသာသနာ၌ သတ္တဝါ ဝေနေယျတို့ကို (၂၄)သင်္ချေ ကုဋေ(၆၀)ဗိုလ်ခြေတသိန်း စီးနုတ်သွားကြလေပြီ။ ဤသို့နုတ်ဖန်များလပ်သော် ဤလောက၌ သတ္တဝါဟူ၍ မတွေ့ရဘဲ သုညဖြစ်သောလောကကြီးသာ ကြွင်းကျန် နေပေလိမ့်မည်၊ ယခုအခါ၌ကား သုညဖြစ်နေသောလောက မဟုတ်ချေ။ သတ္တဝါအနန္တတို့နှင့် ပြည့်နေသော လောကကြီးကိုသာ တွေ့ရ၏။ တနေရာရာ၌ အပေါင်း လက္ခဏာများ ရှိနေ လေသလော။ ရှိဒါပါဘဲ။

အကယ်၍သာ တနေရာရာ၌ သတ္တလောက၏ အပေါင်းလက္ခဏာမရှိခဲ့သော် ဤကမ္ဘာလောက၌ သတ္တဝါဟူ၍ ညွှန်ပြစရာမရှိတော့ပြီ၊ သုဉ်းဆိပ်နေပေလိမ့်မည်၊

အတွေးအခေါ် ဥပမာ လူ့ပြည်မှ မြဟ္မာဘုံ တိုင်အောင် ယူဇနာပေါင်း မြောက်များစွာ ကျယ်ဝန်းသော ဂိုဒေါင်ကြီး

ဆောက်လုပ်၍ မှန်ညှင်းစေ့တို့ကို အပြည့်ထဲ့ထားရာ၏။ ထိုမျိုးများပြားသော မှန်ညှင်းစေ့တို့ကို အနည်းငယ်အနည်းငယ်စီယူ၍ နှုတ်ပစ်ဖန်များလပ်သော် ထိုမှန်ညှင်းစေ့တို့သည် ကုန်ခမ်းသွားရပေလိမ့်မည်။ နောက်ဆုံးအခါ၌ မှန်ညှင်းစေ့ဟူ၍ဖြစ်ရာကြွင်းကျန်လိမ့်မည်မဟုတ်ချေ။

ဤဥပမာ အတိုင်းပင်လျှင် လောကလူသားတို့ အတွေးအခေါ်အားဖြင့် ကြံစည်စဉ်းစားနေကြလေသည်။ ကြံစည်စဉ်းစားစရာလဲ ဖြစ်နေတော့သည်။

ထိုလူတို့၏ အတွေးအခေါ် ကြံစည်စိတ်ကူးပုံမှာ သတ္တလောကသတ္တဝါထူထောင်စကပင် သက်ရှိလောက သတ္တဝါဟူသမျှကို ဘောင်သွင်း၍ စည်းကမ်း သတ်မှတ်ထားကြ လေသည်။ ဘောင်သွင်း သတ်မှတ်ထားသော ထိုသတ္တဝါ တို့သည်သာ သံသရာ၌ ကျင်လည်ခွင့်ရကြလေသည်။ ထိုသတ္တဝါတို့ထက် အသစ် အသစ်ပိုမို၍ သတ္တဝါတွေဖြစ်လာခြင်းကို လူသားတို့လက်မခံလိုကြပေ။

ကမ္ဘာပေါ်ဦးက သတ္တဝါဖြစ်၍ ဟူထောင်လာကြသော မူလဘူတ သတ္တဝါတစုကိုသာ ဘဝသံသရာ၌ ဖြစ်လိုက် ပျက်လိုက်နှင့် ကျင်လည်နေခွင့် ရှိသည်ဟု ယူဆထားကြသည်။ သို့ကြောင့် ရှည်လျားသော သံသရာ အဒ္ဓန့် ကာလပတ်လုံး ကျင်လည်ကြသော သတ္တဝါတို့၏ ဘဝသံသရာ အစကိုရှာ၍ မရနိုင်ကြသောကြောင့်လည်း အနာဒိက ဟူ၍ဆိုကြ၏။

ဗုဒ္ဓ၏နိဗ္ဗာန်တရားက သတ္တဝါအနန္တတွေကို သုညဖြစ်သော နိဗ္ဗာန်သို့ ဘုရားအနန္တတွေက သတ္တဝါအနန္တတို့ကို လောကမှ

ထုတ်ဆောင်သွားကြရာ ဤလောက၌ စည်းကမ်းတကျ ဘောင်သွင်းထားသော သတ္တဝါတွေ ကုန်ခမ်း၍သွားဘွယ်ရာ ရှိလေသည်။ ထိုစကားသည် မှန်၏။ နိဗ္ဗာန်တရားသည် အပေါင်းလက္ခဏာကို မတွေ့ရ၊ အနုတ်လက္ခဏာကိုသာ တွေ့ရသည်။တချူသော ဗုဒ္ဓသာသနာ၌(၂၄)သင်္ချေကုဋေ(၆၀)ဗိုလ်ခြေ တသိန်း၏ ဤလောကမှ ထုတ်နုတ်သွားလျှင် ဤလောက၌ သတ္တဝါတွေကုန်ခမ်း၍ သွားလေရာ၏။ ဤလောက၌ သတ္တဝါတွေသုဉ်းဆိတ်၍ သွားပြီလော။

ယေရှုခရစ်တော်သည် ဤကဲ့သို့သော အတွေးအခေါ် အယူအဆကိုလည်း မျှော်ခေါ်စဉ်းစားခဲ့ပုံရလေသည်။ ခရစ်ယာန်ဘုရား၌လည်း ထာဝရ နိဗ္ဗာန်ကိုဟောထားခဲ့ရာ ထာဝရ ဘုံနန်းသို့ သတ္တဝါအများရောက်သွားဖန် များလပ်သော် လောကမှသတ္တဝါတွေ သုဉ်းဆိတ်၍သာ နေပေလိမ့်မည်ဟု သူတွေးတော ဆင်ခြင်ခဲ့ပုံရလေသည်။

ဤလောကမှ သတ္တဝါတွေ ယုတ်လျော့၍ မသွားရ လေအောင် အသစ်အသစ် ဖြစ်သော သတ္တဝါတို့ကို တန်ခိုးတော် အနန္တဖြင့် ဖန်ဆင်း၍ အစားမထိုးလျှင်မဖြစ်နိုင်ချေ။သို့ကြောင့် သူ၏တရားဓမ္မ၌ တဖက်ကအနုတ်လက္ခဏာကို ဖေါ်ပြ ထားခဲ့သော်လည်း တဖက်က အပေါင်း လက္ခဏာကိုဖေါ်ပြခဲ့လေသည်။ မိမိပြုလုပ်သော ကံအကြောင်းတရား ကိုရင်း၊ စိတ်- ဥတု- အာဟာရ ဟူသော အကြောင်းတရား တို့ကိုရင်း ခရစ်တော်သည် မသုံးသပ်ခဲ့ပေ။ တန်ခိုးတော် အနန္တတွင်စုပုံ၍ထားခဲ့လေသည်။

ဂေါတမ ဗုဒ္ဓအမြင်မှာမူကား [illegible]

ပွင့်ခဲ့ကြလေပြီ။ ထိုဗုဒ္ဓရှင်တော်မြတ်တို့၏ သာသနာ၌ ကျွတ်လွတ်ကြသော ဝေနေယျသတ္တဝါတွေကိုမူကား အဘယ်မှာရေတွက်နိုင်ပါအံ့နည်း။ ထိုမျှကျွတ်လွတ်၍ သွားကြ သော်လည်း ဤသတ္တလောက၌ သတ္တဝါတွေ ယုတ်လျော့ခြင်းမရှိ၊ တိုးတက်စည်ကား၍သာ နေလေသည်။ တဖက်ကအနှုတ်လက္ခဏာ ရှိနေသော်လည်း တဖက်က အပေါင်း လက္ခဏာ ရှိနေသည်ဟုသာ ဆိုရ၏။

ထိုအပေါင်းလက္ခဏာနှင့် အနှုတ်လက္ခဏာကို သူသူငါငါကဲ့သို့သော လူသာမန်တို့၏ ဉာဏ်မျက်စိဖြင့် ကြည့်ရှုသော်လည်း မြင်နိုင်သော တရားမျိုးမဟုတ်ချေ။ အရိယာတို့၏ဉာဏ်မျက်စိဖြင့်သာ မြင်ကောင်းသော တရားဖြစ်၏။ အရိယာ ဖြစ်အောင် ကျင့်ကြံအားထုတ်ကြရန် မဇ္ဈိမ ပဋိပဒါ အကျင့်လမ်းကို ညွှန်ပြခဲ့လေသည်။ မဇ္ဈိမ ပဋိပဒါလမ်းစဉ်ဖြင့် ခရီးပေါက်ရောက်ပြီး ပဋိဝေဓဉာဏ်အမြင်သို့ ရောက်သောအခါ၌ကား ဤလောက၌ အတိုးရသောသူ၊ ဖန်ဆင်းပြုလုပ်သောသူမရှိပြီ၊ ရုပ်ဟူ၍ရင်း၊ နာမ်ဟူ၍ရင်း တခုရော၌ တိုးပွားနိုင်သော အစုအပုံသည် မုချအားဖြင့်မရှိပြီ၊ ကောင်းကင်အပြင်၌ လျှပ်စစ်အရောင်လင်းသကဲ့သို့ ခဏချက်ချင်းဖြစ်ပေါ်လာသော သင်္ခါရ ဝတ္ထုတွေပါတကားဟုဉာဏ်အမြင်လင်းသွားကြလေသည်။

ထိုသင်္ခါရတို့သည် အသစ်သစ်ဖြစ်ပေါ်နိုင်သော (ပရမတ္ထ) သင်္ခတဓာတ်မှ ထွက်ပေါ်၍ ဖြစ်ကြကုန်၏။ ထိုသင်္ခတဓာတ်ရှိခြင်းကြောင့် ၎င်းသင်္ခတဓာတ်မှသတ္တဝါသင်္ခါရတို့သည် အသစ်

အသစ်ဖြစ်ပေါ်ကြသဖြင့် ဤသတ္တလောက၌ သတ္တဝါတွေသည်း ဆိပ်ရှိမသွားပေ။

ဘဝသံသရာ ဇာတိဒုက္ခ အစရှိသောကြောင့်အဆုံးရှိသည်။ ဤလောက၌ အသစ်အသစ်ဖြစ်ပေါ်လာကြသော သတ္တဝါတို့သည် အဝိဇ္ဇာ မောဟကြောင့် ပုညာဘိသင်္ခါရ - အပုညာဘိသင်္ခါရ-အာနေဉ္ဇာဘိသင်္ခါရတည်းဟူသော သင်္ခါရ အမှုတို့ကိုပြုလုပ်ကြသဖြင့် ကမ္မဝဋ်- ကိလေသာဝဋ်-ဝိပါကဝဋ် တည်းဟူသောဝဋ်ဆင်းရဲ၌ကျင်လည်ရလေသည်။

ဤသတ္တလောက၌အဟောင်းဖြစ်သောသတ္တဝါတို့သည်၎င်း၊ အသစ်အသစ်ဖြစ်လာသောသတ္တဝါတို့သည်၎င်း၊ အတိုး အဆုပ် ရှိနေကြခြင်းကြောင့် နိဗ္ဗာန်တရားကို ရကြကုန်သော အရိယာပုဂ္ဂိုလ်တို့သည် ဘယ်လိုပင် ကျွတ်လွတ် သွားကြသော်လည်း သတ္တဝါများ ဤလောကမှယုတ်လျော့၍မသွား။

နောင်အနာဂတ်ကမ္ဘာတို့၌ ပွင့်လတ္တံ့သော ဂင်္ဂါဝါဠု သဲစုမကသော ဗုဒ္ဓတွေပွင့်ကြ၍ အတိုင်းမသိသော သတ္တဝါတွေကို နိဗ္ဗာန်သို့ ဆောင်ငြားသော်လည်း ဤသတ္တလောက၌ သတ္တဝါတွေသည်းဆိပ်၍မသွား၊ အဘယ်ကြောင့်နည်း၊ လောကကိုဖြစ်စေတတ်သော (ပရမတ္ထဓမ္မ) သင်္ခါရ တော်သည် ဓမ္မနိယာမအားဖြင့် တည်ရှိနေလေသောကြောင့်တည်း၊ ဘယ်တန်းခိုးတော် အနန္တဖြင့် ဖန်ဆင်းမရဟု ဗုဒ္ဓကမြွက်ခဲ့လေသည်။

## အရှိပရမတ္ထဓမ္မ (၂) ပါးကိုသတိပြု

လောကကိုဖြစ်ပွားစေတတ်သော ပရမတ္ထ ဓမ္မသင်္ခတဓာတ်သည် ဓမ္မနိယာမအားဖြင့် ထင်ရှားစွာရှိသကဲ့သို့လောကချုပ်ဆုံးရာ ပရမတ္ထဓမ္မ'အသင်္ခတ'ခေါ်သည်လည်း ဓမ္မနိယာမအားဖြင့် ထင်ရှားစွာ ရှိလေသည်ဟု ဗုဒ္ဓကမြင်ခဲ့လေသည်။

ဗုဒ္ဓမြင်သကဲ့သို့ ဗုဒ္ဓ၏တပည့်သာဝကကြီးတွေလဲ ထိုပရမတ္ထဓမ္မနှစ်ပါးကို မြင်ကြလေသည်။ မှန်ကန်သောအရိယာသစ္စာကို ကောင်းစွာမြင်ကြကုန်သော အရိယာပုဂ္ဂိုလ်တို့သည် တစုံတခုသော ယုံမှားသံသယမရှိကြကုန်ဘဲ မိမိတို့မြင်အပ်ပြီးသောသံဒိဋ္ဌိကတရား၌မွေ့လျော်နေကြလေသည်။

ဒိဋ္ဌေဝအရိယသစ္စ ဓမ္မေဝတောနာတိဒိဋ္ဌဓမ္မေ၊ ကိုယ်တောက်ပါ ဘဝသံသရာ ဇါတိဒုက္ခကိုဖြစ်စေတတ်သော (အရှိပရမတ္ထ) ဓမ္မနိယာမကိုလက်တွေ့မျက်မြင်အားဖြင့် ဒါကရုပ်တရားဘဲ ဒါကနာမ်တရားဘဲဟု မြစရာမရှိ၊ အရိယာတို့၏ ဉာဏ်မျက်စိဖြင့်သာ မြင်ကောင်းသော တရားဖြစ်သည်။ ထိုတရားသားအဘယ်တရားနည်း....သင်္ခတတရားဟုမြင်လေသည်။

အင်္ဂုတ္တရပါ ဠိစတုက္က နိပါတ်၊ က္ကဝဂ်၌
ယာဝတာ ဘိက္ခဝေ ဓမ္မာသင်္ခတာဝါ အသင်္ခ
ဝိရာဂေါ တေသံဓမ္မာနံ အဂ္ဂမက္ခာယတိ။

ပါဠိတော်ကိုကြည့်ပါ အနက်ကိုရှေ့၌ဖော်ပြခဲ့ပါပြီ-အမှာ-

ဤပါဠိ၌…**သင်္ခတ** ဝါ အရကို ဓမ္မနိယာမအားဖြင့် ထင်ရှားရှိသော ပရမတ္ထတရားဟု သိပါလေ။ ထိုမှတပါးလည်း။

အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ အကတံ အ
သင်္ခတံ နော စေတံ ဘိက္ခဝေ အဘဝိဿ အဇာ
တံ အဘူတံ အကတံ အသင်္ခတံ နယိဓ ဇာတဿ
ဘူတဿ ကတဿ သင်္ခတဿ နိဿရဏံ ပညာ
ယေထ၊ ယသ္မာ စ ခေါ ဘိက္ခဝေ အတ္ထိ အဇာတံ
အဘူတံ အကတံ အသင်္ခတံ တသ္မာ ဇာတဿ
ဘူတဿ ကတဿ သင်္ခတဿ နိဿရဏံ ပညာ
ယတီတိ။

ဟူ၍ ဥဒါန်းပါဠိတော်၌ဟောတော်မူသည်။

မြန်မာပြန်။ ။ဘိက္ခဝေ ရဟန်းတို့ အဇာတံ မဖြစ်ခြင်း**သည်လည်း** ဝါ-ဇာတိ၏ချုပ်ငြိမ်းခြင်းသည်လည်း အတ္ထိ ရှိ၏-အဘူတံ မဖြစ်ပေါ်ခြင်းသည် လည်း ဝါ-ဖြစ်ပွားမှု ချုပ်ငြိမ်းခြင်းသည်လည်း အတ္ထိ ရှိ၏၊ အကတံ မပြုခြင်းသည်လည်း ဝါ-ပြုလုပ်မှုကင်းငြိမ်းခြင်းသည်လည်း အတ္ထိ ရှိ၏၊ အသင်္ခတံ အဖန်ဖန်မပြုရခြင်းသည်လည်း ဝါ- အဖန်ဖန်ပြုပြင်မှုဟူသော သင်္ခါရဒုက္ခမှ ကင်းခြင်းသည် လည်း အတ္ထိ ရှိ၏၊ ဘိက္ခဝေ ရဟန်းတို့ စေတံ အဇာတံ **ဤ**မဖြစ်ခြင်းသည် စေတံ အဘူတံ ဤမဖြစ် ပွားမှုသည် စေတံ အကတံ ဤမပြုခြင်းသည် စေတံ အသင်္ခတံ ဤအဖန်ဖန်အထပ်ထပ် မပြုမပြင်အပ်သော သဘောသည် နော စေ အဘဝိဿ အကယ်၍ မရှိခဲ့ငြားအံ့၊ စေ ဤသို့မရှိခဲ့သည်ရှိသော် ဣဓ ဤလောက၌ ဇာတဿ ဖြစ်မှု၏ ဘူတဿ ပွားမှု၏ ကတဿ

ပြုမှု၏ သင်္ခတသော အဖန်ဖန်အထပ်ထပ်ပြုပြင်အပ်သော သဘောတရား၏ နိဿရဏံ ကျွတ်လွှတ်ခြင်းမည်သည် နပညာယေထ မထင်လေရာ ဘိက္ခဝေ ရဟန်းတို့ ယသ္မာစခေါ အကြင် အကြောင်းကြောင့် အဇာတံ ဇာတိဒုက္ခမရှိခြင်းသည်အဘူတံမဖြစ်ပွားရခြင်းသည် အကတံမပြုမလုပ်ရခြင်းသည် အသင်္ခတံ အဖန်ဖန်အထပ်ထပ်မပြုမပြင်အပ်သော သဘောတရား သည် အတ္ထိ ရှိ၏။ တသ္မာ ထိုကြောင့် ဇာတဿ ဇာတိဒုက္ခ၏ ဘူတဿပွားစီးခြင်း၏။ ကတဿ ပြုလုပ်ခြင်း၏သင်္ခတဿ အဖန်ဖန် အထပ်ထပ်ပြုပြင်အပ်သော သဘောတရား၏ နိဿရဏံ ကျွတ်လွှတ်ထွက်မြောက်ခြင်းသည် ပညာယတိ ထင်၏ဣတိ ဤသို့မိန့်ဆိုတော်မူ၏။

သင်္ခတဟာရာမှ လောက(၃)ပါးဖြစ်၍ ပရမတ္ထတရားလဲ(၃)ပါးထွက်ပေါ်လာ၏၊ စဉ်းစားဝေဖန်ကြည့်ပါက သင်္ခတ ဆိုဒါ ဘာလဲဟု ထွက်ပေါ်လာမည်-- အသင်္ခတကို ရောပေါင်းသော် ပရမတ္ထ(၄)ပါးဟုမြင်ရမည်။

ဓမ္မနှင့် နိယာမကို ခွဲခြား၍ထုတ်ယူသောအခါ ဓမ္မအရကို ရုပ်နာမ်သင်္ခါရနှင့် ပရမတ္ထတရားတို့ကိုပါ ပေါင်း၍ ယူနိုင်၏။ နိယာမ အရကိုကောက်ယူသောအခါ၌ကား ရုပ်ခန္ဓာ၊ နာမ်ခန္ဓာ တရားတို့သည် မမြဲသောတရားဖြစ်၍ နိယာမတရားဟု မဆိုနိုင်ချေ။ ဖောက်ပြန် ပျက်စီး တတ်သော သင်္ခါရဟူ၍သာဆိုအပ်၏၊

သင်္ခတဓမ္မနှင့် အသင်္ခတဓမ္မကိုသာလျှင် နိယာမ တရားဟူ၍၎င်း၊ ပရမတ္ထ တရားဟူ၍၎င်း ဆိုအပ်၏။ ထိုတရား (၂) ပါး

တို့ကို ရုပ်ဟူ၍ ၎င်း၊ နာမ်ဟူ၍၎င်း ဆိုနိုင်ကြမည် လော။ ထိုပရမတ္ထတရားတို့သည် ဒြပ်သဏ္ဌာန်အားဖြင့် အဘယ်သို့ ရှိမည်နည်း။ ထိုပရမတ္ထ တရားတို့၏ မှီတွယ်ရာကား အဘယ်သို့ရှိအံ့နည်း။ ထိုပရမတ္ထတို့သည် ရုပ်သဘော၌ တည်ရှိမည်လော၊ နာမ်သဘော၌ တည်ရှိမည်လော။ မိမိတို့၏ ကိုယ်ပိုင်ဉာဏ်ဖြင့် ဝေဖန်ကြပါ။

ဗုဒ္ဓဒေသနာတော်ကိုသာမည လူသားတယောက်အနေအားဖြင့်လက်ခံနိုင်မည်မဟုတ်ပေ၊ အဘယ်ကြောင့်ဆိုသော် သာမည လူသားသည် သာမည အသိအမြင်မျိုးတွင်သာ ရုပ်တန့်နေ သူ ဖြစ်ရကား ဝိသေသတရားကို လက်မခံနိုင်ခြင်းမှာ ဓမ္မတာတရား တခုပင် ဖြစ်ပေလိမ့်မည်။

လူနတ်ဗြဟ္မာ သတ္တဝါတို့သည် ငါငါဟူသော အယူအစွဲ ရှိနေခြင်းကြောင့် လူဘဝ-နတ်ဘဝ-ဗြဟ္မာဘဝတို့၌ ဖြစ်ရခြင်းကို လိုလား နှစ်သက်နေကြလေသည်။ ဘဝ၏ ကုန်ဆုံးခြင်းကို မလိုလားကြကုန်။ ထို့ကြောင့် ဗုဒ္ဓက ထုတ်ဟ၍ ဤသို့ဟောခဲ့သည်။

ဘဝါရာမာ ဘိက္ခဝေ ဒေဝမနုဿာ ဘဝရတာ
ဘဝသမုဒိတာ တေသံ ဘဝနိရောဓာယ ဓမ္မေဒေ
သိယမာနေ စိတ္တံ န ပက္ခန္ဒတိ နပ္ပသီဒတိ န သန္တိဋ္ဌ
တိ နာဓိမုစ္စတိ ဧဝံ ခေါ ဘိက္ခဝေ ဩလီယန္တိ ဧကေ။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဒုအုပ် နံပါတ် ၂၂၆ မှ ရေးကူးသည်။

ဗုဒ္ဓသည် ဘဝ၏ချုပ်ဆုံးခြင်းငှါ တရားဟောသည် ရှိသော် လူနတ်ဗြဟ္မာတို့၏စိတ်သည် ချုပ်ဆုံးရာသို့ပြေးမသွား၊ မကြည်ညို-မတည်ကြည်-မလွတ်မြောက်၊ ငါကောင်း အတ္တတန့် အချည်း

နည်း ပျက်စီးသွားရခြင်းကိုပင်လိုလားကြကုန်ဟု ဟောကြားခဲ့ လေသည်။

ပညာမျက်စိအမြင်ရှိကြသော သူတို့သည်သာ ဗုဒ္ဓတရားတော် ကို လက်ခံနိုင်ကြလေသည်။ သို့ကြောင့် ဗုဒ္ဓက ဤသို့ ဟောခဲ့၏၊

ဣဓဘိက္ခဝေဘိက္ခုဘူတံဘူတတောပဿတိ။
ဘူတံဘူတတော ဒိသွာ ဘူတဿနိဗ္ဗိဒါယ ဝိရာ
ဂါယ နိရောဓာယပဋိပန္နော ဟောတိ။ ဧဝံခေါ
ဘိက္ခဝေ စက္ခုမန္တော ပဿန္တိ။

ဤလောက၌ ရဟန်းတို့ ဟုတ်မှန်သောတရားကို ဟုတ်တိုင်း မှန်စွာမြင်အောင် ရှု၏။ ရှုမြင်ပြီး၍ ငြီးငွေ့ခြင်းငှါ၊ ကပ်မက် ခြင်းကင်းခြင်းငှါ၊ ဖြစ်ပေါ်တတ်သော ဘဝ၏ ချုပ်ဆုံးခြင်း ငှါ မဂ်ဖိုလ်နိဗ္ဗာန်တရားကို ရအောင်ကျင့်၏ဟု ဆိုလေသည်။ ပညာမျက်စိအမြင်ရှိသော သူတို့သာ လက်ခံနိုင်သော တရား ဖြစ်ပါသည်။

ယခုအခါ သူငါကစ ဗုဒ္ဓ၏ ပရိယတ္တိဒေသနာများကိုသာ မိမိ တို့၏ ပင်ကိုယ်ဉာဏ်ဖြင့် ဝေဖန်၍နေကြလေသည်။ ထိုပရိယတ္တိက ညွှန်ပြသည် အတိုင်း ပဋိပတ္တိအလုပ်ကို လက်တွေ့မျက်တွေ့ ဖြစ် အောင် ကိုယ်ထိလက်ရောက် ကျင့်ကြံကြိုးကုတ် အားထုတ်သူ များမှာ အလွန်နည်းပါးလှသည်။ အားထုတ်နေကြသောသူတို့ တွင်လည်း လက်သန်သော ဝိရိယမရှိကြဘဲ ပါရမီကုသိုလ်ဖြစ်ရုံ၊ အထုံဝါသနာ ဖြစ်ရုံမျှ စိတ်ကူးနေကြသူများ ပါဝင်နေကြလေ သေးသည်။ မိမိတို့ ဝါသနာအလျောက် ပြုလုပ်နေခြင်းကို တစုံ တခုအပြစ်ပြု၍ မပြောလိုသော်လည်း ဗုဒ္ဓဒေသနာတော်ကို စာ

ပေးသိမျှဖြင့် ဝေဖန်ပြောဆိုနေကြ ရုံမျှမက အလုပ် လုပ်နေသူများကိုပင် ပိဋကတ်ဖြင့် ခြောက်လှန့် ပြောဆိုနေသူများ ရှိနေလေသည်။

အချို့သော သူတို့ အယူအဆမှာ ပိဋကတ် ကျမ်းဂန် စာပေဗဟုသုတဖြင့် ရုပ်နာမ်၊ ခန္ဓာ၊ အာယတန ဓာတ်သစ္စာတို့ကို လေ့လာသင်ကြားပြီးမှ ဝိပဿနာတရားကို ပွားများအားထုတ်ကောင်းသည်ဟုယူဆပြောဆိုသူများရှိကြ၏။

စာပေဗဟုတာကိုရှာမှီးဆည်းပူးခြင်းသည်။ ပရိယတ္တိသာသနာကိုအားပေးချီးမြှောက်ရာကျသဖြင့် ကဘက်က အလိုအားဖြင့် ကောင်းသည်ဟု ယူဆရ၏၊ ရဟန်းတော်များအတွက် အလွန်ပင် သင့်တော်သော စကားဖြစ်ပါ၏။

သို့သော် စာပေမတတ်သူများမှာ ဆရာကောင်းရှာ၍အားထုတ်ရလေသည်၊ ဆရာက ပရိယတ္တိ ကျမ်းဂန် အလို အတိုင်း သင်ကြားပြသကြလေသည်။ ဆရာကပြသသည့် အတိုင်း လိုက်နာ၍ ကျင့်ကြံအားထုတ်ခြင်းကည်၊ ပဋိပတ္တိသာသနာတော်ကို အားပေး ချီးမြှောက်ရာ ကျ၏။ ဉာဏ်ရလျှင် ပဋိဝေဒသာသနာဖြစ်နိုင်ကြမည်သာတည်း။

ပရိယတ္တိဒေသနာကို မသိဘဲနှင့် တရားကို အားထုတ်သူများမှာ ဘာအကျိုးမျှမရ အတ္တကိလမထာနုယောဂသာ ဖြစ်သည်ဟုယူဆပြောဆိုနေကြသူများသည်၊ တရားကို အားထုတ် နေသူများအပေါ်တွင် လူဇော်၊ လူမော်လုပ်ပြီး ခြိမ်းခြောက်၍ အနိုင်ကျင့်ရန်ကား မသင့်ဟုထင်ရသည်။ မိမိကိုယ်တိုင် တရားကိုးအားထုတ်နေသူ တဦးတယောက်ဖြစ်ပါမူကား သူဘပါးတို့

လဲမှားနေသောအမှားကိုမြင်၍ ပြုပြင်အားပေးလိုသောသဘော ဖြင့် ပြောဆိုဆုံးမလျှင်ကား လက်ခံရမည်သာတည်း။

အချို့သောဆရာ အချို့သော ပညာရှိတို့သည်၊ မိမိကိုယ်တိုင်တရားကိုအားထုတ်ဘူးသူများ၊ မဟုတ်သော်လည်း၊ စာပေကျမ်းဂန်အရ အမိရှိသူများဖြစ်ကြ၍ ထိုပုဂ္ဂိုလ်တို့သည် ဝိပဿနာဉာဏ်၏ အထက်ဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်တိုင်အောင် စာသဘောဖြင့်အပြောအဆိုကောင်းသူများဖြစ်ကြ၏။ ထိုပုဂ္ဂိုလ်မျိုးတို့တွင် အချို့သော ဆရာတို့သည် မိမိကိုယ်တိုင်နားမလည်သေးသော ဝိပဿနာ အလုပ်ကိစ္စ၌ ဆရာတဆူကဲ့သို့ ပြုလုပ်ပြီး တရားအားထုတ်နေသူများကို အဖက်ဖက်မှ ချိုးဖဲ့ဖျက်ဆီးလိုက်သကဲ့သို့ အပြစ်ဆိုတော်မူတတ်ကြလေသည်။ ဤစာကိုရေးသားသူသည်ပင် ထိုဆရာမျိုးနှင့် တွေ့ဘူးဖန် များလှပါပြီ။ တရားအားထုတ် လိုသူများနှင့် အားထုတ်နေသူများ စိတ်ဓါတ်ပျက်ပြားအောင် အနိုင်ယူပြီး ပြောဆိုတတ်သော ထိုဆရာတို့အား တောင်းပန်လျှောက်ထားကြည့်ခဲ့သည်၊ ယခုတရား ပြနေသော ဆရာတို့၏ အလုပ်ကိစ္စမမှန်မကန် ကျမ်းဂန်နှင့် ဖီလာဆန့်ကျင်ဖြစ်နေသည်ဟု ယူဆနေသောကြောင့် ဆရာတို့ မနှစ်သက်နိုင်ခြင်းဖြစ်ရပေလိမ့်မည်။

ဆရာတို့၏ လုပ်နည်းလုပ်ပုံ ကမ္မဋ္ဌာန်းကို ပေးသနားစေချင်ပါသည်။ ယခုလက်တွေ့ ဆရာတို့ပေးသောနည်းဖြင့် အားထုတ်ကြည့်မှာပါဘဲ။ ကမ္မဋ္ဌာန်းအားထုတ်သောအခါ အစဦးစွာဘယ်ပုံနေ၍ ဘယ်ပုံနှလုံးသွင်းရပါသနည်းဟု မေးကြည့်သော အခါ တိတိ ကျကျ မပြောနိုင်ကြဘဲ ပိဋကတ်စာအုပ်ကြီးတွေ ကိုသာ

လက်ညှိုးညွှန်ပြကြလေသည်။ ထိုပုဂ္ဂိုလ်တို့သည် သူတပါးအလုပ်ကိုလည်း အားပေးကူညီမှုမရှိ၊ မိမိကိုယ်တိုင်ကလဲ မသိသေးသူများသာ ဖြစ်နေလေသည်။ ဗုဒ္ဓဘာသာအယူဝါဒကိုယုံကြည်နေကြသူ အချင်းချင်း ဖြစ်နေကြပါလျက်နှင့် ဝိပဿနာ တရားအလုပ်ကို လူသာမညတို့ အားမထုတ်ကောင်းသလို ပြောဆိုနေကြသည်အပြင် ဝိပဿနာတရား ပြန့်ပွါးစည်ကားလာလျှင် သာသနာတော်ကြီးပင် ပျောက်ကွယ်ပျက်စီးသွားရတော့မည် ကဲ့သို့ ပြောဆိုသူများလဲ မနဲတော့ပေ။ ဝိပဿနာတရားသည် ဗုဒ္ဓရှင်တော်၏ ဟောကြားသော တရား မဟုတ်ပါလော၊ ဟုတ်လျှင် အဘယ်ကြောင့် လက်မခံလိုပါသနည်း။ သာသနာတော် ဘာကြောင့် ပျက်စီးရတော့မှာလဲ။ ဤသို့စီးစစ်ကြည့်လျှင်တရားကို အားမထုတ်သူက တပက္ခ-တရားကို အားထုတ်သူက တပက္ခ- နှစ်ပက္ခ ဖြစ်နေသော သူတို့သည် တဖက်ကို တဖက်က နှိမ်နင်းလိုသော ဆန္ဒရှိနေကြသည်ကို တွေ့မြင်ရလေသည်။

ရိုးသားဖြောင့်မှန်သော ဗုဒ္ဓဘာသာတို့သည် ဗုဒ္ဓသာသနာတော်၏ ကြီးပွါးစည်ပင်ခြင်းကို မျှော်လင့် တောင့်တနေသော ဗုဒ္ဓဘာသာစစ်စစ်၊ ထိုနှစ်ပက္ခတွင် အပါအဝင် မဟုတ်တော့ချေ။ ကြားနေအဖြစ်တွင် ရပ်တည်နေကြလေသည်။ ရိုးသားဖြောင့်မှန်သော ဗုဒ္ဓဘာသာတို့သည် ဝိပဿနာတရားကို မိမိကိုယ်တိုင်လဲ အားထုတ်ကြလေသည်၊ ဝိပဿနာတရားကို မိမိမှ တခြားသူတခြားတို့ အားထုတ်ကြစေရန် တိုက်တွန်းနှိုးဆော်ခြင်း အမှုကိုလဲ ပြုလုပ်ကြလေသည်။ တရားအားထုတ်နေသူများကိုလည်း အဖက်ဖက်က ကူညီအားပေးကြ လေသည်။ သူတို့၏ ထူးခြား

ချက်တခုမှာ ဝိပဿနာတရားကို အားထုတ်မှုသည် ကိုယ်ရေး ကိုယ်တာအတွက် အားထုတ်ရခြင်းသာ ဖြစ်သည်။ သူတပါးနှင့် ဘာမျှမသက်ဆိုင်ချေ။ မိမိကိုယ်တိုင်တရားကို သိမြင်လျှင် မိမိ ကိစ္စပြီးရတော့မည်သာ ဖြစ်သည်။ သို့ကြောင့် ဝိပဿနာ တရား ကို အားမထုတ်နိုင်သေးသော သူများကိုလည်း တစုံတခုအပြစ် မဆိုမူ၍ ကြည်ကြည်ဖြူဖြူနှင့် ခွင့်လွှတ်နိုင်ကြခြင်းပင်။ သူတို့၏ထူး ခြားချက် ဖြစ်လေသည်။

တဖက်အစွန်းသို့ ရောက်နေကြသော အချို့သော ယောဂီတို့ ကလဲ တရားကိုအားမထုတ်ရသော ဗုဒ္ဓဘာသာဝင် လူရှင်ရဟန်း တို့အား ပြင်းပြင်းထန်ထန် ဝေဖန်ပြောဆိုနေကြ ပြန်လေသည်။ ငါတို့ကား ဝိပဿနာတရားကို အားထုတ်နေသူဖြစ်၍ ငါတို့သာ တရားစစ်တရားမှန်ကို သိသည်။ ငါတို့သာ ဗုဒ္ဓဘာသာ စင်စစ် ဖြစ်နိုင်သည်၊ ငါတို့မှတပါး တခြားသောသူတို့သည် တရားစစ် တရားမှန်ကို မသိသူများဖြစ်သည်။ ဗုဒ္ဓဘာသာပင်မဟုတ်သကဲ့ သို့ ပြင်းပြင်းထန်ထန် ဝေဖန်ပြောဆိုကြသူများလဲ ရှိကြပြန်လေ သည်။ ပုဂ္ဂိုလ်တို့သည် တရားစစ်တရားမှန်ကို ရရန် အားထုတ် ခြင်းက နည်းပါးပြီး သူတပါးအပေါ်တွင် ကြွားလုံး ဝါလုံး များနှင့် တဖက်သား မခံသာအောင် အပြစ်ဆိုတတ်သော သူ များသာ ဖြစ်လေသည်။ ထိုသို့ ပြောဆိုသော အားဖြင့် မိမိ အတွက်လည်း အကျိုးမရှိ၊ သူတပါးအကျိုးလည်းမဖြစ်၊ နစ်နာ မှုမျိုးကိုသာ တွေ့ရလေသည်။ ဗုဒ္ဓသာသနာ တော်၌ စာပေ ကျမ်းဂန်ကို ပို့ချသင်ကြားနေကြသော စာချ-စာသင် ပုဂ္ဂိုလ် များရှိသကဲ့သို့ တဖက်၌ ဒါယကာတို့ကလဲ သင်္ကန်း ဆွမ်း-ဆေး

ကျောင်း ပစ္စည်းတို့ဖြင့် သာသနာတော်ကို ချီးမြှောက်ထောက်ပံ့နေကြသော သာသနာပြုပုဂ္ဂိုလ်ကြီးတွေ ရှိနေကြလေသည်။ ထိုပုဂ္ဂိုလ်ကြီးတွေ ရှိနေသောကြောင့် ယနေ့တိုင်အောင် ဗုဒ္ဓသာသနာတော် တည်တန့်ခိုင်မြဲနေသည် မဟုတ်ပါလော။ ထိုပုဂ္ဂိုလ်တို့သည် ဂန္ထဓုရ အလုပ်ကို အားထုတ် ဆောင်ရွက် နေကြသော ပုဂ္ဂိုလ်များဖြစ်သည်အားလျော်စွာ ဝိပဿနာဓုရကို အားမထုတ်နိုင်ကြသော်လည်း သာသနာဝန်ကိုတာဖက်က ထမ်းဆောင်နေကြသော ပုဂ္ဂိုလ်တို့အား လူဒါယကာတို့က ပစ္စည်းလေးပါးဖြင့် ချီးမြှောက် ထောက်ပံ့ရမည့်ကိစ္စကို မမေ့လျော့ရ မထားသင့်ပေ။ ဝိပဿနာ ယောဂီများသည် ဤအချက်ကိုသတိပြုပါ။

အချို့ အချို့သော ယောဂီတို့သည် မိမိ၏တရား အလုပ်၌ အားကိုးအားထား ပြုလောက်အောင် လက်ဆုပ်လက်ကိုင်တရားဟူ၍ပင် မရနိုင်ကြသေးပေ။ မိမိကိုယ်တိုင်က သံသရာခရီးသွားဘဝက မလွတ်သေးသောသူ ဖြစ်နေလေသည်။ ဒါန-သီလ-သမထ တရားကို ကိုးစားနေသော သူများနှင့်တလမ်းတည်းခရီးသွားနေသူများသာ ဖြစ်လေသည်၊ ဝိပဿနာဟု ဆိုင်းဘုတ်သာ ခွဲခြားလေသည်။ မိမိကိုယ်တိုင်က မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ မရောက်သေးပါလျှင် သဘာဝမှာ ဘဝသံသရာ သမားချင်း အတူတူပင် ဖြစ်လေသည်။ သို့ရာတွင် မိမိကိုယ်တိုင်ကို ဘဝ သံသရာမှ လွတ်မြောက်နေသူပမာ ကြွားဝါ၍နေသူများမှာ အလုပ်သမား ပီပီသသ မဟုတ်နိုင်ချေ။ ဝိပဿနာအလုပ်ကို အားမထုတ်နိုင်ကြသေးသော လူရှင်ရဟန်းတို့အား ကဲ့ရဲ့ ပြစ်တင်ပြောဆိုခြင်း၊ မိမိကိုယ်တိုင်က လှူဒါန်းပေးကမ်းမှု မပြုသည့်

အမြင် သူတပါးတို့၏ အလှူဒါနကို ပိတ်ပင်တားဆီးခြင်း အမှုကို ပြုလုပ်တတ်သူများလဲ ဤဝိပဿနာဘောင်ထဲတွင်ပါဝင်နေကြလေတော့သည်။ ထိုသူတို့သည် တရားသမား စစ်စစ် မဟုတ်ချေ။ အယောင်ဆောင် အဖျက်သမားများသာ ဖြစ်လေသည်။ ထိုကဲ့သို့ အပြုအမူမျိုးကြောင့်—

ဝိပဿနာ အလုပ်ကို မလုပ်နိုင်သေးသော သူတို့အမြင်မှာ ဝိပဿနာတရားသည် သာသနာတော်ကြီး၏ အန္တရာယ်ကြီးတခုကဲ့သို့ ထင်မြင်လာကြသည်။ ဝိပဿနာ အလုပ်ကို မလုပ်နိုင်သူများ အားထားမှီခိုရာ တရားမှာ ဒါန-သီလ-သမထ တရားပင် ဖြစ်တော့သည်။ ထိုတရားကို မလုပ်ကောင်း- မလှူကောင်း- လှူသောသူတို့မှာ မသိမလိမ္မာသော သံသရာဝဋ်ဆင်းရဲ သမားတို့သာ ဖြစ်သည်ဟု ပြောဆိုသူများ ကြောင့်၊ ဝိပဿနာသမားဆိုလျှင် သာသနာကို ဖျက်ဆီးနေသော လူတစုဟု မှတ်ထင်နေကြသည်၊ မိမိတို့နယ် အတွင်းသို့ ဝိပဿနာ တရား ဝင်ရောက်ပြီး ထိုးဖောက် မလာနိုင် အောင် ကာကွယ် စောင့်ရှောက် ကြရန် အရေး ကြီး လာ လေ သည်။ သို့ ကြောင့် ဝိပဿနာ တရား ဆို လျှင် ဘုရားဟော တရား မဟုတ်သကဲ့သို့ ပြောင်လှောင်ပျက်ရယ် ပြောဆိုသူများလဲ မနဲတော့ပေ။ ဝိပဿနာဘောင်ထဲက မကောင်းသတင်းများထွက်ပေါ်လာလျှင် ထိုသတင်းကို အတည်ပြုပြီးလျှင် ဝိပဿနာအဖွဲ့ဟု သမုတ်ကိုထိပါးပုပ်ခပ်လာကြသည်။ထိုသို့ဖြစ်ရခြင်းမှာအကြောင်းမဲ့ဖြစ်ပေါ်သောစကားမဟုတ်ချေ။

ဝိပဿနာအမည်ကို ခံယူနေကြသော အချို့ အချို့ သော

အပြောသမားနှင့် အကြွားသမားတို့သည် တကယ် အလုပ်တွင် မိမိကိုယ်တိုင်က ဘာမျှ မဟုတ်သေး သေးသော်လည်း၊ မိမိအတွက် မစဉ်းစားနိုင်ဘဲ သူတပါးတို့အား အပြစ်ဆိုတတ်သူ အယောင် ဆောင်သမားတို့၏ စကားကြောင့် ဖြစ်လာရသည်ဟု ဆိုလျှင် မှားနိုင်လိမ့်မည်မဟုတ်ချေ။

ဗုဒ္ဓတရားတော်သည် မကောင်းမှုဟူသမျှကို ပိတ်ပင် တား ဆီးလေသည်။ ဘယ်မကောင်းမှုမျိုးကိုမှ ပြုလုပ်ရန် ခွင့်မပေး ခဲ့ချေ။ သို့ကြောင့် ဗုဒ္ဓတရားတော်ကို လိုက်နာ ကျင့်ကြံအား ထုတ်ကြသော ယောဂီတို့သည် မာယာသာဌေယျတရား လုံးဝ မပါရအောင် သတိထားကြရသည်။ သူတပါးအပြစ်ကိုမရှုဘဲ၊ မိမိကိုယ်ကိုသာအပြစ်ရှာ၍ရှု ဆင်ခြင်ရသည်။ ငါတရား လုပ်နေ ဒါဘဲဟု မိမိကိုယ်ကိုမြှောက်ပင့်ပြောဆိုမှု၊ သူတပါးအထင်ကြီး အောင်ဟန်ဆောင်မှုတို့မှ ကင်းရှင်းစေရမည်။ ပရိယတ္တိတရား မကွယ်မပျောက်ရအောင်ဆောင်ရွက်အားထုတ်ကြသော ပုဂ္ဂိုလ် တို့အားလည်း တတ်အားသမျှအားပေး ကူညီနိုင်ရမည်။ ဒါန- သီလ-သမထ-ဝိပဿနာတရားတို့သည် ဗုဒ္ဓသာသနာတွင် သူ့အ ဆင့်အတန်းနှင့် သူ့နေရာထင်ရှားစွာနေသည်။ မိမိတို့ဝါသနာ အလျောက် သာသနာဘက်က တတ်နိုင်သမျှထမ်းဆောင်နေကြ သူများဖြစ်ရာ၊ သာသနာတော်အကျိုး၊ မိမိအကျိုးတို့ကို သယ် ပိုးဆောင်ရွက်နေသောပုဂ္ဂိုလ်များသာ ဖြစ်ကြသည်။ မိမိတို့က လှူဒါန်းပေးကမ်းခြင်းတို့ဖြင့် ချီးမြှောက်ထောက်ပင့်ခြင်းအမှုကို

 ပြုလုပ်မှ သာသနာတော်ကိုစောင့်ရှောက်ရာကျမည် မဟုတ်ပါ

လော။ ဒါ-နသီလ-သမထ-တရားတို့ကို မိမိတို့ကိုယ်တိုင်ကလည်း မပြုမလုပ် အားမထုတ်သည့်အပြင် ပြုလုပ် အားထုတ် နေကြသော သူများ တို့အား လည်း ဘဝသံသရာ ကံကြမ္မာ လမ်းကြောင်း (၂၉) ပါးသောကံအပေါင်းဟုဆို၍ ပိတ်ပင်တားဆီးတတ်ကြလေသည်။ (၂၉)ပါးသောကံဆိုသည်မှာ ဒုစရိုက်(၁၀)ပါး၊သုစရိုက်(၁၀)ပါး၊ မဟာဂ္ဂုတ်ကံ(၉)ပါးကို ဆိုလိုသည်။ ထိုတရားတို့သည် အကြောင်းအကျိုး မကင်းသေးသော ဘဝသံသရာလမ်းကြောင်း ဟုတ်မှန်ပါသည်။ ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးပြတ်ကင်းနေသော ရဟန္တာပုဂ္ဂိုလ်ကြီးများမှာ ထိုကံတရားတို့သည် ပြတ်ကင်းသွားလေပြီ။ ပြုလုပ် အားထုတ်ပေးသော်လည်း ကြိယာကပျာကတသာ ဖြစ်သွား လေသည်။ ကံအကြောင်းတရားဟုမဆိုရပြီ။

ယခုအခါ အချို့သောသူတို့သည်ဘဝသံသရာလမ်းကြောင်းဖြစ်သော(၂၉)ပါးသော ကံအကြောင်းတရားတို့ကို မိမိကိုယ်တိုင်လည်းမပြုလုပ်၊ သူတပါးပြုလုပ်အားထုတ်သော ဒါနသီလသမထ တရားတို့ကိုလည်း တားဆီး ပိတ်ပင် နေကြ ပြန်လေသည်။

မိမိကိုယ်တိုင်(၂၉)ပါးသော ကံအကြောင်း တရားကို ပယ်သားနိုင်သူသည် အစာယ်အဆင့်အတန်းတွင်ရပ်တည်နေသနည်းဟု ဝေဖန်ချက်ထုတ်ရန်လိုနေလေပြီ။

(၂၉) ပါးသော ကံကို ပယ်ထားနိုင်သော ပုဂ္ဂိုလ်တို့မှာ လူသာမညမဟုတ်ကြဘဲ ရဟန္တာပုဂ္ဂိုလ်များသာဖြစ်လေသည်။ နောက်တမျိုးမှာ အတိမာဝန္တ-ဥစ္စေဒဒိဋ္ဌိအယူရှိသော အန္ဓဗာလ ပုထုဇဉ်များဖြစ်လေသည်။ ယခုအခါ ကံကို ဖြတ်နေကြသော သူများသည် ဤနှစ်မျိုးတွင် တမျိုးမျိုးက ဖြစ်ရပေလိမ့်မည်။ ရဟန္တာပုဂ္ဂိုလ်ဟုဆိုရမည်လော၊ ဤသို့ဆိုရမှာကလည်း လူဝတ်ကြောင်များ၊ အိုးအိမ်ထူထောင်နေကြသူများကပင်၊ (၂၉)ပါးသောကံကိုဖြတ်ဖြတ်နေကြရာ ကာမတဏှာ-ဘဝတဏှာကို မခွါနိုင်-မစွန့်နိုင်သေးသော၊ သူ့လို-ငါ့လိုသာမညလူသားကို မျက်စေ့ါးထင်ထင်မြင်နေရသဖြင့် ဗုဒ္ဓသာဝက- ရဟန္တာ ပုဂ္ဂိုလ်ဟု လူထုကလက်ခံနိုင်ကြမည်မဟုတ်ချေ။ မိမိကိုယ်တိုင်က မဟန္တာဖြစ်၍(၂၉) ပါးသောကံကို ပယ်ထားခြင်းကိုကျွန်ုပ်တို့ကလက်ခံရပေမည်။သို့သော်-အိုးအိမ်ထူထောင် နေကြသောလူရဟန္တာကို မူကားလူထုကလက်ခံကြမည်မဟုတ်ချေ။ရဟန္တာပုဂ္ဂိုလ်သည် ၂၉ ပါးသော ကံအကြောင်းတရားတို့ကိုအတင်းဒလကြမ်းအခမ့နည်းလမ်းဖြင့် စွန့်ပယ်နိုင်ခြင်း၊ ဖြတ်တောက်နိုင်ခြင်း၊ လုံးဝမရှိခဲ့ချေ။ ။သူ၏တရားလမ်းစဉ်အရ မဂ်အဆင့်ဆင့်၊ဖိုလ်အဆင့်ဆင့်တို့ဖြင့် ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာတို့ကို ပယ်သတ်နိုင်လေသည်။ ထိုပုဂ္ဂိုလ်တို့သည် မိမိတို့ရရှိပြီးသော တရားကို သူတပါးအား ဟောကြားရာ၌ အတင်းဒလကြမ်း အခမ့နည်းလမ်းဖြင့် ၂၉ ပါးသော ကံကိုပယ်သတ်ရန် ဟောပြောခြင်းမရှိချေ။

ယခုအခါ မိမိကိုယ်တိုင်က ရဟန္တာပုဂ္ဂိုလ် အဆင့်အတန်းသို့

မရောက်သေးသော်လည်း ၂၉ ပါးသောကံကိုဖြတ်ထားသော ကြောင့် ရဟန္တာဟုဝန်ခံသကဲ့သို့ ဖြစ်နေခြင်း၊ လူဝတ်ကြောင် များကလည်း ၎င်းနည်းတူ (၂၉) ပါးသော ကံကို ဖြတ်ကြရာ လူရဟန္တာ-ဘုန်းကြီးရဟန္တာ ထိုနှစ်မျိုးနှစ်စား သာသနာတော် ၌ ရှိလေသယောင်ယောင် အယူဝါဒ ပေါ်ပေါက် လာကြ သည်။

မိမိလည်းမပြု သူတပါးတို့ပြုလုပ်သော ဒါနသီလ-သမထ တို့ကို ပိတ်ဝင်တားဆီးခြင်း အမှုကိုပြုကြရာသာသနာ၌ အကျိုး မရှိသော လူတစုဟု လူထုတ ထင်မြင်လာကြသည်။ ထိုအမြင် မျိုးကို မှားသည်ဟု မဆိုသာပေ။

## ကူးစက်တတ်သောရောဂါဆိုးကြီး

ဝိပဿနာတရားသမားဟုဆိုလျှင် အချို့သောနယ်က လူတွေ ကြောက်ရွံ့နေကြလေသည်။ ဝိပဿနာတရားသာ ဒို့နယ်သို့ ရောက်လာလျှင် သာသနာကွယ်တော့မှာဘဲ။ အလှူဒါန ဆုတ် ယုတ်သွားမှာပါဘဲ။ ရဟန်းတော်များအတွက် ပစ္စည်း လေးပါး ဖြင့် ချီးမြှင့်ထောက်ပံ့သူ ရှိမည်မဟုတ်တော့ပါဘူး။ ငါတို့ရပ် ရွာ မဒသမှာ နေထိုင်ကြသော လူတို့အယူအဆ မတူကြဘဲ ကွဲပြိုကုန်ကြမှာပါဘဲ။ ဝိပဿနာဆိုဒါ ကူးစက်တတ်သောရော ဂါဆိုးပမာ ကြောက်စရာကောင်းသော တရားဟုဝါဒ ဖြန့်နေ

ကြလေသည်။ ဒါန-သီလ-သမားတို့ကလဲ ဝိပဿနာ ဆိုလျှင် သာသနာ့တရားဟု မထင်၊ သာသနာ့ဖျက်တရားဟု ထင်မြင်ကြ လေသည်။ ဝိပဿနာ ဆရာအချို့တို့ကလဲ ဒါန-သီလ-သမထ တရားကို ဗုဒ္ဓတရားဟူ၍ပင် မယူဆ။ သာသနာပ တရားဟုပြော ဆိုနေကြပြန်လေသည်။ ဗုဒ္ဓဘာသာဝင်ချင်း အတူတူ ဖြစ်နေကြ သော်လည်း ဝိဝါဒများနေခြင်းသည် ဗုဒ္ဓ သာသနာကို ချီး မြှောက် ထောက်ပံ့ရာမကျ၊ ဗုဒ္ဓသာသနာကို အတွင်းကနေ၍ ဖျက်ဆီးရာသာ ကျပေသည်။ ပျက်စီးစေလိုသော စေတနာမရှိ ကြစေကာမူလည်း မိမိပမာဏထက်ပိုမို၍ ကြွားဝါမှု၊ ဟန် ဆောင်မှုတို့ကြောင့် တဖက်ကိုတဖက်က တင်စီး၍ ပြောဆိုကြ သောအခါ သာသနာတော်အလို မဟုတ်တော့ပဲ မိမိအလိုသို့ ဆွဲဆောင်ပြီး ပြောဆိုလာကြလေသည်။

အပြစ်များသော ပုထုဇဉ် လူသားတို့စိတ်ကို သတိနှင့် ထိမ်း ထားပါမှ တော်ရုံကျပါသည်။ ဗုဒ္ဓဘာသာ သာသနာကို ကိုး ကွယ်နေကြသူအချင်းချင်းပင် ဖြစ်ကြသော်လဲ ဗုဒ္ဓ၏ တရားကို ဤတရားက လောကီတရား၊ ဤတရားက လောကုတ္တရာဟု သေ ချာစွာ မသိကြသဖြင့် ဝိဝါဒများနေကြ လေသည်။ လောကီ တရားနှယ်သည် အလွန်ပြန့်ကျယ်လျက်ရှိသည်။ ထိုလောကီတရား ဟူသမျှသည် အဝိဇ္ဇာဦးစီးသော ပုညာဘိသင်္ခါရ- အပုညာဘိ သင်္ခါရ-အာနေဥ္စာဘိသင်္ခါရ နယ်အတွင်းကချည်း ဖြစ်သည် ဟူ၍ မှတ်ရာ၏။

အကုသလ ကမ္မပထတရားဆယ်ပါး၊ ကုသလကမ္မပထတရား ဆယ်ပါး၊ မဟဂ္ဂုတ်ကံ (၉)ပါးတို့သည် အဝိဇ္ဇာ လမ်းကြောင်း၌ ရပ်တည်နေကြသော လောကီတရားဖြစ်သည်ဟု မှတ်ရာ၏။

ဝိပဿနာတရားကို ပွါးများအားထုတ်၍ မဂ်ဉာဏ်၊ ဖိုလ် ဉာဏ်သို့တိုင်အောင် ဉာဏ်အမြင် ပေါက်ရောက် သူများသာ အဝိဇ္ဇာလက်အောက်မှ လွတ်မြောက်၍ ဝိဇ္ဇာ လမ်းကြောင်းသို့ ဆိုက်ရောက်နိုင်ကြသည်။

ဝိပဿနာတရားကို ပွါးများအားထုတ် ပါသော်လည်း မဂ် ဉာဏ်၊ ဖိုလ်ဉာဏ်သို့ မဆိုက် မရောက်သေးသမျှ ကာလပတ်လုံး အဝိဇ္ဇာ လက်အောက်မှ မလွတ်မြောက်ကြသေးချေ။ အဝိဇ္ဇာနယ် သည်ကား နာမရူပ-ပရိစ္ဆေဒဉာဏ်ကစ၍ အနုလောမ ဉာဏ်တိုင် အောင် အဝိဇ္ဇာနယ်အတွင်းသို့ ပါဝင်လျက်နေလေသည်။

အထူးသတိပြုဘွယ်မှာ ဒါန-သီလ-သမထ တရား တို့သည် ဝိဇ္ဇာဉာဏ်-ဝိဇ္ဇာနယ်သို့ မရောက်မီ လမ်းစပ်ကြား၌ အဝိဇ္ဇာဦးစီး သော လောကီတရားတို့တွင် အကောင်းဆုံး၊ အမြတ်ဆုံးတရား ဟူ၍ မှတ်ရာ၏။

ဥပမာ သမုဒ္ဒရာ ရေပြင်သည် အလွန်နိမ့်၏ ဟိမဝန္တာ တောင် သည် သမုဒ္ဒရာရေမျက်နှာ ထက်အလွန်မြင့်၏။ မြင့်မိုရ်တောင်နှင့်

နှိုင်းသော်ကားဟိမဝန္တာတောင်သည်အလွန်နိမ့်၍ မြင့်မိုရ်တောင် မင်းကသာ ယုဇနာပေါင်းအဆင့်ဆင့် မြင့်သထက် မြင့်နေလေသည်၊

ဤဥပမာအတူ-အဝိဇ္ဇာဦးစီး၊သောလောကီနယ်၌ အကုသလကမ္မပထမတရားဆယ်ပါးတို့သည်မဟာသမုဒ္ဒရာရေမျက်နှာကဲ့သို့ အလွန်နိမ့်ကျသော အယုတ်တရားဖြစ်၏။ အဝိဇ္ဇာ ဦးစီးသော ဒါန-သီလ-သမထ-ဝိပဿနာ တရားတို့ သည် ကား ဟိမဝန္တာ တောင်ကြီးကဲ့သို့ လောကီနယ်တွင် အမြင့်ဆုံး အမြက်ဆုံးသော (အယုတ်တရားဖြစ်၏) မဟာသမုဒ္ဒရာရေမျက်နှာနှင့် ဟိမဝန္တာ တောင်ကြီး အနိမ့်အမြင့်ကွာခြားသကဲ့သို့၊ အကုသလ ကမ္မပထ တရားဆယ်ပါးနှင့် ဒါန- သီလ- သမထ- ဝိပဿနာတရားတို့ ကွာခြား နေကြသည်၊ (လောကီနယ်တွင် အကောင်းဆုံး တရားဟုသတောပေါက်ကြပါ)

ဝိပဿနာအခြေခံနှင့်ဖြစ်သော မဂ်ဉာဏ်ဖိုလ်ဉာဏ် တို့သည် ကား (အဝိဇ္ဇာသက်အောက်မှ) လွတ်မြောက်ကြပြီ ဖြစ်သော ကြောင့် ထိုအဝိဇ္ဇာနှင့်ဆန့်ကျင်ဘက်ဖြစ်သော (ဝိဇ္ဇာနယ်) အတွင်းသို့ ဉာဏ် အမြင် လင်း၍ ရောက် သွား ကြ လေသည်။ ဤဝိဇ္ဇာဉာဏ်သို့ ရောက်ခြင်းသည် မြင့်မိုရ် တောင် မင်းကြီး ကဲ့သို့ အမြင့်ဆုံး အမြတ်ဆုံးနေရာသို့ ရောက်ပြီဟု မှတ်ရာ၏၊ ဟိမဝန္တာတောင်အမြင့်နှင့် မြင့်မိုရ်တောင်အမြင့်ကို နှိုင်းဆချင်

ဟိမဝန္တာတောင်အမြင့်ကား မပြောစသာ ရှက်စရာကောင်းပေ လိမ့်မည်။

ဟိမဝန္တာ တောင်နှင့် ဒါန-သီလ-သမထ-ဝိပဿနာ တရား တူကြ၏။ မြင့်မိုရ်တောင်မင်းနှင့် မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ တူကြ၏။ ဗုဒ္ဓသည် ဒါန-သီလ-သမထ တရားတို့ကို အဝိဇ္ဇာလမ်း ကြောင်းတွင် အကောင်းဆုံးဟု ဟောထားခဲ့လေပြီ၊ ထိုမျှဖြင့် ဗုဒ္ဓတရား၏ လမ်းဆုံးမဟုတ်သေးရကား နိဗ္ဗာန်တခါးသို့ ပို့ ဆောင်လိုသောဗုဒ္ဓသည်—

ယောခေါတေ တွံဂေါတမိ ဓမ္မေဇာနေ
ယျာသိ၊ ဣမေဓမ္မာ သရာဂါယ သံဝတ္တန္တိ၊
နောဝိရာဂါယ၊ သံယောဂါယသံဝတ္တန္တိ၊ နောဝိ
သံယောဂါယ၊ သဉပါဒါနာယ သံဝတ္တန္တိ၊
နောအနုပါဒါနာယ၊ မဟိစ္ဆတာယ သံဝတ္တန္တိ၊
နောအပ္ပိစ္ဆတာယ၊ အသံတုဋ္ဌိယာ သံဝတ္တန္တိ၊
နောသံတုဋ္ဌိယာ ကောသဇ္ဇာယ သံဝတ္တန္တိ၊
နောဝိရိယာရမ္ဘာ- သင်္ဂဏိကာယ သံဝတ္တန္တိ
နောဝိဝေကာယ၊ အာစယာယ သံဝတ္တန္တိ၊
နော အပစယာယ။ ဧကံသေန ဂေါတမိ ဇာ
နေယျာသိ၊ နေသောဓမ္မော၊ နေသောဝိနယော
နေတံသတ္ထုသာသနံ--

မြန်မာပြန်။ ။ဂေါတမီ၊ မိထွေးတော် ပေါတမီ၊ ခေါ၊
အမှန်စင်းစစ်အားဖြင့်၊ ယေဓမ္မာ၊ အကြင်တောဘူမက တရားတို့
သည်၊ သန္တိ၊ ရှိကြကုန်၏။ တေဓမ္မာ၊ ထိုတောဘူမက တရားတို့
တို့တို၊ တွံ၊ သင်ဂေါတမီသည်။ ဇာနေယျာသိ၊ ခွဲခြား၍
ထားလေလော၊ ဣမေဓမ္မာ၊ ဤတောဘူမကတရားတို့သည်သရာ
ဂါယ၊ ရာဂနှင့်တကွဖြစ်ခြင်းငှာ၊ သံဝတ္တန္တိ၊ ဖြစ်ကုန်၏၊ ဝိရာ
ဂါယ၊ ရာဂကင်းခြင်းငှါ၊ နောသံဝတ္တန္တိ၊ မဖြစ်ကုန်၊ ဣမေ
ဓမ္မာ။ ဤတရားတို့သည် သံယောဂါယ၊ ဝဋ်ဆင်းရဲ၌ မယှဉ်စေ
ခြင်းငှာ၊သံဝတ္တန္တိဖြစ်ကုန်၏။ဝိသံယောဂါယ၊ ဝဋ်ဆင်းရဲ၌မယှဉ်
စေခြင်းငှာ နောသံဝတ္တန္တိ။ မဖြစ်ကုန်၊ဣမေဓမ္မာဤတောဘူမက
တရားအပေါင်းသည်၊ သဥပါဒါနာယ၊ ဥပါဒါန်နှင့်တကွဖြစ်
စေခြင်းငှာ သံဝတ္တန္တိ၊ ဖြစ်ကုန်၏၊ အနုပါဒါနာယ၊ဥပါဒါန်
မရှိခြင်းငှာ၊ နောသံဝတ္တန္တိ၊ မဖြစ်ကုန်၊ ဣမေဓမ္မာတို့သည်။
မဟိစ္ဆတာယအလိုကြီးခြင်းငှာ၊ သံဝတ္တန္တိ။ ဖြစ်ကုန်၏။ အပ္ပိ
စ္ဆတာယ၊ အလိုနည်းခြင်းငှာ၊နောသံဝတ္တန္တိ။ မဖြစ်ကုန်၊ ဣမေ
ဓမ္မာတို့သည်၊ အသံတုဋ္ဌိယာ၊ မရောင့်ရဲ၊ မတင်းတိမ်ခြင်း ငှာ၊
သံဝတ္တန္တိ မဖြစ်ကုန်၊ သံတုဋ္ဌိယာ ရောင့်ရဲ တင့်တိမ်ခြင်းငှာ၊
နောသံဝတ္တန္တိ မဖြစ်ကုန် ဣမေဓမ္မာ၊ တို့သည်။ ကောသဇ္ဇာယ၊
ပျင်းရိခြင်းငှာ၊ သံဝတ္တန္တိ၊ ဖြစ်ကုန်၏၊ ဝီရိယာရမ္ဘာယ၊
လုလ္လပြုခြင်းငှါ၊ နောသံဝတ္တန္တိ၊ မဖြစ်ကုန်၊ ဣမေဓမ္မာတို့သည်။
သင်္ဂဏိကာယ၊အပေါင်းအဖော်နှင့်မွေ့လျော်ခြင်းငှါ၊သံဝတ္တန္တိ။
ဖြစ်ကုန်၏၊ ဝိဝေကာယ၊ ဆိတ်ငြိမ်ခြင်းငှာ၊ နောသံဝတ္တန္တိ၊
မဖြစ်ကုန်။ ဣမေဓမ္မာ၊ တို့သည်။ အာစယာယ၊ သံသရာ

ဝဋ္ဋဆင်းရဲကိုဖြစ်စေခြင်းငှာသံဝတ္တနိ၊ ဖြစ်ကုန်၏၊ အပစယာ ယ သံသရာ ဝဋ္ဋဆင်းရဲကို မဖြစ်စေခြင်းငှာ၊ နောသံဝတ္တနိ၊ မဖြစ်ကုန်၊ ဂေါတမီ၊ ဂေါတမီ၊ ယေသ- ဤတေဘူမက တရားသည်၊ နစမေ့ာ၊ ငါ့ဘုရား၏လိုလားတောင်းတအပ်သော တရားမဟုတ်ပေတကား။ ယေသ ဤတေဘူမက တရား အပေါင်းသည်၊ နဝိနယော၊ ငါဘုရား၏ လိုလား တောင်းတ အပ်သော ဝိနည်းမဟုတ်ပေတကား။ တေ၊ ဤတေဘူမကတရားအပေါင်းသည်၊ နသတ္ထုသာသနံ- ငါဘုရား၏လိုလား တောင်းတ အပ်သောအဆုံးအမ သြဝါဒ သာသနာမဟုတ်ပါတကား၊ ဣတိ၊ ဤသို့။ ဧကံသေန၊ စင်စစ်မုချအားဖြင့်၊ ဓာရေယျာသိ၊ သိထားလေလော၊ -ဝိနယပိဋကတ်မှ-

ဤဒေသနာတော်၏လိုရင်းအဓိပ္ပါယ်မှာ-

အဝိဇ္ဇာလမ်းကြောင်းတွင်အကောင်းဆုံးဟူ၍ ဟောထားခဲ့သော၊ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာတရားတို့သည်၊ တေဘူမက သင်္ခါရတရားတို့သာဖြစ်သည်။ ထိုတရားတို့သည်၊ မုချအားဖြင့် ငါဘုရားလိုလားတောင့်တအပ်သောတရားမဟုတ်ချေ။ သမုဒ္ဒရာရေပြင်မှာ နှစ်မျော၍နေရခြင်းထက်၊ ဟိမဝန္တာတောင်ထိပ်မှာတင်နေရခြင်းက မြင့်မြတ်ပါသေးသည်တုံ နှလုံးပိုက်၍ ဟောလိုက်သောတရားသာ ဖြစ်ကြောင်းကို ကောင်းကောင်းသိထားနိုင်၏

ဗုဒ္ဓ၏ အလိုဆန္ဒမှာ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်အထိ ခရီး

ပေါက်အောင်အားထုတ်စေလိုသော ဆန္ဒကို ထုတ်ဟ တော်မူခြင်းလဲ့ဖြစ်သေသည်၊ ဓမ္မစကြာသုတ်၌ ဧတေခေါဘိက္ခဝေ ဥဘော အန္တေအနုပဂမ္မ မဇ္ဈိမပဋိပဒါဟူ၍ဟောခဲ့ပုံကိုထောက်ဆလျှင် ဘဝသုံးသရာ အဝိဇ္ဇာလမ်းကြောင်းကို မကောင်းသော အယုတ်တရားဟု ဗုဒ္ဓကထုတ်ဟ၍ဟောခဲ့လေပြီ။ သို့သော်လူနတ်ဗြဟ္မာ သတ္တဝါဟူသမျှ ဗုဒ္ဓ၏ အလိုကြ မလိုက်နိုင်သေးလျှင်ဒါန၊ သီလ သမထ၊ ဝိပဿနာ လောကီနယ်မှာအမြတ်ဆုံးတရားကို မမေ့မလျော့ရအောင်ဟောကြားခဲ့လေသည်။ ထိုတရားတို့နှင့်ကင်းကွာ နေသူများမှာအပါယ်ဘုံသို့သာသွားရာခရီးရှိကြလေသည်။

အပါယ်ဒုဂ္ဂတိသို့ ရောက်ရှိနေသော သတ္တဝါတို့သည်၊ ဘုရား တရားသံဃာ ရတနာသုံးပါးနှင့် ကြုံတွေ့ခွင့်မရကြသဖြင့်သဒ္ဓမ္မ သဝဏံ အတိဒုလ္လဘံ ကြမ်းဂန်အရ သူတော်ကောင်း တရားကို မကြားမနာကြရသော အပါယ်ဘုံသားတို့သည်၊ မဂ်ဖိုလ်နိဗ္ဗာန် သို့ရောက်ရန်အကြောင်းတစုံတရာမရှိကြချေ။

ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ၊ တရားလက်ဆိုင်ထားသူ တို့၏လားရာဂတိကား၊ လူ့နတ်ဗြဟ္မာ မြင့်မြတ်သော သုဂတိ ဘုံသာလျှင်ရှိကြကုန်၏။ ထိုသုဂတိဘုံ၌ဖြစ်ကြသော သတ္တဝါ တို့သည် ဘုရားတရားသံဃာ ရတနာသုံးပါး သူတော်ကောင်း များနှင့်တွေ့ကြုံခွင့်ရကြလေသည်။ တွေ့ကြုံခွင့်ရသောအခါ၌သူ တော်ကောင်းတို့ ကျိုးကြောင်းပြသဆိုဆုံးမသော တရားတို့ကို ကြားနာ၍အရိယာအဖြစ်သို့ရောက်နိုင်ကြသေသည်။ အကျဉ်း

ရှုံး၍ဆိုရသော် ဒါန၊ သီလ၊ သမထတရားတို့သည် သုဂတိဘုံ သို့သာပို့ဆောင်နိုင်ကြသည်၊ သုဂတိဘုံသည် နိဗ္ဗာန် တရား ပင်မဟုတ်သေးသော်လည်း နိဗ္ဗာန်တရားနှင့်နီးစပ်သောဘုံ ဌာန ဖြစ်ကြလေသည်။ သို့ကြောင့်-။

သိဝံပတ္တေတတ္ထာန၊ ဒါနံဒါတဗ္ဗံ၊ သီလံရက္ခိတဗ္ဗံဘာဝနံ၊ ဘာဝေတဗ္ဗံ၊ ဟူ၍လာရှိသည်ကိုထောက်ဆလျှင် ဒါန သီလ သမထသက်သက်မျှဖြင့် နိဗ္ဗာန်ကိုတောင်းတကြ၊ တောင်းတပြီး၍ ဒါနကို ပြုအပ်၏။ သီလကိုဆောက်တည်အပ်၏။သမထဘာဝနာ ဝိပဿနာဘာဝနာကိုပွားများအားထုတ် အပ်၏ဟု ဆိုလေသည်။ ဤဒေသနာကိုထောက်ဆ၍ သံသရာခရီး သွားဟူသမျှ ဒါန သီလသမထဘာဝနာ၊ဝိပဿနာဘာဝနာတရားတို့ကို မည်သူ တဦးတယောက်မျှလက်လွှတ်ထားနိုင်သောတရားမျိုး မဟုတ်ပေ။ ဒါနအစရှိသော ထိုလောကီတရားတို့သည် တိုက်ရိုက် အားဖြင့် နိဗ္ဗာန်သို့ပို့ဆောင်နိုင်သောသတ္တိမရှိကြသော်လည်း သွယ်ဝိုက် သောအားဖြင့်ကား နိဗ္ဗာန်ရောက်ကြောင်းတရားမျိုးဖြစ်နိုင် လေ သည်။ အချို့သောပညာရှင်တို့အယူအဆမှာသက်သက် ပြု လုပ် သူတို့သည်။ သီလ သမထ ဝိပဿနာ တရားတို့ကို ပယ်ထား၍ ထိုဒါနတရားတခုတည်းဖြင့်ပင် နိဗ္ဗာန်ချမ်းသာကို ရနိုင်သည်ဟု ထင်မြင်ယူဆကြ၏။ ထိုပညာရှင်တို့ အယူအဆ သဒ္ဒါအရ ထုတ်ဆောင်၍ ပြကြသော သာဓကမှာလည်း ဤသို့ပင် တွေ့ ရ၏။

ဒါနညီ့ သဂ္ဂသမ္ပတ္တိ - မာရသမ္ပတ္တိ - ဗြဟ္မ သမ္ပတ္တိ - စက္ကဝတ္တိသမ္ပတ္တိ - သာဝကပါရမီဉာဏံ ပစ္စေကဗောဓိဉာဏံ အဘိသမ္ဗုဒ္ဓ ဉာဏံဒေတိ။ ဟူသော အဋ္ဌကထာစကားကို ကိုးကားယုံကြည် သူများ ဖြစ်ကြ၏။ အဋ္ဌကထာစကား ကိုလည်း မှားသည်ဟု မဆိုသာ ထိုပညာရှင်တို့၏ အယူ အဆကိုလည်း အမှန်ဟုမဆိုရ စဉ်းစားခန်း ထုတ်ကြစို့ဟုဆိုချင်ပါသည်။

ဟိုထိုဒါနတရားဖြင့် နိဗ္ဗာန်သို့ရောက်နိုင်၏ဟု ငါဆိုသော စကားသည် မမှားကောန်-မှုချမှန်၏။ ဒါနံ-အလှူဒါနသည် သဂ္ဂ သမ္ပတ္တိ-သိကြားမင်း၏ စည်းစိမ်ကို မာရသမ္ပတ္တိ-မာရ်နတ်မင်း ၏ စည်းစိမ်ကို ဗြဟ္မသမ္ပတ္တိ-ဗြဟ္မာမင်း၏ စည်းစိမ်ကိုစက္ကဝတ္တိ သမ္ပတ္တိ-စကြာမင်း၏ စည်းစိမ်ကို ဒေတိ။ ပေး၏။ သာဝက ပါရမီဉာဏံ-သာဝကပါရမီဉာဏ်ကို ပစ္စေကဗောဓိဉာဏံ - ပစ္စေ ကဗောဓိဉာဏ်ကို- အဘိသမ္ဗုဒ္ဓဉာဏံ - သမ္မာသမ္ဗုဒ္ဓ ဉာဏ်ကို ဒေတိ။ပေး၏။

ဒါနတရားကြောင့် သိကြားမင်း-မာရ်နတ်မင်း-စကြာဝတေး မဏ္ဍာပ်မင်းတို့၏ စည်းစိမ်ချမ် သာကိုရနိုင်ကြသည်။ ထိုစကား ကို အားလုံးသော ဗုဒ္ဓဘာသာဝင် လူရှင်ရဟန်းတို့ လက်ခံကြမည်

သာတည်း။ ဒါနတရားကြောင့် ဗြဟ္မာမင်း၏ စည်းစိမ် ချမ်းသာကို ရနိုင်ပါအံ့လောဟု တွေးခတာစရာဝင်လာလေသည်။

ထိုဒါန တရားကြောင့် သာဝကပါရမီဉာဏ်- ပစ္စေကဗောဓိဉာဏ်-သမ္မာသမ္ဗုဒ္ဓဉာဏ်တို့ကို ရနိုင်ပါအံ့လောဟူသော တွေးတော ဆင်ခြင်မှု ဝင်လာကြလေသည်။

ဒါနတရားအကျိုးပေးပုံကို သုဘာံနှင့်သူ့တရား ယုံကြည်ကြငြားသော်လည်း၊ မဟာဂုတ် ကုသိုလ် (၉) ပါးနှင့်သမထ တရားကို ပယ်ထား၍ ဒါနတရားသက်သက်ဖြင့် ဗြဟ္မာမင်း၏ စည်းစိမ်ချမ်းသာကို ယုံကြည်ရန် မဖြစ်နိုင်ကြချေ၊ အကယ်၍ ယုံကြည်ပါသည်ဟုဆိုငြားအံ့၊ မဟာဂုတ်ကုသိုယ် (၉)ပါးသည် ဤသာသနာတော်၌အကျိုးမများချေ။

ဒါနကုသိုလ်ကြောင့်–နိဗ္ဗာန်သို့တိုက်ရိုက် ပေါက်ရောက်နိုင်သည်ဟု ယုံကြည်နေသူများအတွက် မဗ္ဗိမပဋိပဒါ-အင်္ဂါရှစ်ပါး၊ရှိသောအကျင့်နှင့် ဝိပဿနာ ပညာသည် ဤသာသနာတော်၌ အကျိုးမများချေ။ ဒါနပါရမီတခုကိုပြုလုပ်အားထုတ်လျှင်သမ္မာသမ္ဗုဒ္ဓသဗ္ဗညုတဉာဏ်ကိုရနိုင်သော ဤဒါနတခုတည်းကို အဋ္ဌကထာဆရာသည် မျက်စိလည် လမ်းမှား၍ ဖွင့်ဆို ထား ခဲ့ပါသလော။ ဤသို့လည်းမဆိုသင့်ပေ။ ကျမ်းပေါင်း များစွာကို အဋ္ဌကထာပြုလုပ်နိုင်သော ဆရာကို ဤနေရာ၌မှားသည်ဟုမဆို

နိုင်၏။ ငါတို့အယူအဆ-သဘာဝတရားက တိမ်းပါး ချွတ်ချော်၍မှောက်မှားခြင်းသာဖြစ်ရမည်၊

အမှန်သဘောသို့ ရောက်အောင် အဓိပ္ပါယ် ယူသော်-ဒါန တရားက သုဂတိသို့ပို့-သုဂတိသို့ရောက်နေသောသူသည် မဟာဂုဏ်ကုသိုလ်(၈)ပါးကို ပွားများအားထုတ်၍ ဈာန်ရ-သမာပတ်ရသော်၊ ဗြဟ္မာဘုံသို့ရောက်နိုင်၏။ ဒါနတရားက သုဂတိဘုံသို့ပို့-သုဂတိဘုံသို့ ရောက်နေသော သူသည် ဝိပဿနာတရားကို ပွားများ အားထုတ်သောကြောင့် သာဝကပါရမီ၌ ရဟန္တာဖြစ်ပြည့်နိုင်၏ သုဂတိဘုံ၌ ပစ္စေကဗောဓိပါရမီကိုဖြည့်နိုင်၏။ သုဂတိဘုံ၌ သမ္မာသမ္ဗုဒ္ဓပါရမီကိုဖြည့်နိုင်၏။ ပါရမီပြည့်သောအခါ ပစ္စေကဗုဒ္ဓါဖြစ်နိုင်၏။ သမ္မာသမ္ဗုဒ္ဓ ပါရမီ ပြည့်သောအခါ၊ သမ္မာသမ္ဗုဒ္ဓဘုရား ဖြစ်နိုင်၏။ ဤသို့ယူဆလျှင် ဒါနတရားကိုလက်ကိုင်ထားသူတို့၏သွားလာရာ နိဗ္ဗာန် တံခါးဝပေါ့ဆိုအပ်သော သုဂတိဘုံသာလျှင် ရှိကြကုန်၏၊ သုဂတိဘုံသည် ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကိုပြုလုပ်ရာဌာနဖြစ်၏။ ဒါနတခုပြုလုပ်လျှင် ထိုဒါနကုသိုလ်အကျိုးပေးရာဌာနကား သုဂတိဘုံတည်း။ ထိုသုဂတိဘုံ လမ်းဆုံ လမ်းမကြီးက သွားလိုရာရောက်လိုရာသို့သွားနိုင်သဖြင့် အဋ္ဌကထာ ဆရာကညွှန်ပြခဲ့သည်ဟု ယူဆရန်သင့်လေသည်။

မလုံလောက်သေးဟုထင်လျှင် ဤသို့တနည်း ဆင်ခြင်ကြည့်ရန်လိုသေး၏။ အကုသလ ကမ္မပထမတရား ဆယ်ပါးကိုပြုလုပ်

အားထုတ်သူတို့၏ လားရာဂတိကား အပါယ်လေးဘုံတည်း။

ကုသလကမ္မပထတရားဆယ်ပါးကိုပြုလုပ်သူတို့၏ လားရာဂတိကား ကာမသုဂတိ(၇)ဘုံတည်း။ ထိုဘုံတို့ထက်အယုတ်အလွန်မဖြစ်နိုင်ချေ။

မဟဂ္ဂုတ်ကံ(၉)ပါးကို ပွားများအားထုတ်သူတို့၏ လားရာဂတိကား ဗြဟ္မာ(၂၀)တည်း။ ထိုထက် အယုတ်အလွန် မဖြစ်နိုင်ချေ။

ဝိပဿနာတရားကို ပွားများအားထုတ်သူတို့၏လားရာကား နိဗ္ဗာန်တည်း။ ဤနည်းအားဖြင့် ဆင်ခြင်သော်၊ သူ့ဘုံနှင့်သူ့တရားထင်ရှားစွာရှိနေကြသည်ကို မျက်ဝါးထင်ထင်တွေ့မြင်ကြပေလိမ့်မည်။ ဝိပဿနာမပါဘဲ ဒါန-သက်သက်-သီလသက်သက် သမထသက်သက်ဖြင့် နိဗ္ဗာန်တရားကို အချောင် သမားများ ရနိုင်သည်ဟု ယုံကြည်နေကြသော သူတို့သည် ဤမြန်မာနိုင်ငံအတွင်း၌ များစွာရှိနေကြသေးသည်၊

အချို့သောသူတို့၏ ထင်မြင်ယူဆချက်မှာ သာသနာတော်၏ သက္ကရာဇ်(၂၅၀၀)ကျော်လျှင်မဂ်ရ-ဖိုလ်ရတရားကိုပွားများအားထုတ်သော်လည်း မရနိုင်တော့ပြီဟု ထင်မြင် ယူဆနေကြသူများလဲမနည်းတော့ပေ။ အချို့သောသူတို့၏ အယူအဆမှာ

သာသနာတော် အခေါင်ကျော်လျှင် ဘုရားသာသနာပရိုတော့ပြီ၊ သိကြားသာသနာသို့ရောက်နေပြီဟုထင်မြင် ယူဆကြသဖြင့် ဘုရားသာသနာကိုထက်-သိကြားသာသနာကို သက်ဝင်ယုံကြည်နေသူများမှာလည်း ဗုဒ္ဓဘာသာထဲကမနဲတော့ပေ။

ထိုအယူအဆ သဘောတရားတို့သည် အောက်ခြေမခိုင် ယိမ်းယိုင် လှုပ်ရှားနေသော သာမည ဗုဒ္ဓဘာသာများ ဖြစ်ကြလေသည်။

သာသနာတော် ငါးထောင်ဟူသော စကားမှာ တိုင်းသိပြည်သိ နိုင်ငံသိ စကားဖြစ်၍ အလွန် ထင်ရှားသော အပိုင်းအခြားကိန်းသေနေသော စကားတရပ်ဖြစ်နေလေသည်။

သာသနာတော် ငါးထောင် ဟူသော စကားသည် ဝိနည်းပိဋကတ်မှ ထွက်ပေါ်လာသော စကားရပ်ဖြစ်ပေသည်။ သုတ္တံပိဋကတ်အလိုအားဖြင့် သော်ကား အပိုင်းအခြားသတ်မှတ်ထားသည်ကို မတွေ့ရ၊ အောက်ပါသာဓကကို ထောက်ဆလျှင် သိနိုင်လောက်ပါသည်။

ဣမေစ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟာရေယျုံ

အသုညောလောကော အရဟန္တေဟိအဿ။

မြန်မာပြန်။ သုဘဒ္ဒ-သုဘဒ်ရဟန်း၊ ဣမေစဘိက္ခူ ဤသမဏ

ရဟန်းတို့သည်။ သမ္မာ- မဖေါက်မပြန်၊ ကောင်းမွန်စွာ၊ ဝိဟာရေယျုံ၊ နေကုန်ငြားအံ့၊ လောကော- လောကသည်၊ အရဟန္တေဟိ ရဟန္တာ ပုဂ္ဂိုလ်တို့မှ။ အသုညော- မဆိပ်ညံ့သည်၊ အသုံး၊ ဖြစ်ရာ၏။

ဤပါဠိတော်စကား အဓိပ္ပါယ်မှာ သာသနာတော် ငါး ထောင်ဟူ၍မလာ။ အကြင်အခါ၌ ရဟန်းတို့ကောင်းမွန်စွာ နေ ထိုင်ကြကုန်ငြားအံ့။ ထိုအခါ ရဟန္တာပုဂ္ဂိုလ်တို့သည် ဤလော က၌ ရှိနိုင်၏- ရှိရမည်။ ငါးထောင်ထက်အလွန်- ငါးသောင်း ကာလပတ်လုံးလည်း တည်တန့်နိုင်ဘွယ်ရာရှိ၏။

အကြင်အခါ၌ ရဟန်းတို့ အကျင့်သီလပျက်၍ ကောင်းမွန် စွာ မနေနိုင်ကြသည်ဖြစ်အံ့။ ထိုအခါ သာသနာကွယ်ရမည်။ ငါး ထောင်မဟုတ် ငါးရာမပြည့်မှီသော်လည်း သာသနာကွယ်နိုင်၏ ဟု ယူဆနိုင်သည်။ ဤပါဠိတော်အလိုအားဖြင့် အတိုး အဆုတ် အယုတ်အလွန်ကို ပမာနမရှိဟုဆိုနိုင်၏။ မည်သည့် အချိန်အခါ၌ သာသနာ ကွယ်လိမ့်မည် ဟူ၍ရင်း၊ မည်သည့် ခေတ်မျိုးတွင် ရဟန္တာမဖြစ်နိုင်ဟူ၍ရင်း ကာလပရိစ္ဆေဒအားဖြင့် ပိုင်းခြား၍ မတွေ့ရပေ။

ယခုအခါ ဘုရားသာသနှင့် တွေ့ကြုံကြိုက်သောဗုဒ္ဓဘာသာ သူငါကစ ပြောဆိုကြသော သာသနာ ငါးထောင် ဟူသော စကားနှင့် ဆန့်ကျင်နေလေသည်။

ထို့ပြင် စကားတရပ်မှာ ဒွိဟိတ်ပုဂ္ဂိုလ်လော-တိဟိတ်ပုဂ္ဂိုလ်လော ဟူသော သံသယဖြင့် စိုးစစ်ဝေဖန်ကြ၏။ ဤပုဂ္ဂိုလ်ကား ဒွိဟိတ်ပုဂ္ဂိုလ်- ဤပုဂ္ဂိုလ်ကား တိဟိတ်ပုဂ္ဂိုလ်ဟု အဘယ်မည်သော ပညာရှိသည် ခွဲခြား၍ သိနိုင်အံ့နည်း၊ ဗုဒ္ဓတရားတော်အသာ ဒေသနာအရ သာသနာနှင့် တွေ့ရသော လူသားမှန်သမျှ ဘုန်းကံပါရမီရှိသူများသာ ဖြစ်ကြ၏။ ဒွိဟိတ် ပုဂ္ဂိုလ်လဲ တရားကို အားထုတ်ကောင်း၏။ တိဟိတ်ပုဂ္ဂိုလ် ဖြစ်လျှင်ကား ဆိုဘွယ်မရှိ၊ မိမိတို့ရသင့်ရထိုက်သော တရားကိုကြိုးစား အားထုတ်ရန်သာ ရှိ၏။ သာသနာတော် အခေါင်ကျော်နေပြီ ဖြစ်သောကြောင့် တရားမရနိုင်ပြီဟု နှုပ်သရမ်းပြီး ယောင်ယမ်းပြောဆိုနေကြသော သူတို့၏ စကားကို နားယောင်၍မနေသင့်။ ဘုရားဟော ဒေသနာကို ရိုသေစွာ လိုက်နာ၍ ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြပါစေသတည်း။

## အမှာစာ

စာအမှား အမှန် ချို့ယွင်းချက်ရှိပါမူ ကျမ်းပြုပုဂ္ဂိုလ်၏ အပြစ်မဟုတ်ပဲ တာဝန်ခံ ထုတ်ဝေသူ၏ အပြစ်သာဖြစ်ပါသည်။

| ဦးရေ | အမည် | နေရပ် | ကျပ် |
|---|---|---|---|
| ၁ | ဦးလှထွန်းဦး | ပန်းမြောင်းမြို့ ဈေးပိုင်း | ၂၅ |
| ၂ | မောင်မှိုင်း | ။ ကျွန်းတော | ၁၀ |
| ၃ | အောင်ကျော်ဇော် | ။ ဥယျာဉ်သာ | ၁၀ |
| ၄ | လှနိုင် | ။ ဈေးပိုင်း | ၁၅ |
| ၅ | ဦးတောလူ | ။ ။ | ၁၀ |
| ၆ | ။ စံရွှေဘော် | ။ ဥယျာဉ်သာ | ၁၀ |
| ၇ | ဒေါ်မဦး | ။ ဈေးပိုင်း | ၃၀ |
| ၈ | ဦးအောင်သာဇော် | ။ ။ | ၅ |
| ၉ | မောင်မြင့်ဦး | ။ ကျွန်းတော | ၅ |
| ၁၀ | ဦးထွန်းဖြူအောင် | ။ ဥယျာဉ်သာ | ၅ |
| ၁၁ | ဦးဖြူအောင် | ။ ဂါရာပိုင်း | ၅ |
| ၁၂ | ။ မောင်ဘယင် | ။ ကျွန်းတော | ၅ |
| ၁၃ | ။ နီ | ။ ပန်းမြောင်း | ၅ |
| ၁၄ | ။ ဝဲကိုး | ။ ဈေးပိုင်း | ၅ |
| ၁၅ | မောင်ဘကြိုင် | ။ ဂါရာပိုင်း | ၆ |
| ၁၆ | မအောင်သာ | ။ ဥယျာဉ်သာ | ၃ |
| ၁၇ | ဦးမြအောင် | ။ ဈေးပိုင်း | ၅ |

| ဦးရေ | အမည် | နေရပ် | | ကျပ် |
|---|---|---|---|---|
| ၁၈ ။ | ရွှေလှအောင် | ပန်းမြောင်မြို့ | ကျွန်းတော | ၃ |
| ၁၉ ။ | ထွန်းသာ | ။ | ဈေးပိုင်း | ၃ |
| ၂၀ ။ | သိန်းမောင်မိ | ။ | ။ | ၃ |
| ၂၁ | ဒေါ်ကျော့ | ။ | ။ | ၅၀ |
| ၂၂ | ဦးခမစက်ရ | ။ | ။ | ၄၀ |
| ၂၃ | မနှင်းဇီ | ။ | ပန်းမြောင်း | ၃ |
| ၂၄ | ဦးကျန်အောင် | ။ | ကျွန်းတော | ၄ |
| ၂၅ | မဖြူလေး | ။ | ပန်းမြောင်း | ၂ |
| ၂၆ | မခရွှေဖြူ | ။ | ရွာဟောင်း | ၃ |
| ၂၇ | မောင်သာထွန်း | ။ | ရှောက်ပုံကျွန်း | ၁၀ |
| ၂၈ | မနွယ် | | ဂုဏ်ကျွန်း | ၃ |
| ၂၉ | ဦးမသိန်း | မြို့ဟောင်း | ပေပင်ရင်းရွာ | ၃ |
| ၃၀ | မခနော်ဇာဦး | ။ | မြက်ရိတ်ကျွန်း | ၃ |
| ၃၁ | စိန်လှမေ | ။ | ။ | ၃ |
| ၃၂ | စံဦးခိုင်မိ | ။ | ။ | ၃ |
| ၃၃ | ခိုင်မြဦး | ။ | ။ | ၆ |
| ၃၄ | ပိရှေ | ။ | မြို့ချောင်းရွာ | ၃ |

| ဦးရေ | အမည် | နေရပ် | | ကျပ် |
|---|---|---|---|---|
| ၃၅ | လှထွန်းဦးမိ | မြို့ဟောင်း | မြို့ချောင်းရွာ | ၃ |
| ၃၆ | လှမိုးသူ | ။ | ။ | ၅ |
| ၃၇ | မဖွား | ပန်းမြောင်းမြို့ | ပန်းမြောင်း | ၃ |
| ၃၈ | သိန်းခိုင် | | ဈေးပိုင်း | ၆ |
| ၃၉ | စန်တော်ကိုင်း ဆရာတော် | မြို့ဟောင်း | လေးမြို့ချောင်း | ၁၀ |
| ၄၀ | ဦးယာဝိန္ဒြယ | ။ | ဇေယျဝတီဆရာတော် | ၁၀ |
| ၄၁ | မောင်သာကုန်း ဆရာတော် | ။ | မောင်သာကုန်းရွာ | ၁၀ |
| ၄၂ | ဦးဂုဏိစ္ဆိတ | မြောင်းဘွေမြို့ | ကျောင်းသစ် | ၁၀ |
| ၄၃ | ဦးထေရာဝံသ | မြို့ဟောင်း | အထုပ်သည်မဆရာ | ၁၀ |
| ၄၄ | ။ ဘသိန်း-ဒေါ်ခင်စိန် | | | ၂၀ |
| ၄၅ | ကိုမြင့်သိန်း | | | ၂၅ |
| ၄၆ | ဦးဝင်းမောင် | | | ၂ |
| ၄၇ | ။ မြစိန် | | | ၂ |
| ၄၈ | ။ မြဒင် | | | [illegible] |
| ၄၉ | ဒေါ်သန်းကြည် | | | [illegible] |

| ဦးရေ | အမည် | နေ့ရပ် | ကျပ် |
|---|---|---|---|
| ၅၀ | ဒေါ်မြရင် | | ၂ |
| ၅၁ | ဦးကျော် | | ၂ |
| ၅၂ | ဒေါ်ထွေးမ | | ၂ |
| ၅၃ | ဒေါ်အေးထိုက် | | ၂ |
| ၅၄ | ဦးမောင်သန်း-ဒေါ်အေးသိန်း | | ၂ |
| ၅၅ | ဒေါ်မခိုင် | | ၃ |
| ၅၆ | ဒေါ်သန်းတင် | | ၂ |
| ၅၇ | ဒေါ်ကျော့ | | ၂ |
| ၅၈ | ဦးညွန့်-ဒေါ်ဗျော့ | | ၂ |
| ၅၉ | ဒေါ်မညို | | ၂ |
| ၆၀ | ရွှေပေါင်တင်ယောဂီအဖွဲ့ | | ၅၀၈ |

သာသနာတော် အခေါင်ကျော်လျှင် ဘုရားသာသနာပရှိတော့ပြီ၊ သိကြားသာသနာသို့ရောက်နေပြီဟုထင်မြင် ယူဆကြသဖြင့် ဘုရားသာသနာကိုထက်-သိကြားသာသနာကို သက်ဝင်ယုံကြည်နေသူများမှာလည်း ဗုဒ္ဓဘာသာထဲကမနဲတော့ပေ။

ထိုအယူအဆ သဘောတရားတို့သည် အောက်မြေမခိုင် ယိမ်းယိုင် လှုပ်ရှားနေသော သာမည ဗုဒ္ဓဘာသာများ ဖြစ်ကြလေသည်။

သာသနာတော် ငါးထောင်ဟူသော စကားမှာ တိုင်းသိပြည်သိ နိုင်ငံသိ စကားဖြစ်၍ အလွန် ထင်ရှားသော အပိုင်းအခြားကိန်းသေနေသော စကားတရပ်ဖြစ်နေလေသည်။

သာသနာတော် ငါးထောင် ဟူသော စကားသည် ဝိနည်းပိဋကတ်မှ ထွက်ပေါ်လာသော စကားရပ်ဖြစ်ပေသည်။ သုတ္တံပိဋကတ်အလိုအားဖြင့် သော်ကား အပိုင်းအခြားသတ်မှတ်ထားသည်ကို မတွေ့ရ၊ အောက်ပါသာမကကို ထောက်ဆလျှင် သိနိုင်လောက်ပါသည်။

ဣမေစ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟာရေယျုံ
အသုညောလောကော အရဟန္တေဟိအဿ။

မြန်မာပြန်။ သုဘဒ္ဒ-သုဘဒ်ရဟန်း၊ ဣမေစဘိက္ခူ ဤသခုဏ

ရဟန်းတို့သည်။ သမ္မာ- မဖေါက်မပြန်၊ ကောင်းမွန်စွာ၊ ဝိဟာရေ ယျုံ၊နေကုန်ငြားအံ့၊ လောကော- လောကသည်၊အရဟန္တေဟိ ရဟန္တာ ပုဂ္ဂိုလ်တို့မှ။ အသုညော- မဆိပ်ညံ့သည်၊ အသုံး ဖြစ်ရာ၏။

ဤပါဠိတော်စကား အမိပ္ပါယ်မှာ သာသနာတော် ငါး ထောင်ဟူ၍မလာ။ အကြင်အခါ၌ ရဟန်းတို့ကောင်းမွန်စွာ နေ ထိုင်ကြကုန်ငြားအံ့၊ ထိုအခါ ရဟန္တာပုဂ္ဂိုလ်တို့သည် ဤလော က၌ ရှိနိုင်၏- ရှိရမည်။ ငါးထောင်ထက်အလွန်- ငါးသောင်း ကာလပတ်လုံးလည်း တည်တန့်နိုင်ကွယ်ရာရှိ၏။

အကြင်အခါ၌ ရဟန်းတို့ အဂ္ဂကျင့်သီလပျက်၍ ကောင်းမွန် စွာ မနေနိုင်ကြသည်ဖြစ်အံ့။ ထိုအခါ သာသနာကွယ်ရမည်။ငါး ထောင်မဟုတ် ငါးရာမပြည့်မီသော်လည်း သာသနာကွယ်နိုင်၏ ဟု ယူဆနိုင်သည်။ ဤပါဠိတော်အလိုအားဖြင့် အတိုး အဆုတ် အယုတ်အလွန်ကို ပမာနမရှိဟုဆိုနိုင်၏။မည်သည့် အချိန်အခါ၌ သာသနာ ကွယ်လိမ့်မည် ဟူ၍ရင်း၊ မည်သည့် ခေတ်မျိုးတွင် ရဟန္တာမဖြစ်နိုင်ဟူ၍ရင်း ကာလပရိစ္ဆေဒအားဖြင့် ပိုင်းခြား၍ မတွေ့ရပေ။

ယခုအခါ ဘုရားသာသနှင့် တွေ့ကြုံကြိုက်သောဗုဒ္ဓဘာသာ သူငါကစ ပြောဆိုကြသော သာသနာ ငါးထောင် ဟူသော စကားနှင့် ဆန့်ကျင်နေလေသည်။

ထို့ပြင် စကားတရပ်မှာ ဒွိဟိတ်ပုဂ္ဂိုလ်လော-တိဟိတ်ပုဂ္ဂိုလ်လော ဟူသော သံသယဖြင့် စိုးစစ်ဝေဖန်ကြ၏။ ဤပုဂ္ဂိုလ်ကား ဒွိဟိတ်ပုဂ္ဂိုလ်· ဤပုဂ္ဂိုလ်ကား တိဟိတ်ပုဂ္ဂိုလ်ဟု အဘယ်မည်သော ပညာရှိသည် ခွဲခြား၍ သိနိုင်အံ့နည်း၊ ဗုဒ္ဓတရားတော်အလာ ဒေသနာအရ သာသနာနှင့် တွေ့ရသော လူသားမှန်သမျှ ဘုန်းကံပါရမီရှိသူများသာ ဖြစ်ကြ၏။ ဒွိဟိတ် ပုဂ္ဂိုလ်လဲ တရားကို အားထုတ်ကောင်း၏။ တိဟိတ်ပုဂ္ဂိုလ် ဖြစ်လျှင်ကား ဆိုဘွယ်မရှိ၊ မိမိတို့ရသင့်ရထိုက်သော တရားကိုကြိုးစား အားထုတ်ရန်သာ ရှိ၏။ သာသနာတော် အခေါင်ကျော်နေပြီ ဖြစ်သောကြောင့် တရားမရနိုင်ပြီဟု နှုပ်သရမ်းပြီး ယောင်ယမ်း ပြောဆိုနေကြသော သူတို့၏စကားကို နားယောင်၍မနေသင့်။ ဘုရားဟော ဒေသနာကို ရိုသေစွာ လိုက်နာ၍ ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြပါစေသတည်း။

## အမှာစာ

စာအမှား အမှန် ချို့ယွင်းချက်ရှိပါမူ ကျမ်းပြုပုဂ္ဂိုလ်၏ အပြစ်မဟုတ်ပဲ တာဝန်ခံ ထုတ်ဝေသူ၏ အပြစ်သာဖြစ်ပါသည်။

| ဦးရေ | အမည် | နေရပ် | | ကျပ် |
|---|---|---|---|---|
| ၁ | ဦးလှထွန်းဦး | ပန်းမြောင်းမြို့ | ဈေးပိုင်း | ၂၅ |
| ၂ | မောင်မှိုင်း | ,, | ကျွန်းတော | ၁၀ |
| ၃ | အောင်ကျော်ဇော် | ,, | ဥယျာဉ်သာ | ၁၀ |
| ၄ | လှနုခိုင် | ,, | ဈေးပိုင်း | ၁၅ |
| ၅ | ဦးတောလှ | ,, | ,, | ၁၀ |
| ၆ | ,, စံရွှေဘော် | ,, | ဥယျာဉ်သာ | ၁၀ |
| ၇ | ဒေါ်မဦး | ,, | ဈေးပိုင်း | ၃၀ |
| ၈ | ဦးအောင်သာဇော် | ,, | ,, | ၅ |
| ၉ | မောင်မြင့်ဦး | ,, | ကျွန်းတော | ၅ |
| ၁၀ | ဦးထွန်းဖြူအောင် | ,, | ဥယျာဉ်သာ | ၅ |
| ၁၁ | ဦးဖြူအောင် | ,, | ဂါရာပိုင်း | ၅ |
| ၁၂ | ,, မောင်ဘယင် | ,, | ကျွန်းတော | ၅ |
| ၁၃ | ,, နီ | ,, | ပန်းမြောင်း | ၅ |
| ၁၄ | ,, ဝဲတိုး | ,, | ဈေးပိုင်း | ၅ |
| ၁၅ | မောင်ဘကြိုင် | ,, | ဂါရာပိုင်း | ၆ |
| ၁၆ | မအောင်သာ | ,, | ဥယျာဉ်သာ | ၃ |
| ၁၇ | ဦးမြအောင် | ,, | ဈေးပိုင်း | ၅ |

| ဦးရေ | အမည် | | နေရပ် | ကျပ် |
|---|---|---|---|---|
| ၁၈ ။ | ရွှေလှအောင် | ပန်းမြောင်မြို့ | ကျွန်းတော | ၃ |
| ၁၉ ။ | ထွန်းသာ | ။ | ဈေးပိုင်း | ၃ |
| ၂၀ ။ | သိန်းမောင်မိ | ။ | ။ | ၃ |
| ၂၁ | ဒေါ်ကျော့ | ။ | ။ | ၅၀ |
| ၂၂ | ဦးခမင်္ကော်ရ | ။ | ။ | ၄၀ |
| ၂၃ | မနှင်းဇီ | ။ | ပန်းမြောင်း | ၃ |
| ၂၄ | ဦးကျန်အောင် | ။ | ကျွန်းတော | ၄ |
| ၂၅ | မဖြူလေး | ။ | ပန်းမြောင်း | ၂ |
| ၂၆ | မရွှေဖြူ | ။ | ရွာဟောင်း | ၃ |
| ၂၇ | မောင်သာထွန်း | ။ | ရှောက်ပုံကျွန်း | ၁၀ |
| ၂၈ | မနွယ် | | ဂုဏ်ကျွန်း | ၃ |
| ၂၉ | ဦးမသိန်း | မြို့ဟောင်း | ပေပင်ရင်းရွာ | ၃ |
| ၃၀ | မခနှ်ဇာဦး | ။ | မြက်ရိတ်ကျွန်း | ၃ |
| ၃၁ | စိန်လှမေ | ။ | ။ | ၃ |
| ၃၂ | စံဦးခိုင်မိ | ။ | ။ | ၃ |
| ၃၃ | ခိုင်မြဦး | ။ | ။ | ၆ |
| ၃၄ | ပိရှေ | ။ | မြို့ချောင်းရွာ | ၃ |

| | ဦးရေ အမည် | နေရပ် | | ကျပ် |
|---|---|---|---|---|
| ၃၅ | လှထွန်းဦးမိ | မြို့ဟောင်း | မြို့ချောင်းရွာ | ၃ |
| ၃၆ | လှမိုးသူ | ။ | ။ | ၅ |
| ၃၇ | မဖွား | ပန်းမြောင်းမြို့ | ပန်းမြောင်း | ၃ |
| ၃၈ | သိန်းခိုင် | | ဈေးပိုင်း | ၆ |
| ၃၉ | စန်ဘော်ကိုင်း ဆရာတော် | မြို့ဟောင်း | လေးမြို့ချောင်း | ၁၀ |
| ၄၀ | ဦးယာစိန္ဒြိယ | ။ | ဇေယျဝတီဆရာတော် | ၁၀ |
| ၄၁ | မောင်သာကုန်း ဆရာတော် | ။ | မောင်သာကုန်းရွာ | ၁၀ |
| ၄၂ | ဦးဂုဏ္ဆိတ | မြောင်းတွေမြို့ | ကျောင်းသစ် | ၁၀ |
| ၄၃ | ဦးထေရာဝံသ | မြို့ဟောင်း | အထုပ်သည်မဆရာ | ၁၀ |
| ၄၄ | ။ ဘသိန်း-ဒေါ်ခင်စိန် | | | ၂၀ |
| ၄၅ | ကိုမြင့်သိန်း | | | ၂၅ |
| ၄၆ | ဦးဝင်းမောင် | | | ၂ |
| ၄၇ | ။ မြစိန် | | | ၂ |
| ၄၈ | ။ မြဒင် | | | ၂ |
| ၄၉ | ဒေါ်သန်းကြည် | | | |

| ဦးရေ | အမည် | နေ့ရပ် | ကျပ် |
|---|---|---|---|
| ၅၀ | ဒေါ်မြရင် | | ၂ |
| ၅၁ | ဦးကျော် | | ၂ |
| ၅၂ | ဒေါ်ထွေးမ | | ၂ |
| ၅၃ | ဒေါ်အေးထိုက် | | ၂ |
| ၅၄ | ဦးမောင်သန်း-ဒေါ်အေးသိန်း | | ၂ |
| ၅၅ | ဒေါ်မခိုင် | | ၃ |
| ၅၆ | ဒေါ်သန်းတင် | | ၂ |
| ၅၇ | ဒေါ်ကျော့ | | ၂ |
| ၅၈ | ဦးညွန့်-ဒေါ်ဗျော့ | | ၂ |
| ၅၉ | ဒေါ်မညို | | ၂ |
| ၆၀ | ရွှေပေါင်တင်ယောဂီအဖွဲ့ | | ၅၀၀ |